ပေါ်တူဂီ ကိုလိုနီဝါဒသမားများနှင့် စတင်ဆင်နွှဲခဲ့ကြရသော (သံလျှင်စစ်ပွဲ) မှ အစပြုလျက်၊ ဟိုင်းကြီးကျွန်းစစ်ပွဲ၊ ဗြိတိန် ဗမာ ပထမ၊ ဒုတိယနှင့် တတိယ စစ်ပွဲများ၊ မြန်မာနိုင်ငံ စစ်အုပ်ချုပ်ရေး ကာလ အတွင်း မြန်မာ့ ပြောက်ကျား စစ်ပွဲများ၊ ဝိုင်-အမ်-ဘီ-အေ လှုပ်ရှားမှု၊ မင်းလောင်း မောင်သန့်နှင့် ဗန္ဓကရသေ့ လှုပ်ရှားမှုများ၊ သာယာဝတီ လယ်သမား သူပုန်ကြီး။ ဒို့ဗမာ သခင် အရေးတော်ပုံ၊ ဘီ-အိုင်-အေ လှုပ်ရှားမှု၊ ဖက်ဆစ် ဆန့်ကျင်ရေး အမျိုးသား စစ်ပွဲ၊ ဒုတိယကမ္ဘာစစ်အပြီး နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများနှင့် လွတ်လပ်ရေး-နောက်ပိုင်း အမျိုးသား ဒီမိုကရေစီရေး တိုက်ပွဲများကို ခိုင်ခိုင်ခန့်ခန့်နှင့် ပြည့်ပြည့်စုံစုံ ဖေါ်ပြထားသော

## "ကိုလိုနီခေတ် မြန်မာနိုင်ငံ"

ရေးသူ ဗန်းမော် တင်အောင်

စက်တင် ပုံနှိပ်နေပါပြီ

ပင်းယ

PINYA

ပင်းယတိုက်

၂၇၉-ဘားလမ်း၊ ရန်ကုန်။

စပယ်၊ ရန်ကုန်၊

ဓနရှင်လောက

/၅၀

သွင်ဖဟိန်း

# ဓနရှင် လောက

# THE CAPITALIST WORLD

သွင်စိုး နိဒါန်း ရေး၍
သွင်သန်းထွန်း တည်းဖြတ်
အမှာ ရေး သည်

ပင်းယ

PINYA

ပင်းယစာပေထုတ်ဝေရေးတိုက်

# ဓနုရှင်လောက

## သခင်ဗဟိန်း

PINYA

ပင်းယတိုက်
၂၀၉-ဘားလမ်း၊ရန်ကုန်။



ဗမာ့လွတ်လပ်ရေး-နယ်ချဲ့ ဆန့်ကျင်ရေး
တိုက်ပွဲတလျှောက်လုံးတွင်
ကာယစွမ်းအား,ဉာဏစွမ်းအားတို့ဖြင့်
တသမတ်တည်း ပြောင်မြောက်စွာ ရှေ့ဆောင်ပါဝင်ခဲ့သော
ရဲဘော်ဗဟိန်းနှင့် ဗမာ့လွတ်လပ်ရေးအတွက်
အစတေး ခံသွားကြသော
အခြား ဗမာ့သားကောင်းများသို့....

# မာတိကာစဉ်


၁။ ထုတ်ဝေသူ၏အာဘော်

၂။ သခင်သံန်းထွန်း၏အမှာ

၃။ သခင်စိုး၏နိဒါန်း

၄။ မနှရှင်လောက

- က၊ အနှစ်ခြောက်ထောင်ခရီး။
- ခ၊ မနှရှင်စံနစ်နှင့်ကုန်လုပ်ကြိယာစွမ်းအား။
- ဂ၊ ဖေါင်စီးရင်းရေငတ်။
- ဃ၊ ခေတ်နောက်ပြန်ဆွဲနေသောမနှရှင်လောက။
- င၊ အလုပ်လက်မဲ့ပြဿနာ။

၅။ မနှရှင်စံနစ်

- က၊ လူသုံးပစ္စည်းလုပ်ငန်း။
- ခ၊ လူသုံးပစ္စည်းဖြန့်ဝေပုံ။
- ဂ၊ အသွင်ပြောင်းလာသောမနှရှင်စံနစ်။

၆။ နယ်ခဲ့ချဲစံနစ်

- က၊ နယ်ချဲ့စံနစ်ဆိုတာဘာလဲ။
- ခ၊ နယ်ချဲ့စံနစ်နှင့်စစ်ပွဲများ။

၇။ ဖက်ဆစ်စံနစ်

- က၊ ဖက်ဆစ်စံနစ်ဆိုတာဘာလဲ။
- ခ၊ အီတလီနှင့် ဖက်ဆစ်စံနစ်။
- ဂ၊ ဂျာမနီနှင့်ဖက်ဆစ်စံနစ်။
- ဃ၊ ဖက်ဆစ်စံနစ်နှင့် ခေတ်ပြောင်း တော်လှန်ရေး။

၈။ နိဂုံး

၉။ သခင်ဗဟိန်းအထုတ္ထုပ္ပတ္တိ

သခင်ဗဟိန်းဘဝ ဖြစ်စဉ်အကျဉ်း (စစ်ကိုင်းဟန်တင်)။

ရဲဘော်ဗဟိန်း ကွယ်လွန်ခဲ့သည်မှာ (ပြည်သူ့အာဇာ ခေါင်းကြီး)။

ကျမချစ်လင် (မခင်ကြီး)။

ကိုဗဟိန်းနှင့် အတူနေခဲ့ရသော ရက်များ (ဗိုလ်မှူးချစ် ကောင်း)။

# ထုတ်ဝေသူ၏အာဘော်

ဤစာအုပ်ကို ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ၁၉၃၉-ခုနှစ် (လွန်ခဲ့သော ၂၄-နှစ်)က ပထမအကြိမ်အဖြစ် ထုတ်ဝေခဲ့လေသည်။ ထိုစဉ်ကဤစာအုပ်သည် ဗမာ့နိုင်ငံရေးလောကတခုလုံးကို လှုပ်ရှား သွားစေခဲ့ရုံမျှမက နယ်ချဲ့တို့ကို တိုက်ပွဲဆင်ရာ၌လည်း ဤစာအုပ်သည် ကြီးမားသော အထောက်အကူကို ပြုနိုင်ခဲ့လေသည်။

ဤစာအုပ်ပါ အကြောင်းအရာများမှာလည်း အရင်းရှင်တို့အပေါ် မဟုတ်မမှန် လုပ်ကြံရေးသားထားသည်တို့ မဟုတ်ဘဲ တကယ့်ဖြစ်ရပ် အမှန်များကိုသာ အထောက်အထား အကိုးအကားခိုင်လုံစွာဖြင့် ဖေါ်ပြထားသည်ကို တွေ့ရှိရပေလိမ့်မည်။



သို့သော်ဤစာအုပ်ကို ရေးသား ထုတ်ဝေစဉ် အခါက ကမ္ဘာ့အခြေအနေနှင့် ဗမာ့အခြေအနေမှာ ယခုအချိန်အခါနှင့် မတူ အလွန်ကွဲပြားခြားနားသော အခြေအနေ၌ရှိသည်ကိုလည်း ထည့်သွင်း စဉ်းစားရပေလိမ့်မည်။

ထိုစဉ်က အလွန်တန်ခိုးထွားခဲ့သော ဟစ်တလာ ကြီးစိုးသည့်နာဇီဂျာမနီသည်၎င်း၊မူဆိုလိုနီကြီးစိုးသည့် ဖက်ဆစ်အီတလီသည်၎င်း၊ သူတို့၏မဟာမိတ်ဖြစ်သော ဖက်ဆစ်ဂျပန်သည်၎င်း၊ ဒုတိယ ကမ္ဘာစစ်ကြီးတွင် ဘုံးဘုံးလဲကျ ဒူးထောက်အရှုံးပေးခဲ့ကြရပြီး၊ ယနေ့လက်ရှိ အခြေအနေတွင်ကား နေ့စဉ်တွေ့မြင်ကြားသိနေရသည့် အတိုင်းပင် ဖြစ်တော့သည်။

ထိုစဉ်က ဗမာပြည်သည်လည်း အင်္ဂလိပ် နယ်ချဲ့ တို့ကို မောင်းထုတ်၍ ဗမာ့လွတ်လပ်ရေးကို အရယူရန် သခင်ဗဟိန်း (သခင်ဘဟိန်း အထုတ္ထုပ္ပတ္တိနှင့် သခင်ဗဟိန်းအပေါ် ရှုကြည့်ချက်၊ သူတို့အမြင်အခဏ်းကို ဤစာအုပ်နောက်ပိုင်းတွင် ဖေါ်ပြထားသည်)အပါအဝင် သခင်လူငယ် နိုင်ငံရေးသမားတို့ အပြင်းအထန်တိုက်ပွဲဝင်လျက် ရှိနေကြသော အချိန်ဖြစ်သည်။

သို့သော်ယခုဗမာပြည်ကား အသွင်တမျိုး ပြောင်းခဲ့ချေပြီ။ ဂျပန်ခေတ်၊ ဘီအိုင်အေခေတ်၊ ဘီဒီအေခေတ်၊ ဂျပန်တော်လှန်ရေးခေတ်ဗမာ့လွတ်လပ်ရေးခေတ်၊ ဟိုခေတ်၊ဒီခေတ်စသည်ဖြင့် ခေတ်အမျိုးမျိုးပြောင်းခဲ့လေပြီ။

သို့သော်ကမ္ဘာ့အခြေအနေသည်၎င်း၊ ဗမာ့အခြေအနေသည်၎င်း၊ခေတ်တွေဘယ်လိုပြောင်းပြောင်း အရင်းရှင်စံနစ်ကား မပြောင်းမလဲ တည်မြဲတည်ရှိလျက်ပင်နေပေသေးသည်။

သခင်ဗဟိန်း၏ စာအုပ်သည် ထိုအရင်းရှင်တို့၏ လောဘ

ဇော်တိုက်ပုံ၊ ယုတ်မာရက်စက်ပုံ၊ နယ်ချဲ့ပုံတို့ကို အစုံအလင် အပြည့်အဝဖော်ပြထားသဖြင့် အရင်းရှင်လောကကြီး မကျဆုံး သမျှ ဤစာအုပ်သည် အသုံးဝင်နေမည်သာ ဖြစ်ပေသည်။

ထိုသော်စာအုပ်ပါအကြောင်းအရာတို့ကို လေ့လာသော အခါ စာရှုသူသည် သခင်ဗဟိန်းတင်ပြသော ခေတ်ပြာရုပ်တို့ တွင် ဟိုခေတ် ဟိုအခါက ဟိုလိုဖြစ်လျှင် ဤခေတ် ဤအခါတွင် ဤလိုဖြစ်ရမည် ဟူသော သဘောဖြင့် နှိုင်းယှဉ် လေ့လာမှ သာ လျှင် ပို၍သဘောပေါက်ပေလိမ့်မည်။

အချုပ်အားဖြင့်ဤစာအုပ်သည်အရင်းရှင်စံနစ်ကို တိုက် ဖျက်ရာတွင် တတပ်တအား အနေဖြင့် အရာဝင် အသုံးကျမည် ဆိုပါက ကျွန်ုပ်တို့အနေဖြင့် ကျေနပ်အားရမည်ပင်ဖြစ်ပါသည်။

အရင်းရှင်စံနစ်ကျဆုံးပါစေ....။

သိန်းရွှေ
ထုတ်ဝေသူ
၂၁၊၈၊၆၃

# သခင်သန်းထွန်း၏

## အမှာစာ

အမှာရေးခိုင်းထားသည်ကား ရက်အတော်ကြာခဲ့ပြီ....။ အလုပ်တခုကို လုပ်ပေးပါဟု တဦးတယောက်က ခိုင်းလျှင် ပထမ ဦးဆုံး ခေါင်းထဲတွင် ပေါ်လာသော မေးခွန်းကား လုပ်ချင်သ လား မလုပ်ချင်သလားပင်ဖြစ်၏။ မလုပ်ချင်သော အလုပ်များ မှာ မကြာခင်ပြီးတတ်ပြီး လုပ်ရန် တကယ် စေတနာ ရှိသော အ လုပ်မျိုးကား တနေ့ရွှေ့ တနေ့ရွှေ့နှင့် ဖင့်နွှဲနေတတ်၏။

စင်စစ်အားဖြင့် ပျင်း၍လည်းမဟုတ်၊ အလုပ်မအား၍ လည်းမဟုတ်၊ စေတနာ ထက်သန်လွန်း၍ အကောင်းဆုံး ဖြစ် စေချင်သော ဆန္ဒဖြင့် ဘယ်ကစ,ပြီး ဘယ်လို လုပ်ရမည်ကို တွေး လို့ မရနိုင်အောင် ဖြစ်၍သာဖြစ်၏။

ကိုဗဟိန်း အရေးခိုင်းသည့် နေ့ကပင် ဗလာစာအုပ် အ လွတ်တအုပ်ကို ယူကာ ကျကျနန ပြင်ဆင်ခဲ့၏။ ကိုဗဟိန်း ရေး

ထားသည့် ဖိုင်တွဲကြီးကို ရှေ့တွင်ချ၏။ တည်းဖြတ်ရန်အတွက်ဖိုင်တွဲကြီးကို ကိုင်လိုက်တိုင်း အနှစ်ခြောက်ထောင် ခရီးဟူသော ခေါင်းစဉ်မြင်လိုက်ရာ ထိုခေါင်းစဉ်ကို မြင်တိုင်း ရင်ထဲမောမော သွား၏။

အနှစ်ခြောက်ထောင်က စလာသော စာအုပ်ကိုဘယ်နှယ် လုပ် တည်းဖြတ်မယ်၊ ဘယ်နှယ်လုပ် အမှာရေးမယ်ဟု စဉ်းစား၍ မရခေါင်းရှုတ်နေပေ၏။

တွေ့တိုင်း တောင်း၏။ တောင်းတိုင်း ရက်ချိန်းပေးခဲ့၏။ စာအုပ်ရိုက်ချင်သူများကလည်း လော၍လာကြလေပြီ။ ကိုဗဟိန်းလည်း စိတ်ပျက်လာဟန်တူ၏။ ပေါ်မလာတော့....။

တနေ့သော် ကိုလှ( သံလျှင်ကျောင်းသား သမဂ္ဂအသင်း ဥက္ကဋ္ဌ) နှင့်အတူ ပေါက်လာ၏။ တရုတ်တန်းသို့ သွားကြပြီး.... ခေါက်ဆွဲစားကြ၏။ အိမ်သို့လိုက်ပို့ရာ အဆင်းတွင် ခင်ဗျားအမှာရေးရမှာက ခင်ဗျားအကြောင်း ရေးရမှာလား....စာအုပ်အကြောင်း ရေးရမှာလားဟု မေးရာ စာအုပ်အကြောင်း ရေးရမှာပေါ့ မရေးချင်လဲ နေတော့ဗျာဟု နွဲ့ဆိုးသံနှင့် ပြန်ပြော၏။

ခင်ဗျားက ကလေးဆိုးနဲ့ တယ်တူတာဘဲဟု ပြောပြီး.... ထွက်သွား၏။

ကျွန်တော့်မှာ အသက်နှစ်ဆယ်ကျော်မျှ ရှိသေးသော် . လည်း သားဆိုးကဲ့သို့ဇင်း၊ ကလေးဆိုးကဲ့သို့ဇင်း သဘောထားသူ သက်တူရွယ်တူ လေးငါးခြောက်ယောက်ရှိ၏။ ထိုသူတို့ကိုမူ ပုဂ္ဂိုလ်ခွဲ၍ ခင်မင်၏ပုဂ္ဂိုလ်ခွဲခြင်းသည် မိစ္ဆာဒိဋ္ဌိ တမျိုးဖြစ်၏။ သခင်များ၏ ဓမ္မဓိဋ္ဌာန်ဝါဒနှင့်လည်း ဆန့်ကျင်၏။ နုနယ်သေးသော လူသားဖြစ်၍ဇင်း၊ (ဝါ) ရင့်သန်သော သခင် မဲ



ဟုတ်သေးဟူ၍ဇင်း၊ ပရမတ်သဘောဖြင့်မမြင်နိုင်သေး။ ပုဂ္ဂိုလ်ခွဲ၍ ခင်မင် ရင်းနှီးသော လူအနည်းငယ်တွင် ကိုဗဟိန်း တယောက် အပါအဝင်ပင်ဖြစ်ပေ၏။

ကိုဗဟိန်းက စိတ်ကောက်သည့် ကလေးကဲ့သို့ ပြောသည့် အခါ၌မူ မရေးဘဲ မနေနိုင်တော့။ ပြီးအောင်တော့ အကောင်းဆုံးမှန်းပြီးရေးမည်ဟု စိတ်က ပိုင်းဖြတ်လိုက်၏။

ဝ ဝ ဝ ဝ

ကိုဗဟိန်း စာအုပ်တွေရေးနေသည် ဟူသောသတင်းသည် တို့ဗမာ အစည်းရုံးဌာနကို ရွှေတိဂုံသို့ မပြောင်းမီကပင် ပြန့်နှံ့ခဲ့၏။အင်း အားနေတုန်း စာဘတ်စာရေး ကောင်းတာဘဲဟု သူတို့တတွေအတွက် ဝမ်းသာခဲ့၏။ လိုသည့် စာအုပ်များကိုလည်း ရှာဖွေပို့ခဲ့၏။

သခင်စိုးလည်း စာအုပ်ရေးနေသည်ဟု ကြားရရာ အင်း ကိုဗဟိန်းနဲ့တော့ တွဲမိကြပြီ။ ကိုဗဟိန်း ရေးတဲ့စာတွေတော့...: စာအုပ်သံတွေသိပ်ပါမှာဘဲဟု တွေးမိ၏။

ဤကား စာအုပ် မမြင်ရမီ တင်ကြို၍ တင်မြင်သော အချက်များပေတည်း။

ထောင်မှ ထွက်လာကြသည့်အခါ သခင်စိုး ဖိုင်တွဲနှစ်ခု ယူလာခဲ့၏။ တခုကား သူရေးသော စာအုပ်ဖြစ်ပြီး အခြားတခုကား ကိုဗဟိန်း ရေးသော စာအုပ်ပင်ဖြစ်၏။

လက်ရေးများမှာ တမျိုးတည်းလိုထင်ရ၏။ ချုပ်ထားပုံ ချည်ထားပုံများကား တမျိုးတည်းပင် ဖြစ်ကြ၏။ ငါထင်တဲ့အတိုင်းတော့ ဖြစ်မှာဘဲဟု တဘစ်ချ ယူဆ၏။

အောက်ခြေတွင် မှတ်ချက်ဖြစ်သော စာလုံးများကျန်နေသည့်အခါ ထည့်သွင်းရန်ကျဉ်းမြောင်းသေးစိပ်သောအကြောင်းများစာလုံးများအကြား၌ ပိုမိုသေးစိပ်သောစာလုံးကလေးများဖြင့် မဆန့်ရင်ကားသပ်ရိုက်သွင်းထားသလိုရေးထားကြပုံတို့ကားလှန်၍ကြည့်လျှင် ကြည့်ခြင်း တွေ့မြင်လိုက်ရသော အချက်များပေတည်း။

တတိယ ထူးခြားသော အချက်ကား ဗမာစကားလုံး အဆန်းများပင်ဖြစ်၏။ သခင်စိုး ဆိုရှယ်လစ် ဝါဒကျမ်းကိုရေးစဉ်က အင်္ဂလိပ်စကားလုံး ခက်ခက်မှန်သမျှကိုပါဠိစကားလုံးတွေ ဟိုကဆက် ဒီကဆက်နှင့် စကားလုံးအဆန်းတွေ ထွင်ခဲ့၏။ ကိုဗဟိန်းက သခင်စိုးသုံးခဲ့သော စကားများကို လက်ခံပြီးသကာလ မိမိကိုယ်တိုင် စကားလုံး အဆန်းတွေထပ်၍ ထွင်ခဲ့၏။လူသဲတွေများသည် တဆင့်ထက်ဆင့် ကြောင်လိန်လှေခါးသသွယ် တိုးတက်လာကြသည်ဟူသော ဆိုရှယ်လစ်ဝါဒကို စွဲမြဲသက်ဝင် ယုံကြည်လာ၍ ပေလောမသိ။

စတုတ္ထ ထူးခြားချက်ကား စာအုပ်ရေးပုံ အခန်းခွဲပုံတို့မှာ အင်္ဂလန်ပြည်မှ ကွန်မြူနစ် ခေါင်းဆောင် ကြီးများ ရေးသားကြသည့် နည်းနာအတိုင်းပင်ဖြစ်၏။

အထူးသဖြင့် တူသည့် စာအုပ်ကား.... အင်္ဂလန်ပြည်မှ ကွန်မြူနစ် ခေါင်းဆောင် ပန်းဒပ် ရေးသားသည့် ဖက်ဆစ်ဝါဒနှင့် ခေတ်ပြောင်း တော်လှန်ရေး....ဟူသော စာအုပ်ပင်ဖြစ်၏။

ကိုဗဟိန်း၏ စာအုပ်ကား အဆိုပါစာအုပ်ကို မြန်မာပြန်ဟု မဆိုနိုင်ပေ။ ၎င်းစာအုပ်မှာ လွန်ခဲ့သော ငါးနှစ်ခန့်ကရေးသားခဲ့ရာ ငါးနှစ်အတွင်း ဤကမ္ဘာကြီး၏အခြေအနေလည်း



ပြောင်းခဲ့ပြီ။ ထိုစာအုပ်ရေးစဉ်က ကွန်မြူနစ်များသည် အခြားနိုင်ငံရေး ဂိုဏ်းမှန်သမျှ အပြင်းအထန် နှိမ်နင်းကြရမည်ဟူသော အယူအဆ စွဲမြဲနေစဉ်က ဖြစ်၏။ ထိုအခါ ကွန်မြူနစ်ဝါဒ၏အကြီးဆုံးသော ရန်သူမှာ ဆိုရှယ် ဒီမိုကရက် ဝါဒပင်ဖြစ်၏။

ဆိုရှယ် ဒီမိုကရက် ဝါဒမှာ ဆင်းရဲ သားများ အတွက် တတ်နိုင်သလောက် အကျိုးဆောင်ရွက်ပေးရင်း အာဏာကို တဖြည်းဖြည်း ယူကြရန်ဖြစ်၏။ ကွန်မြူနစ်တို့ကမူ မလိုချင် ကမ္ဘာကြီးသည် ကြပ်တည်း သည့်ထက် ကြပ်တည်းလာပြီ ဖြစ်သဖြင့်သူပုန်ထကြဘို့ အချိန်တော်ပြီဟု အောါပေးကြွေးကြော်နေကြစဉ်ဖြစ်၏။ ဆိုရှယ်ဒီမိုကရက်တို့က ပြေ့တော့တော့ နှေးတေးတေးလုပ်နေကြသဖြင့် ဆင်းရဲသားများ အလုပ်သမားများ အစိုးရဖြစ်ကြရဘို့ နှောင့်နှေးကြရသည်။ သို့အတွက် ဆိုရှယ် ဒီမိုကရက်ဝါဒကို နှိပ်နင်းပစ်ကြရမည်ဟူ၍ တယူသန် လုပ်ကြသောအခါဖြစ်၏။ ထိုအခါကမူ ဓနရှင်ကြီးစား ဖက်ဆစ်ဝါဒကိုပင် ကွန်မြူနစ်တို့အားပေးခဲ့ကြ၏။အားပေးခြင်းအကြောင်းကား အခြားမဟုတ် ဖက်ဆစ်ဝါဒသည် အလုပ်သမားဆင်းရဲသားများကို အပြင်းအထန်နှိပ်ကွပ်လိမ့်မည်။ သည်းမခံနိုင်ကြလျှင်သူပုန်ထကြလိမ့်မည် စသည်ဖြင့် သူပုန်မြန်မြန် ထကုန်ကြအောင် ဖက်ဆစ်ဝါဒ အားပေးခဲ့ကြခြင်းဖြစ်၏။

သို့ရာတွင် ၎င်းတို့ထင်မြင်ယူဆကြသလိုမဟုတ် (၁၉၃၄) ခုနှစ် ဂျာမဏီပြည်၌ ဟစ်တလာ ကြီးမှူးသော.... ဖက်ဆစ်ဝါဒ

---

R. P. Dutt's Fascism; & Social Revolution

အာဏာလွှမ်းမိုးသည်နှင့် အလုပ်သမား ဆင်းရဲသားများကိုလက်နက်အားကိုး အပြင်းအထန် နှိပ်ကွပ်ခဲ့ကြ၏။

နှိပ်ကွပ်ခြင်းမက နှိပ်ကွပ်လှသဖြင့် အလုပ်သမား ဆင်းရဲသားများ၏အင်အားမှာ ပျက်စီးသွားခဲ့ကြရလေသည်။ တိုးတက်လာသော တော်လှန်ပုန်ကန်မှု အရှိန်ကြီးမှာလည်း နောက်ဆုတ်သွားရလေတော့သည်။

၁၉၃၅-ခုနှစ်မှာ ကမ္ဘာလုံးဆိုင်ရာ ကွန်မြူနစ် ပါတီများ၏ ခုနစ်ကြိမ်မြောက် ညီလာခံသဘင်ကြီး ကျင်းပကြရာ ကမ္ဘာကြီး၏ အခြေအနေ၊ တိုင်းပြည်အသီးသီးတို့၏ အင်အားကို ချိန်ဆပြီး သကာလ လွတ်လပ်မှု၊ ယဉ်ကျေးမှု၊ တိုးတက်မှု၊ ငြိမ်းချမ်းသာယာမှု လိုလားသူမှန်သမျှနှင့် သွေးစည်းကြပြီးသကာလ ဖက်ဆစ် ဝါဒနှင့် စစ်မက်ဖြစ်ပွားခြင်းကို တိုက်ဖျက်ကြရန်ဟုဆုံးဖြတ်ချက် ချခဲ့ကြ၏။

တကမ္ဘာလုံးရှိ ကွန်မြူနစ်ပါတီများ၏ လမ်းသွားကြပုံ စံနစ် မပြောင်းလဲကြမီကရေးသားထားခဲ့သည့်စာအုပ်မှာ ပြောင်းလဲနေသော ကမ္ဘာကြီးနှင့် များစွာ မသင့်လျော်တော့ချေ၊ စာအုပ်ပါ အကြောင်းအရာများကို အသုံးပြုရန် ကောင်းစေကာမူ စာအုပ်ပါ ကောက်နုတ်ချက်အားလုံးကို လက်ခံနိုင်လိမ့်မည် မဟုတ်၊ ဤစာအုပ်မျိုးကို မြန်မာလိုပြန်ဆို၍လည်းများစွာအကျိုးထူးလားဘွယ် မမြင်ချေ။

စာအုပ်ပါအကြောင်းအရာများမှာကားအထူးပင်အသုံးကျသဖြင့် ကိုဗဟိန်းက ကောက်နုတ်ကာ အသုံးပြုပြီး ပြောင်းလဲနေသော ခေတ်နှင့် လျော်ညီအောင် ရေးသားပေသည်။

၀ ၀ ၀



အနှစ် ခြောက်ထောင်ခရီးဆိုရာ၌ လူများ၏ ရိုးရိုးမျက်စိဖြင့် ကြည့်ရှုခဲ့ကြပါမူ ကြာညောင်းရှည်လျားလှပေမည်။ သို့ရာတွင် အသိဉာဏ်တည်းဟူသော ပြုပြင်ပြောင်းလဲနေကြသောဖြစ်ကြောင်းများဖြင့် လေ့လာကြည့်ရှုမည်ဆိုပါက တိုတောင်းလှပေမည်။ ဘာမျှမကြာလှ၊ ခဏတာမျှသာဟု ယူဆအောက်မေ့ကြရပေမည်။

သစ်ပင်တက်လိုက် တွင်းအောင်းလိုက် သားရဲ တိရစ္ဆာန်များနှင့် လုံးလိုက်ထွေးလိုက်နှင့် နေခဲ့ကြရသော လူပေါ်စခေတ်သို့မဟုတ် မြေလျှိုးမိုးပျံ့ခေတ် အလေ့ကျပေါက်သော သစ်သီးသစ်ရွက် သလေးဆံန်များကို မစိုက်မပျိုးကြရဘဲ အလွယ်တကူဆွတ်ခူးစားသောက် ကြရသောပဒေသာပင်ခေတ်၊ ရဟန်းပုဏ္ဏားမင်းဆွေမင်းမျိုးများတို့ကြီးစိုးလွှမ်းမိုး အုပ်စိုးကြသည့် ကျေးပိုင်ကျွန်ပိုင်ခေတ်၊ မြို့စားနယ်စား မြေပိုင်ရှင်ကြီးများလက်ဝါးကြီးအုပ် စိုးမိုးကြသည့် ပဒေသရာဇ်ခေတ်၊ ငွေကိုအရင်းအနှီး ပြုလုပ်ကြကာ ဆင်းရဲသားများကို မတရား သွေးစုတ်ကြပြီး အမြတ်အစွန်း ရှာကြသော အရင်းရှင်ခေတ်စသည်ဖြင့် လူသတ္တဝါများသည် ကြောင်လိမ်လှေခါးတက်သည့် ပမာ တစတစဖြင့်တိုးတက်လာခဲ့ကြရာ ယနေ့အထိ တိုးတက်ယဉ်ကျေးလာကြပုံကို အစဦးစွာ တွေ့ရှိ ကြရပေမည်။

ဘုံနိုင်ငံတည်ထောင်ရေးလမ်းစဉ်ကို စံနစ်တကျလေ့လာနားလည်လိုသူများသည်ငှင်း လက်ရှိကမ္ဘာကြီး၏ အခြေအနေကို ခေတ်မီမီစေးစမ်းလေ့လာလိုကြသူများသည်ငှင်း၊ လူစတင်ပေါ်ပေါက်လာသည်ခေတ်မှ ယနေ့အထိ မည်သို့မည်ပုံပြောင်းလဲလာကြသည်ကိုငှင်း၊ ကွက်ကွက်ကွင်းကွင်းရှေးဦးစွာသိရှိကြရပေမည်။

လူတို့၏ တိုးတက်ပြောင်းလဲလာကြပုံများကား ဤမျှနှင့် မရပ်ကြသေးပေ။ အရင်းရှင်စံနစ်သည် အစဉ် တိုင်းပြည် တပြည် တည်း တည်ထောင်လိုက်၏။ ထို တိုင်းပြည်တပြည်၏ နယ်နိမိတ် အတွင်း၌သာ ဩဇာအာဏာလွှမ်းမိုးခဲ့ရ၏။

အမြတ်အစွန်းများများရလိုမှုကြောင့် နယ်ပယ်များစွာ ချဲ့ထွင်ခဲ့ကြရလေသည်။ အမြတ်အစွန်းများများ ရလိုမှုအတွက် အရင်းရှင်စံနစ်သည် နယ်ချဲ့ကြရခြင်းကြောင့် နယ်ချဲ့စံနစ်ပေါ် ပေါက်လာခဲ့ရပေသည်။

နယ်ချဲ့ကြရာ၌လည်း ကမ္ဘာကြီးတခုလုံးလိုလို ခွဲခြမ်းစိတ် ဖြာ၍ ပြီးကြသည့်အခါ မတင်းတိမ်နိုင်ကြ သေးသဖြင့် ဝေပြီး သားများကို ပြန်ဝေကြရမည်ဟု နယ်ချဲ့ သမားများအချင်းချင်း စကားများ ရန်ဖြစ်ကြကာ နယ်ချဲ့စစ်ပွဲများဖြစ်ခဲ့ကြရပြန်သည်။ ၁၉၁၄–၁၉၁၈-ခုနှစ်များအတွင်း၌ ဖြစ်ပွားလာခဲ့ကြရသည့် စစ်ပွဲ ကြီးများကား နယ်ချဲ့စစ်ပွဲများ၏ ပွဲဦးထွက်အဆိုင်းပင်ဖြစ်တော့ သည်။

ထိုစစ်ကြီးပြီးသည့်နောက် တကမ္ဘာလုံးဟိုက်၍ နေခဲ့ကြ ၏။ နောက်တချီချကြရန် အားစုကြပြန်၏။ ဟန်ပြင်ကြပြန်၏။ လက်ခမောင်းခပ်လိုက် ခြေထောက်နှင့် ကန်လိုက်၊ လက်ဝါး နှင့် ရိုက်လိုက် လုပ်နေကြပြန်၏။ မလုံးကြသေးပေ။ သို့ရာတွင် နာ သူများလည်း နာကုန်ကြရ၏။ ကွဲကြသူများလည်း ကွဲကြရ လေပြီ။

(က) ဟစ်တလာ မူဆိုလိုနီစသည်တို့ကကြိမ်းဝါးနေကြ ခြင်း။

(ခ) ဂျပန်က တရုပ်ကိုဝင်၍ တိုက်လိုက်ခြင်း။



(ဂ) အီတလီက အဘိဆီးနီးယား အယ်လ်ဘေးနီးယား များကို သိမ်းယူလိုက်ခြင်း။

(ဃ) ဂျာမနီကဩစတြီယား၊ ဂျက်ကိုစလိုဗေကီးယား မဲမည်း စသည်ဟိုကို သိမ်းယူလိုက်ခြင်း။

(င) ဂျာမနီ၊ အီတလီတို့ အကူအညီဖြင့် စပိန်ပြည်မှာ သူပုန်များက ပြည်သူ့ သမ္မတအစိုးရကို ဖြုတ်ချ ကြခြင်း။

စသည်တို့ကား နယ်ချဲ့စစ်ကြီးစတင်ခြင်းပင်ဖြစ်တော့၏၊ သို့သော် တကမ္ဘာလုံး မပါသေးပေ။ အချိန်အားဖြင့်သာလို တော့၏။ (ဒုတိယကမ္ဘာစစ်သည်ဤအချက်ကိုထောက်ခံလိုက်၏)

ဓနရှင်စံနစ်မှ နယ်ချဲ့စံနစ်၊ နယ်ချဲ့စံနစ်အတွင်း၌ပင် ဖက်ဆစ် စံနစ်စသည်ဖြင့် ပေါက်ဖွားပေါ် ပေါက်လာကြခြင်းတို့ကား အရင်းရှင်ဆိုသူများက ကိုယ်ကျင့်တရား ယုတ်ညံ့ကြ၍မဟုတ်၊ ပြောင်းလဲလာကြသော ဖြစ်စဉ် ဖြစ်ရပ် သဘောတရား များကို မလွန်ဆန်နိုင်ကြခြင်းကြောင့် ဖြစ်ကြရပေသည်။

ဓနရှင်စံနစ်၏ ထူးခြားသော အချက်များကား စုရုံး၍ လုပ်ကြခြင်း၊ တာဝန်ခွဲဝေ၍ လုပ်ကိုင်ကြခြင်းပင် ဖြစ်ပေသည်။ အရင်းရှင်ခေတ်၏ရှာဖွေစူစမ်းမှုများကို အစဉ်အားပေးခဲ့ကြခြင်း ဖြင့် ကုန်လုပ်ကြိယာ စွမ်းအားလည်း ကြီးမား လာခဲ့ရပေသည်။

၈....The Programme of Communist International

၃....Stalin to the 18th Congress of the C. P S. U.

အင်္ဂလန်ပြည်၌မူ နှစ်ပေါင်း တရာ့ခုနှစ်ဆယ်လောက်ကထက် နှစ်ပေါင်းတရာခန့်က ကုန်ထုတ်လုပ်ကြီယာစွမ်းအား နှစ်ဆယ်နှင့် ခုနှစ်ဆတိုးလာခဲ့၏။ ယခုအခါ၌မူကား လွန်ခဲ့သောအနှစ် တရာခန့်ကထက် အဆပေါင်း တရာခန့် ကြီးမားလာခဲ့၏။ တကမ္ဘာလုံးနှင့်တွက်ကြည့်မူ လွန်ခဲ့သော အနှစ် တရာခန့်ကထက် အဆပေါင်း ခြောက်ရာခန့်မျှကြီးမားတိုးတက်လာခဲ့၏။

ဤကဲ့သို့ လူ၏ စွမ်းရည်ကုန်လုပ်ကြီယာ၏ စွမ်းရည်တိုးတက် ထွန်းကားမှုများမှာ လူသတ္တာတို့ ချမ်းသာဘို့ပင်ဖြစ်၏။ သို့ရာတွင် ကုန်လုပ်ကြီယာများကို လူနည်းစုကသာ ပိုင်ဆိုင်အုပ်စီး ထားကြ၏။ ရရှိကြသမျှအမြတ်အစွန်းများကိုလည်း လူနည်းစုများကသာ ခွဲယူသုံးစွဲကြ၏။

သို့ဖြစ်လေရာ ကုန်လုပ်ကြီယာစွမ်းအားနှင့် လက်ရှိစံနစ်သည် ဆန့်ကျင်ဘက်ဖြစ်လာရတော့သည်။

စံနစ်တခုလုံးမှာ အမြတ်အစွန်းရလိုမှုအတွက်ပင် ဖြစ်လေရာ ကုန်ထုတ်ကြီယာ စွမ်းအားကိုချုပ်ချယ်လာခဲ့ကြ၏။ လူတွေလျော့ပစ်၏။ အလုပ်လက်မဲ့တွေပေါလာ၏။ အခကြေးငွေတွေလျော့ပစ်၏။ ပညာရှာဖွေစူးစမ်းမှုကို ချုပ်ချယ်လာခဲ့၏။ ရှေးအခါကမူ မင်းတို့ဆင်းရဲသားတွေအတွက် တို့စေတနာရှိကြပါသည်ဟူသော သဘောဖြင့်ပြည်သူ့သဘောကျအုပ်ချုပ်ရေးစံနစ်ကို အသုံးပြုခဲ့ကြလေသည်။ ယခုအခါ၌မူကား ဟန်ရေး ဟန်ဝါ မပြလိုကြတော့။ ဓနရှင်စံနစ်သည် စိတ်တိုလာလာပြီ ဖြစ်သဖြင့် ပြည်သူလူထုသဘောကျအုပ်ချုပ်ရေးစံနစ်ကိုအသုံးမပြုနိုင်တော့၊ ပြောင်ပြောင်ကြီး နှိပ်ကွပ်တော့မည်ဟု ဆိုကြကာ အာဏာရှင်စံနစ်ကို တီထွင်လာခဲ့ကြ၏။ ၎င်းစံနစ်နှင့် ယှဉ်၍ပင် တို့ တခြား



တိုင်းပြည်ကကုန်တွေ မသုံးနိုင်ဘူး။ အမျိုးချစ်ကြရမယ် ဟူသည့်သဘောဖြင့် မိမိတို့ တိုင်းပြည်အတွင်းမှ အရင်းရှင်များ၏ ကုန်ပစ္စည်းများကို မသုံးမနေရဟူ၍ ပညတ်ချက်များလုပ်လာကြ၏။ လွတ်လပ်စွာ ကုန်ကူးရမည် ဟူသော ဓနရှင်အယူအဆ၏ အရင်းအကျဆုံး ဆောင်ပုဒ်ကိုလည်းပစ်ပယ်ခဲ့ကြ၏။ လက်ဝါးကြီးအုပ်နည်းစံနစ်ဖြစ်ခဲ့ကြလေပြီ။ အလွန့်အလွန် အလို ကြီးကြမှုများကြောင့် ဖြစ်ပေါ်လာကြသော ရှုပ်ထွေးမှုများကို သာမန်အားဖြင့် မဖြေရှင်းနိုင်တော့ဘဲ စစ်မက်ဖြစ်ပွားလာကြကာ ဖြေရှင်းယူကြရတော့၏။

အီတလီ ဂျာမနီပြည်များ၌ ဤနည်းအားဖြင့် ဖက်ဆစ်စံနစ်သို့ ဆိုက်ရောက် လာခဲ့ရ၏။ အမေရိကန်ပြည်၌ ရူစဘဲတို့ စီးပွားရေး ချောင်လည်ကြအောင် လုပ်ကြခြင်းတို့မှာလည်း အရင်း စစ်လိုက်လျှင် ဖက်ဆစ်သဘောသို့ သက်ရောက်လာပေတော့သည်။

သို့ဖြစ်ကြလေရာ လူ့အဆောက်အအုံအတွင်းရှိ လူသားအပေါင်းတို့ လိုက်ကြရမည့်လမ်းကြောင်း နှစ်ကြောင်းသာ ရှိကြတော့၏။

တလမ်းကား ကုန်လုပ် ကြီယာစွမ်းအားကို ချုပ်ချယ်ခြင်း၊ တိုးတက်မှုများကို တားဆီးထားကြခြင်း၊ လူနှင့် ပစ္စည်းများကို ဖျက်ဆီးပစ်ကြခြင်း၊ ကမ္ဘာ့ရောင်းဝယ် ဖလှယ်မှုများကို ချုပ်ချယ်ကြခြင်း၊ စူးစမ်းရှာဖွေမှုများကို ပိတ်ပင်ကြခြင်း၊ နိုင်ငံအချင်းချင်း စစ်မက်ဖြစ်ပွားကြခြင်းစသည်များကို အသုံးပြုကြပြီး ခေတ်နောက်ပြန် ဆွဲနေကြသော ဖက်ဆစ်စံနစ်ကို ကျင့်သုံးလိုက်နာသော လမ်းကြောင်းပင်ဖြစ်ပေသည်။ ဤလမ်းကြောင်း

ကား ကမ္ဘာကြီးပျက်စီးဆုံးရှုံးစေမည့် လမ်းကြောင်းတရပ်ပင်တည်း။

အခြားတခုကား ကုန်လုပ်ကြိယာ စွမ်းအားကို လူ့အဆောက် အအုံ အတွင်းရှိ လူများအကျိုးရရှိကြအောင် အသုံးပြုနိုင်ကြရန် လူ့အဆောက်အအုံတွင်းရှိ ပစ္စည်းမှန်သမျှလူအားလုံးအကျိုးခံစားနိုင်ကြစေရန် ဆင်းရဲခြင်း အသိကင်းမဲ့၍ ရောဂါတူပြောကြခြင်းစသည်များကိုအမြစ်မှသုတ်သင်ပစ်ရန်စူးစမ်းရှာဖွေကြကာ အသိပြန့်ပွားမှုများကိုအချုပ်အချယ်မရှိတိုးတက်ရေးရန် လူတန်းစေ့အကျိုး ဖြစ်ထွန်းစေရန် ရည်ရွယ်ရှေ့ရှုအပ်သော ဘုံနိုင်ငံ အဆင့်သို့ သွားရောက်ရန် လမ်းကြောင်းတရပ်ပေတည်း။

ယနေ့လက်ရှိ ကမ္ဘာ့ပေါ်၌လှုပ်ရှားသွားလာနေကြသော လူအပေါင်းသည် မည်သည့်လမ်းကြောင်းကို ဦးတည်၍လိုက်ကြမည်းနည်း။

ယနေ့ကမ္ဘာ့အဆောက်အအုံကြီးကား သေတော့အံ့ဆဲဆဲလူနာကြီး နှင့်တူလာလေပြီ။ ခေတ်ပြောင်းတော်လှန်ကြရန်အမြန်ဆုံး လုံးပမ်းကြကုန်လော။

ဤကား ကိုဗဟိန်းရေးသည့် စာအုပ်အကျဉ်းချုပ်မျှဖြစ်ပေသည်။ ဤစာအုပ်ကိုလေ့လာပြီးသကာလ မြန်မာပြည်အတွက် အများဆုံး အကျိုးရှိအောင် ပုံစံအရလုပ်ကြရန်ကား စာဖတ်သူများ၏ တာဝန်သာဖြစ်တော့၏။

စာအုပ်ရေးသူများအဘို့ဆိုလျှင် မင်အိုး၊ ကလောင်တန် စာရေးစက္ကူများရှိလာလျှင် စာအုပ် ဖြစ်နိုင်ကြလေရာ အများအားဖြင့် လက်တွေ့ လုပ်ကိုင်သူများ မဟုတ်ကြပေ။ စိတ်ကူးယဉ်တတ်ကြသူများကို မြှောက်ပေးတတ်သူများသာဖြစ်ကြပေသည်။



ကိုဗဟိန်းကမူ ထိုကဲ့သို့ မဟုတ်ပေ။ လက်ရှိမျက်မြင် လူအဆောက်အအုံကြီးအတွင်း၌ ခေတ်ပြောင်း တော်လှန်ရေး အတွက် လုပ်နေကြသူများကား....

(က) ရသျှား ဘုံသမ္မတနိုင်ငံကြီး
(ခ) ဓနရှင်နိုင်ငံများရှိ အလုပ်သမားများ
(ဂ) နယ်ချဲ့ ဓနရှင်နိုင်ငံများ၏ လက်အောက်ခံ ကျွန်နိုင်ငံများမှ ဆင်းရဲသားများသာဖြစ်ကြ၏။

လက်အောက်ခံ ကျွန်နိုင်ငံတခုဖြစ်သော မြန်မာပြည်၌ ခေတ်ပြောင်းတော်လှန်ကြရန် လုပ်နေကြသူများမှာကား.... အလုပ်သမားများ၊ တောင်သူ လယ်သမားများဖြစ်ကြ၏။ ကျောင်းသား အရေးကို တာဝန်ခံ ဆောင်ရွက်သူ တဦးမှာ ကမ္ဘာတခုလုံးရှိ ခေတ်ပြောင်း တော်လှန်ရန် လုံးပမ်းနေကြများ၌ တဦးအပါအဝင်ဟု ယူဆကြရမည် ဖြစ်၏။ စားရေး ရုံးရေးသည် လက်တွေ့ပါ လုပ်သည်ကိုကား အထူးပြောဘွယ် မလိုပေ။

o o o ၀

ကိုဗဟိန်းဟူသော နာမည်ကား အတော်ဟိန်း၏၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ၏ ပထမ ညီလာခံသဘင်ကို ကျင်းပစဉ်က ကိုဗဟိန်း ရန်ကုန်သို့လာသည်ဟု ကြားလိုက်ရ၏။ မိမိမှာ ထိုအခါက ပဲခူးသို့ ရောက်နေသဖြင့် မမြင်ဘူးခဲ့။

ဒုတိယအကြိမ် ညီလာခံသဘင်ကို မန္တလေးမြို့၌ ကျင်းပ၏။ မိမိမ န္တလေးသို့ မသွားမီ သခင်စံရွှေ (စစ်တွေ တို့လက်ရုံး သတင်းစာ အယ်ဒီတာ) သည်မန္တလေးမှ ပြန်လာခဲ့၏။ ဟိုမှာ.... လုပ်ကြတာကဗျာ ကောင်ကလေးတွေ အငယ်ကလေးတွေဘဲ....

ဘယ်သူမှအကူမရှိကြဘူး။ ဗဟိန်းဆိုတာ.... အငယ်ကလေးဘဲဟုပြော၏။

မန္တလေးသို့ ရောက်သည့်အခါ ညှော့ခံအဖွဲ့ ဥက္ကဋ္ဌ ပုညက်ညက်ကို တွေ့ရ၏။ မန္တလေး၌ ၃-ရက်နေကြသော်လည်း သိပ်ပြီးအရောမဝင်ခဲ့။

မျိုးညွန့် ပထမ စာစောင်အတွက်ဆောင်းပါးအရေးခိုင်း၏။ ရေးပေးလိုက်၏။ သို့ရာတွင် ခပ်တည်တည် နေသေး၏။

၁၂၉၉-ခုနှစ် အမျိုးသားနေ့မှာ ဆူးလေဘုရား ပန်းခြံ၌ ကျောင်းသားများ သမဂ္ဂအသင်းကိုယ်စား ကိုဗဟိန်း ပြောရ၏။ တရားပွဲပြီးသည့်နောက် ကိုဗဟိန်းကိုလည်း ဆိုရှယ်လစ်ဟုခေါ်ဝေါ်သမုတ်စ ပြုလာခဲ့ကြ၏။

ကိုဗဟိန်းမှာ ကျွန်တော်နှင့်ရင်းနှီးလာခဲ့၏။ ကျွန်တော်၏ အကြံပေးချက်များကိုလည်း များသော အားဖြင့် လက်ခံခဲ့၏။ သူ၏ အကြံပေးချက်များကိုလည်း ကျွန်တော်က လေးစား၏။ သူက ကျွန်တော်ကိုလည်း အကြွင်းမဲ့ယုံကြည်၏။ ကျွန်တော်ကလည်း ထိုနည်းအတူပင်။

စင်စစ်အားဖြင့် အယူသည်းသော ပုဂ္ဂိုလ်စွဲမှုပင် ဖြစ်၏။ အပြောင်းအလဲ မြန်ဆန်လှသော ဤကမ္ဘာ လူဘောင်အတွင်း၌ ဘယ်သူကိုမှ ဘယ်သူက အကြွင်းမဲ့ ယုံကြည်၍ မဖြစ်၊ ကျောင်းသားများသမဂ္ဂအသင်းမှ ထုတ်ဝေသော မျိုးညွန့်မဂ္ဂဇင်း တတိယ စာစောင်အတွင်း၌ ကျောင်းသားများ၏ ဆုံးဖြတ်သောလုပ်ငန်းတခုကို အပြစ်တင်သောဆောင်းပါးတစောင်ကျွန်တော်ရေးခြင်းဖြင့် ထင်ရှား၏။ ကျွန်တော်မှားသည်ဖြစ်စေ မှန်သည့်ဖြစ်စေ ကိုဗဟိန်းကမူ ပုဂ္ဂိုလ်စွဲမှုကြောင့် အပြစ်မတင်နိုင်ခဲ့ပေ။



ကျောင်းသားများ သပိတ်လှန်ကြသည့်အခါ တိုင်းပြည်က အမျိုးမျိုးအပြစ်တင်ကြ၏။ ကျွန်တော်တို့ တို့ဗမာအစည်းအရုံးကပင် ကျောင်းသားများကို အထင်အမြင်မသေးကြစေရန် လွတ်လပ်ရေး တိုက်ပွဲအတွင်းကျောင်းသားများပါဝင်ကြရမည့် နေရာကို တိုင်းပြည်က အမှန်သိရှိလာကြစေရန်တတ်နိုင်သလောက်လုပ်ခဲ့ကြ၏။ လုပ်ခဲ့ကြသလောက်လည်း ကျောင်းသာများ အပေါ် ငြိုငြင်သော တိုင်းပြည် စိတ်ဓာတ်သည် လျော့ပါး လာခဲ့ကြလေပြီ။

သခင်ညီလာခံသဘင်များကျင်းပတိုင်း ကိုဗဟိန်းကိုကျွန်တော် ဘိတ်ခဲ့၏။ သာယာဝတီစီရင်စုညီလာခံကိုဘိတ်၏၊ မလာနိုင်။ မော်လမြိုင်ညီလာခံကိုဘိတ်၏၊ မလာနိုင်။ မြောင်းမြညီလာခံသို့ ဘိတ်၏၊ လာနိုင်ခဲ့၏။ ဟင်္သာတညီလာခံသို့ သွားဘို့ပြောသေး၏၊ မသွားနိုင်။

သို့ရာတွင် ကျောင်းသားများ အလုပ်တွေမလုပ်ဘဲသခင်ညီလာခံတွေ ရှောက်တက်နေသည်ဟု အပြစ်တင်ခံရသည်ဟု သိရ၏။ စင်စစ်အားဖြင့် အပြစ် တင်သလောက်လည်း သူ့ခမြာမှာမလုပ်ရရှာပေ။

သခင်များနှင့်ရင်းနှီးအောင် လုပ်ပေးခြင်းကိုကား ဝန်ခံပါ၏။ ကိုဗဟိန်း၏ စိတ်ဓာတ် ဝိရိယကို ယုံကြည်ကြသဖြင့် ကိုဗဟိန်းကို သခင်သိန်းမောင်၊ သခင်စံထွန်းလှ၊ သခင်ဗရင်ကြီးတို့က အထူးသဖြင့်ခင်မင်ကြ၏။

သခင်များနှင့် ခင်မင်အောင်လုပ်ရာ၌ ကိုဗဟိန်းကိုသခင်ဖြစ်စေလို၍မဟုတ်၊ သခင်များသည် တိုင်းပြည် လူများစုနှင့်ရင်းနှီးစွာလုပ်ကိုင် နေကြရသူများဖြစ်ကြရာ ကိုဗဟိန်းကိုလည်း လူ

များစုနှင့် ရင်းနှီးစေလို၏။ ကိုဗဟိန်းနှင့်လူများစု ရင်းနှီးလာကြသဖြင့်လည်း ကျောင်းသားများနှင့်လူများစု ပိုမိုရင်းနှီးလာကြရန် ဖြစ်ပေသည်။

စင်စစ်အားဖြင့် ကိုဗဟိန်းကို သခင်မဖြစ်စေလိုသေး။ တညသော် ကိုဗဟိန်းက ကျွန်တော်ကျောင်းထွက်ရမလားဟု မေးရာ ခင်ဗျားကျောင်းထွက်ရင် မဖြစ်သေးပါဘူးဟု ပြောလိုက်ရာ ခင်ဗျား ကျွန်တော့်ကို ဒါလောက် အထင်သေးသလားဟု ပြန်မေး၏။

စင်စစ်အားဖြင့် အထင်သေး၍မဟုတ်၊ သခင်အလုပ်သည် ကား လွယ်ကူလှသော အလုပ်မဟုတ်၊ လူ့အဖြစ် အဆုံးရှုံးခံရခြင်းပင်ဖြစ်၏။

သခင်များသည် သူများထက်အပင်ပန်းခံ၍လုပ်ကိုင်ကြရ၏။ သူများတကာထက် အနစ်နာခံကြရ၏။ ဘယ်သူလုပ်လုပ် မလုပ်လုပ် တာဝန်ခံ၍လုပ်ကိုင်ဆောင်ရွက်ကြရ၏။ စိတ် ရှည်နိုင်သမျှ ရှည်ကြရ၏။ လူအမျိုးမျိုးစိတ်အမျိုးမျိုးနှင့်တွေ့ကြုံနေကြရလေရာ လူများစုကို ခေါင်းဆောင်လိုသော သခင် များသည် လူများစု စိတ်ခေတ်ကို ချိန်ဆ၍လုပ်ကြရ၏။

အနှောင့်အယှက်အမျိုးမျိုး၊ဆင်းရဲပင်ပမ်းခြင်းအမျိုးမျိုး တို့ဖြင့် ရန်သူမီးဝိုင်း သလိုတွေ့နေကြရလေရာ သူများထက်စွာ၊ သူများထက် အာကျယ်နိုင်မှ အတော်လောက်ကျ၏။ ဘယ်နေရာမှာမှ အညံ့ခံ၍မဖြစ်၊ အလျှော့ပေး၍လည်းမဖြစ်ချေ။

သူများတွေ ပျော်ကြပါးကြသည့်အခါ မပျော်မပါးနိုင်ကြ။သူများတွေအိပ်စက်ကြသည့်အခါ မအိပ်စက်နိုင်ကြ။သူများတွေ စားကြသောက်ကြသည့်အခါ မစား မသောက်နိုင်ကြ။ အ



မျိုးမျိုး ဇွဲများဖြင့် ကုန်းခံ၍လုပ်ကြရ၏။

တဘက်ဂိုဏ်းသားတွေ သတင်းစာတွေ ဆဲတိုင်း၊ ဖိနှိပ်တိုင်း ခံနိုင်ရည်ရှိကြရ၏။ ကိုယ်ကလည်းပြန်၍နှံနိုင်ကြဘို့လို၏။ သခင်အသားကျလာလျှင် ထုံပေပေဖြစ်လာကြ၏။

ချမှတ်ထားကြသော စည်းမျဉ်းများအတိုင်း စိတ်ပျက်အားလျော့ကြခြင်း မရှိကြဘဲ ဇက်တိုက်လုပ်ကြရတော့၏။

ကိုယ်မကြိုက်သည့်အလုပ်များလည်း လုပ်ကြရ၏။ ကြိုက်သည့် အလုပ်များလည်း ကံကောင်းမှလုပ်ကြရ၏။ ပုဂ္ဂိုလ်အားဖြင့် မခင်မင်သူများနှင့်လည်း အတူတူနေကြရ၏။ ပုဂ္ဂိုလ်အားဖြင့် ခင်မင်သူများနှင့်လည်း နေချင်မှ နေကြရ၏။ သခင်များ၌ ပုဂ္ဂိုလ်စွဲဟူ၍မရှိ၊ သခင်များ၌ ပုဂ္ဂိုလ်အားဖြင့် သိရှိကြသူဟူ၍ သခင်ကိုယ်တော်မှိုင်းတယောက်သာသိကြ၏။

သခင်ထဲ၌ ပုဂ္ဂိုတ်အားဖြင့် မကြာမီကနာမည်ထွက်လာသူကား သခင်မြ(သာယာဝတီ တောင်ပိုင်း)ပင်ဖြစ်၏။ အခြားသူများ အဖို့ကား တိုင်းပြည်က ဘယ်သူဟူ၍မသိ၊ 'သခင်တွေ' ဟူ၍သာ သိကြ၏။

အချုပ်ဆိုရလျှင် အစည်းအရုံးထဲသို့ဝင်လိုက်လျှင်ပုဂ္ဂိုလ် မြုပ်သွားကြ၏။ ငါစိတ် ပျောက်ရမည်ဖြစ်၏။ နာမည်ကြီးလို၍လည်း မဖြစ်၊ ငါတကောကောလိုကြ၍လည်းမဖြစ်၊ အဆုံးမှာ သခင်ဖြစ်ခြင်းသည် သာမန် မျက်စိနှင့် ကြည့်မူ လူဖြစ်ရှုံးရလေ၏။

ဤမျှကြမ်းတမ်းရင့်ရော်ပြီး လူဖြစ်ရှုံးရသောနိုင်ငံရေးအလုပ်ကို အသံအားဖြင့်၎င်း၊ စကားလုံးအားဖြင့်၎င်း ကြီးထွားလာစေကာမူ ရုပ်ရည်အားဖြင့်၎င်း၊ လူလုံးအားဖြင့်၎င်း၊ အသက်

အားဖြင့်ငင်း နုနယ်သေးသောကိုဗဟိန်းကို မလုပ်ကိုင်လိုသေး။

ကိုဗဟိန်းကမူ ဤစာအုပ်ရေးရာ၌ သခင်နာမည်တပ်မည် ပြောသည်။ တပ်သလား မတပ်သလားတော့မသိ။

သို့ရာတွင် ကျွန်တော့်အဖို့ရာမှာကား သူ့ကိုသခင်အဖြစ် အသိအမှတ်မပြုနိုင်သေး။ ကျွန်တော့်မျက်စိအောက်မှာကြီးလာသော ခလေးကလေးကဲ့သို့ဖြစ်နေ၏။ သခင်နာမည် တပ်တိုင်းလည်း ကျွန်တော့်အဘို့ရာ မည်သူ့ကိုမျှသခင်ဟူ၍ အသိအမှတ်မပြု၊ ကျွန်တော်ဖော်ပြသောအရည်အချင်းများနှင့် ပြည့်စုံမှသာ သခင်ဟူ၍ အသိအမှတ်ပြုနိုင်မည်။

ဝ ဝ ဝ

သခင်စိုး၏ ဆိုရှယ်လစ်ဝါဒကျမ်းကို အမှာရေးစဉ်က အမှာ၌ အချက်အလက် အနည်းငယ်တို့နှင့်ပက်သက်၍ကိုထွန်းအေး (နဂါးနီကို မူလထုတ်ဝေသူ)မှာ ထိခိုက်ခဲ့၏။ စာအုပ် ထွက်ပြီး အခြား အကြောင်းများကြောင့် နဂါးနီနှင့် လမ်းခွဲခဲ့ကြရ၏။ နောက်တလလောက်ကြာလျှင် ကျွန်တော်နှင့်နဂါးနီလည်းခွဲခဲ့ရတော့၏။ ဤအတောအတွင်း သခင်စိုးနှင့်ကျွန်တော်အတူနေကြ၏။ ဤစာအုပ်ရေးရာ၌ကျွန်တော်၊ သခင်စိုး၊ ကိုဗဟိန်း၊ ကိုထွန်းအေးဟူ၍ လေးယောက်ဆုံကြပြန်၏။

ဤစာအုပ်ထွက်သည့်အခါ၌ မရှောင်မလွဲသာသော အကြောင်းများကြောင့် ကျွန်တော်နှင့်သခင်စိုး ခွဲ၍ နေကြရ၏။ ကိုဗဟိန်းမှာလည်း အဖြစ်တမျိုးပြောင်းတော့မည်ဟုကြားနေရ၏။ ကိုထွန်းအေးအဖို့မှာတော့မသိ။

စာအုပ်အမှာစာရေးလျှင် ခိုက်မျှား ခိုက်တတ် သလား မသိ။ ရေးရမှာကိုပင်စိတ်လေးမိ၏။ မည်သူကိုပင် မည်ကဲ့သို့ ထိ



စေ ထားတော့ ထုတ်ဝေသူကိုထွန်းအေးကိုမူ မထိပါစေနဲ့ဟုဆုတောင်းပါ၏။

ကျုပ်တောင်မကျခင်က သူဩဇာခံပေါ့။ သူ့လက် သူ့ခြေဘဲ။ ကျုပ်ထောင်ကထွက်လာတော့ သူလွှမ်းမိုးတာ လွတ်ပြီဟု ကိုဗဟိန်းက ကျွန်တော်နှင့်ပတ်သက်၍ လူတယောက်ကိုပြောပြဘူး၏။ ကျွန်တော်က သူ့ကို နိုင်ငံရေး အားဖြင့်ငင်း၊ အသိအားဖြင့်ငင်း၊ စိတ်ဓာတ်အားဖြင့်ငင်း လွှမ်းမိုးသည် မလွှမ်းမိုးသည်ကား ကျွန်တော်သတိမထားမိ။

မည်သို့ပင်ဖြစ်စေကာမူ ထောင်မှ ထွက်လာပြီး နောက် ကိုဗဟိန်း၌ လွတ်လပ်သောစိတ်ထားပွားများလာပြီဟုသတိထားမိခဲ့၏။

စာအုပ်ကိုတည်းဖြတ်ခိုင်းစဉ်က မတည်းဖြတ်လို။ တည်းဖြတ်ရလျှင်လည်း အကုန်လုံးပြင်၍ ရေးမိမည်ပင်ဖြစ်၏။ သို့တည်းမဟုတ် မင်နီအိုးထဲ၌ ထိုးထားလိုက်ရုံသာဖြစ်၏။ သူတပါးကိုနိုင်ထက် စီးနင်း လွှမ်းမိုးလိုသောစိတ်တမျိုးပင်ဖြစ်၏။

ကိုဗဟိန်း၏ လွတ်လပ်လိုသော စိတ်ဓာတ်ကို ရိုသေကာ ကိုဗဟိန်း၏ အယူအဆများကိုလည်းမပြင်၊ စကားလုံးများကိုလည်း မပြင် အများကြီးလိုနေသည့်နေရာများ၌ သင့်သလိုပြင်ရန် အကြံပေးခဲ့၏။

ကိုဗဟိန်းကား ကျွန်တော်၏လွှမ်းမိုးမှုကို ပုန်ကန်သည်၊ မကန်သည်၊ လွတ်ထွက်သည်၊ မလွတ်ထွက်သည်ကား အရေးမကြီး။

ဤစာအုပ်ကို လွတ်လွတ်လပ်လပ် ရေးသားခြင်းဖြင့် ခလေးဆိုးတယောက်တော့ လူလားမြောက်သွားပြီဟု အစဉ်နှစ်သိမ့်ခြင်း ဖြစ်ပါအံ့သတည်း။

၁၃၀၁-ခုနှစ်
ကဆုန်လပြည့်ကျော် ၃-ရက်။

သခင်သန်းထွန်း
တည်းဖြတ်သူ

# သခင်စိုး၏

## နိဒါန်း

ကမ္ဘာ၏ ခြောက်ပုံတပုံဖြစ်သောဆိုဗီယက်ရုသျှားပြည်မှအပ လက်ရှိကမ္ဘာ၌ လွှမ်းမိုး ခေတ်စားနေကြသော စီးပွားရေးစံနစ်မှာ ဓနရှင် စံနစ် ဖြစ်ပေသည်။ အချို့အချို့သော တိုင်းပြည်နိုင်ငံများ၌လူများသည် မိမိတို့လုပ်ကြပုံကိုင်ကြပုံ နည်းစံနစ်များကို နာမည် အမျိုးမျိုးပေးထားကြသော်လည်း အခြေခံသဘောများမှာ ဓနရှင်စံနစ်နှင့် မကွာခြားကြပေ။ ဖက်ဆစ်စံနစ်၊ နယ်ချဲ့စံနစ်၊ လက်ဝါးကြီးအုပ်အရင်းရှင်စံနစ်၊ငွေတိုက်အရင်းရှင်စံနစ်စသည်များသည် အရင်း အမြစ်ဖြစ်သော ဓနရှင်စံနစ်ကို အခြေခံကာ အကြောင်းအားဖြင့် အစွဲပြု၍ အချိန်အခါနှင့် နေရာ အရပ်အားလျော်စွာ ပေါက်ဖွား လာကြသော စံနစ်များသာ ဖြစ်ကြပေသည်။

ယခုအခါ ကမ္ဘာနှင့်အဝှမ်း လူတိုင်း လူတိုင်းနှင့် သက်ဆိုင်သော အရပ်ရပ် အရေး အကြောင်းများ ပေါ်ပေါက်နေကြခြင်းပင်တည်း။ လူ့အဆောက်အအုံကြီး၏ အခြေခံ စီးပွားရေးဖြစ်သော ဓနရှင်စံနစ်၏ လုပ်ဆောင်မှုနှင့် တိုက်ရိုက်သက်ဆိုင်နေပေသည်။ ထိုအရေးအကြောင်းများသည်ကား လူ့အဆောက်အအုံကြီး၏ လူဦးရေ စုစုပေါင်းအနက် [၉၅] ရာခိုင်နှုန်းမျှသော လူတို့မှာ အဖတ်ဆယ်မရအောင် ဆင်းရဲကြ၍ ချွတ်ခြုံကျအောင် မွဲပြာကျနေကြခြင်း၊ ငတ်မွတ်ခေါင်းပါးကြသည့် ဆင်းရဲခြင်းကို နေ့စဉ်နှင့်အမျှ တွေ့ကြုံခံစားနေကြရခြင်း၊ မကောင်းမှုတွေ ပေါများဝိုင်းရံနေကြခြင်း၊ ခိုးတိုက်ခိုက် လုယက်မှုတွေထပ်ခါထပ်ခါ တွေ့ကြုံနေကြရခြင်း၊ ရောဂါများ ထူထပ်ပေါများနေကြရခြင်း၊ လူတွေ အသက်တိုသည်ထက်တိုလာကြရခြင်း အသိများ ကင်းမဲ့လာကြရခြင်း၊ လူ့အဖွဲ့အစည်း၏ လူဦးရေထက်ဝက်ဖြစ်သောအမျိုးသမီးများစောင့်ထိန်းအပ်သမျှ ကိုယ်အကျင့်များဖေါက်လွှဲဖေါက်ပြန်ကြရခြင်း၊ ခိုးသားဓားပြများ ဆူပူထကြွ လှုပ်ရှားလာကြရခြင်း၊ နိုင်ငံရေးအရ သူပုန်သကန် တော်လှန်ကြရခြင်း၊ စစ်ပွဲကြီးများ အကြီးအကျယ် ဖြစ်ပွားလာကြရခြင်း စသည့် မလိုလားအပ်သော မနှစ်သက်ဘွယ် အာရုံများ ဖြစ်ပွားလာကြရပေသည်။

ယခုအခါ တိုင်းပျက် ပြည်ပျက် ကာလပျက် ကပ်ကြီးများ ကမ္ဘာနှင့်အဝှမ်း အနှံ့အပြား ဆိုက်ရောက်နေကြရခြင်း အကြောင်းရင်းအကြောင်းမှန်များကိုဖြစ်ပျက်ထင်



ရှား ပိုင်းခြား သိမြင်နိုင်ကြရန် ဓနရှင် စီးပွားရေး အကြောင်းကို အသေးစိပ်၍ အတော်အတန်နားလည်မှ ဖြစ်နိုင်ပေမည်။ ကိုဗဟိန်း ရေးသားထားသော ဓနရှင်စံနစ် အကြောင်းစာအုပ်မှာ ဤအချက်၌ လိုရာကို ဖြည့်စွမ်းနိုင်ကြောင်း ကျွန်ုပ် တထစ်ချယုံကြည်မိပေသည်။

အရင်းရှင်စံနစ် စတင်ပေါ်ပေါက်လာပုံအရင်းရှင်စံနစ် အသွင်အမျိုးမျိုး ပြောင်းလဲလာပုံ အရင်းရှင်စံနစ်နောက်ဘယ်စခန်းသိမ်းဖြင့် ဇာတ်သိမ်းပုံစသည်များကိုအသွင်အပြင်အရေးအတွက် အထောက်အထား စာအုပ်အ.ကိုးအကား သက်သေများစွာနှင့် ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှားပြသထားသဖြင့် ဓနရှင် စံနစ်ကို မလေ့လာမလိုက်စားဘူးကြသူ လူစိမ်းများပင်လျှင် ရှင်းရှင်းလင်းလင်းနားလည်နိုင်ကြပေလိမ့်မည်။

ထိုစာအုပ်ကို အနည်းငယ်ဆပ်မံ၍အသေးစိပ်ဆက်လက်ဝေဘန်ကြဦးစို့။

အလေ့ကျသစ်ပင်များမှ အပွင့်အရွက်အညွန့်တို့ကို ခူးဆွတ်စားသောက်ကြရသည့် ခေတ်ဟောင်းကြီး ပျက်စီးယိုယွင်းခဲ့ကြရပြီးသည့်အချိန်မှစ၍ လူ့ဘောင်အဖွဲ့အစည်း၌ အစွန်းထွက်လွန်းလှသည့် အလို မချုပ်တီးနိုင် ကြသည့် စိတ်အလိုများ တမျိုးပြီးတမျိုး အလှည့်ကျ အလှည့်ကျ ပေါ်ပေါက်လာခဲ့ကြပေသည်။

သို့သော် အချိန်တန်လျှင် ထိုစံနစ်များ အရှည်သဖြင့် မတည်တန့်နိုင်ကြ လူများ၏ ယဉ်ကျေးမှုရေလှိုင်း အဟုန်အောက်သို့ အမြုပ်ခံခဲ့ကြရကုန်၏။ ယဉ်ကျေးမှု စ၍

ထွန်းကားရာဖြစ်သော လွန်ခဲ့သည့် နှစ်ပေါင်း (၁၂၀၀၀) မှ (၆၀၀၀)ခန့်အခါမှ ယခုတိုင် ဖြစ်နေသည့် လူ့ အဖြစ်အပျက် အကြောင်းအရာများကို စနစ်တကျအပြန်ပြန်အလန်လှန် သုံးသပ်ကြည့်ပါက တစတစတိုးတက် ပြောင်းလဲလာမှုသည် လူ့ အဆောက်အအုံ တခုလုံး၏ ယဉ်ကျေးမှုကို ပေါက်ရောက် ပွားစည် စေရန် စေ့ဆော် နေသော အကြောင်းရင်းတခုဖြစ်ကြောင်း တွေ့မြင်ကြရပေမည်။

ကမ္ဘာပေါ်၌ လူဟူ၍ အစပြုပေါ်ပေါက်လာခဲ့ကြစဉ်ကတည်းက လူများသည် အမျိုးမျိုးသော ရန်သူများကို တိုက်ခိုက်နှိမ်နင်းလာခဲ့ကြရပေသည်။ လူများ၏ အစအဦးဆုံးသော ရန်သူများဖြစ်ကြသည့် တောတိရစ္ဆာန်ရိုင်းများကိုလူများကအပြင်းအထန် နှိမ်နင်းလာခဲ့ကြရပြီးသည်နှင့်တပြိုင်နက် နောက်လူများ၏ ရန်သူဖြစ်သော သဘာဝရာသီဥတုများကို လူများသည် တည့်တည့်မျက်မှောက်ပြု၍ ရင်ဆိုင်တိုက်ခိုက်လာခဲ့ကြရပြန်လေသည်။ လျင်မြန်သော အဟုန်ဖြင့်ခုန်လွှားပြေးသွားပျံသန်းနေကြသည့် တိရစ္ဆာန်များ၊ ငှက်များကို မှီအောင် လူများက လေးမြှား လက်နက်သေနတ်စသည်တို့ဖြင့် လိုက်၍ တိုက်ခိုက် ခဲ့ကြရလေသည်။ စူးရှထက်မြက်သောခြေသဲလက်သဲသွားစသည်များ ရရှိပေါက်ရောက်လျက် ရှိကြသည့် သားရဲ တိရိစ္ဆာန်ရိုင်းများကို လက်နက်အမျိုးမျိုးတို့ဖြင့် သတ်ဖြတ်နှိမ်နင်းကြခြင်း ပရိယာယ်အမျိုးမျိုးဆင်ကြခါ ထောင်ခြောက်များဖြင့်ဆင်၍ ဘမ်းဆီးခြင်းစသည်ဖြင့် လူများက တွင်ကျယ်စွာကြံဆောင်ခဲ့ကြလေသည်။ဤမျှသာမကသေး၊ဆင်မြင်း



ကျွဲနွား ခွေးကြောင်စသည်များကို ယဉ်ပါးအောင်ပြု၍လိုရာရကြအောင် သွေးဆောင်စေခိုင်း နိုင်ခဲ့ကြလေသည်။ အလေ့ကျပေါက်သော သစ်ပင်များမှာ အသီးအပွင့် အရွက်အညွန့်များကို အချုပ်အချယ်မရှိ အလိုလိုခူးဆွတ် စားသောက်ခဲ့ကြရသောခေတ် ပျက်စီးကွယ်ပျောက်စဉ်၌ လူတွေ အဝတ်အစားခေါင်းပါး တစားအသောက် ပါးရှားလာသည့် အခက်အခဲများကို လယ်ယာကိုင်းကျွန်း စိုက်ပျိုးမှုများဖြင့် လူများက ဖြေရှင်းခဲ့ကြရလေသည်။ မြေအဆီအနှစ်များ ခေါင်းပါးလာကြသောကြောင့် စိုက်ပျိုးထွန်ယက်မှုအတတ်များကို လူများသည် တစတစ သင်ကြားတက်မြောက်လာကြရလေသည်။ မြေ၏အပေါ်ယံအထက်လွှာ၌ မြေဆီ ဆုတ်ယုတ်ညံ့ဖျင်းလာသောအခါ မြေအဆီကောင်းမွန်သော အောက်ထပ်လွှာကို ထွန်ယက်မှုဖြင့် အပေါ်သို့ယူ၍ တင်လိုက်ကြရလေသည်။ မြေအဆီလိုလေသေးသည့်မရှိကြအောင် နောက်ချေး မြင်းချေး တိရိစ္ဆာန်ချေး မြေကျက်ပြာ စသည်များဖြင့် လယ်ယာ မြေများအပေါ် လူများက ဖြန့်ကြဲလိုက်ကြရလေသည်။ သဘာဝရာသီဥတုများက ဝတ္တရားပျက်ကြပြီး မိုးရွာမှု မမှန်ကန်လေသောကြောင့် တူးမြောင်းများဖေါက်လုပ်ကြခြင်း၊ ရေများသွယ်၍ယူကြရခြင်း စသည်များဖြင့် ရာသီဥတုကိုလူများ ကအံတုအံပြိုင် ပြုမူလာကြရလေသည်။

မြစ်ပင်လယ် သမုဒ္ဒရာ စသည့် ကမ္ဘာ့တန်ဆာများသည် ရာသီဥတုများကို အံတုအံပြိုင် မပြုနိုင်ကြသေးသော လူများအဘို့ အဆီးအတား အနှောက်အယှက်များ ဖြစ်ကြ

သော်လည်းရာသီဥတုများကိုအနိုင်ယူနိုင်ကြသောလူများအတွက် မှာမူကား လမ်းဆုံလမ်းမကြီးများသဘွယ် ခရီးသွားလွယ်ကူကြရလှပေသည်။ ကမ်းတဘက်နှင့်တဘက်မမြင်နိုင်ရလောက်အောင် မိုင်ပေါင်းမြောက်မြားစွာ ကွာခြားလှသည့် ပင်လယ်သမုဒ္ဒရာကြီးများကိုပင် ရက်အနည်းငယ်အတွင်း ဖြတ်သန်းကျော်နင်းသွားနိုင်စွမ်းရှိကြသည့်ပင်လယ်ကူးသင်္ဘောများကို လူများက အကြံထုတ်ကြပြီးတည်ဆောက်နိုင်ခဲ့ကြပေပြီ။

လေကိုသော်၎င်း၊ ရေကိုသော်၎င်း၊ အတင်းဖမ်း၍ နဖားကြိုးတပ်ကြကာ လူများကခိုင်းစေနိုင်ခဲ့ကြလေပြီ။ လေရဟပ် ရေရဟပ် စက်ကြီးများကို လက်တွေ့ထား၍ ကြည့်ရှုဦးလော။

ဒုထယ် အင်အားကြီးမားလှ၍ လူအား၊ တိရစ္ဆာန်အားများဖြင့် သယ်ယူရွှေ့ပြောင်းကြခြင်းငှာ မစွမ်းနိုင်၊ မနိုင်နိုင်ကြသော ဝန်များကို ထမ်းဆောင် သယ်ပိုးနိုင်ကြရန် ရေခိုး၊ ရေငွေ့ အားများကို လူများက စေခိုင်းနိုင်ကြပြန်လေသည်။ မီးရထား မီးသင်္ဘောများ၌ တပ်ဆင်ထားရှိကြသော စက်ကြီးယာကြီးများမှာ မြင်းအကောင်ရေ ထောင်ပေါင်းများစွာအင်အားရှိကြပေသည်။

သဘာဝရာသီဥတုအမျိုးမျိုးထုတ်လုပ်ပေးနိုင်သော လျှပ်စစ်တန်ခိုးများကိုလည်း လူများက တွင်တွင်ကျယ်ကျယ်ကြီး စေခိုင်းနိုင်ခဲ့ကြလေပြီ။ လျှပ်စစ်ဓာတ်အား တန်ခိုးများကိုလူများက နဖားကြိုးတပ်ကြပြီးလျှင် ဓာတ်ရထားများ အမောင်းခိုင်းကြခြင်း၊ ဓာတ်မီးဖိုအလုပ်ခိုင်းကြခြင်း၊ ပန်ကာအလည်ခိုင်းကြခြင်း မီးအလင်းခိုင်းကြခြင်း စသည့် အလှည့်ခိုင်းကြခြင်း၊ ဓာတ်ပြု ဓာတ်ဖျက် အလုပ်များကိုအလုပ်ကိုင်းကြခြင်း၊ ဝေးလှန်လှသော



အရပ်များသို့ စကားကမ်းလှမ်းဆက်သွယ်၍ အပြောခိုင်းကြခြင်း စသည့် များပွားသောလုပ်ငန်းဆောင်တာများကို လူများကလျှပ်စစ်အားများကို အလုပ်ခိုင်းနေနိုင်ခဲ့ကြလေပြီ။

လျှပ်စစ် အတတ်များသာ ယခုအခါ ပျောက်ကွယ်သွားပါက လူ့ဘောင်အဖွဲ့အစည်းကြီးတခုလုံး မှောင်အတိ ဖုံးလွှမ်းသွားပေတော့အံ့၊ ခရီးလမ်းပမ်းအဆက်အသွယ်များ ရပ်တံ့ပိတ်ဆို့ကုန်ကြ တော့အံ့။ တရပ်ဖြင့်တရပ်၊ တပြည်နှင့်တပြည် တနိုင်ငံနှင့် တနိုင်ငံ အခြားအရပ်ရပ်များသို့ အဆက်အသွယ်ပျက်ပြားသွားကြရတော့အံ့။ လျှပ်စစ် ဓာတ်အားဖြင့် လုပ်ကိုင် နေကြရသော အလုပ်ကြီးငယ်မှန်သမျှ ရပ်ဆိုင်းပိတ်ဆို့ သွားကြရတော့အံ့။

ဤမျှသာမကသေး တောတောင်ရေမြေခေါ် ဓာယ်သဘာဝများသည် အချို့နေရာများ၌ နှမြောတွန့်တို ကြသေး၏။ တန်ဘိုးများလှစွာသော ရွှေငွေ ကျောက်သံပတ္တမြား၊ ရတနာ၊ ကျောက်မီးသွေး၊ ဓာတ်သတ္တု အမျိုးမျိုးများကို မိမိတို့၏ဝမ်းတွင်းကွယ်ဝှက်၍ထားရှိလိုက်ကြသေး၏။ ဤကဲ့သို့ကွယ်ဝှက်ထားကြသည်ကိုပင် လူများသည် မရမကရှာဖွေစူးစမ်းကြပြီးလျှင်တူးဖော် ထုတ်ယူကြပြန်လေသည်။ တွင်းထွက်ကုန်များ လူအများ၏ အသုံးအဆောင်များ၌ မည်မျှ အရာဝင်နေကြသည်ကိုလည်း ကြည့်ကြဦးလော။

လူများသည် တောတောင် ရေမြေစသည့် သဘာဝရာသီဥတုများ၏ တန်ဆာဖြစ်သောအရပ်ကိုသော်၎င်း၊ အချိန်ကိုသော်၎င်း အုပ်စိုး၍နေနိုင်ကြလေပြီ။ ရှေးအခါက တောတောင်ရေမြေခြားနေကြသဖြင့်လူများခရီးမရောက်နိုင်၊ ရောက်နိုင်ကြပြန်တော့

နှစ်လပေါင်းများစွာလည်း ကြာမြင့်လှသည့်ခရီးအတိုင်းအတာများကို ယခုအခါ အိမ်ဦးနှင့်ကြမ်းပြင်ပမာ သွားလာ ဝင်ထွက်နိုင်ကြအောင် လေယာဉ်ပျံ များကသော်၎င်း၊ မီးရထား- မီးသင်္ဘောများကသော်၎င်း အတိုး ပြုလုပ်ပေးလိုက်လေပြီ။ ဤနည်းအားဖြင့် အချိန်မကုန်ကြဘဲ ဝေးလံလှသည့် အရပ်များသို့ တခဏချင်း ဆိုက်ရောက်နိုင်ကြအောင် လူများက စီမံဖန်တီးပေးနိုင်ကြလေပြီ။

လူများကို အချုပ်အချယ်အပေါင်းမှ လွတ်ကင်းကြမည့် ဘုံစီးပွားရေးစံနစ်ကြီး၊ လူ့ဘောင်အဖွဲ့အစည်းအတွင်း၌ ပေါ်နိုပေါက် အောင်မြင်လာသော အခါ အနှစ်-၂၀ အတွင်းမှာမှုရရှိနိုင်သည့် တိုးတက်မှုများကို ထိုသောအခါ တနေ့တာမျှနှင့်ရရှိငင်ပေတော့အံ့။

ဤသို့ ဘုံနိုင်ငံတည်ထောင်ရေးအယူအဆကို စတင်အခြေခံပေးသွားသော နိုင်ငံရေးအယူအဆ လမ်းညွှန်ဆရာ ကားလ်မတ်စ်က ရေးသားပြောဆိုခဲ့ဘူးလေသည်။

ထူးခြားသောအချက်တရပ်ကား ယခုအခါ လူများသည် ကျိုးမဲ့ကြေးနန်းအတတ်ဖြင့် ကောင်းကင်ရှိ လေလှိုင်းများကိုပင် ခိုင်းစေနေကြကြောင်းတွေ့ရှိနေကြရပေသည်။ဖြန့်ချိပို့လွှင့်လိုက်သော သတင်းများကိုတစက္ကန့်အတွင်း တကမ္ဘာလုံးအနှံ့ အပြားကျိုးမဲ့ကြေးနန်းနည်းစံနစ်ဖြင့် ပို့ဆောင်ပေးနိုင်ခဲ့ကြလေသည်။

လူများ ရောဂါထူပြောမှု၊ မကောင်းသော ခံစားကြရမှုများကို ဆေးအတတ်များဖြင့်ကုစားဖျောက်ဖျက်ပစ်နေကြလေပြီ။ ဆေးအတတ်ကို ခွာတ်ခွဲအတတ် ရုပ်စူးစမ်းမှုအတတ် သတ္တဝါများ၏ကိုယ်ကို ခွဲခြမ်းစိပ်ဖြာမှုအတတ်စသည့် အတတ်ပိုင်းဆိုင်ရာ



များက အထောက်အကူ ပြုပေးနေကြရလေပြီ။ ထိုအတတ်များတိုးတက် လာကြသည်နှင့်အမျှ လူတိုင်းခံစားနေကြရသော ဆင်းရဲမှုများ ပပျောက်နိုင်စရာအကြောင်းရှိပေသည်။

ချုပ်ချယ်မှု အပေါင်းတို့ကို အစပြု၍ တိုက်ခိုက်နေပြီဖြစ်သော ရုရှပြည်၏ ကျန်းမာရေးဆရာဝန်ကြီး အစီရင်ခံစာ အရ ရုရှပြည်၌ နောက်တက်မည့်လူမျိုးတဆက်သည် သက်တန်းအားဖြင့် နှစ်ပေါင်း(၁၅၀)နေရတော့အံ့။

လူတွေ ဤမျှလောက် နက်နဲကျယ်ဝန်းသော အခက်အခဲများကို နိုင်နင်းပြီးဖြစ်ကြပါလျက် လူ့အဆောက်အအုံတခုလုံး၏ (၉၅)ရာခိုင်နှုန်းသောသူများသည် အဘယ့်ကြောင့် ယခုထက်တိုင် ဆင်းရဲခြင်းအမျိုးမျိုးမှ မလွတ်ကင်းနိုင်ကြ သေးသနည်း။

ဤအမေးကို ဖြေဆိုရမည်ဆိုလျှင် လူများ အံတုကြခြင်းငှာ မနိုင်နိုင်ကြသေးသည့် အရာတခုကျန်ရှိပေသေးသည်ဟုဆိုကြရပေမည်။ ထိုအရာမှာ စီးပွားရေးအရာသာဖြစ်တော့၏။ လက်ရှိကမ္ဘာ့အခြေအနေကို ကြည့်ရှုကြဦးလော့၊ လူသည် စီးပွားရေးအရာကို နိုင်နင်းစေနိုင်ကြရမည်အစား စီးပွားရေးအရာက လူများ၏ ကံကြမ္မာကို ဖန်တီးနေကြကြောင်း တွေ့ရှိကြရပေမည်။ လူများစုကို တနေ့တခြား မွဲသည်ထက်မွဲစေသောစီးပွားရေးစံနစ်ကို လူများကမငြီးငြူဘဲ ခံယူနေကြတော့၏။ တနည်းအားဖြင့်ဆိုရသော် စီးပွားရေးနှင့်နိုင်ငံရေးတန်ခိုး အာဏာများကို သိမ်းပိုက် ရယူကြပြီးလျှင် မိမိတို့ကိုယ်ကျိုးအတွက်ကိုသာ ကြည့်လေ့ရှိကြသည့် ကိုယ်ကျိုးရှာသမားများ လက်တွင်း အပ်နှင်းမိခဲ့ကြလေသည်။ တဆုပ်သာမျှသာ ရှိကြသည့် အရင်းရှင်များနှင့်၎င်း

တို့၏ လက်ပါးစေများသည် လူအဆောက်အအုံ၏ ကံကြမ္မာကို ဖန်တီးနေကြလေတော့သည်။

ယခုအခါ၌ နေ့စဉ်နှင့်အမျှ ခံစားနေကြရသောဝဋ်ဆင်းရဲမှ လွတ်မြောက်လိုကြပါမူ လူချားကိုချုပ်ချယ်နေသည့် လက်ရှိ စီးပွားရေးစံနစ်ဆိုးများကို အမြစ်ပါမကျန်အောင် သုတ်သင်ပစ်ကြရပေလိမ့်မည်ဖြစ်ကြောင်း။

ရှေးအခါက လူတွေငတ်မွတ်ခေါင်းပါးသော ဘေးတွေကြုံခဲ့ကြရသည်မှာ သဘာဝအခက်အခဲများကို မကျော်နင်း နိုင်ကြသောကြောင့်ဖြစ်ခဲ့ကြလေဘည်။မိုးရွာသွန်းမှုမမှန်သောကြောင့် ကောက်ပဲသီးနှံများ ၊ သန်မာစွာ မပေါက်နိုင်ကြ။ ကောက်ပဲသီးနှံများ မပေါက်နိုင်ကြသဖြင့် လူတွေ ဆင်းရဲ ငတ်မွတ်ကြရခြင်း။ ဆင်းရဲကြရသောကံ၏ ဖိစီးနှိပ်စက်မှုကို အလူးအလဲခံစားကြရ၏။

လူတွေ ငတ်မွတ်ခေါင်းပါးခြင်းဘေးကို ခံစားနေကြရခြင်းမှာ ဓနရှင်စံနစ်၊ နိုင်ငံခွဲစံနစ်စသည့် စံနစ်ဆွေးစံနစ်ဟောင်းများ လူလောက၌ အချိန်တန်၍ပျက်စီးသင့်ပါလျက် မပျက်မစီးတည်တံ့ နေမှုကြောင့်ဖြစ်ပေသည်။

ကမ္ဘာ့အလုပ်သမားများသည် ဤစံနစ်ဆိုးများကို လူမျိုးမရွေး လုပ်ကြရင်း စုပေါင်း၍ တွန်းလှန်ဖြိုဖျက် ပစ်ကြရပေမည်။ နယ်ချဲ့စံနစ်နှင့် ဖက်ဆစ်စံနစ်တို့သည် ယခုအခါ လူ့အဆောက်အအုံကြီး၏ ယဉ်လျေးမှု တိုးတက်မှုများကိုပင် ဖျက်ဆီးသုတ်သင်ပစ်ရန် ခြိမ်းချောက် နေပေပြီ။ ထို့ကြောင့် နယ်ချဲ့စံနစ်နှင့် ဖက်ဆစ်စံနစ်ဆိုးများကို လူတွေ့အနေအထိုင် ချောင်ချိကြရုံသာ တွန်းလှန် ဖြိုဖျက်ပစ်ရမည် မဟုတ်သေး။ လူတမျိုး



လုံးကို ပြုတ်ပြုတ်ပြုန်းအောင် ဖျက်ဆီးတော့မည့် ဘေးရန်ကိုလည်း ကာကွယ်ရန် ထိုစံနစ်ဆိုးများကို သုတ်သင် ရှင်းလင်းပစ်ကြရပေမည်။

ကမ္ဘာ့အလုပ်သမား တောင်သူလယ်သမား ဆင်းရဲသားလူများစု လူထုကြီးအတွက် သွားစရာလမ်း နှစ်လမ်းသာ ရှိပေသည်။ နယ်ချဲ့စံနစ်နှင့် ဖက်ဆစ်များ ကမ္ဘာကို လွှမ်းမိုးလာကြပြီး လူ့ယဉ်ကျေးမှုများကို အစပျောက် အဖျက်အဆီး ခံကြမည်လော၊ ဘို့တည်းမဟုတ်မူ ထိုစံနစ်ဆိုးများကို တွန်းလှန် ဖြိုဖျက်၍ လူ့အဆောက်အအုံကြီး၏ ယဉ်ကျေးမှုများကို ရှေ့သို့ရောက်ရှိကြအောင် ဆောင်နှင်း သွားကြမည်လော။

ဘုံနိုင်ငံတည်ဆောက်ရေး အယူအဆအောင်မြေကိုနင်းသောနေ့သည်ကား လူ့အဆောက်အအုံ၌ ခေတ်သစ်ပြောင်းလဲသဖြင့်.... ခေတ်ဟောင်းသေသော နေ့ပေတည်း။ ဤသို့ကားလ်မတ်စ်က ကမ္ဘာ့ အလုပ်သမားများနှင့်.... ဆင်းရဲသား များကို ကြွေးကြော် အားပေးခဲ့ပေသည်။

သန်းပေါင်း များစွာသော အလုပ်သမား ဆင်းရဲသားများ အဝတ်ချို့တဲ့ အစားအသောက်ချို့တဲ့ အနေအထိုင်ချို့တဲ့ အစစချို့တဲ့နေကြသည့် အလယ်၌ ဓနရှင်များသည် မိမိတို့ အမြတ်အစွန်း ရရှိနိုင်ကြရေးကိုသာ အရင်းခံထား၍ လူသုံးကုန်ပစ္စည်းများကို အစုလိုက် အပြုံလိုက် ဖျက်ဆီးပစ်လေ့ ရှိကြလေသည်။ ဓနရှင် နယ်ချဲ့သမားများသည် တဦးနဲ့တဦး အဝေမတဲ့ကြသဖြင့် သန်းပေါင်းများစွာသော ဆင်းရဲသားများကို စစ်မြေပြင်သို့ အသုတ်လိုက်,အသုတ်လိုက် ပို့၍ပို့၍ သတ်ပစ်နေကြလေသည်။ အမြတ်များများ ရရှိစရာအတွက် စီးပွားရေး၊ လူမှု

ဆက်ဆံရေး၊ နိုင်ငံရေး စသည်များကို နေရာတိုင်းမှာ လိုက်၍ ကွက်စိပ်တိုက်ကြကာ လက်ဝါးကြီး အုပ်နေကြသော်လည်း လူတွေ အသိတိုးတက်ရေးနှင့် ရောဂါကုသရေး များကိုကား လုံးဝ တာဝန်မယူကြချေ။ တနည်းအားဖြင့် ဆိုရသော် လူတွေအနေအထိုင် အစား အသောက် ချောင်လည်ရေးနှင့် နယ်ချဲ့စံနစ်များသည် သဘောအားဖြင့် တိုက်ရိုက် ဆန့်ကျင်နေကြတော့၏။

နယ်ချဲ့စံနစ်သည် လက်ဝါးကြီးအုပ် ဓနရှင်စံနစ်ပင်ဖြစ်လေသည်။ လက်ဝါးကြီးအုပ် ဓနရှင်စံနစ်၏ သဘောသည် အလုပ်သမားများနှင့် တောင်သူလယ်သမား ဆင်းရဲသားများကိုသာပို၍ ကြပ်တည်းကြစေသည် မဟုတ်ကြသေးပေ။ တိုင်းရင်းသား ဓနရှင် ပေါက်စကလေးများ ကုန်သည်ပွဲစား ရှေ့နေရှေ့ရပ် စာရေး စာချီများကိုပါ တနေ့တခြား ဆင်းရဲကြပ်တည်းလာစေပေသည်။ နယ်ချဲ့စံနစ်၏ အလိုအစွန်းထွက် ကြီးစွာသော တိုက်တွန်းမှုကြောင့် နေရာတိုင်းမှာ ဓနရှင်နယ်ချဲ့သမားများက လက်ဝါးကြီးအုပ်လာသောအခါ တိုင်းရင်းသား ဓနရှင်ပေါက်စကလေးများ၏ စားပေါက် စားလမ်းများပင် ပိတ်ဆို့သွားကြလေတော့၏။ မြန်မာပြည်၌ ရေနံတွင်းပိုင် လက်ဝါးကြီး ဓနရှင်များ၏ ဘိနှိပ်မှုကြောင့် မြန်မာ တွင်းရိုးတွင်းစား ကလေးများ တနေ့တက်တနေ့ အနေအထိုင် အစားအသောက် ကြပ်တည်းကျဉ်းမြောင်းလာနေပြီ မဟုတ်ပါလော။

ရောဝတီ ဖလိုတီလာသင်္ဘောကုမ္ပဏီက မြစ်ကြောင်း၌ လူတင်ဆောင် ပို့ဆောင်ရေးဖြင့်နေရာတိုင်းမှာလိုက်၍တွင်ကျယ်နေခဲ့သောကြောင့် မြန်မာပိုင်သင်္ဘောကုမ္ပဏီကလေးများ ပျက်စီးရှုံးခဲ့ကြရသည် မဟုတ်ပါလော။



ဘားလင် ဂျားပူး လ် ခေါ် ကုန်သွယ်မှုကိုအကြီးအကျယ် လက်ဝါးကြီးအုပ် လုပ်ကိုင်ခဲ့ကြသော အင်္ဂလိပ် မျက်နှာဖြူ ဓနရှင်ကြီးများကြောင့် မြန်မာဆန်စက်ပိုင်သစ်စက်ပိုင်ကလေးများ စီးပွားရေး ပျက်ပြားခဲ့ကြရသည် မဟုတ်လော။

စာရေး စာချီ ကုန်သည် ပွဲစား ရှေ့နေ ရှေ့ရပ် များ၏ နေရေးထိုင်ရေး စားရေးသောက်ရေးများမှာလည်း လက်ဝါး ကြီးအုပ်ဓနရှင်စံနစ် ရင့်သန် ကြီးထွားလာသည်နှင့်အမျှ ၎င်းတို့၏ စီးပွားရေး တနေ့တခြား ပျက်ပြား ဆုတ်ယုတ်ကြရသည်မှာ မျက်မြင်ပင် မဟုတ်ကြပါလော။

ထို့ကြောင့် လက်ဝါးကြီးအုပ် ဓနရှင် စံနစ်အရှည် သဖြင့် တည်တံ့ ခိုင်မြဲနေပါက ၎င်းစံနစ်ပိုင်ရှင် လူနည်းစုကလေးများကလွဲ၍ အခြားလူအားလုံးတို့ တနေ့ကျလျှင် အမှန်မဲ့ဇာတ်ခင်းကုန်ကြရမည် ဖြစ်သဖြင့် နယ်ချဲ့စံနစ်ဆိုး စံနစ်ယုတ်ကို တိုက်ခိုက် တွန်းလှန်ပစ်ကြရန် လူတိုင်း၏ တာဝန်သာ ဖြစ်တော့သည်။

ဓနရှင်စံနစ်သည် သန့်ရှင်းသော အိမ်ရာထောင်မှုစံနစ်ကို ဖျက်ဆီးပစ်ခဲ့ ရုံသာမကသေး လူ့အဆောက်အအုံ၌ ပြည့်တန်ဆာလုပ်ငန်းများကို အနှံ့အပြား ပေါ်ပေါက် ကြစေခဲ့လေသည်။ ကမ္ဘာပေါ်၌ အလုပ်လက်မဲ့ လူဦးရေ သန်းပေါင်း(၅၀) ခန့်ရှိသည်ဟု လာမည့် အခန်းများမှာ ကိုဗဟိန်းက ဆိုထားလေသည်။ ၎င်းလူဦးရေမှာ လယ်မဲ့ ယာမဲ့များ မပါသေးပေ။ ကမ္ဘာ့ လယ်မဲ့ ယာမဲ့ လူဦးရေမှာ အနည်းဆုံး သန်းပေါင်း (၅၀၀) ခန့် ဖြစ်ပေမည်။ ထို့ကြောင့် ကမ္ဘာပေါ်၌ အိုးပျက် အိမ်ပျက် စီးပွားပျက် အကြီးအကျယ် ခံနေကြရသူ ဦးရေမှာ သန်းပေါင်း-(၅၀၀) ရှိလေသည်။ ထိုသူများသည် သားမယား တင့်တင့်တယ်

တယ် ယူနေနိုင်ခွင့် မရှိကြချေ။ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်အခွင့်အရေး မရနိုင်ကြချေ။ ၎င်းတို့ အိမ်ထောင်ပြုကြရမည့် မိန်းမများမှာ အလားတူ အရေအတွက်အားဖြင့် သန်းပေါင်း(၅၀၀)ခန့်တို့သည် လင်သားများ မရှိကြလေသဖြင့် မတင့်တယ်ကြချေ။ တိုင်းပျက် ပြည်ပျက် စီးပွားပျက် ခေတ်ကြီးအတွင်း၌ မိန်းမဣန္ဒြေများကို အရှည်သဖြင့် အဘယ်မှာလျှင် တည်ငြိမ်အောင် စောင့်ရှောက်ထိန်းသိမ်း ဆောင်ရွက် ထားနိုင်ကြပါတော့အံ့နည်း။ မနရှင်များနှင့် ၎င်းတို့ အခြွေအရံများ၏ မြူချော့မှု သွေးဆောင်မှုများကြောင့် အကျင့်ဖေါက်ပြားသော အပြုအမူများကိုဝမ်းရေးအတွက် အသုံးပြုကြရတော့သည်။

ဤတွက်ကိန်းအရဆိုလျှင် ယခုအခါ ကမ္ဘာပေါ်၌ပြည့်တန်ဆာလုပ်ငန်းဖြင့် အသက်မွေး ဝမ်းကျောင်းနေရကြရှာသော အမျိုးသမီးဦးရေးမှာ သန်းပေါင်း(၅၀၀)ထက်မနည်းရှိကြလေမည်ဟု မလွဲမသွေ ယုံကြည်အပ်ပေသည်။ နယ်ချဲ့စံနစ် ဖက်ဆစ်စံနစ်စသည့် စံနစ်ဆိုးများ တည်တံ့နေကြသမျှ ကာလပတ်လုံး ဤယုတ်မာညစ်ငြမ်းသော အဖြစ်ကို မဖျောက်ဖျက်နိုင်ကြချေ။ နယ်ချဲ့စံနစ်ကို ပယ်ဖျက်ပစ်ကြရန် ယောကျ်ားများ အပေါ်၌သာ တာဝန်ကျသည် မဟုတ်သေး။ အမျိုးသမီးများ၏ တာဝန်လည်း ဖြစ်ပေသည်။ ထိုကြင်အခါ၌ နယ်ချဲ့စံနစ် ဖက်ဆစ်စံနစ်စသည်တို့ကို လူ့အဖွဲ့အစည်းမှ အရိုးအငုတ်ပါ မကျန်ရအောင် သုတ်သင်ရှင်းလင်း လိုက်ကြသည်ဖြစ်အံ့။ ထိုအခါ လူ့ဘောင်အဖွဲ့အစည်း၌ သန့်ရှင်းသော အိမ်ထောင်မှုဖြစ်သည့် ပြန်လည်ထူထောင် လာနိုင်တော့အံ့။

လူစုလူဝေးနှင့်လုပ်သောစံနစ်မှ ဖြစ်ထွန်းသည့်အကျိုးစီး



ပွားများကို လူနည်းစုတို့သာခံစားခွင့်ပေးသောစံနစ်၏ချို့ယွင်းချက်သည် ယခုအခါ တနေ့တခြား ထင်ရှားလာလေပြီ။ လူဦးရေအားဖြင့် ၆၇-သန်းရှိသောဂျာမနီပြည်၌ တပြည်လုံးကိုလက်ဝါးကြီး အုပ်နေသည့် မနရှင်လူဦးရေးမှာ ၁၅၀-ခန့်သာ ရှိလေသည်။ လူဦးရေအားဖြင့် သန်းပေါင်း-၅၀၀ ကျော် ရှိသော ဗြိတိသျှအင်ပါယာကိုလက်ဝါးကြီးအုပ်၍ ချယ်လှယ်နေကြသူလူဦးရေမှာ ၂၄-ယောက်သောနော်မင်းမော်တေဂူအမှူးပြုကြသည့် ဘဏ် အရင်းရှင်ကြီးများ ဖြစ်ကြ၏။

မြန်မာပြည်၏လက်ရှိအခြေအနေကိုလည်း ကြည့်ရှုကြဦးလော့၊ သတ္တုလုပ်ငန်း၊ ရေနံလုပ်ငန်း၊ ကျွန်းသစ်လုပ်ငန်း၊ ဆန်စပါးလုပ်ငန်းစသည့် စီးပွားရေး အကြီးအကျယ် လုပ်ငန်းများသည် လူများစု မြန်မာတိုင်းရင်းသားတို့၏ လက်တွင်း လုံးဝ မရှိကြချေ။ လက်တဆုပ်စာမျှရှိ နိုင်ငံခြားသားအရင်းရှင်များက လက်ဝါးကြီးအုပ်ထားကြသည်ကိုတွေ့ရှိကြရ ပေသည်။

လယ်ယာကိုင်းကျွန်းဘက်ကိုကြည့်ပြန်လျှင်လည်း ထိုနည်းနှင်နှင်ဖြစ်တော့၏။ မြန်မာပြည်၌ လယ်ယာမြေ ကေပေါင်းသန်း ၂၀-ခန့် ရှိ၏။ ထိုကေသန်း-၂၀အနက် ထက်ဝက်ကို လူဦးရေအားဖြင့် ၅၀၀၀-ခန့် ရှိသော လယ်ပိုင်ရှင်များကသိမ်းပိုက်ထားကြ၏။ ကျန်ထက်ဝက်ကို လူဦးရေအားဖြင့်၁၂-သန်းကျော်ကပိုင်ဆိုင်ခွင့်ရှိကြ၏။ လယ်ပိုင်ရှင်တယောက်လျှင် ဖျမ်းမျှကြေးအားဖြင့် လယ်ကေ ၂၀၀၀-ခန့် ပိုင်၏။ လယ်လုပ်ဆင်းရဲသား ဘယောက်လျှင် ဖျမ်းမျှကြေးအားဖြင့် ဒသမ ၈-လောက်သာ ပိုင်ဆိုင်ခွင့်ရှိ၏။ မြန်မာပြည်၏ လက်ရှိအခြေအနေမှာ နယ်ချဲ့ စံနစ် ကြောင့် လူများစုဆင်းရဲသားတို့ သက်သာချောင်ချိလာရေး ရွှေးစေ့ခန့်မျှ မ

ဖြစ်နိုင်၊ တနေ့ထက်တနေ့ ဆိုးဝါးသည်ထက်ဆိုးဝါးလာစရာ အကြောင်းရှိသဖြင့် အလုပ်သမား၊ လယ်သမားတို့သည် နယ်ချဲ့စံနစ်ကြီးကို အရင်းအမြစ်ကနေ၍ သုတ်သင်ပစ်ရန်အရေးသည် တနေ့ထက် တနေ့ ကြီးသည်ထက်ကြီးမားလာပေပြီ။

မြန်မာပြည်၌ လွန်ခဲ့သည့်တနှစ်ကျော်ခန့် ကတည်းက တပြည်လုံး အလုပ်သမား, လယ်သမား သပိတ်မှောက်လုပ်ငန်းကြီး ဖုံးလွှမ်းလာသည်ကို ထောက်ရှုခြင်းအားဖြင့် နယ်ချဲ့စံနစ်သည် မြန်မာတမျိုးသားလုံး၏အကျိုး၊ မြန်မာတမျိုးသားလုံး၏အလိုကို တနေ့တခြား ဆိုးဝါးစွာ ဆန့်ကျင်ဘက်ပြုနေကြောင်း ထင်ရှား လှပေပြီ။

နယ်ချဲ့စံနစ်တိုက်ဖျက်ရေးကို အခြားအခြားသော လူမှုရေးရာများကဲ့သို့ သုံးနည်း သုံးလမ်း သုံးခန်းဖြင့် မြန်မာဆင်းရဲသားတို့ကအလုပ်စခန်းစကြရပေမည်။ နယ်ချဲ့စံနစ်ကိုတိုက်ဖျက်ရေး အယူအဆများ လူတွေမှာဆန့်လာမှ နိုင်ငံချဲ့စံနစ်တိုက်ဖျက်ရေး လုပ်ငန်းကြီး ပေါ်ပေါက် လာနိုင်ပေမည်။ နယ်ချဲ့စံနစ်တိုက်ဖျက်ရေး လုပ်ငန်းကြီးပေါ်ပေါက်လာမှလည်း နယ်ချဲ့စံနစ်ကို တိုက်ဖျက်သူတို့ အောင်မြင်နိုင်စေမည်။

ပထမအလုပ်စခန်းမှာ နယ်ချဲ့စံနစ်ကို တိုက်ဖျက်ရန်နည်းလမ်းပေးသည့်အယူအဆများကိုလူတို့လေ့လာပြွန်းတီးကြရမည် ဒုတိယ အလုပ်စခန်းမှာ ထိုအယူအဆများ၏ ညွှန်ကြားချက်အရ အလုပ်သမား, တောင်သူလယ်သမားတို့ အစည်းအရုံးတည်ထောင်ခြင်း၊ မိမိတို့နစ်နာချက်များ ပပျောက်ရန်နှင့် မိမိတို့၏ အခွင့်အရေးများ ရရှိရန် အစည်းအရုံးနှင့် တိုက်ခိုက်တောင်းဆိုကြရမည်။



ပထမအလုပ်စခန်း၌ အလုပ်သမားနှင့် တောင်သူလယ်သမားတို့သည် မိမိတို့၏နှလုံးရည်ကိုခိုင်မာဖွံ့ဖြိုးလာအောင် အားမွေးသော အလုပ်ကို လုပ်ကြရမည်။ ဒုတိယ အလုပ်စခန်း၌ ၎င်းတို့သည် လေ့လာထားကြသောနည်းစံနစ်များကိုလက်တွေ့လုပ်ဆောင် ကြရပေမည်။ တနည်းအားဖြင့်ဆိုရသော် ဒုတိယ လုပ်ငန်း၌ အလုပ်သမား တောင်သူလယ်သမားတို့သည် မိမိတို့၏နှလုံးရည်ရော၊ လက်ရုံးရည်ပါ စုံညီစုပေါင်းဆောင်ရွက်ကြရပေမည်။ သို့မှသာလျှင် မြန်မာပြည်၌ မလိုလားအပ်သည့် နယ်ချဲ့စံနစ်တကယ် ပျက်စီးသွားရပေမည်။

သန်းပေါင်းများစွာသော အလုပ်သမား တောင်သူလယ်သမားများ၏ ခွန်အားကြီးခိုင်လှသော လက်ရုံးကို ဆန့်တန်း၍ ၎င်းလက်ရုံး၌ မီးဟုန်းဟုန်းထ၍ တောက်သော နေ့သည်ကားယခုအခါ စစ်ပုလိပ်များ၏ သေနတ် လှံဖျား နောက်ပါးသို့ ကြောက်အားနှင့် ပုန်းလျှိုးခိုအောင်းနေသော နယ်ချဲ့အရင်းရှင်စံနစ်ဆိုးကြီးညက်ညက်ကြေပြုန်းသောနေ့ဟူ၍မှတ်ကြကုန်တော့အံ့။

နောက်လာမည့်အခန်းများ၌ နယ်ချဲ့စံနစ် တိုက်ဖျက်ရေးအယူအဆ၊ နယ်ချဲ့စံနစ် ဆိုးဝါးယုတ်မာကြပုံ၊ နယ်ချဲ့စံနစ်ကို အဘယ့်ကြောင့် ဆင်းရဲသားများ တိုက်ဖျက်သင့်ကြ သနည်းစသည့် နက်နဲကျယ်ဝန်းသော အချက်အလက်များကို ကိုဗဟိန်းက အသေးစိပ်၍ ရှင်းလင်းပြသထားသည်ကို စာဖတ်သူများကိုယ်တိုင် တွေ့မြင်ဖတ်ရှုကြရပေတော့မည်။ ကျွန်ုပ်၏ထင်မြင်ချက် ကျွန်ုပ်၏ယုံကြည်ချက်အရ ပြောရလျှင် နယ်ချဲ့စံနစ်တိုက်ဖျက်ရေးသည် မြန်မာပြည်၌ တနေ့တခြား ကြီးသည်ထက်ကြီးမားလာပြီ

ဖြစ်သဖြင့် ကိုဗဟိန်းရေးသည့် ဓနရှင် စံနစ်အဖြစ်အပျက်စာအုပ်သည် နယ်ချဲ့စံနစ် တိုက်ဖျက်ရေးလုပ်ငန်း၌ အထောက် အထားတခု မုချဖြစ်ရပေတော့မည်ဖြစ်သဖြင့် နယ်ချဲ့စံနစ်တိုက်ဖျက်ရေး လုပ်ငန်းအတွင်း ဝင်ရောက်ဆောင်ရွက်လိုစိတ် ရှိကြသူ မြန်မာ အမျိုးသားများနှင့် အမျိုးသမီးတိုင်း ကိုဗဟိန်း၏စာအုပ်ကိုမှိုငြမ်းသဘွယ်ပူ၍ တကိုယ်လျှင်တအုပ်ကျစီ ရှိသင့်ရှိထိုက်လှပေသည်။

မြန်မာပြည်၌ နယ်ချဲ့စံနစ်အာဏာစက် ဝင်ရောက်စိုက်ထူခဲ့သည့် နေ့မှစ၍ မြန်မာတမျိုးသားလုံးမှာ တနေ့တခြားရေနဲ့ငါး များကဲ့သို့ စီးပွားရေးကြပ်တည်း ကျဉ်းမြောင်းခဲ့ကြရလေပြီ။ လူတွေ အသေအပျောက် လွန်စွာမှ များပြားလာရလေပြီ၊ လူတွေ အသေအပျောက် များပြားရုံမျှမကသေးပေ ဆုတ်ယုတ်ခဲ့ကြရလေပြီ။*

ရောဂါအမျိုးမျိုးတို့ ထူထပ်ပေါများလာပေမည်။ ရာဇဝတ်မှု ထူပြောရေးမှာလည်း စီးပွားပျက်သည်နှင့်အမျှ ဖြစ်နေချေပြီ။ မြန်မာတပြည်လုံး၌လည်း မငြိမ်မသတ် လူပ်ရှားထကြွခါ သပိတ်မီးခိုးဖုံးခဲ့ပြီ။ မြန်မာအမျိုးသမီးများသည်လည်းတနေ့တခြား စီးပွားရေးကြပ်တည်းမှုကြောင့် အကျင့်တွေဖောက်ပြားကုန်ကြပြီ။ ဤမျှလောက် ဆိုးဝါးသော အခြေအနေ တွေကို

---

*ကမ္ဘာ့လူဦးရေတိုးပွားမှုသည် ရာခိုင်နှုန်းအားဖြင့်ဆယ်နှစ် အတွင်း တဆယ်ကျဖြစ်လေသည်။ မြန်မာ့လူဦးရေးတိုးပွားမှုမှာ ရာခိုင်နှုန်းအားဖြင့် ၅-မျှသာရှိလေသည်။ နိုင်ငံခြားများမှ လာရောက်နေထိုင်ကြသူများ လူဦးရေစာရင်းကို နှုတ်လိုက်ပါမူ သည်ထက်အပုံကြီး နည်းသွားပေလိမ့်ဦးမည်။



ကြည့်လျှင် ငါတို့စိတ်ပျက် လက်မှိုင်ချကြကာ ဘာမျှမလုပ်ဘဲ နေ၍မဖြစ်၊ သားကောင်းရတနာ မဖွားမြင်မီ ထိုသားကောင်းရတနာကို ဖွားမည့်အမိသည် ပဋိသန္ဓေနေခြင်း ဆင်းရဲမှုကိုခံစားရသကဲ့သို့ ငါတို့ မြန်မာပြည်၌လည်း နောင်ခေတ် ကောင်းကြီးဆိုက်ရောက်လာရန်.... ဆင်းရဲသား အရေးတည်းဟူသော သားကောင်းရတနာကြီး မွေးဖွားလာရန် အမိမြန်မာပြည်ကြီးမှာ အထက်အဆိုပါ ဆင်းရဲခြင်းများကို ခံစားနေရပေမည်။ ဤသည်ကိုထောက်ရှုခြင်း အားဖြင့်လည်း ငါတို့ကောင်းအတိတ်ကောင်း နိမိတ်ကောင်း မကြာခင် ကြုံလာရတော့မည်ကို မလွဲမသွေ တထစ်ချ ယုံကြည်ကြဘိုပင်။

မြန်မာပြည်၌ ယခုတလော နယ်ချဲ့ဓနရှင်စံနစ်ကို ဖြိုခွင်းမည့် အရေးတော်ပုံများ ပေါ်ပေါက်ခဲ့ချေပြီ။

လူတွေကို နိုင်ငံရေး အသိများ သင်ကြားကြရာ၌ အရေးတော်ပုံ အခါကာလ တလတည်းနှင့် တိုင်းပြည် ငြိမ်သက်စဉ် အခါကာလ တနှစ်လောက်နှင့် ညီမျှသည်ဟု ကမ္ဘာ့ အလုပ်သမားခေါင်းဆောင်ကြီး လီနင်က ပြောဆိုခဲ့ဘူးခြေပြီ။ ကိုဗဟိန်း အဆိုအတိုင်း မြန်မာပြည်၌ ဆိုက်ရောက်ခဲ့သော ဒီဇင်ဘာ အရေးတော်ပုံကြီးသည် ဆင်းရဲသား တပ်ဗိုလ်မျိုးများကို နိုင်ငံရေး နိုးကြားမှု အကြီးအကျယ် ပေးခဲ့သည် မဟုတ်လော။

အရေးတော်ပုံတို့မည်သည် အလျှံပြောင်ငြီးသော မီးကြီးမီးတောက်ကြီးနှင့်လည်း တူလှပေသည်။ မီးကြီးမီးတောက်တို့မည်သည် သံကောင်း သံမဏိတို့ကို ခိုင်မာသည်ထက် ခိုင်မာ ထက်မြက်သည်ထက် ထက်မြက်လာစေ၏။ သံပြော့ သံညံ့တို့ကို စားပစ်၏။ ပြော့ညံ့သောအဖြစ်သို့ ရောက်စေ၏။အရေးတော်ပုံ

ဟု ပေါ်ပေါက် ဆိုက်ရောက်လာသော အခါ၌လည်း ထိုနည်းတူ စွာ ရဲသွေးရဲစိတ်ရှိကြသူ ခေါင်းဆောင် သံမဏိများကိုလေ့ကျင့် ခန်းစာများကို ကောင်းစွာပေး၏။ ၎င်းတို့၏ အစွမ်း ၎င်းတို့၏ လက်ရုံး နှလုံးရည်များကို ရင့်မှာသည်ထက် ရင့်မာလာစေ၏။ နိုင်ငံရေးသမားများ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန် အောင် အရေးတော်ပုံက ပျောဖျက်က်နိုင်စွမ်းရှိ၏။

ယခုအခါသည်ကား တိုင်းပြုပြည်ပြု အခါကြီးပေသည်။ တံနည်းအားဖြင့်ဆိုရသော် ကံစတေးသော အခါကြီးပေတည်း။ နောင်လာနောက်သားတို့ ရေကြည် ရေကောင်း သောက်ကြရ လေအောင် လူတော့ကို ကံတူးသည့်အခါ ကံဘောင်ရိုးအောက်၌ စတေးခဲ့ကြ၏။ ထိုနည်းတူစွာ နောက်တက်လာမည့် မြန်မာ တမျိုးသားလုံး ကောင်းစားရေးအတွက် လက်ရှိနယ်ချဲ့စံနစ် တိုက်ဖျက်ရေး တပ်သားတို့သည် အစတေးခံကြရပေမည်။ နယ်ချဲ့စံနစ် တိုက်ဖျက်ရေးကို လိုလားကြသူတိုင်းသည်လှည်းနေလှေးအောင်း မြင်းဇောင်း မကြံအောင် မြန်မာ့ အရေး တော်ပုံ ကံ ဘောင်ရိုးအောက်၌ အစတေးခံကြရန် အသင့် ရှိကြမှသာလျှင် မြန်မာပြည်ကြီး နယ်ချဲ့စံနစ် လက်အောက်သို့ ပြားပြားမှောက် ရောက်ရှိနေခဲ့ကြရသည့်ဘဝမှ လွတ်မြောက် နိုင်ပေမည်။

အားတက်ဘွယ်ရာ အချက်ကြီးတချက်ကား မြန်မာ့ အ ရေးတော်ပုံ အတွက် မိမိတို့ကိုယ်ကို မိမိတို့အစတေးခံခဲ့ရသူများ အရည်အတွက်အားဖြင့် အတော်များများ ပေါ်ပေါက်ခဲ့ဘူးချေ ပြီ။ ဦးဝိစာရ ဗိုလ်အောင်ကျော်,ဗိုလ်ဗဖိုး မန္တလေး အာဇာနည် များတို့သည် မြန်မာ့ အရေးတော်ပုံကြီး ဆက်လက် အသက် ရှည်ရန်နှင့် တည်တန့်ရန် မိမိတို့၏အသက်သွေးဖြင့် လဲခဲ့ကြပေပြီ။



နယ်ချဲ့သမားတို့သည် မြန်မာ့ အရေးတော်ပုံကြီး ပြိုကွဲ ပျက်စီးအောင် ဖြိုခွင်းသည့် သဘောနှင့် လက်နက်ကြမ်းကိုင်ကြ ကာ မတရားသော စံနစ်ကို အသုံးချကြသည်။ သို့ပြုခြင်းသည်ပင် လျှင် မြန်မာ အရေးတော်ပုံကြီးကို အားပေးရာ ရောက်ခဲ့ချေပြီ ရဲဘော် ဗိုလ်မှူးများ အသက်စွန့်စားခဲ့သည့် အချိန်မှစ၍ မြန်မာ့ အရေးတော်ပုံ တိုက်ပွဲအတွင်း ပါဝင်၍ ဆင်နွှဲခဲ့ကြသည့် တပ် သားများနှင့် ဗိုလ်မှူးများ တနေ့တခြား တိုးပွားလာနေသည် ကို လက်ငင်းမျက်မြင် တွေ့နေကြရပြီ မဟုတ်တုံလော

ဦးဝိစာရ ဗိုလ်အောင်ကျော် ဗိုလ်ဗဖိုး မန္တလေး အာဇာ နည်းများ စသည့် အရေးတော်ပုံ တပ်ဗိုလ်မှူးများသည် မပျက် မကွက်သော တာဝန် ဝတ္တရားအတိုင်း မိမိတို့၏ အသက်သွေးခဲ များဖြင့် မြန်မာ့ အရေးတော်ပုံကြီး တည်တန့်အောင် အသက် ဆက်ပေးခဲ့ကြပေပြီဖြစ်သဖြင့် မြန်မာ့ အရေးတော်ပုံကြီး မပျက် စီး တည်တံ့သည်ထက် တည်တန့်နေပေမည်။ ရှေ့ရှောက်၍ မြန်မာ အရေးတော်ပုံသည် မိမိ၏ အောင်မြင်ရေးအတွက် ဇက် တိုက် တိုက်ခိုက်ကြရပေတော့မည်။

"မြန်မာ့အရေးတော်ပုံအောင်တပ်ကြီး" အောင်မြေနင်း၍ အောင်ပန်းကို ဆွတ်ခူးကြရန် အောင်ပွဲဆင်လိုက်ကြရတော့မည် ဖြစ်သဖြင့်....

၁။ အရေးတော်ပုံ-အောင်ပါစေ

၂။ အရေးတော်ပုံ-အောင်ပါစေ

၃။ အရေးတော်ပုံ-အောင်ပါစေ

**သခင်စိုး**

၁၃၀၁-ကဆုန်လ

# ဓနုရှင်လောက

## (က) အနှစ် ၆၀၀၀ ခရီး

ကမ္ဘာမြေပြင်ပေါ်၌ လူယဉ်ခေတ်ထွန်း ကားလာသည်မှာ နှစ်ပေါင်း ၆၀၀၀ကျော်မျှ ကြာမြင့်ခဲ့လေပြီ။

လူပေါ်စ အချိန်လောက်က သားငါး တိရိစ္ဆာန်တို့ကို ပစ်ခတ်စားသောက်ကြကာ သစ်ပင်ပေါ်နေသည့်ခေတ်၊ ဂူအောင်းသည့်ခေတ်မှချောင်းအိုင်ကမ်းနား၌ လူစုလူအုပ်များအလိုက် နေထိုင်ကြကာ လယ်ယာကွန်ယက်ခြင်းဖြင့် အတည်တကျ အသက်မွေးကြသည့်ခေတ်၊ မြို့ရွာတည်ထောင်ကြကာ ပေါင်းစည်းအုပ်ချုပ်မှု စံနစ်ပေါ်ပေါက် လာသည့်ခေတ် လူယဉ်ခေတ် တိုင်အောင် လူတွေမှာ အလွန့်အလွန် များပြားလှသော နှစ်အရေအတွက် အတွင်း လူရိုင်းခေတ် အမှောင်ထုအတွင်း၌ နစ်မြုတ်ခဲ့ကြရလေသည်။ ထိုအချိန်အခါက မျိုးစေ့ကျခဲ့သော ယဉ်ကျေးမှုသစ်ပင်ကြီးမှာ ၆၀၀၀ မျှသော နှစ်အပိုင်း အခြားအတွင်း ကြိမ်ဖန်များစွာ လေမုန်တိုင်းတို့၏ ညှင်းပန်းမှုကြောင့် အရွက်အလက်ကြွေကျကာ အကိုင်းအခက် ကျိုးပျက်ကြေမွခြင်း ခံခဲ့ကြရသည့်တိုင်အောင် အချိန်ကြာမြင့်သည်နှင့်အမျှ စည်ပင်ဖွံ့ဖြိုး တိုးပွား



လာခဲ့သည်မှာ ယခုအချိန်သို့ရောက်လာလေသည်။

ယဉ်ကျေးမှုပေါ်သည့်ခေတ်မှ ယခု ခေတ်တိုင်အောင် ဒီရေအတိုးအဆုပ်ကို ကြည့်ကြရသကဲ့သို့ တိုးတက်ထွန်းကားကာ ပျက်ပြားဆုတ်ရုတ် တိမ်မြုပ်ပျောက်ကွယ်သွားကြသော လူမျိုးများ၊ လက်နက်ရောင်မိုး၍တံခိုးတောက်ခဲ့ကြကာ ယိမ်းယိုင်ပြိုလဲသွားကြသော အင်ပါယာများကို ကမ္ဘာ့ရာဇဝင်မှန်ရောင်တွင် အထင်းသားတွေ့မြင်ကြရလေသည်။

အီဂျစ်လူမျိုးနှင့် အီဂျစ်အင်ပါယာ။ ပါးရှားလူမျိုးနှင့် ပါးရှားအင်ပါယာ။ ခေါမလူမျိုးနှင့် ခေါမအင်ပါယာ။ ရောမလူမျိုးနှင့် ရောမအင်ပါယာ စသည်တို့မှာ တံခိုးတောက်ပြောင်ခဲ့ကြသလောက် ပျောက်ကွယ်တိမ်မြုတ်သွားကြရာ နှစ်အပိုင်းအခြား သဲပြင်ပေါ်၌ အရာထင်ရုံမျှ ကြာခဲ့ကြလေသည်။

ကြောင်လိမ်လှေခါးကို တဖြည်းတဖြည်း တက်လာသူကဲ့သို့ လူတွေမှာလည်း တဖြည်းဖြည်း ယဉ်ကျေးတိုးတက်လာခဲ့ကြလေသည်။ ပတ်ဝန်းကျင်သည် လူများကို ပြုပြင်ပေးကြသကဲ့သို့ လူများကလည်း ပတ်ဝန်းကျင်ကို ပြုပြင်ပေးခဲ့ကြလေသည်။ လူရိုင်းခေတ်အခါလောက်က လူတွေကိုအနိုင်ကျင့်ခဲ့ကြသော တောတောင်ရေမြေ မိုးတိမ်စသည့် သဘာဝများမှာ လူတွေ၏ ထိုးတွင်းဉာဏ်က နဖါးကြိုးတပ်ကြကာ ခိုင်းစေခြင်းကို ခံခဲ့ကြရလေသည်။ ဥပမာ လူတွေကို လိပ်ပြာစင်လုမတတ် ထိတ်လန့်အံ့သြစေခဲ့ကြသော မိုးတိမ်ခြားမှ လျှပ်ပန်းလျှပ်နွယ်တို့ကို ဖမ်းယူစမ်းသပ်ကြကာ လျှပ်စစ်ဓာတ်ရထားစသည့် လူအသုံးအဆောင်များ အဖြစ် ခိုင်းစေခဲ့ကြလေသည်။

သို့သော် ယဉ်ကျေးမှုကို လွတ်လွတ်လပ်လပ် မဖွံ့ဖြိုးနိုင်

အောင် ချုပ်ချယ် ကာဆီးထားသောအချက်မှာ ယဉ်ကျေးမှုနှင့် ကပ်၍ပါလာခဲ့ချေသည်။ ထိုအချက်ကား လူအတန်းအစားခွဲခြားမှုပင်ဖြစ်လေသည်။

ယခုလောကခေတ် ခေတ်သစ်မထွန်းကားမီ အချိန်များ၌ကား လူမှုအသုံးအဆောင်ပစ္စည်းများကို ပြုလုပ်နိုင်သည့် အစွမ်းအားမှာ မကြီးမားသေးသဖြင့် လူတမျိုးတစားတည်း ညီတူညီမျှ အခွင့်အရေးခံစားနိုင်သည့်စနစ်ကို မတည်ထွင်နိုင်ခဲ့ပေ။

ထို့ကြောင့်ပင်ယဉ်ကျေးမှု၏ဝန်ကိုအုပ်ချုပ်ခံရသည့် လူများစုက ခံကြရပြီးလျှင် ယဉ်ကျေးမှု၏ အသီးအပွင့်များကို အုပ်ချုပ်သူ လူနည်းစုက သုံးဆောင်ကြရလေသည်။

သို့ရာတွင် အအုပ်ချုပ်ခံရသူများစုမှာ ယဉ်ကျေးမှု၏ ဝန်ထုတ်ကို အသာတကြည် ထမ်းဆောင်ခြင်း မပြုကြပေ။ ထိုအခါ အုပ်ချုပ်သူက အမြဲဖိနှိပ်နေရ၍ အုပ်ချုပ်ခံရသူက အမြဲတော်လှန်ခဲ့လေသည်။

"လွန်ခဲ့သော ခေတ်အခါများက လူ့ရာဇဝင်မှာ လူတတန်းစားနှင့် တတန်းစား တိုက်ခိုက်ကြပုံ အကြောင်းအရာပင်ဖြစ်လေသည်။ *ဘုံဝါဒဆရာကြီးကာလ်မတ်စ်ပြောခဲ့လေသည်။

ခေါမတိုင်း ယဉ်ကျေးမှုတည်တန့်ရေးအတွက် အလျှင်က လွတ်လပ် အေးချမ်းစွာနေထိုင်ခဲ့ကြသော (အက်တီကာ)နယ်သားမှာ အခြေမဲ့အနေမဲ့ ကျေးကျွန်ဘဝသို့ရောက်ကြရလေသည်။ လွန်ခဲ့သောနှစ်ပေါင်း ၅၀၀-ခန့်က အင်္ဂလိပ်နိုင်ငံ၌ ယဉ်ကျေးမှုထွန်းကားရေးအတွက် ယခင်က အင်္ဂလန်၏ မေ့ာ်ကြွားစရာဖြစ်ခဲ့

---

* ဘုံဝါဒ ကြေငြာစာတမ်း။



သော သန်သန်မာမာ လယ်သမားကြီးများမှာ အိမ်ခြေမဲ့ လူမဲ့များအဖြစ်သို့ ရောက်ခဲ့ကြရလေသည်။ ၁၇၀၀-ပြည့်နှစ် တခိုက ရေနွေးငွေ့အားဖြင့်မောင်းနှင်သော စက်ကြီယာများထွန်းကားလာသဖြင့် လူတို့၏ယဉ်ကျေးမှုမှာ သိသိသာသာကြီး မြင့်တက်လာသည်ဟု ဆိုရမည် ဖြစ်သော်လည်း မရေမတွက်နိုင်သော တိုင်းပြည်သားတို့မှာ မိန်းမကလေးမကျန် ဆင်းရဲတွင်း နက်ခဲ့ကြရလေသည်။

"လူတွေ ရှေ့သို့ တလှမ်းတလှမ်း တိုးတက်တိုင်း တိုးတက်မှုကို အဆမတန် အဘိုးထားကြကာ ရယူကြသဖြင့် ဤသို့တိုးတက်ခြင်း ဖြစ်ကြရလေသည်။ တိုးတက်ခြင်းဖြင့် လူများမှာ အကျိုးကျေးဇူး အမြတ်အစွန်းမှ ရပါမည်လားဟု ယုံမှားသံသယဖြစ်ဘွယ် ရှိကြရလေသည်။ ဤသို့ကားမဟုတ်ပေ။ လူတို့၏ ဖြစ်စဉ်ဖြစ်ကြောင်း တိုးတက်မှုတဆင့်နှင့်တဆင့်အတွင်း အဆက် အသွယ် အကျိုးတုန့်ပြန်မှုများရှိကြလေသည်။ ရှေ့သို့ တဆင့်တိုးတက်သဖြင့် ဆုံးရှုံးနစ်နာရချက်တို့မှာ အစဉ်အမြဲမဟုတ်ကြချေ။ လူတို့၏ ကြီးပွားတိုးတက်မှုရှေ့သို့ တလှမ်း တိုးတိုင်းတိုးတိုင်း လွန်ခဲ့သောအလှမ်းကား ပေါ်ပေါက်လာခဲ့သော မကောင်းမှုဘေးဆိုးများကို သတ်ဖြတ်၍ ၎င်း၏ အောင်မြင်ချက်ကောင်းမှု သည်ဆောင်သွားလေသည်။"*

လူများ၏ ဖြစ်စဉ်ဖြစ်ရပ် အထောက် အထားကိုကြည့်လျှင် ပထမ လူတိုင်းအခွင့်အရေး ညီတူညီမျှရ၍ လွတ်လွတ်လပ်

---

* ဂျွန်စတြက်ချီရေး၊ ဘုံဝါဒ၏သဘောနှင့်လုပ်ငန်း စာမျက်နှာ ၃၇၃

လပ်အုပ်စိုးနိုင်သော အလိုလို အသီးအပွင့်များတို့ ခူးဆွတ် စားသောက်ကြရသော ခေတ်မှ နောက် တက်လာသည့် ကြေးပိုင် ကျွန်ပိုင် ခေတ် ယဉ်ကျေးမှုအောက်သို့ ကျရောက်ပျောက်ကွယ် သွားကြရလေသည်။ ကြေးပိုင်ကျွန်ပိုင်ခေတ် (ရောမ၊ ရောမခေတ်) တိမ်မြုတ်၍ ခေတ်ဟောင်းနှင့်ခေတ်သစ်အကြား အလယ်အလပ်ခေတ်၊ (The Middle Age) ရောက်လျှင် လွတ်လပ်မှု သာတူညီမျှမှုတို့ကို အတော်အတန် ပြန်လည် ထူထောင်နိုင်ခဲ့ကြလေသည်။ တဖန် ထိုအလယ်အလပ် ခေတ်၏ လွတ်လပ်မှု သာတူညီမျှတို့မှာ ယခုခေတ်၊ ယခုအချိန် စက်မှုအတတ်များ အံ့မခန်း ထွန်းကားလာသည့် ယဉ်ကျေးမှုအောက်သို့ ကြရောက်ပျောက်ကွယ် တိမ်မြုပ်ကြရပြန်လေသည်။

လူတို့၏တိုးတက်မှု တထစ်မှတထစ်သို့ ကူးပြောင်းရာ၌ လူအပေါင်းမှာ မည်မျှဆင်းရဲခြင်းမျိုးများ ဆိုက်ရောက်ခံစားကြရသည်ကို မြေပိုင်ရှင်ခေတ်အခါမှ အရင်းရှင် ခေတ်အခါသို့ ကူးပြောင်းသည့် အပြောင်းအလဲကိုကြည့်နိုင်ပေသည်။ ၁၄၀၀-ပြည့်လောက်မှ ၁၇၀၀-ပြည့် လောက်အထိ နှစ်ပေါင်း-၃၀၀ ကျော်တိုင်တိုင် တိုးတက်လာသောအရင်းရှင် စံနစ်သည် တိမ်မြုပ်ဆဲ မြေပိုင်ရှင် စံနစ်ကို မရေတွက်နိုင်သော လူတို့၏လည်ချောင်း သွေးဖြင့် ဆေးကြော သုတ်သင်ခဲ့ကြရလေသည်။

ခေတ်သစ်ခရိယန် အဖွဲ့အစည်းများ၊ ထူထောင်သည့် ခေတ်ရှေးဟောင်း ယဉ်ကျေးမှုပြန်လည်ဖွံ့ဖြိုးသည့်အချိန်အခါတို့၌ တိုက်ပွဲ၊ ခိုက်ပွဲများ၊ အင်္ဂလိပ်ပြည်တွင်းစစ်များ လက်အောက်ခံ ကျွန်နိုင်ငံများကို ရှာဖွေသိမ်းပိုက်ကြသည့် ၁၈၀၀-ပြည့် အတွင်း စစ်များ အမေရိကန် အရေးတော်ပုံ၊ ပြင်သစ်အရေးတော်



ပုံ စသည်တို့မှာ အရင်းရှင်စံနစ်၊ လယ်ပိုင်ရှင်စံနစ်ကို တွန်းလှန် ဖြိုဖျက်သော စစ်ပွဲများ ဖြစ်ကြလေသည်။

ဤကဲ့သို့ လူအပေါင်းတို့ကို ဆင်းရဲစေခဲ့သော အရင်းရှင် စံနစ် ယဉ်ကျေးမှုသည် မည်သို့ လူသတ္တဝါများ၏ ကောင်းကျိုးကို ဆောင်ခဲ့သနည်း။

အရင်းရှင်လူနည်းစု လက်အတွင်း၌ အရင်းအနှီး စုပုံခြင်း အရင်းရှင်နှင့်ပစ္စည်းမဲ့ ခွဲခြားခြင်း၊ စက်အားဖြင့်လည်သော အလုပ်ရုံများကို တည်ဆောက်ခြင်း၊ အရင်းရှင်တဦးနှင့်အရင်းရှင် တဦးတို့ လွတ်လပ်စွာပြိုင်ဆိုင်ကြခြင်း၊ အခစား ကြေးစားစံနစ် ထားခြင်းတို့မှာ တိုးတက်လာသော အရင်းရှင် စံနစ်၏ အခြေခံ အုတ်မြစ်များ ဖြစ်ကြလေသည်။ ဤအခြေခံများဖြင့် အရင်းရှင် စံနစ်သည် မိမိ၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းပြတာဝန် ဖြစ်သော လူစုလူဝေးနှင့် လုပ်ဆောင်သည့် ကုန်လုပ်ကြိယာများ၏ စွမ်းအား တိုးတက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရလေသည်။ တနည်းအားဖြင့် အရင်းရှင်စံနစ်၏တာဝန်မှာ ဆန်းကြယ်သောလောကခေတ် အတတ်များဖြင့်ပြီးသော ခေတ်သစ် စက်မှု ကြိယာများကို အစွမ်းကုန် တိုးတက်ဖွံ့ဖြိုးစေဘို့ပင် ဖြစ်သည်။ ဤအခြေအနေသို့ဆိုက်ရောက်လာအောင် လမ်းခင်းပေးဘို့အတွက် လူချမ်းသာနှင့် လူမဲ့နှစ်မျိုးနှစ်စား ပေါ်ပေါက်ပေးရလေသည်။ [ကား(လ်)မတ်(စ)ရေး ချို့ယွင်းနုံချာသော လူ့သဘောတရားရေးရာ စာမျက်နှာသုံး။)

သို့ကြောင့် ၁၈၀၀-ပြည့်နှင့် ၁၉၀၀-ပြည့်အတွင်း အရင်းရှင် စံနစ်မှာ မည်သို့ပင်လူတွေကို ဆင်းရဲစေ၊ မွဲစေ ကြပ်တည်း ကျဉ်းမြောင်းစေခဲ့သော်လည်း ရှေ့သို့တိုးတက် နေသောအရင်း

ရှင် စံနစ်ကြောင့်ဖြစ်ခဲ့လေသည်။ အလုပ်သမားများကိုစည်းကမ်းသေဝပ်မှု၊ ညီညွတ်စီးလုံးမှုတို့ကို သွန်သင် ပေး၍ ကုန်ပစ္စည်းအထွက် များသည်ထက်များအောင် စက်ကြီးယာများကိုလုပ်ဆောင်ခဲ့ကြလေသည်။ အချိန်ကုန် လူပန်းကြကာ အရာ မရောက်သောလက်လုပ်ကုန်ရုံကလေးများကို ဖျက်သိမ်းဝါးမျိုခဲ့ကြကာ စံနစ်ကျကျ အချိန်နည်းနည်းနှင့် လုပ်ဆောင်ရသော စက်လုပ်ကုန်ရုံကြီးများကို တည်ထောင်ခဲ့ကြလေသည်။

သို့ရာတွင် ၁၉၀၀-ပြည့် ကျော်လွန်လာသော အခါတွင်ကား အရင်းရှင်စံနစ်၏ ဖြစ်ကြောင်းဖြစ်ရပ် အကြောင်းပြ တာဝန်ဖြစ်သော ကုန်လုပ်ကြိယာ စွမ်းအား တိုးတက်မှု လုပ်ငန်းမှာပြီးငြိမ်းခဲ့လေပြီ။ ကမ္ဘာ့အနှံ့အပြားကို စက်မှုကြိယာပြင် ဖုံးလွှမ်းခဲ့လေပြီ ဤမျှပင်မကသေး အရင်းရှင် စံနစ်သည် မိမိကိုယ်တိုင်ဖန်တီးလာ လိုက်သော ကုန်ထုပ်စွမ်းအားကိုပင် ကောင်းမွန်စွာမအုပ်ချုပ်မထိမ်းသိမ်းနိုင်တော့ပေ။ အရင်းရှင်စံနစ်မှာကုန်ထုတ်ကြိယာ စွမ်းအားကို ဖွံ့ဖြိုးတိုးတက်စေသည့်အခါမှ ချုပ်ချယ်ဖိနှိပ်လိုသည့်အခါ၊ တိုးတက်သောအခါမှ နောက်ပြန်ဆွဲ အခါသို့ ပြောင်းလာကြလေပြီ။

အိုမင်းရင့် ရော်လာ၍ သေးတွင်းဘက်သို့ ခြေတဖက်နင်းနေသော အရင်းရှင် စံနစ်သည် မိမိအသက်ဆက်လက်တည်တံ့နိုင်ရန်အတွက် အစဉ်းစား အဆင်ခြင်ကင်းမဲ့သော လုပ်ငန်းများကို တစွပ်ထိုးလုပ်လာလေသည်။ အမြတ်အစွန်းမရနိုင်မ်တော့သောစက်ရုံကြီးများကို ပိတ်ပစ်လိုက်ကြကာ စက်ရုံဖြင့် အသက်မွေးနေရသော အလုပ်အမားများကို အမှိုက်သရိုက်များ ကဲ့သို့လမ်းပေါ်သို့စွန့်ပစ်ကြလေသည်။



ကုန်ပစ္စည်းပိုမိုထွက်မည့် စက်ကြိယာ အသစ်အဆန်းပေါ်တိုင်း ဖျက်ဆီးပစ်ကြလေသည်။ အရင်းရှင်စံနစ် စ ဘ်ကွင်းမိနေကြသော သိန်း-သန်း-အသခြေ မရေတွက်နိုင်သော ကမ္ဘာ့သူကမ္ဘာ့သားများကို အိမ်မဲ့ ယာမဲ့ အဖြစ် ဆင်းရဲမွဲတေကြသောအဖြစ်သို့ရောက်စေခဲ့ကြလေသည်။

# (ခ) အရင်းရှင် စံနစ်နှင့် ကုန်လုပ်ကရိယာစွမ်းအား

အရင်းရှင် စံနစ်၏ ဖြစ်ပေါ်ကြောင်း ပြတာဝန်မှာ ကုန်လုပ်ကရိယာစွမ်းအား ဖွံ့ဖြိုးမှုဟု အထက်ကဆိုခဲ့သည့် ကုန်လုပ်ကရိယာ စွမ်းအားသည် မည်မျှတိုးတက်ခဲ့လေသနည်း။

အောက်ပါဇယား၌ ကုန်လုပ်ကရိယာ စွမ်းအားတိုးတက်လာပုံကို သန်းပေါင်း မြင်းကောင်ရေအားဖြင့် တွက်ပြထားသည် (အများအားဖြင့် မြင်းတကောင်၏ အားမှာ ယောကျ်ား ၆-ယောက်အားနှင့် ညီမျှသည်)။

၁၇၃၅-ခုနှစ်မှယနေ့တိုင် အနှစ်တရာအတွင်း ကုန်လုပ်ကရိယာ စွမ်းအားမှာ အင်္ဂလန်၌ အကြိမ်တရာခန့် တိုးတက်လာ၍ တကမ္ဘာလုံး၌ အကြိမ်ခြောက်ရာမျှ တိုးတက်လာလေသည်၊ သို့ရာတွင် ယခုခေတ် ကမ္ဘာသူ ကမ္ဘာသားတို့မှာ ၁၇၃၅-ခုနှစ်အခြေအနေနှင့် မယှဉ်နိုင်အောင် ငတ်မွတ် ခေါင်းပါးခြင်း၊ အလုပ်



လက်မဲ့ဖြစ်ခြင်း၊ ဆင်းရဲခြင်းတို့နှင့် မျက်နှာချင်းဆိုင်ကြလေသည်။ ဤသို့ဖြစ်ကြရခြင်းကား အမြတ်အစွန်းကို အရင်းခံထားကြသော အရင်းရှင်စံနစ်၏ ကုန်စည်ဖြန့်ချီသည့် စံနစ်သည် အဆမဆန် တိုးတက်လာသော ကုန်လုပ်ကရိယာ စွမ်းအားကို မလိုက်နိုင်ခြင်းကြောင့်ဖြစ်လေသည်။ (တဘက်ဇယားကိုကြည့်ပါ)

ကုန်လုပ် ကရိယာစွမ်းအား တိုးတက်မှုမှာ စက်ရုံထွက် ကုန်စည်လုပ်ငန်း ကိုသာ ပြောင်းလဲစေခဲ့သည်မက လယ်ယာကိုင်းကျွန်းနှင့် ကုန်စိမ်း ကုန်ကြမ်းများကိုလည်း အကြီးအကျယ် ပြောင်းလဲစေခဲ့သည်။ *

---

* အရင်းရှင်စံနစ် ကုန်လုပ်ကရိယာ စွမ်းအား အကြောင်း၌ ကြည့်ပါ ၂၊ အခန်း ၂။

၁၉၀၀ ပြည့်နှစ်နှင့် ၁၉၂၈-ခုနှစ်အတွင်း လယ်ထွန်စက်များကို အသုံးပြုသဖြင့် လယ်ယာထွက်ကောက်ပဲသီးနှံများမှာ ဩစတေးလီးယား၌ ရာခိုင်နှုန်း ၁၀၄၊ အာဂျင်တိုင်း၌ ရာခိုင်နှုန်း ၁၇၄၊ ကနေဒါ၌ရာခိုင်နှုန်း ၃၃၀- မျှတိုးတက်လာခဲ့၍ ၁၉၁၃-ခုနှစ်မှ ၁၉၂၈ ခုနှစ်အတွင်း ကမ္ဘာ့ကောက်ပဲသီးနှံ ထွက်ကုန်မှာ ရာခိုင်နှုန်း၁၄၇ မျှတိုးတက်လာခဲ့လေသည်။ ဤအတောအတွင်း ကမ္ဘာ့လူဦးရေရာခိုင်နှုန်း ၁၁၆ တိုးပွားလာလေသည်။

လယ်ယာကိုင်းကျွန်းအလုပ်၌ စက်ကရိယာများ အသုံးပြုခဲ့သဖြင့် အံ့ဩလောက်အောင် အချိန်သက်သာ လာလေသည်။ ဂျုံစိုက်ပျိုးသည့် လယ်တကေ၌ ဂျုံပင်ကို တံဇင်ဖြင့်ဖြတ်၍.... ကျည်ပွေ့နှင့်ခြွေလျှင် ၃၄-နာရီမှ နာရီ ၅၀-အထိကြာ၍.... ၁၅-ဘုတ်ရှယ် * မျှထွက်၏။ ရိုးရိုးကရိယာအစား စက်ကရိယာများကို သုံးခဲ့လျှင် တနာရီသာကြာ၍ဂျုံအထွက်မှာလည်း ၁၅-ဘုတ်ရှယ်ထက် မလျော့ချေ။ ÷

(ဝင်းထရင်ဂမ် ရေး လာမည့် ကမ္ဘာစစ်ကြီး-၁၈၈)

---

* တဘုတ်ရှယ်မှာ တတင်းခန့်နှင့် ညီမျှ၏။

* ခဲယမ်းမီးကျောက်များကိုလုပ်နေသောနိုက်ထရိုတ်ယမ်းကပ်ရုံကြီးများကလယ်ယာမြေဩဇါများကိုလုပ်၍လယ်ထွန်စက်စသည့်လယ်နှင့်ပတ်သက်သော စက်ကရိယာများ မြေဩဇာများစသည်တို့ကိုလယ်ယာထွန်သည့် စိနစ် ရွေးဆန်နေကြသော အိန္ဒိယပြည် တရုပ်ပြည်နှင့်ခြားတိုင်းပြည်များသို့ တင်ပို့ကာထိုတိုင်းပြည်များ၌ လယ်သမားများသို့ စက်ကရိယာကိုင်နည်း နှစ်အနည်းငယ်အတွင်း ပြသပေးလိုက်က ကမ္ဘာ့ကောက်ပဲသီးနှံ ထွက်ကုန်သည်နှစ်ဆမျှတိုးတက်လာပေမည်။ ဝင်းထရင်ဂမ်ရေး လာမည့်ကမ္ဘာစစ်ကြီး၊ စာမျက်နှာ ၁၉၃။



## သန်းပေါင်း မြင်းကောင်ရေအား

| | အင်္ဂလန် | ပြင်သစ် | ဂျာမဏီ | အမေရိက | ဥရောပတိုက်မှအပ နိုင်ငံများ | တကမ္ဘာလုံး |
|---|---|---|---|---|---|---|
| ၁၈၅၃ | ၀၃ | ၀၀၂ | ၀၀၁ | ၀၃ | ၀°၀ ၁ | ၀°၆၅ |
| ၁၈၇၅ | ၆ | ၃ | ၄ | ၇၈ | ၁°၉ | ၂၆°၅ |
| ၁၉၁၃ | ၂°၅ | ၁၂°၅ | ၂၁ | ၈၆ | ၃ ၁ | ၂၁၁ |
| ၁၉၂၈ | ၃၇ | ၁၈°၅ | ၃၂ | ၁၆၂ | ၉ ၃ | ၃၉၀ |

လုပ်ကြိယာ စွမ်းအားတိုးလာပုံ

* ပမ်ဒတ်ရေး ဖက်ဆစ်အယူအဆနှင့် ခေတ်ပြောင်း အရေးတော်ပုံ

÷ လယ်ထွန်းစက်များပေါ်ပေါက်လာသဖြင့် သမားရိုးကျ ထွန်နွားတို့ကိုအသုံးမပြုကြတော့ဘဲ လယ်ထွန်စက်များကို အသုံးပြုကြလျှင် ယခင်ကထက် တကေ၏ အသီးအနှံအထွက်အကြိမ်ပေါင်းများစွာ ပိုမိုလာလေသည်။

လယ်ယာကိုင်းကျွန်းနှင့် ပတ်သက်၍ ဘုံစံနစ်အရ တည်ထောင်ထားသော ဆိုဗီယက် ရုရှားပြည်၌ စီမံချက်တခုကို တည်ထွင်ဆဲဖြစ်လေသည်။

ထိုစီမံချက်အရ ဆိုဗီယက်ရုရှား၏ တစိတ်တဒေသ ဖြစ်သော ဆိုက်ဗေရီယား နယ်ကြီးကို ဂျုံ စိုက်ပျိုးရန်ဖြစ်လေသည်။

အခြေအနေ အချိန်အခါနှင့် သင့်လျော်အောင် ပေါ်ပေါက်လာသော နည်းစံနစ်အရ စိုက်ပျိုးရန်အတွက် ကောက်ပဲသီးနှံမျိုးစေ့ ဓာတ်ခွဲရုံကြီးမှ ထူးဆန်းထွေလာ ဓာတ်ဆရာကြီးများကကြံစည်နေကြလေသည်။

ထိုစီမံချက်မှာ အမျိုးကောင်းသော မျိုးစေ့များကို ရွေးချယ်၍ ပျိုးခင်း၌ သီးသန့် အကန့်လိုက် စက်ဖြင့် မျိုးကြဲရလေသည်။ ထို့နောက် စက်ဖြင့်ပင် ပျိုးခင်းမှ လယ်ကွက်အတွင်းသို့ ရွှေ့ပြောင်းစိုက်ရလေသည်။ မြေသြဇာ ကောင်းရန်နှင့်လိုသမျှ အပူအအေးတို့ကို ထူးဆန်းထွေလာ လောကဓါတ် အတတ်၏ အစွမ်းတန်ခိုး အကူအညီဖြင့်ပင် ပြီးစီးစေလေသည်။ ဤသို့စိုက်ပျိုးသဖြင့် ကောက်ပဲသီးနှံ အထွက်မှာ သာမန်ရိုးရိုးထက် ၄-ဆ ပိုမိုလာ၍ အမျိုးမှာလည်း ကောင်းမွန်လာလေသည်။

ကွယ်လွန်သွားသူ လောဒ်လီဗ-မာယွန်း အလိုအရလက်ရှိ ကုန်လုပ်ကြိယာ၊ စွမ်းအားကို ကမ္ဘာအနှံ့အပြား အသုံးပြုခဲ့လျှင် ကမ္ဘာသူ ကမ္ဘာသား အားလုံးတို့မှာ တယောက်လျှင်.... တနင်္ဂနွေတပတ် တနာရီအလုပ် လုပ်ရုံမျှနှင့် အေးအေးချမ်းချမ်း ပြည့်ပြည့်စုံစုံ နေနိုင်ကြပေမည်။

ဤမျှ အံ့ခမန်း ထွန်းကားလာသော လောကဓါတ် အတတ်များကို ကောင်းစွာ အသုံးပြုမည်ဆိုက ကမ္ဘာကြီးတခုလုံး



ကို လူတွေနေချင့်စဘွယ်အဖွဲ့အစည်းကြီးတရပ်အဖြစ် ဖန်တီးကြကာ လူတိုင်းလူတိုင်း နေမှုထိုင်မှု စားမှု သောက်မှုတို့အတွက်.... မပူရ မပင်ရ အေးချမ်း သာယာစွာ နေနိုင်ကြမည် ဖြစ်သော်လည်း ယခုအချိန်အခါ လူတွေ၏ နေမှု ထိုင်မှု စံနစ်မှာ လူဘောင်အဖွဲ့အစည်းကြီးတိုးတက်အောင်မြင်လာသလော့ လူတွေ မနေနိုင်အောင် ချုပ်နှောင် တားဆီးထားသဖြင့် ကမ္ဘာသူ ကမ္ဘာသား အားလုံးတို့မှာ လူ့အဖွဲ့အစည်းကြီး၏ အဆီအနှစ်သာရ သြဇာတို့ကို ခံစားသုံးစွဲခွင့် မရကြဘဲ၊ ဖေါင်စီးရင်း ရေငတ်ဆိုသော မြန်မာစကားပုံကဲ့သို့ ကြွယ်ဝသောလူဘောင်အဖွဲ့အစည်းကြီးအတွင်းကောင်းကောင်းမစားရ၊ကောင်းကောင်းမဝတ်ရသော လူအဖြစ်၊ လူတန်းစေ့စေ့ အိုးနှင့် အိမ်နှင့်သားမယားနှင့်မနေကြရသောအဖြစ်၊ အဆုံးစွန်အားဖြင့် လူ့အညွန့်တုံးအဖြစ်သို့ လျော့ကျကြရလေသည်။

သို့သော်.... အရင်းရှင်စံနစ် လက်ပါးစေကြေးစား တတပည့်တပန်းများဖြစ်ကြသော.... ဥပဒေအသိ ပိုင်ရှင်ကြီးများ၊ ရာဇဝင်အတတ်ဘက်ဆိုင်ရာ တဘက်ကမ်း ရောက်ပြီးသူကြီးများနှင့်တကွ။ လောကဓါတ် အတတ် တတ်ကျွမ်းကြသူဆရာကြီးများမှာ အရင်းရှင်စံနစ်၏ အပြစ်အနာအဆာများကို ကာကွယ်ဖုံးဖိကြလျက် လူတွေ ငတ်မွတ် ဆင်းရဲကြရသည်မှာ မည်သို့ မည်နှယ်စသည်ဖြင့် စကားကြွယ်တိုင်း နားမလည်သော လူများကို မျက်မှန်စိမ်းတတ်ပေးကာ ပြောင်ညာကြလေသည်။

ဤသို့ ပြောင်ညာကြရာတွင် လူတွေ ဆင်းရဲကြရသည်မှာ ကမ္ဘာပေါ်၌ လူတွေပိုလျှံနေသည့်အတွက် ဖြစ်အည်ဟူသော အ

ယူအဆမှာ အတော်ကလေးခေတ်စားလာခဲ့လေသည်။ *

အရင်းရှင်စံနစ်၏ လက်ပါးစေ လောကဓါတ် ဆရာကြီးများသာ ပါဝင်သည့် ကမ္ဘာကျော် ဗြိတိသျှ လောကဓါတ်တတ်သည်များ အသင်းကြီး၏ဥက္ကဋ္ဌဖြစ်သော ဆာဘွဲ့ရ ဂျိန်းဂျီး[နှ်စ်]ဆိုသူက လူဦးရေပိုလျှံခြင်းနှင့်လူဦးရေပိုလျှံသဖြင့်နယ်ချဲ့ရန် အပူတပြင်း လိုလာကြခြင်းမှာ လူတွေကို စစ်မြေပြင်သို့ မောင်းနှင် နေပေသည်ဟု အစည်းအဝေးတခု၌ ပြောပြခဲ့လေသည်။

---

* ပါဆွန်မဲလ်သူ့စ်ဆိုသူ အရင်းရှင် စီးပွားရေးစံနစ် ဆရာကြီးက ကုန်လုပ်ကြိယာ စွမ်းအားမှာ သင်္ချာနည်းအရ တိုးပွား၍....လူဦးရေမှာ အတိုင်းအတာ (Geometry) နည်းအရ တိုးပွားသည်ဟု ရေးသားခဲ့၏။ အရေအတွက် နည်းအရ တိုးတက် လာပုံမှာ ၁၃၅၇ သို့မဟုတ် ၂၄၆၈ စသည်ဖြင့် ဂဏန်းနှစ်လုံးတိုး၍ တိုး၍သွားပြီးလျှင် အတိုင်းအတာနည်းအရ တိုးသွားပုံမှာ ၁၃၉၂၇စသည်ဖြင့် ဂဏန်းတခုကို ၃ နှင့်မြှောက်၍မြှောက်၍....တိုးပွားသွားရလေသည်။

ကားလ်မတ်စ်က သူ၏ အရင်းစာအုပ်၌ မဲလ်သူ့စ်၏ အယူအဆမှာ လုံးဝမှားယွင်းကြောင်း ကုန်လုပ်ကြိယာ စွမ်းအားသည် မည်သို့ လူဦးရေထက် အတိုးမြန်လာပုံကို အကျယ်တဝင့် ရှင်းပြထားလေသည်။

မဲလ်သူ့စ်၏ အယူအဆလုံးဝမှား၍ ကားလ်မတ်စ်၏ အယူအဆမှာ လုံးဝမှန်သည်ကို မျက်မြင်လူအဖွဲ့အစည်း၏ အဖြစ်အပျက်များက သက်သေခံနေပေသည်။

ကမ္ဘာကျော် သင်္ချာဆရာကြီး ဆာဂျော့နဒ် ဆိုသူကလက်ရှိ ကမ္ဘာ့လူဦးရေမှာ သန်း ၂၀၀၀ ရှိရာကမ္ဘာမြေကြီးပေါ်၌ လူဦးရေ သန်းပေါင်း ၈၀၀၀ အထိ ဆန့်နိုင်သည်ဟု ပြောပြဘူးလေသည်။



ပျက်ပြားတိမ်မြုတ်သွားတော့မည် ဖြစ်သော အရင်းရှင် စံနစ်သည် သေခါနီးဆဲဆဲ အသက်ငင်နေသော.... သူကဲ့သို့.... ဂယောင်ချောက်ခြား ဖြစ်ကာ မိမိ၏ အပြစ်အနာတို့ကို ဘော်ပြမည့် ထိုးထွင်းသည့် အသိ အလင်းရောင်ကို ပိတ်ပင် ကားဆီးခဲ့လေသည်။ အရင်းရှင်စံနစ် လက်အောက်၌ ပန်ချီဆရာကို မျက်လုံးကမ်းစေ၍.... ကဗျာဆရာကို နားပင်းစေပြီးလျှင် လောကဓါတ်ဆိုင်ရာ ပညာရှင်များကို ခေတ်ဆွေး ခေတ်ဟောင်းကြီး၏ အဖြစ်သနစ်မှန်ကို မစူးစမ်းနိုင်ကြအောင် လမ်းလွှဲပေးထားကြလေသည်။

အထက်ပါ လောကဓါတ်ဆရာကြီးများ ပြောကြသကဲ့သို့ပင် အရင်းရှင် စံနစ်များ၏ အယူအဆ ပြန့်ပွားရေးလက်နက်များဖြစ်သော သတင်းစာများ၊ အသံဘမ်းစက်များ၊ ဇာတ်ပွဲသဘင်များ၊ ရုပ်ရှင်များမှာလည်း လူပိုလျှံခြင်း အယူအဆကို လူများသက်ဝင်.... ယုံကြည်ကြလေအောင် ဖြားယောင်း သွေးဆောင်ကြလေသည်။ အရင်းရှင်နိုင်ငံများ၌ ပဋိသန္ဓေတားဆီးသည့် နည်းစံနစ်များကို အမြောက်အမြား သုံးစွဲလာကြကာ အစိုးရများကလည်း ဥပဒေများဖြင့် အတည်ပြုပေးခဲ့ကြလေသည်။ (ဥပမာအမေရိက)

အရင်းရှင် စံနစ်ကြောင့် လူဖြစ်လာမည့် မိမိတို့ သားသမီးများမှာ မိမိတို့ နည်းတူ ဆင်းရဲ တော်မွတ်ကြမည့် စိုးသဖြင့် မိဘများမှာ သားသမီး မမွေးနိုင်ကြအောင် ပဋိသန္ဓေ တားနည်း အမျိုးမျိုးကို သုံးစွဲကြရလေသည်။ မွေးလာပြန်လျှင်လည်း အစာလုံလုံလောက်လောက် မစားကြရသဖြင့် အရွယ်မရောက်မီ သေကြေပျက်စီးသွားကြရသော သားသမီးများ၏ မိဘများ၏ဆင်း

ရဲကြရခြင်းမှာကား အလွန်ကြီးမားလှလေစွတကား။ *

သို့သော်.... လူများ တော်မွတ် ခေါင်းပါးကြကာ အလွန်ဆင်းရဲခြင်းသို့ ရောက်ရှိကြသည်မှာ စားကုန် သောက်ကုန် ထွက်မှု နည်းပါး၍ လူဦးရေ တိုးပွားများပြားလာသောကြောင့် ဖြစ်သည်ဟူသော ယူဆချက်မှာ ကမ္ဘာကြီး၏ လက်ရှိ အခြေအနေကို မှန်းဆနိုင်သူတိုင်း အတွက်မူ အတော် ရယ်ဘွယ် ကောင်းလှသောအချက် ဖြစ်လေသည်။

၁၉၂၇–ခုနှစ်က ကျင်းပသော ကမ္ဘာလုံးဆိုင်ရာ စီးပွါးရေးညီလာခံကြီး၏ အစီရင်ခံစာအရ ၁၉၂၅–ခုနှစ်၌ ကမ္ဘာ့ထွက်ကုန်များမှာ ကမ္ဘာစစ်မတိုင်မီ အချိန်အခါထက် ၁၆–မှ-၁၈–ရာခိုင်နှုံးအထိ တိုးတက်လာသော်လည်း ကမ္ဘာလူဦးရေမှာ ၅-ရာခိုင်နှုံးသာ တိုးတက်လာခဲ့လေသည်။

၁၉၁၃–ခုနှစ်မှ ၁၉၂၈-ခုနှစ်အတွင်း ကမ္ဘာ့စားကုန် သောက်ကုန်မှာ ရာခိုင်နှုံး ၂၅–မျှ တိုးတက်လာသော်လည်း ကမ္ဘာ့လူ ဦးရေးမှာ ၁၀-ရာခိုင်နှုံးသာ တိုးတက်လာခဲ့လေသည်။

ကုန်လုပ်ကြယာစွမ်းအားကို အစွမ်းကုန် သုံးစွဲခြင်း မပြုသေးသဖြင့်သာ ကမ္ဘာ့စားကုန်သောက်ကုန်များ ဤရာခိုင်နှုန်းမျှသာ တိုးတက်လာခြင်းဖြစ်လေသည်။

လူတွေ လူချင်းတူတူ သူချင်းမျှမျှ မနေထိုင်ကြရခြင်းမှာ

---

* မြန်မာပြည်၌ ၁၉၂၆ ခုနှင့် ၁၉၃၀ ပြည့်နှစ်အတွင်း မွေးဖွားစကလေးများ တထောင်လျှင် ၂၀၇ သေဆုံးကြရလေသည်။ ၃၉၃၀ ပြည်နှစ် မြန်မာပြည်သန်းခေါင်စာရင်း ပထမတွဲ စာမျက်နှာ (၇၉)



စားကုန်သောက်ကုန်ရှားပါး၍မဟုတ်ဘဲ စားကုန်သောက်ကုန်များကိုလုပ်ဆောင်နိုင်သည့် ကုန်လုပ်ကြယာစွမ်းအားကို ချိုးဖျက်ပိတ်ပင်ကြကာ လုပ်ပြီးစားကုန်သောက်ကုန်များကို ဈေးပေါပေါနှင့်ရောင်းချကြရမည်စိုး၍ မီးရှို့ပစ်ကြသောအရင်းရှင်စနစ်ကြောင့်ဖြစ်လေသည်။

တဖန် အရင်းရှင်နိုင်ငံများက ကိုလိုနီ နိုင်ငံများကိုတိုက်ခိုက်သိမ်းဆီးလိုက်ကြသည်မှာ ထိုအရင်းရှင်နိုင်ငံများ၌ လူဦးရေပြည့်ကြပ်၍ အစားအသောက် လုံလုံလောက်လောက် မရနိုင်သည့်အတွက် ဖြစ်သည်ဟု လူဦးရေပိုလျှံခြင်းကို နယ်ချဲ့စံနစ်၏ အကြောင်းရင်း တခုအဖြစ် ပြောပြလေ့ ရှိကြလေသည်။

ဥပမာ–၁၉၃၁-နှစ်မှာ ဂျပန်က တရုတ်ပိုင် မန်ချူးရီယားကို တိုက်ခိုက်သိမ်းယူရခြင်းမှာ ဂျပန်ပြည်အတွင်း လူဦးရေ အလွန်အမင်း ပိုလျှံနေသည့်အတွက်.... ဖြစ်သည်ဟု နယ်ချဲ့သမားများက ကြွေးကြော်ခဲ့ကြလေသည်။

ဤသို့ ကြွေးကြော်ခဲ့ကြခြင်းမှာ အရင်းရှင်များ၏ နယ်ချဲ့စစ်ပွဲအတွင်း၌ ဂျပန်ဆင်းရဲသား ပစ္စည်းမဲ့များ စိတ်ရောကိုယ်ပါ စိတ်ရှိလက်ရှိ ဝင်ရောက် အသေခံကြရန်အတွက် ဆင်းရဲသားကြိုက်လုံးကို ရွေး၍ပြောကြခြင်းသာ ဖြစ်လေသည်။

ဂျပန်များ ဆင်းရဲကြရသည်မှာ လူတွေများပြား ပိုလျှံနေသောကြောင့်ဖြစ်သည်။ လူတွေနေထိုင်စရာ မြေကွက်လပ် အသစ်ကို တိုက်ခိုက် ရယူနိုင်ကြလျှင် ဂျပန်တွေ မဆင်းရဲကြတော့ဘဲ ချမ်းသာ ကြွယ်ဝကာ လာကြရမည်ဟူသော ယူဆချက်တို့ကို ဂျပန်တိုင်း အသိဉာန်အတွင်းသို့ ထိုးသွင်း ပေးလိုက် လေသည်။

ဂျပန်သည် မန်ချူးရီယားကို တိုက်ခိုက် ရခြင်း၏ အ

ကြောင်းရင်းအစစ်မှာအရင်းရှင်အငယ်စားအဖြစ်မှလက်ဝါးကြီး အုပ် အရင်းရှင် အကြီးစားအဖြစ်သို့ အဆင့်အတန်း မြင့်တက်လာသော ဂျပန်အရင်းရှင်စံနစ်၏ နယ်မခ္ချဲလျှင် မဖြစ်နိုင်တော့သော အခြေအနေကြောင့် ဖြစ်လေသည်။

မန်ချူးရီယားကို နိုင်လိုက်သဖြင့် ဂျပန် ပစ္စည်းမဲ့ လက်လုပ် လက်စားများမှာ ထမင်းတနပ်တိုး၍ မစားကြရဘဲ ဂျပန်အရင်းရှင်ကြီးများ ငွေပင် ငွေရင်းပိုင်ဘဏ်တိုက်ရှင်ကြီးများ လူသတ္တာများ၏ သေမင်းဖြစ်သော အဆိပ်လက်နက်များကို ထုတ်လုပ်သည့် သူဌေးကြီးများနှင့် အခြားအစိုးရ အမှုထမ်း အလယ်အလပ်တန်းစားများသာ ကောင်းစားကြလေသည်။ ။*

လူဦးရေကြောင့် နယ်ချဲ့ရလျှင် ဟော်လန်သည် အင်္ဂလန်

---

*မန်ချူးကော (မန်ချူးရီးယား) မှာ ဂျပန်ပြည်၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အထူး အထောက်အပံ့ ပေးခဲ့လေသည်။ ဂျပန်ပြည်၌ ကုန်စည်များ ရောင်းချရန် ဈေးဖြစ်လာလေသည်။ ဂျပန်ကုန်များကို တရုတ်ပြည်သို့ တင်ပို့ကြရသည်ထက်.... ၃ ဆမျှပိုပို၍ မန်ချူးကောသို့ တင်ပို့ရလေသည်။ မန်ချူးကောသို့ တင်ပို့ခဲ့ရသော ဂျပန်ကုန်မှာ တနှစ်ထက်တနှစ် တိုးတက်လာလေသည်။ ၁၉၃၂ ခုနှစ်က မန်ချူးကောသို့ တင်ပို့သော ဂျပန်မှာ မန်ချူးကောမှ ဂျပန်သို့တင်သို့သော ရာခိုင်နှုံးအရ ၈°၄ ၁၉၃၃' ခုနှစ်မှာ ၆၈°၅ ၁၉၃၅ ခုနှစ်မှာ ၇၅°၄ အထိ တိုးတက်လာလေသည်။ မန်ချူးကော၏ ကုန်ရိုင်းများဖြစ်သော ဆိုယာပဲ ကျောက်မီးသွေး ကျွန်းသစ် ၈၂နှင့် သံများကိုလည်း.... လက်ဝါးကြီးအုပ် နိုင်ခဲ့ကြလေသည်။

ဟင်နရီချိန်ဘာလိန့်ရေး အာရှတိုက်ကို လွှမ်းမိုးသော ဂျပန် စာအုပ် စာမျက်နှာ (၃၆)



ထက် စစ်ပြင်နေမည်ဖြစ်လေသည်။ အကြောင်းကား ဟော်လန်၌ စတုရန်းတမိုင်လျှင် ဖျမ်းမျှခြင်းအားဖြင့် လူ ၅၀၀-ခန့်နေထိုင်ကြရ၍ အင်္ဂလန်၌ ၄၀၀-ခန့်သာနေထိုင်ကြရလေသည်။

လူဦးရေး ထူထပ်များပြားသဖြင့် လူတို့၏နေထိုင်ကြရမှု အဆင့်အတန်း အလွန်တမင်း လျော့ကြရခြင်းမှာ နယ်ချဲ့စံနစ်၏ မလွဲမပြောင်းလိုသော ထုံးစံအကြောင်းရင်းတရပ်သာ ဖြစ်ခဲ့လျှင် အိန္ဒိယပြည်နှင့် ဂျားဗားကျွန်းတို့မှာ နယ်ချဲ့သမားအကြီးစားကြီးများ ဖြစ်နေကြပေမည်။ သို့ကြောင့် လူဦးရေ ပိုလျံခြင်း အယူအဆမှာ တိုင်းပြည်တိုင်း လူမျိုးတိုင်း၏ အယူအဆ မဟုတ်ကြဘဲ နယ်ချဲ့စံနစ်လမ်းကြောစ်းကိုလိုက်နေကြရသောအရင်းရှင်ကြီးများ၏ အလိုကျ အယူအဆသာလျှင်ဖြစ်ကြောင်း ထပ်ရှားလှပေသည်။ *

အံ့မခန်းတိုးတက်လာသော ကုန်လုပ်ကြိယာစွမ်းအားမှာ အမြတ်အစွန်းကို အရင်းခံအဖြစ် မူတည်ထားသော ကျဉ်းမြောင်လှသည့် အရင်းရှင်စံနစ်နယ်နိမိတ်နှင့် မဆန့်အောင် ဖြစ်လာလေသည်။ သို့ကြောင့်ပင် ကမ္ဘာ့အနှံ့အပြား စီးပွားရေးပျက်ပြားခြင်း စက်ရုံလုပ် ကုန်စည်အထွက် ရပ်စဲခြင်း၊ လူတွေတလှေကြီးအလုပ်လက်မဲ့ ဖြစ်ကြရခြင်း၊ ငတ်မွတ်ခေါင်းပါးကြကာ မွဲပြာကျကြရခြင်း၊လူများ၏ နေထိုင် စားသောက်ကြရမှု အဆင့်အတန်း လျော့ကျကြရခြင်းတို့ကို အရင်းရှင်စံနစ် စတင်ပေါ်ပေါက်ပြီး လိုက်နာကျင့်သုံး စကတည်းက တခါမျှမကြုံဘူးအောင် ကြုံတွေ့ဖြစ်ပျက်ကြရလေသည်။

---

* ပန်းဒတ်ရေး ကမ္ဘာ့နိုင်ငံရေး စာမျက်နှာ (၁၇၉)

# (ဂ)ဖောင်စီးရင်းရေငတ်

လက်ရှိ လက်ဝါးကြီး အုပ် အရင်းရှင်စံနစ်၏လုပ်ငန်းမှာ ကမ္ဘာ့မြေဆီ မြေသြဇာများမှ လူ့အသုံးအဆောင် ပစ္စည်းများဖြစ်လာအောင် အလုပ်သမားများအားနှင့် လုပ်ထားရသော လူသုံး ပစ္စည်းများနှင့် ကုန်လုပ်ကြိယာစွမ်းအားကို စီးစံနစ်ကျနစွာ ဖျက်ဆီး သုတ်သင်ရေးပင် ဖြစ်လေသည်။

ပထမ၊ကမ္ဘာ့ထွက်ကုန်နှင့်နှိုင်းချိန်ကာ လူသုံးပစ္စည်းထွက်ရာ ကမ္ဘာ့အရပ်ရပ်၌ ဖျက်ဆီးသုတ်သင်ခြင်း။

ဒုတိယ၊ကုန်စည်နှင့်တကွ ကုန်လုပ်ကြိယာစွမ်းအားတို့ကို ကန့်သတ်ခြင်း၊ လုံးဝဖျက်ဆီးခြင်းတို့၌ အစိုးရများက အမတော်ငွေများ ထောက်ပံ့ကြကာကူညီကြခြင်း။

တတိယ၊ဤသို့ ဖျက်စီးကြရာ၌ လုပ်ဆောင်ရေးကုန်စည်



များနှင့် ကုန်လုပ်ကြိယာစွမ်းအားတို့ကိုသာ ဖျက်ဆီးကြရုံမျှမက ကောက်ပဲသီးနှံ များကို မရိတ်သိမ်းကြမီ ထွန်တုံးဖြင့်တိုက်ဖျက်ပစ်ကြခြင်း၊ မီးရှို့ပစ်ကြခြင်း၊ အရင်းရှင်အခြင်းခြင်း သွေးညှိ၍ ကုန်စည် အထွက်ကန့်သပ်ကြခြင်း၊ စက်ကြိယာများကိုချိုးဖွဲ့ပစ်ကြခြင်း၊ သန်းပေါင်းများစွာသောအလုပ်သမားတို့ကိုအလုပ်လက်မဲ့ဖြစ်စေကြခြင်း။

အထက်ပါအချက်များမှာ အရင်းရှင်စံနစ်၏ စံနှစ်ကြသော ဖျက်စီးပစ်မှုများပင် ဖြစ်လေသည်။

ကုန်စည်အမြောက်အမြား ထွက်လျှင် ဈေး ကျသွား၏။ ဈေးကျသွားလျှင်အမြတ်အစွန်းများများမရတော့။ ထို့ကြောင့် ဈေးမကျဘဲ အမြတ်အစွန်းများများ ရနိုင်အောင် အမြောက်အမြား ထွက်ပြီးသော ကုန်စည်အချို့အဝက်ကို ဖျက်ဆီးပစ်ကြရလေသည်။ဤပုံမှာ လက်ရှိအရင်းရှင်စံနစ်၏သွားရာလမ်းကြောင်းကို အကြမ်းသဘောအားဖြင့် ကြည့်ရှုခြင်း ဖြစ်လေသည်။ *

သန်းပေါင်းအသချေမရေတွက်နိုင်သော လူအပေါင်းမှာ ငတ်မွတ်ခေါင်းပါးသည့် ဆင်းရဲဘေးကပ် ဆိုက်နေကြရသည့်အ

---

* တခါတရံ အရင်းရှင်တို့သည် အမြတ်အစွန်း ပိုမိုရရှိနိုင်ရန်အတွက် မိမိတို့အချင်းချင်း ညှိနှိုင်း တိုင်ပင်ကြပြီးလျှင် ပိုလျှံနေသောရှိရင်းစွဲ ပစ္စည်းအချို့အဝက်ကို ဖျက်ဆီးပစ်ကြလေသည်။ ဤသို့ဖျက်ဆီးခြင်းဖြင့် ကုန်အထွက်နည်းပေးလိုက်ခြင်းပင်ဖြစ်၏။ ကုန်အထွက်နည်းသဖြင့် အရောင်းရတွင်ကာ ကုန်ဈေးတက်၍ အမြတ်အစွန်း ပိုမိုရနိုင်ကြ၏။ (ကိုစိုးရေး ဆိုရှယ်လစ်ဝါဒ စာမျက်နှာ ၂၂။)

တွင်း သန်းပေါင်းများစွာသော ကော်ဖီအိပ်များကို မီးလျှို့ပစ်ကြခြင်း၊ တန်ချိန်ပေါင်းများစွာသော ကောက်ပဲသီးနှံ များကို ပင် လယ်ဖ်တွင်းသို့ သွန်ပစ်ကြခြင်းတို့ဖြင့် အရင်းရှင်စံနစ်သည် ကမ္ဘာကြီးတခုလုံးကို တုန်လှုပ်ချောက်ခြားစေခဲ့ ကြလေသည်။

ဤသို့ စားကုန်သောက်ကုန်များကို ဖျက်ဆီးပြစ်ကြခြင်းကိုမှာ စိတ်မမှဲ့သော အရင်းရှင်တချို့တလေ၏ တဇွတ်ထိုး တကြောင်းတိုက် အဓမ္မလုပ်ငန်းဟု မမှတ်သင့်ပေ။

ဤ ကိစ္စများကို ကမ္ဘာတဝှမ်းလုံးရှိ အရင်းရှင် အစိုးရ အားလုံး တို့က စီးစံနစ်ကြနစ္စာ ဆောင်ရွက်ပေးကြလေသည်။

အမေရိကန်ပြည်၌ ၁၉၂၀-ပြည့်နှစ်မှ ၁၉၂၉-ခုနှစ်အတွင်း လယ်ထွန်းစက်ပေါင်း ၂၄၆၁၀၀၀-မှ ၈၄၃၀၀၀ အထိ တိုးတက် သုံးစွဲလာသည်ဟု သိရ၏။

ဤသို့ လယ်ထွန်စက်များကို တိုင်းပြည်အဝှမ်း သုံးစွဲခဲ့ကြသဖြင့် တိုင်းပြည်ရှိ လယ်ယာထွက်ကုန်များမှာ ယခင်ကထက် သုံးလေးဆမျှ တိုးတက်ထွက်မည်ဖြစ်၍၊ တိုင်းသူပြည်သား အားလုံးတို့မှာ စားမှုသောက်မှုနှင့် ပတ်သက်၍ မရှိဟူသော စကား မကြားဘူးသလို ချောင်လည်စွာနေထိုင်နိုင်ကြပေမည်။ သို့သော် အမေရိကန် အရင်းရှင်အစိုးရ၏ လုပ်ငန်းများမှာကား လက်ရှိ စားရမဲ့သောက်ရမဲ့ဖြစ်နေကြသောအလုပ်လက်မဲ့ ၁၄-သန်းရှေ့ မျက်မှောက်မှာပင် စက်ကြီးယာကြောင့် ပိုမို ထွက်လာသော လယ်ယာတွက်ကုန်များကို ဖျက်ဆီးပစ်ကြခြင်းပင်ဖြစ်လေသည်။

အောက်ပါဇယား၌ လယ်ယာထွက်ကုန်များကို ဖျက်ဆီးခြင်း၊ ကန့်သတ်ခြင်းတို့အတွက် အမေရိကန်အစိုးရက (၁၉၃၃ ခုနှစ်၌)အမတော်ငွေထုတ်ပေးခဲ့ပုံကို ဖော်ပြထားသည်။



| | | | |
|---|---|---|---|
| ဝါဂွမ်းပင်များကို ထယ်နှင့်ထိုးဖျက်ပစ်ခြင်း၊ ဒေါ်လာသန်းပေါင်း | | | ၁၁၀ |
| ၁၉၃၄-ခုနှစ် ဝါဂွမ်းအထွက်လျှော့ပစ်ခြင်း၊ | ။ | ။ | ၁၅၀ |
| ဝက်စာလျှော့ပစ်သဖြင့် အရေးတကြီးဝက်များကို သတ်ပစ်ရခြင်း၊ | ။ | ။ | ၃၃ |
| ဝက်စာများကိုလျှော့ပစ်ခြင်း၊ | ။ | ။ | ၃၅၀ |
| ဂျုံအထွက်လျှော့ပစ်ခြင်း၊ | ။ | ။ | ၁၀၂ |
| ဆေးအထွက်လျှော့ပစ်ခြင်း၊ | ။ | ။ | ၂၁ |

ဒိန်းမတ်ပြည်မှာ နွားနို့ ဒိန်ခဲ ထောပတ်စသည်တို့အတွက် အထူးကျော်ဇောခဲ့ပေသည်။ သို့သော် လွန်ခဲ့သော(၁၉၃၃)ခုနှိုဝင်ဘာလလောက်က ကြားသိရသည်ကား ဒိန်းမတ်အစိုးရသည် နွားနို့ လျှော့ပေါ့ရန်အတွက် တနင်္ဂနွေတပတ်လျှင် နွားကောင်ရေ ၅၅၀၀- ကျသတ်ပစ်ခဲ့လေသည်။ နွားများကို စံနစ်ကျကျသတ်ပစ်နိုင်ရန်အတွက် အစိုးရက အမတော်ငွေများကို ထုတ်ပေးရုံမျှမက ဒိန်းမတ် ပါလီမန်လွှတ်တော်၌ပင် သားသတ်ရုံများ တိုးတက်ဆောက်လုပ်ရေးအတွက် ဆွေးနွေးခဲ့ကြလေသည်။

အင်္ဂလန်ပြည်၌လည်း ကျောက်မီးသွေးအထွက်ကန့်သတ်ရန်အတွက် ကျောက်မီးသွေးတွင်း အက်ဥပဒေတခုကို အတည်ပြုခဲ့လေသည်။

၁၉၃၁-ခုဒီဇင်ဘာလတွင် ဘရာဇီး၌ကျင်းပခဲ့သောကမ္ဘာလုံးဆိုင်ရာကြေးနီတွင်းပိုင် အရင်းရှင်ကြီးများ၏ အစည်းအဝေးက ကမ္ဘာ့ကြေးနီအထွက်ကို ရာခိုင်နှုန်း ၂၆-သို့လျှော့ချပစ်ရန် အဆိုကို အတည်ပြုခဲ့ကြလေသည်။

တောင်အမေရိကတိုက် ဘရာဇီးပြည်နယ်ရှိ အမျိုးသား နေ့ရှင်နယ်ကော်ဖီကောင်စီခေါ် ကော်ဖီလုပ်ငန်းပိုင် အရင်းရှင်ကြီးများ၏ အသင်းကြီးက ၁၉၃၁-ခုနှစ်အတွင်း ကော်ဖီအိပ်ပေါင်း ၁၂-သန်းကို ဖျက်ဆီးပစ်လိုက်ကြလေသည်။ ၁၉၃၃-ခုနှစ်အတွင်း အမေရိကန် အစိုးရသည် လယ်ယာဌာနက စိုက်ပျိုးပြီးဝါဂွမ်းများကိုဖျက် ဆီးပစ်ကြရန်အတွက် လယ်တကေလျှင်အမတော်ငွေဒေါ်လာ ၇-ပြားမှ ၂၀ပြားအထိ လယ်သမားများကို ထုတ်ပေးခဲ့လေသည်။

ဤသို့ အစိုးရကအမတော်ငွေ ထုတ်ပေးခဲ့သည့်အတွက် အမေရိကန်တပြည်လုံးရှိ လယ်ကေသန်းပေါင်း ၄၀-အနက် လယ်ကေ ၁၁-သန်းခန့်ကို ဖျက်ဆီးပစ်နိုင်ခဲ့လေသည်။

လက်ရှိအရင်းရှင်စံနစ်ကား သေအံ့ဆဲဆဲ ကျားနာကြီးကဲ့သို့ တွေ့သမျှသတ္တဝါများကို ကိုက်ဖျက်သတ်ဖြတ်နေလေပြီ။ နှစ်ပေါင်း၆၀၀၀- ကျော်တိုင်တိုင်မရေမတွက်နိုင်သောလူသတ္တဝါများ၏ အသက်သွေးခဲများဖြင့် ပြုစုပျိုးထောင်ခဲ့သော ကမ္ဘာ့ယဉ်ကျေးမှုကြီးကို တနံ့နက်ထည်းနှင့် ဖျက်ဆီး ပစ်တော့မည်။ အရင်းရှင်စံနစ်သည် စားရမဲ့ သောက်ရမဲ့ဖြစ်နေကြသည့် သန်းပေါင်းများစွာသော လူသတ္တဝါတို့ကို ကမ္ဘာ့မြေဆီသြဇာများ ခံစားခွင့်မပေးကြယုံမျှမက ဗုံးဆံအမြောက်ဆံ၊ အဆိပ်ပါသည့် ဓါတ်ငွေ့ များဖြင့် သေကြေ ပျက်စီးကြရမည့် လူကြီးလူငယ် မိန်းမကလေးများ၏ အလောင်းကောင်များပေါ်၌ မိမိအသက်ဆက်လက် တည်တန့်ရန်အတွက် ငယ်မူပြန်ဆေး အားတိုးဆေး များကိုဖေါ်စပ်ကြရန် ကြံစည်နေကြပေသည်။



ယနေ့အရင်းရှင်များသည် လူသတ္တဝါများကို အသက်ဆက်ပေးမည့် စားကုန် သောက်ကုန်များကိုမီးလောင်တိုက်သွင်းနေကြပေပြီ။ နက်ဖြန်သော်ကား လူသတ္တဝါများကို အရှင်လတ်လတ်မီးလောင်တိုက်သွင်းကြတော့အံ့။

## (ဃ) ခေတ်နောက်ပြန်ဆွဲနေသော အရင်းရှင်စံနစ်

၁၇၀၀ ပြည့်နှစ်နှင့် ၁၉၀၀ ပြည့်နှစ် အတွင်း ကုန်လုပ်ကြိယာစွမ်းအားကို အပြင်းအထန်မြှင့်တင်ပေးခဲ့ခြင်းဖြင့် အရင်းရှင်စံနစ်သည် လူသတ္တဝါများ၏ ကောင်းကျိုးကို ဆောင်ရွက်ခဲ့လေသည်။ ထိုအချိန်အခါကအရင်းရှင်စံနစ်သည် ရှေ့သို့မြင့်တက်နေသဲဖြစ်လေသည်။ အလုပ်သမား များကိုလည်း စက်ကြိယာများ၏တန်ခိုးအာနိသင် အကျိုးကျေးဇူးစသည်တို့ကို သွန်သင်ပြသ ပေးခဲ့ကြလေသည်။

သို့ရာတွင် ၁၉၀၀ပြည့်နှစ်မှ ကျော်လွန်၍လာသောအခါ စက်ကြိယာများ အံ့မခန်းအောင် တိုးတက် ထွန်းကားလာလေသဖြင့်အရင်းရှင်များသည် ကုန်လုပ်ကြိယာစွမ်းအား အလွန်တမင်း တိုးတက် လာခြင်းကြောင့် အမြတ်အစွန်းများများမရနိုင်တော့ဟုယုံကြည်ကြကာ လက်တွင်းရှိစက်ကြိယာများကို ရွံရှာမုန်းတီး လာကြလေတော့သည်။ စက်ကြိယာများသည် အရင်း



ရှင်စံနစ်ကို မြေမြှုပ်သုတ်သင်ကြတော့မည်ဟု သိရှိလာကြသဖြင့် စက်ကြိယာများသည် လူသတ္တဝါများကို ဝါးမျိုနေကြပြီဖြစ်ကြောင်း ကြွေးကြော်လာကြလေသည်။

အလုပ်သမားများသည် အရင်းရှင်စံနစ် လက်အောက်၌ မည်မျှ နင်းပြားအဖြစ်သို့ ကျရောက်နေကာမူ ကုန်လုပ်ကြိယာစွမ်းအား၏အကျိုးကျေးဇူးများကို မြင်နေကြလေသည်။ လက်ရှိစက်ကြိယာများကို လူနည်းစုလက်တဆုပ်စာမျှသောအရင်းရှင်တို့၏ ကောင်းကျိုး ချမ်းသာအတွက်သာ အသုံးမပြုဘဲ ထိုလူနည်းစုအရင်းရှင်များလက်ထဲမှ ဆွဲယူကြကာ လူသတ္တဝါအားလုံးအကျိုးအတွက် အသုံးပြုမည်ဆိုက စက်ကြိယာများသည် ယခုကမ္ဘာကြီးကို လောကငရဲဘဝမှ လောကနိဗ္ဗာန် ဘဝသို့ ရောက်အောင်သွားနိုင်သည်ကို အလုပ်သမားများက ကောင်းစွာသိနားလည်ပြီး ဖြစ်ကြလေပြီ။

အရင်းရှင်များ ကိုယ်တိုင် စက်ကြိယာ ထွန်းကားမှုကို အပြင်းအထန်ဖိနှိပ်ချုပ်ချယ်နေဆဲယခုအချိန်အခါ၌မိမိတို့၏ ပင်ကို ဉာဏ်အစွမ်းအစဖြင့် လူသတ္တဝါ အပေါင်း၏ အကျိုးကို ဆောင်လိုသော လောကဓါတ်ဆရာများမှာ အနှောက်အယှက်အဖျက်အဆီး အမျိုးမျိုးတို့နှင့် ရင်ဆိုင်နေကြရသည်မှာ ယနေ့ကမ္ဘာ၌ နေ့စဉ်မြင်တွေ့နေကြရသော အဖြစ်အပျက်များ ဖြစ်လေသည်။

ဓါတုဗေဒဆရာ၊ ရူပဗေဒဆရာ၊ လောကဓါတ်ဆရာများမှာ လူသတ္တများအမြန်ဆုံးသေကြေပျက်စီးနိုင်မည့် ဗုံးဆံအမြောက်ဆံ၊ အဆိပ်ဓါတ်ငွေ့ စသည့်သေမင်းတမန်များကို ကောင်းသည်ထက်ကောင်းအောင်, ထက်မြက် သည်ထက်, ထက်မြက်အောင်

ဖန်ဆင်းပေးရန် အတွက် အရင်းရှင်များ၏ ကြေးစားအဖြစ်သို့ လျှောကျ နေကြရလေသည်။ *

တဖန် စက်ကြီယာသစ် ထွင်သူတယောက်သည် ယခင်က လူတထောင်လုပ်မှ ပြီးစီးသော အလုပ်ကို လူတရာတည်းနှင့်ပြီးနိုင်သောစက်ကြီယာသစ်တခုကိုတည်ထွင်သည်ဆိုကြပါစို့ -။

အရင်းရှင်စံနစ် လက်အောက်၌ သူတည်ထွင်လိုက်သော စက်မှာ ကမ္ဘာကြီး၏စည်းစိမ်ကို တိုးတက်အောင်မလည်နိုင်ရုံမျှမက လူသတ္တဝါကိုးရာကို အလုပ်လက်မဲ့ဖြစ်စေ၊ ငတ်မွတ်မွဲတေဆင်းရဲ ကြပ်တည်းစေပေလိမ့်မည်။

နောက်တဖန်စက်ကြီယာအသစ်အဆန်းပေါ်တိုင်း လက်ဝါးကြီးအုပ် အရင်းရှင်အဖွဲ့ကြီးများက ထိုစက်ကြီယာများကို အပိုင်ဝယ်ယူကြလေသည်။ ဤသို့ ဝယ်ယူကြသည်မှာ အသုံးပြုကြဘို့မဟုတ်ဘဲဖျက်ဆီးပစ်ကြဘို့ဖြစ်လေသည်။ စက်ကြိယာများအသစ်အဆန်းပေါ်တိုင်း အရင်းရှင်များမှာ ထိုစက်ကြီယာသစ်များကို ဝယ်ယူဖျက်ဆီးပစ်ကြလေသည်။ အကြောင်းသော်ကား စက်ကြီယာအသစ်ပေါ်လာခြင်းဖြင့်ငွေအမြောက်အများအကုန်အကျခံကာ တည်ဆောက် ထားရသော လက်ရှိ စက်ကြီယာ အသုံးမဝင် ခေတ်မမှီတော့မည်ဖြစ်သောကြောင့်ပေတည်း။

အမေရိကမှအိုဝင်ဆိုသော လောကဓါတ်ဆရာတယောက်သည် ဖန်ဘူးဖန်ခွက်ထုတ်လုပ်သည့်စက်ကြီယာသစ်တခုကို တည်

---

*အရင်းရှင်များ၏ကြေးစား၊လောကဓါတ်ဆရာများ၏ စွမ်းရည်ကြောင့် ယခင်က ရိုးရိုးသေနတ်မှ ယခုအခါတမိနစ်တွင် အချက် ၅၀၀ထွက်သောသေနတ် ဖြစ်လာလေသည်။



ထွင်ဆောက်လုပ်လိုက်၏။ ထိုသူတည်တွင်ဆောက်လုပ်လိုက်သော စက်ကြီယာသစ်ကို ဂျာမနီပြည်မှ ဖန်ဘူး ဖန်ခွက် စက်ရုံပိုင်ရှင်လက်ဝါးကြီးအုပ်အရင်းရှင်အဖွဲ့ကြီးကအဘိုးမြောက်မြားစွာဖြင့် ဝယ်ယူလိုက်ပြီးလျှင် ဖျက်ဆီးပစ်လိုက်လေသည်။

လွန်ခဲ့သော ၁၉၃၃ ခုနှစ်အတွင်းဟစ်တလာကြီးစိုးသော ဖက်ဆစ်ဂျာမနီပြည်၌ ဆေးလိပ်,လိပ်သည့် စက်ကြိယာသစ်များ ကိုအသုံးမပြုစေဘဲ အလျှင် စက်ဟောင်း များကိုသာ ပြန်လည်အသုံးပြုစေရန်အတွက် အက်ဥပဒေထုတ်၍ပင် ကြပ်မတ်ပိတ်ပင်ခဲ့လေသည်။

ယခုအခါ လူသတ္တဝါအားလုံး၏ရှေ့မှောက်၌ လမ်းနှစ်သွယ်ပေါ်လျက်ရှိလေပြီ။

ပထမလမ်းကား ကုန်လုပ်ကြီယာစွမ်းအားကို ချိုးဖျက်ခြင်း၊ကမ္ဘာပေါ်ရှိ လူအမျိုးမျိုး သွေးကွဲကြကာ ဆက်ဆံမှုဝေးသထက် ဝေးသွားခြင်း၊ လူသတ္တဝါအပေါင်းတို့သည် ကပ်အမျိုးမျိုးစိုက်ကြကာ ဘေးအမျိုးမျိုး ဆင်းရဲခြင်း အသွယ်သွယ်တို့ဖြင့် သေကြေပျက်စီးကြခြင်းတို့ဖြင့် ကမ္ဘာ့ယဉ်ကျေးမှုကြီးကို အမြစ်မှလှန်လျှောဖို့ဖျက်ကြကာ လူရိုင်းခေတ်သို့ ပြန်လည်သွားနေသောခရီး၊ ဤခရီးသို့ အရင်းရှင်စံနစ်က ပို့ဆောင်နေလေသည်။

ဒုတိယလမ်းကား ကုန်လုပ်ကြိယာစွမ်းအားကိုလူသတ္တဝါအကျိုးအားလုံးအတွက် အသုံးပြုခြင်း၊ ဆင်းရဲမှု၊ မိုက်မဲတေ့ဝေမှု၊လူ့အဆင့်အတန်းခွဲခြားမှုနှင့်ရောဂါတူပြောမှုတို့ကိုအမြစ်ဖြတ်ခြင်း၊လောကဓါတ်ပညာနှင့်တကွ လူ့ယဉ်ကျေးမှုများကို လွတ်လပ်စွာ ထွန်းကားစေခြင်းတို့ဖြင့် လောကနိဗ္ဗာန်ခေတ်သို့ သွား

နေကြသော ခရီး၊ ဤခရီးသို့ ဘုံစံနစ်က ပို့ဆောင် ပေးနေလေသည်။

ဤလမ်းနှစ်သွယ်အနက် မည်သည့်လမ်းကို လိုက်ကြမည်နည်း။ဤမေးခွန်းအတွက် လူသတ္တဝါတိုင်းထံမှအဖြေကို စောင့်မျှော်လျက်ရှိနေလေသည်။

## (င) အလုပ်လက်မဲ့ပြဿနာ

လက်ရှိ လက်ဝါးကြီးအုပ်ဓနရှင်စံနစ်လက်အောက်၌ အလုပ်လက်မဲ့ပြဿနာမှာ ကြောက်မက်ဘွယ် မကောင်းဆိုးဝါး သတ္တဝါကောင်ကြီးအသွင်ဖြင့် လူများအတွင်းသို့ သက်ဆင်းလငကာ အိုးအိမ်တည်ထောင်အုံ့ဆဲဖြစ်ကြသော အရွယ်ရောက်သူ လူငယ်တိုင်းကို တုန်လှုပ်ချောက်ချားစေခဲ့လေပြီ။

ယနေ့လူငယ်များ၏ရှေ့ရေးမှာ မတွေးဝံ့လောက်အောင် တိမ်ခိုးမြူမှောင်များဖြင့် ပိတ်ဖုံးလျက်ရှိနေတော့သည်။ကျောင်းသား အဖြစ်နှင့်နေရစဉ်က မျက်မှန်းရမ်းဆခဲ့ရသော လူများ၏ အဖြစ်မှာ ရုပ်ရှင်ဇာတ်လမ်းသဖွယ် အလွန်သာယာ ပြေပြစ်နှစ်သက်ဘွယ်၊ ကြေနပ်ဘွယ်တို့နှင့် ပြည့်နေသလောက် လက်တွေ့လူ့ဘောင်မှာ သာယာပြေပြစ်ခြင်း အလျှင်းကင်းလျက် ဘေးအ

ပေါင်း ဆင်းရဲခြင်းအပေါင်းတို့ ပတ်ဝိုင်းနေသောခရီးကြမ်းကြီး သဘွယ် ဖြစ်နေသည်ကို ကိုယ်တိုင်တွေ့ကြုံ ခံစားကြရလေသည်။

ပွင့်သစ်စ ပန်းကလေးများကဲ့သို့ လူမျိုး၏ ဂုဏ်ယူစရာ သန်မာထွားကြိုင်းဆဲဖြစ်သော အသက်–၂၀၊ ၂၁-နှစ်ရွယ် လူငယ်ကလေးများမှာ မိမိတို့တဝမ်းတခါး လှုကြရုံအတွက်ကိုမျှ လုပ်စရာ အလုပ်မရှိကြဘဲ ဗလာသက်သက် အချိန်ကိုဖြုန်းတီးနေကြရသည်မှာ သည်းမခံနိုင်လောက်သောလက်ရှိမနေရှင်စံနစ်၏အပြစ်ကြီးပင် ဖြစ်ပေသည်။

ကုန်စည်များကို ခဏအတောအတွင်း လိုသလောက် အမြောက်အမြား ထွက်နိုင်သော ကုန်လုပ်ကြိယာ စွမ်းအားဖြင့် တည်ဆောက်ထားသော စက်ရုံကြီးများမှာ အသင့်ပင်တည်ရှိနေကြ၏။ လောကဓာတ်အတတ်ဖြင့် စီမံထားသော စက်ရုံကြီးများမှာအသင့်ပင်တည်ရှိနေကြ၏။ လောကဓာတ်အတတ်ဖြင့်စီမံထားသော စက်ရုံတွင် ကုန်စည်လုပ်ရန်အတွက် ကုန်စိမ်းကုန်ကြမ်း အမြောက် အမြားကမ္ဘာ့မြေဆီမှထုတ်ယူနိုင်၏။ ကုန်စိမ်းကုန်ကြမ်းများကို စက်ရုံထွက် ကုန်ချောများအဖြစ်သို့ရောက်အောင် လုပ်မည့် အလုပ်သမားများလည်းအသင့်ရှိကြ၏။ စက်ရုံထွက်ပစ္စည်းများကို သုံးစွဲမည့် စားရမဲ့၊ သောက်ရမဲ့ ဖြစ်နေကြသော လူသတ္တဝါတွေမှာလည်း မရေတွက်နိုင်အောင်ရှိကြ၏။

ယခုအခါ အလုပ်လက်မဲ့၊ စားရမဲ့-သောက်ရမဲ့၊ ဝတ်ရမဲ့ ဖြစ်နေကြသော အလုပ်သမားများသည် စက်ရုံကြီးများတွင် ကုန်ရိုင်းများကို ကုန်ချောအဖြစ်သို့ လုပ်ဆောင်ကြကာ ထိုကုန်ချောများကို လူများသို့ ဝေငှပေးလိုက်လျှင်ကား လူတိုင်းမပူရ မပင်ရဘဲ အေးချမ်းသာယာစွာနေနိုင်ကြပေလိမ့်မည်။



သို့သော် မျက်မြင် တွေ့နေကြရသော အရင်းရှင် စံနစ်၏ လုပ်ငန်းမှာ ဤသဘောနှင့် တိုက်ရိုက်ဆန့်ကျင်၍ နေလေသည်။ ကုန်လုပ် ကြိယာစွမ်းအား တိုးတက်လာသည့်အလျောက် ကုန်ရိုင်းများနှင့် ကုန်ချောများ အဆမတန် ပေါများလာပါက အမြတ်ကို အခြေခံထားကြသော စံနစ်မှာ ဆက်လက် တည်တံ့နိုင်တော့မည် မဟုတ်တော့သဖြင့် အမြတ်ကိုသာမူထားကြသော အရင်းရှင် စံနစ်သည် ကုန်ရိုင်းရော ကုန်ကြမ်းပါ အားလုံး အထွက်နည်းသထက်နည်းအောင် စက်ရုံကြီးများကိုပိတ်ပစ်ကြကာ ကုန်စိမ်း ကုန်ကြမ်းများကို ဖျက်စီးပစ်ကြ၍ အလုပ် သမားများကိုလည်း အလုပ်လက်မဲ့ ဖြစ်စေကြပြီးလျှင် လူသတ္တဝါ အားလုံးတို့လည်း တနေ့တခြား မွဲသထက်မွဲ၊ ဆင်းရဲသထက်ဆင်းရဲ ငတ်မွတ်သထက် ငတ်မွတ်၊ သေကြေပျက်စီး စေခဲ့ကြလေသည်။

မနေရှင်စံနစ်ကြောင့် သန်သန်စွမ်းစွမ်းလုပ်နိုင် ကိုင်နိုင်ကြလျက် အလုပ်လက်မဲ့ ဖြစ်နေကြရသူပေါင်းမှာ တကမ္ဘာလုံးခြုံ၍ ကြည့်လိုက်လျှင် သန်းပေါင်း ၅၀-ကျော်မျှ ရှိနေခလသည်။

(Bxcluding Peasant Prole Tariat)

မနေရှင်နိုင်ငံကြီးများ ဖြစ်ကြသော အမေရိကန်၊ ဂျာမနီနှင့် အင်္ဂလန်တို့ထွင် အဟုပ်လက်မဲ့ သန်းပေါင်း ၁၄-သန်း၊ ဂ-သန်းနှင့် ၂-သန်းစီ အသီးသီးရှိကြလေသည်။

ကမ္ဘာ့ မြေပြင်ပေါ်သို့ မနေရှင်စံနစ် ပေါ်ပေါက်လာ၍ ကုန်လုပ်ကြိယာစွမ်းအား တိုးတက်လာသည်နှင့်အမျှ အလုပ်သမားများမှာသည်း လူပိုများအဖြစ် စက်ရုံများမှ နှင်ထုတ်ခံကြရခြင်းကိုခံခဲ့ကြရလေသည်။ သို့ရာတွင် ထိုအလုပ်သမားများမှာကုန်ဈေးကောင်းလျှင် အလုပ်ပြန်ရရှိကြ၍ ကုန်ဈေး မကောင်းလျှင်

အလုပ်လက်မဲ့အဖြစ်သို့ ပြန်လည်ရောက်ရှိကြရန်ဖြစ်လေသည်။ *

ကမ္ဘာစစ်ကြီးပြီး၍ မနေရှင်စံနစ်မှာလည်း ရိုင်လဲပြိုကွဲလု မတတ် ပျက်စီးယုတ်လာသောအခါတွင်ကား အလုပ်လက်မဲ့ဖြစ် ကြရမှုမှာ အမြဲဖြစ်လာရလေသည်။ ထိုအချိန်ကစ၍ အလုပ်လက် မဲ့များမှာ အမြဲအလုပ်လက်မဲ့ ဖြစ်လာကြရပြီးလျှင် အရင်းရှင် စံနစ်ကလည်း မည်သို့မျှအလုပ်မပေးနိုင်တော့ချေ။

ထိုအခါ ဘုံနိုင်ငံတည်ထောင်ရေးအယူအဆကို ကြိုက်နှစ် သက်ခဲ့၊ သဘောကျခဲ့၊ တည်ထွင်ခဲ့သော အိမ်ဂျယ်လ် ပြောပြ သကဲ့သို့ မြောက်မြားစွာသော ပစ္စည်းမဲ့အလုပ်သမားများမှာ မနေ ရှင် စံနစ်အတွက် အသုံးမဝင်တော့သော လူပိုလူလျှံ အလုပ်လက် မဲ့များ အဖြစ်သို့ ရောက်ကြကာ အစာငတ်မွတ်ခြင်းမှ သို့မဟုတ် တော်လှန်ပုန်ကန်ခြင်း နှစ်ခု တခုခုကိုရွေးချယ်ကြရ ပေတော့မည် မှာ မလွဲနိုင်တော့ပေ။★

............................................................

*အလုပ်လက်မဲ့ လူပိုများမှာမနေရှင်များ၏ အရင်းအနှီး စုဆောင်း ရေးအတွက် လှေခါးထစ်အဖြစ် အသုံးချခြင်းခံကြရ၍ မနေရှင် စံနစ်အရ ပစ္စည်းလုပ်ငန်းတွင် အထူး အရေးကြီးလာပေ သည်။ အလုပ်လက်မဲ့ များမှာ မနေရှင် တို့အတွက် အရန်သင့် ထားရသောအလုပ်သမားတပ်အပိုဖြစ်နေပြီးလျှင် မနေရှင်တို့ကိုယ် တိုင် ကျွေးမွေးထားကြရသော အလုပ်လက်ရှိအလုပ်သမားများ နှင့်ပခြား အရင်းရှင်တို့ကို အကျိုးရှိစေလေသည်။ ကားလ်မတ် ရေးအရင်းစာအုပ် ပထမတွဲ စာမျက်နှာ ၆၇၆။

★'အိန်ဂျယ်လ်ရေး အင်္ဂလန်ပြည် အလုပ်သမားများအခြေ အနေ' စာအုပ်မှ....



အလုပ်သမားများ၏ တော်လှန် ပုန်ကန်မှုကို အရင်းရှင် များ အကြောက်ဆုံး ဖြစ်ကြလေသည်။ ကားလ်မတ်စ်ပြောသကဲ့ သို့ အလုပ်သမားများ၏ ရာဇဝင်အကြောင်းပြ တာဝန်မှာ လက်ရှိမနေရှင်စံနစ်ကို အစတုန်း၊ မြေမြုပ်သင်္ဂြိုဟ်ပစ်ရန်ပင် ဖြစ် လေသည်။ ကမ္ဘာမြေပြင်၏ ခြောက်ပုံတပုံ ရှိ အလုပ်သမားများ မှာကား မိမိလဲတာဝန်ကို မလစ်မလပ်ကြစေဘဲ ထမ်းဆောင်ပြီး ကြ လေပြီ။ သူတို့၏ကြိုးပမ်းမှုတို့ကြောင့် ဘုံနိုင်ငံ တည်ထောင် ရေး စံနစ်အရ တည်ထောင်ထားသော ဆိုဗီယက် ရုရှားပြည် ကြီးကို ကမ္ဘာသူကမ္ဘာသားများ တွေ့မြင် နေကြရလေပြီ။

ရုရှားအလုပ်သမားများကို ခြေရာခံကြကာ အခြား မနေရှင် တိုင်းပြည်များရှိ အလုပ်သမားကလည်း မိမိတို့ကို အလွန်အမင်း ဖိနှိပ်ညှင်းပမ်းနေကြသော သွေးစုတ်ကောင် မနေရှင်များကို ပုန် ကန်တော်လှန်ကြမည်ကိုင်း၊ မြေမြှုပ်သင်္ဂြိုဟ်ကြမည်ကိုင်း၊ ထို မနေရှင်များက အထူးစိုးရိမ်ချောက်ချား တုန်လှုပ်ထိန့်လန့်လျက်ရှိ နေကြပေသည်။ ထိုကဲ့သို့သော အကြောင်းရပ်များကို ကောင်းစွာ သိနားလည်နေကြသော မနေရှင်များသည် မိမိတို့အလုပ်သမား များကို အနုနည်းအကြမ်းနည်း နည်းမျိုးစုံဖြင့် ဖိနှိပ်ညှင်းပန်းကြ လေသည်။

ဂျာမဏီနှင့် အီတလီ၌ ဖက်ဆစ်စံနစ်လက်သီးကို ဖုံးကွယ်ထား သော ဒီမိုကရေစီ ကတီပါလက်အိပ်ကို အဆုံးတိုင်ချွတ်ပစ်လိုက်၍ အာဏာနှင့်အတိအလင်း လွန်လွန်ကျူးကျူး နှိပ်ကွပ်လျက်ရှိနေ လေသည်။

အမေရိကန်ပြည်နှင့်အင်္ဂလန်ပြည်များ၌ကား အကြမ်းနည် ကို အရမ်းကာရော ဒလကြမ်းမသုံးကြသေးဘဲ ဆူပူလှုပ်ရှားနေ

သော အလုပ်လက်မဲ့များအပေါ် ပျားရည်နှင့်ဝမ်းချသည့် နည်းစံနစ်များကို အသုံးပြုနေကြလေသည်။

ပျားရည်နှင့်ဝမ်းချသည့်စံနစ်မှာ ဓနရှင်များ၏အမြတ်အစွန်းကို မည်သို့မျှ မထိခိုက်နိုင်အောင် အလုပ်များအတွင်း၌ အလုပ်လက်မဲ့များကို အစိုးရက ကြပ်မတ်ခိုင်းစေကြကာ အသက်ဆက်နိုင်ရုံ အခကြေးငွေပေးကြခြင်းဖြစ်လေသည်။ အင်္ဂလန်၌ အစိုးရက ထောက်ပံ့သော အခကြေးငွေမှာ ဗြိတိသျှ ဆေးအသင်းကြီးက သတ်မှတ်ထားသော အနည်းဆုံး ကျန်းကျန်းမာမာနှင့် အသက်ရှည်နေနိုင်အောင် ကုန်ကျမည့်နေထိုင်မှုစရိတ်ထက်ပင် နည်းပါးလေသည်။*

လူသတ္တဝါများ၏တိုးတက်မှုကို မဆောင်ရွက်နိုင်တော့သော ဓနင်ရှစံနစ်မှာ အလုပ်လက်မဲ့များ၏ အချိန်နှင့် အလုပ်စွမ်းအားကို လူသတ္တဝါအားလုံးတို့ကို ကောင်းကျိုးဖြစ်ထွန်းစေမည့် အလုပ်များ၌မရွေးဘဲ အလုပ်ဟူ၍ မယ်မယ်ရရ မခေါ်နိုင်သော အချိန်ကုန် လူပန်းကိစ္စများတွင် အလကား ဖြုန်းတီးပစ်ကြလေသည်။

အင်္ဂလန်ပြည်၌ ဓနရှင်စံနစ်၏ အထောက်အပံ့ကို ခံနေရသော အလုပ်လက်မဲ့တယောက်က သူလုပ်ရသော အလုပ်အကြောင်းကို

.................................................................

*ကိုးလ်ရေးဗြိတိသျှကျွန်း အခြေအနေစာအုပ်မှ စာမျက်နှာ ၁၉၇-၌ ဓနရှင်များ၏ အမြတ်အစွန်းကို မထိခိုက်သော အလုပ်ဆိုသည်မှာ အသုံးမဝင်အရေးမရောက် လမ်းများဖေါက်လုပ်ကြခြင်း၊ချိုင့်ဝှမ်းများကို ဖြေဖို့ကြခြင်း၊တောထွင်ကြခြင်း၊ ဥယျာဉ်ပြုစုကြခြင်းစသည့် အလုပ်များဖြစ်သည်။



ပြောပြဘူးလေသည်။ သူလုပ်ရသောအလုပ်မှာ ပန်းရံအလုပ်ဖြစ်လေသည်။ နည်းပြဆရာက အုတ် နှစ်ချပ်သုံးချပ်ကိုစီ၍ အင်္ဂတေထည့်၍ပြလျှင် သူသည် ဆရာပြသည့်အတိုင်း အုတ်များနှင့်အင်္ဂတေများကို အုတ်တံတိုင်းလေးဖြစ်သည်အထိ တချပ်ပြီးတချပ်ထည့်ကာ အင်္ဂတေလောင်း၍ စီသွားရလေသည်။ အုတ်တံတိုင်းကလေးဖြစ်လာသောအခါ ဖျက်ပစ်လိုက်ပြီး ယခင်နည်းအတိုင်း တဖန် အုတ်ချပ်ကလေးများကိုစီ၍ အင်္ဂတေများကိုထည့်ကာ တံတိုင်းကလေးဖြစ်လာအောင် စီတန်းရပြန်လေသည်။ ဤလုပ်ငန်းကို သူသည် ငါးနှစ်တိုင်တိုင် သင်ယူလုပ်ကိုင်ရလေသည်။

မိမိတို့၏ရှိသမျှအင်အားတို့ကို အကျိုးမဲ့သောအလုပ်တို့တွင် အလကား ဖြုန်းတီးပစ်ကြရပြီး မပြောပလောက်သော စရိတ် အထောက်အပံ့ကလေးမျှဖြင့် အလုပ်သမားများမှာ ငတ်မွတ်ခေါင်းပါးခြင်းသို့ မရောက်ကြသည့်တိုင်အောင် အစာ ဝဝလင်လင်မစားကြရသဖြင့် မကျန်းမမာ အားအင်ချို့တဲ့လာကြကာ မျှော်မှန်းချက် ပျောက်ကင်းကြရသော အဖြစ်ရောသက်ရကာ မိမိတို့ကံ စီမံသမျှနှင့်မျက်စိမှိတ် တင်းတိမ်ရောင်ရဲကြရခြင်း ဖြစ်လာကြရလေသည်။

အစိုးရသည် အလုပ်လက်မဲ့များအား အကျိုးဖြစ်ထွန်းနိုင်သော အလုပ်များတွင် အသုံးမချနိုင်တော့ပြီလော။လူသုံးပစ္စည်းများလုပ်သည့် စက်ရုံများကိုတည်ဆောက်ကြကျာ အလုပ်လက်မဲ့များကို မခိုင်းစေနိုင်ကြသလော။

မည်သည့်ဓနရှင်အစိုးရမဆို ဤလုပ်ငန်းမျိုးကို မထွင်ရဲကြပေ။အကြောင်းသော်ကား အစိုးရပိုင် စက်ရုံများမှ ထွက်သော စားကုန်သောက်ကုန်များ၊ အထည်အလိပ်များ စသည့် လူအသုံး

အဆောင်ပစ္စည်းများမှာ နေရှင်များပိုင်သော စက်ရုံထွက်ကုန်များနှင့် ဈေးကွင်း ပြိုင်ဆိုင်ရပေလိမ့်မည်။ ထိုအခါ ကုန်စည်အားလုံး၏ဈေးမှာ လျော့ကျသွားမည်ဖြစ်သဖြင့် နေရှင်များမှာ အရှုံးအဖတ်တင်ကြကာ မိမိတို့စက်ရုံကြီးများကို ပိတ်ပစ်ပြီးကြပြီးလျှင် အလုပ်သမားများကို အလုပ်မှထုတ်ပစ်ရပေလိမ့်မည်။ အစိုးရ စက်ရုံများတွင် အလုပ်သမားတယောက်တိုးလျှင် နေရှင်များစက်ရုံတွင် အလုပ်သမားတယောက် လျော့သွားရလေသည်။ အလုပ်လက်မဲ့ဖြစ်လာခဲ့သူတို့တိုင်း နေရှင်ကြီးများစက်ရုံတွင် အလုပ်သမားတယောက် အမြဲထုတ်ပစ်ရ၍ လျော့သွားရသည့်အလျော်မှာ အစဉ်ဖြစ်နေပေသည်။

ဤနည်းဖြင့် အရင်းရှင်စံနစ် ပျက်စီးတိမ်ကောသွားအောင် ဘယ်နေရှင်အစိုးရသည် ဆောင်ရွက်ရမည်နည်း။

လက်ဝါးကြီးအုပ် နေရှင်စံနစ်လက်အောက်တွင် အလုပ်သမားများမှာ ယခင်ကထက် ပိုမိုအပင်ပန်းခံကြကာ အလုပ်သပ်ကြရသော်လည်း စိတ်ချလက်ချ အလုပ်ကိုလုပ်ကြသည် မရှိကြဘဲ အလုပ်လက်မဲ့ ဘေးဆိုးကြီးကို အမြဲမပြတ် စိုးရိမ်နေကြရလေသည်။

၁၉၂၉-ခုနှစ် ကမ္ဘာ့စီးပွားရေးပျက်မှုကြီး မတိုင်မီမှာပင် အလုပ်သမားတယော်ံ လုပ်သဖြင့်ရသော ဖျမ်းမျှကြေးကုန်စည်မှာ ၃၃-ရာခိုင်နှုန်းမျှမြင့်တက်လာသော်လည်း အလုပ်သမားများမှာ ဂ၃၆ဂ၀၀၀-မှ ၇ဂ၉ဂ၀၀၀-သို့ လျော့ကျလာခဲ့ကြရလေသည်။

၁၉၂၉-ခုနှစ်မှ ၁၉၃၂-ခုအတွင်း အမေရိကန်ပြည်တွင် လူ ၁၂ သန်းမှာအလုပ်သက်မဲ့ဖြစ်နေကြစဉ် အလုပ်သမားတယောက်သည် တနာရီလျှင် ၁၂-ရာခိုင်နှုန်းမျှတိုး၍ အကွပ်လုပ်ရလေသည်။

ကုန်အရောင်းအဝယ်ဈေးများကျလုလု အပြင်းအထန် ပြိုင်



ဆိုင်ကြသောအခါ လက်ဝါးကြီးအုပ် နေရှင်အဖွဲ့ဝင်များ အမြတ်အစွန်း ကျန်နိုင်ကြအောင် ကုန်စည်ထုတ်လုပ်ကြရာတွင် စရိတ်သက်သာနိုင်သမျှ သက်သာကြစေဘို့ လုပ်လေ့လေ ဖြစ်ကြလေသည်။ ကုန်စည်လုတ်လုပ်ရာတွင် စရိတ်သက်သာအောင်လုပ်နည်းမှာ အလုပ်သမားများကို အချိန်ပိုခိုင်းကြခြင်း၊ အခကြေးငွေလျော့ပေးကြခြင်း အချို့ အလုပ်သမားများကို ထုတ်ပစ်ခြင်းစသည်တို့ဖြစ်ကြလေသည်။

ပါလီမန် လွှတ်တော်အစည်းအဝေးတခု၌ ဗြိတိသျှနန်းရင်းဝန်ဟောင်း ဘော်လ[illegible]င်က အလုပ်လက်မဲ့ အရေးနှင့် ပတ်သက်၍ ဘာလုပ်ကြမည်နည်းဟု ငြီးငြူးခဲ့၏။ ဤငြီးငြူသံမှာ အကြံကုန်ကာ ဂယောင်ချောက်ချား ဖြစ်နေသော နေရှင်စံနစ်ကြီး၏ ငြီးငြူသံပင် ဖြစ်လေသည်။

နေရှင်ကြီးများ၏ အလုပ်လက်မဲ့ ဖြေရှင်းရေးကိုသာမံ အခြေအနေအတိုင်း မဖြေ့စွမ်းနိုင်ကြသောအခါ နေရှင်စံနစ်ဒဏ်ကို ခံနေကြရသော အလုပ်လက်မဲ့များကို အသုံးမဝင်တော့သည့် လူပိုလူလျှံများဟု ယူဆလာကြကာ ကမ္ဘာစစ်ကြီးဖြင့် ဤလူပြည်မှ မောင်းထုတ်ပစ်ကြရန် ကြံလာကြလေသည်။

လက်ဝါးကြီးအုပ် နေရှင်စံနစ်သည် ကုန်လုပ် ကြိယာစွမ်းအား တိုးတက်လာခြင်းကို နှောင်ကြိုးနှင့် တည်းသကဲ့သို့ ပိတ်ပင်ချုပ်ချယ်လာလေသည်။ လူသုံးပစ္စည်းလုပ်ရာ ကြိယာတန်ဆာပလာများဖြစ်သော လယ်ယာ စက်ရုံစသည်များ စုပေါင်းလာခြင်းနှင့် လူသုံးပစ္စည်းများကို လူအများ ပေါင်းစည်း၍ လုပ်ကြခြင်းတို့မှာ အချိန်တန်လာလျှင် မိမိတို့ကိုယ်ကို ချုပ်ချယ်ထားသော နေရှင်စံနစ်နှင့် ဆန့်ကျင်ဘက် ဖြစ်လာကြလေသည်။ ကြက်

ကလေး ထွက်ရန် ကြက်ဥအခွံသည် ပေါက်ကွဲ ပေးရသကဲ့သို့ ဓနရှင်စံနစ်သည်လည်း ကွဲပေါက် ပျက်စီးသွားရလေသည်။ ထိုအခါ ဓနရှင်စံနစ်ကို သေမင်း ခေါ်သံကြားရလေမည်။ သွေးစုတ်ခဲ့သူများမှာ သွေးစုတ်ခံကြရလေသည်ဟု ဘုံနိုင်ငံ တည်ထောင်ရေး အယူအဆ ဆရာကြီး ကားလ်မတ်စ်က ရေးသားထားခဲ့ဘူးရာ.... ယခုအခါ ဓနရှင်စံနစ်နှင့် ကုန်လုပ် ကြိယာ စွမ်းအား ဓနရှင်စံနစ်နှင့် အလုပ်သမားများ အကြီးအကျယ် ဆန့်ကျင်ဘက် ဖြစ်နေကြသည်ကို လက်တွေ့ကြုံနေကြရလေပြီ။

ဓနရှင်စံနစ်ပြိုလဲကာ ယခင်က ဆင်းရဲ သားများကို ငတ်မွတ်မွဲတေသည့်တိုင်အောင် သွေးစုတ်ညှင်းပမ်းခဲ့ကြသော ဓနရှင်ကြီးများ သွေးစုတ်ခံကြရမည့် အချိန်မှာ မကြာမတင် ဆိုက်ရောံလာပေတော့မည်။

# ဓနရှင်စံနစ် နယ်ချဲ့စံနစ် ဖက်ဆစ်စံနစ်

ယနေ့ ကမ္ဘာ့လောက ကြီး၌ ဓနရှင်စံနစ် နယ်ချဲ့စံနစ် ဖက်ဆစ်စံနစ်များကြောင့် ကမ္ဘာသူ ကမ္ဘာသား အားလုံးကိုမှာ ကြိမ်မီးအုံးခံကြရသကဲ့သို့ပူလောင်ပြင်းပြ ဆင်းရဲဒုက္ခ ဆိုက်ရောံနေကြရသည်ကို အထက်က ဖော်ပြခဲ့၏။

ဤစံနစ်များသည် လူ့ဘောင် အတွင်းသို့ မည်သို့ သက်ဆင်းပေါ်ပေါက် လာခဲ့လေသနည်း။ ဤစံနစ်များ၏ အခြေခံ သဘောနှင့် လုပ်ငန်းတို့သည် အဘယ်နည်း။ ဓနရှင်စံနစ်၏ သွားရာခရီးသည် ဘယ်ကမ်း ဘယ်လမ်း၌ အဆုံးသတ်မည်နည်း။

လူယဉ်ခေတ် ထွန်းကားလာသည့် အချိန်ကစ၍ လူရိုင်းခေတ်မှာကဲ့သို့ မိမိတို့သဘောအလျောက် ရောက်ရာအရပ်၌ ဖြစ်ကတတ်ဆန်း နေထိုင် စားသောက်ကြခြင်းဖြင့် အသက်မွေးမြူခြင်း မပြုကြတော့ဘဲ လူအများ စုဝေးကြီကား အသိုက်အဝန်း

နှင့် တဦးကတဦးကို ကူညီ၍ တဦးအကျိုးကို တဦးဆောင်ရွက်ဖြင်းဖြင့် စံနစ်ကျနစွာ နေထိုင်လာကြလေသည်။

လူယဉ်ခေတ် ထွန်းကားစအချိန်မှစ၍ ယခုအချိန်အထိ နှစ်ပေါင်း (၆၀၀၀) ထောင်ကျော်မျှအတွင်း လူများ၏ နေထိုင်မှုစံနစ်များမှာ အမျိုးမျိုး ပြောင်းလဲလာလေသည်။ ပထမ အလိုလို ခူးဆွတ် စားသောက် ရသော ခေတ်စံနစ်မှ သည်ကျွန်ပိုင်ခေတ်စံနစ် မြေပိုင်ရှင် ခေတ်စံနစ် ဓနရှင်ခေတ်စံနစ်သို့တိုင်အောင် လူတွေမှာ စံနစ်အမျိုးမျိုး လက်အောက်၌ နေထိုင်ခဲ့ကြရလေသည်။ ဤသို့ လူတို့နေထိုင်မှု စံနစ်အမျိုးမျိုး ပြောင်းလဲ ခဲ့ရသည်မှာ လူများ၏ အသိဉာဏ် တိုးတက်မှု ဆုတ်ယုတ်မှုများနှင့် မဆိုင်ပေ။ လူသုံး ပစ္စည်း များကို လုပ် ဆောင် ပုံ လုပ် ဆောင် နည်း ပြောင်းလဲလာသည့် အလျောက်သာ လူတို့၏ နေထိုင်မှု စံနစ်သည်လည်း ပြောင်းလဲ၍ လာရလေသည်။

ဓနရှင်စီးပွားရေးအတွက်ဝေဘန်ကျက်ချက်ဟူသေါစာအုပ်၌ ဘုန်းနိုင်ငံတည်ထောင်ရေး အယူအဆ ဆရာကြီး ကားလ် မတ် စ် က အောက်ပါအတိုင်း ရေးသားထား၏။

လူသုံးပစ္စည်းများကို ပေါင်းစပ် လုပ်ဆောင်ကြရာလူများသည် အချင်းချင်း ရောနှော ဆက်ဆံလာကြရလေသည့်။ ဤဆက်ဆံမှုမှာ အရေးပါသော်လည်း လူများ၏ ဆန္ဒကြောင့် ဖြစ်ပေါ်လာရခြင်း မဟုတ်ပေ။ ဤလူသုံး ပစ္စည်းများ လုပ်နည်းအရ လူများ၏ ဆက်ဆံမှု စံနစ်သည် လူများ၏ ကုန်လုပ် ကိရိယာစွမ်းအား အခြေအနေနှင့် အပြန်အလှန် ဆက်သွယ်၍ နေလေသည်။ ဤဆက်သွယ်မှုများသည် လိုရင်းအချုပ်အားဖြင့် လူနေမှုစံနစ်၏ စီးပွားရေးအခြေခံ အုတ်မြစ်ပေါ်၌ လူများ၏ ပေါင်းသင်းဆက်



ဆံရေး နိုင်ငံရေး အယူဝါဒရေး ကိုးကွယ် ဆည်းကပ်ရေးများ အကြုံးဝင်သော လူအိမ် အဆောက်အဦးကြီးကို တည်ထောင်ကြရလေသည်။

ယခုခေတ် လူများ၏ နေထိုင်မှုစံနစ်မှာ ဓနရှင်စံနစ်ဖြစ်လေသည်။ မြေပိုင်ရှင်စံနစ် အမိဝမ်းတွင်းမှ ဓနရှင်စံနစ် ပေါက်ပွါးလာခဲ့ရာ ပထမ နေရာ အရပ် သည်ကား အင်္ဂလန်၊ ပြင်သစ်၊ ဂျာမဏီစသည့် တိုင်းကြီးများတည်ရာ အနေ့ာက်နိုင်ငံဖြစ် လေသည်။ အနေ့ာက်နိုင်ငံများမှ ဓနရှင်စံနစ် စတင်ပေါ်ပေါက်လာရသည်မှာ ထိုနေရာအရပ်ရှိ ကုန်လုပ် ကိရိယာ စွမ်းအားသည် မြေပိုင်ရှင်စံနစ်အရ အသုံးမပြုနိုင်လောက်အောင် ကြီးမား တိုးတက်လာသောကြောင့်· ဖြစ်လေသည်။ တနည်းအားဖြင့်.... လက်မှုကိရိယာများတိမ်ကော၍ စက်မှုကိရိယာများ အလျှင်အမြန် ထွန်းကားလာသောကြောင့်ပင်ဖြစ်လေသည်။

အနေ့ာ်နိုင်ငံများ၌ အရင်းရှင်စံနစ်စတင်ပေါ်ပေါက်ချိန်မှာ အရှေ့ဘက်ကမ္ဘာတခြမ်းရှိ အိန္ဒိယပြည်၊ ဗမာပြည်၊တရုပ်ပြည် စသည်တို့မှာ မြေပိုင်ရှင်စံနစ်လက်အောက်၌ အိပ်မောကျလျက် ရှိနေကြပေသေးသည်။သို့ရာတွင် ယနေ့လက်ရှိအခြေအနေအရသော် တရုပ်ပြည်သည် အရှေ့အာရှ၌ တိုးတက်သော တရုပ်ပြည့်သူ့သမ္မတနိုင်ငံအဖြစ်သို့ ရောက်ရှိပြီးဖြစ်သဖြင့် အရှေ့အာရှနိုင်ငံများကသာမက တကမ္ဘာလုံးကပါ မျက်ခြေပြတ်မခံအောင် ကြည့်ရှုနေကြရပေသည်။ ခေါင်းဆောင်တနိုင်ငံအဖြစ်ဖြင့်လည်း အလင်းရောင်ပေးလျက်နေပေသည်။

သို့သော် အချိန်ကြာညောင်းလာသည်နှင့်အမျှ ဓရှင်စံနစ်သည်လည်း အနေ့ာက်နိုင်ငံများ၌သာမနေတော့ဘဲ ကူးစက်တတ်

သော ရောဂါပိုးကဲ့သို့ အကြိုအကြားမကျန် ကမ္ဘာအနှံ့အပြား ကူးစက်လာလေသည်။ ယခုအချိန်မှာ ဓနရှင်စံနစ်သည် သံကွန်ခြာနှင့် အုပ်သကဲ့သို့ ကမ္ဘာကြီးတခုလုံးကို လွှမ်းမိုးနေလေပြီ။ ဓနရှင်စံနစ်သည် ကမ္ဘာကြီးတခုလုံးကို စက်ကြိယာများဖြင့်ပြည့်နှက်နေလေပြီ။

ဗမာပြည်သည်လည်း ဗြိတိသျှတို့၏ လက်ဝါးကြီးအုပ်ဓနရှင်စံနစ်ဖြစ်သော နယ်ချဲ့စံနစ်လက်အောက်သို့ ၁၈၈၆–ခုနှစ်တွင် လုံးဝရောက်ရှိလာခဲ့လေသည်။

# ဓနရှင်စံနစ်

## (က) လူသုံးပစ္စည်းလုပ်ငန်းများ

လူတတန်းစားက အခြားလူတန်းစားအပေါ် အနိုင်ကျင့်ကာ ညှင်းပမ်းသွေးစုတ်ကြခြင်းမှာ ဓနရှင်စံနစ်၏ အခြေခံအုတ်မြစ် ဖြစ်လေသည်။

ဓနရှင်စံနစ်လက်အောက်၌ လူသတ္တာအပေါင်းတို့ စားသောက်ရေးအတွက် လူအသက်သွေးခဲဟုဆိုလောက်သော လူသုံးပစ္စည်း လုပ်ကိုင်ပေါ်ထွက်ရာ လယ်ယာကိုင်းကျွန်း, သတ္တုတွင်းစက်ရုံ အလုပ်ရုံကြီးများကိုဎင်း၊ လူနှင့် ကုန်စည်တင်ဆောင်ရာ မီးရထား မီးသင်္ဘော လေယာဉ်ပျံ စသည်တို့ကိုဎင်း၊ အရင်းငွေကြေးများစုဝေးရာ ဘဏ်တိုက်ကြီးများကိုဎင်း၊ လက်တဆုတ်မျှသော လူနည်းစုကသာ ပိုင်ဆိုင်ကြလေသည်။

ဓနရှင်များသည် မိမိတို့ပိုင်ဆိုင်သောစက်ရုံများက လူသုံးပစ္စည်း အမျိုးမျိုးတို့ကို လုပ်ဆောင်ကြရာ၌ လူအများ၏ကောင်းကျိုး ချမ်းသာမှုတို့ကို အရင်းခံမထားကြဘဲ ထိုလူသုံးပစ္စည်းများ

ကို ရောင်းသဖြင့် ရရှိမည့်အမြတ်အစွန်းကိုသာ အရင်းခံထားကြလေသည်။

လူသုံးပစ္စည်းများကို ထုတ်လုပ်သော ကြိယာတန်ဆာပလာများဖြစ်သည့်အင်္ဂလိပ်စကားအရ(Mill)နှင့်(Factory)တို့ကို မြန်မာစကားဖြင့် အတိအကျ ခွဲခြားရေးသားကြသည်ကို မတွေ့ရဘဲ စက်ရုံဟူ၍သာ ရောထွေးရေးသားကြသည်ကို တွေ့ရပေသည်။ဤအင်္ဂလိပ်စကားလုံး ၂-လုံး အတိအကျခွဲခြားရေးမှတ်ရန် ယခုအခါလိုလာပေပြီ။

---

(Mill) နှင့် (Factory)မှာ တခုနှင့်တခု မတူချေ။ (Mill)မှာ သစ်သားအသီးအနှံစသည့် မြေထွက်အပင်များကို ကုန်ချော တစိတ်တဒေသဖြစ်အောင် လုပ်နိုင်၍ ပြီးလျှင်ပြီးခြင်း တောက်လျှောက်အသုံးချသော ကုန်ချောများကို မလုပ်နိုင်ပေ။ (Factory)ကသာ ကုန်ချောအစစ်ဖြစ်အောင် လုပ်နိုင်ပေသည်။

ယခုစာအုပ်တွင် စာရေးသူသည် (Mill) စက်ရုံဟူ၍ငင်း၊[ဥပမာ ဆန်စက်၊ သစ်စက်၊ ဝါဂွမ်းစက်](Factory)ကို အလုပ်ရုံ [ဥပမာ စွပ်ကြယ်အလုပ်ရုံ၊ ဘိနပ်အလုပ်ရုံ] ဟူ၍ငင်း ခွဲခြားသုံးစွဲလိုက်ပေသည်။

တရားဥပဒေ အသုံးအနှုန်းတွင်(Mili)နှင့်(Factory) နှစ်ခုလုံးကို(Factory)ဟူ၍ပင် ရောနှောခေါ်ဆိုထားသည်ကို တွေ့ရသည်။ဥပမာBurma Factories Aet xxv 1934 တွင်(Factory)ဟုသာ ဆိုထားသော်လည်း(Mill)များပါ အကြုံးဝင်နေပေသည်။



အမြတ်အစွန်းရမည့် မြော်လင့်ချက် တခုတည်းကြောင့်သာ ဓနရှင်များပိုင်ဆိုင်သော စက်ရုံကြီးများမှာ မီးခိုးတလူလူနှင့် အလုပ်များနေကြခြင်းဖြစ်ပေသည်။

အရင်းရှင်စံနစ် လွှမ်းမိုးသော ခေတ်တွင် အကြင်နာကိုယ်ချင်းစာ တရားများထက် အမြတ်အစွမ်းရမှု တရားသည်သာ လူအချင်းချင်း ပေါင်းသင်း ဆက်ဆံရေးကို ချယ်လှယ်နေလေသည်။

ဓနရှင်များသည်အမြတ်ရလျှင် လူသုံးပစ္စည်းများကိုထုတ်လုပ်မည်။ အမြတ်မရလျှင် မထုတ်လုပ်ကြဘဲ မိမိတို့စက်ရုံများကို ပိတ်ပစ်လိုက်ကြသည်။ ထို့ကြောင့် အမြတ်ရမှုသည်သာ လူသုံးပစ္စည်း များများ ထွက်ရန်အတွက် သံလိုက်ဓာတ်သဘွယ်ဖြစ်နေပေသည်။ အရင်းရှင်များမှာ အမြတ်များများ ရမည့် လူသုံးပစ္စည်းများကလွဲ၍ မည်သည့်ပစ္စည်းကိုမှ လုပ်ကိုင်မည်မဟုတ်ပေ။ မည်သည့်အရင်းရှင်မဆို အမြတ်မရမည့်လူသုံးပစ္စည်းကို လုပ်ကိုင်မိက အရှုံးသာအဖတ်တင်၍ မိမိပိုင် စက်ရုံကိုလည်း လက်လွှတ်ရပြီးလျှင် ဓနရှင်အဖြစ်မှ လျှောကျရ ပေလိမ့်မည်။

တနည်းအားဖြင့် ဆိုသော် ဓနရှင်များသည် မည်သည့်ပစ္စည်းကို လုပ်သင့်၍ မည်သည့်ပစ္စည်းကိုမလုပ်သင့်စသည်တို့ကို အမြတ်ရမှုမှတ်ကျောက်ပေါ်တင်ပြီး စမ်းသပ်ချင့်ချိန်၍ကြည့်ကြလေသည်။ ဓနရှင်များသည် ဈေးအရဆုံး ရောင်း၍ အတင်ဆုံးသော ပစ္စည်းများကို လုပ်၍ ဈေးမရဘဲရောင်း၍ အတင်နည်းသော ပစ္စည်းများကိုမလုပ်ကြဘဲ နေကြပေမည်။ သို့ဖြစ်လျှင် လူ

များ အလိုဆုံးပစ္စည်းကိုသာလုပ်၍လူများမလိုသောပစ္စည်းများကို မလုပ်သော ဓနရှင်စံနစ်အရ ပစ္စည်းလုပ်နည်းသည်အကောင်းဆုံး မဟုတ်ပါလော။ မဟုတ်ပေ။ ကုန်ပစ္စည်းတခုကို အရောင်းရတွင်တိုင်း လူများအလိုရှိဆုံး ပစ္စည်းဟုမဆိုနိုင်ပေ။

အပျော်သုံး၊ အပိုသုံး ပစ္စည်းများ ဖြစ်သည့် ရေးမွှေးပေါင်ဒါ အလှရည်၊ ကလေးကစားစရာ အရုပ်စသည်တို့မှာ ဝယ်အားရှိသူ၊ ကြေးငွေကြွယ်ဝသူ လူနည်းစု အလယ်အလတ်တန်းဝါးများနှင့် ဓနရှင်များက အမြောက်အမြား ဝယ်ယူကြသဖြင့် ရောင်းရအတွင်ဆုံးကုန်ပစ္စည်းများဖြစ်ကြသော်လည်း လူအများဆုံးအတွက် အသုံးအဝင်ဆုံး၊ အလိုသုံးပစ္စည်းများဖြစ်သည့် စားကုန်၊ သောက်ကုန်၊ အထည်အလိပ်စသည်တို့မှာ ဆင်းရဲမွဲတေနေကြသူ ပစ္စည်းမဲ့များက မဝယ်ယူနိုင်ကြသဖြင့် ရောင်း၍မတွင်ဆုံးကုန်ပစ္စည်းများ ဖြစ်နေကြလေသည်။

သို့ကြောင့်ပင် ဓနရှင်များသည် လူတွေအရေးတကြီးလိုနေကြသော စားကုန်သောက်ကုန်အထည်အလိပ်တို့ကို လုပ်မည့်အစား ဆင်းရဲတော်မွတ်ခေါင်းပါးကြခြင်း ကပ် ဆိုက်ရောက်စေကြခြင်းကို ခံနေကြရပေသည်။ ထိုဘေးဆိုးနှင့် ရင်ဆိုင်နေကြရသော လူအအပေါင်း၏ရှေ့မှာ ဓနရှင်များ၏ သားငယ်များကစားကြရန် ကျဲကော်ရုပ်များနှင့်၊ ဓနရှင်များ၏ ဇနီးများနှင့် သမီးတို့ အလှပြင်နိုင်ကြရန် နံ့သာတောင့် ပေါင်ဒါတို့ကို လုပ်ကိုင် နေကြလေသည်။

ရုံဖန်များစွာ ဓနရှင်များသည် စားကုန် သောက်ကုန်များကို အမြောက်အမြား လုပ်ကိုင်မိကြ၍ပိုက်ဆံကြွယ်ဝသူ များ.ကလည်းအလိုမရှိ၊ ဆင်းရဲသားများကလည်း ပိုက်ဆံမရှိကြသဖြင့် မဝယ်နိုင်ဖြစ်ကြလေသည်။ ထိုသို့မဝယ်နိုင်ကြသဖြင့် အမြတ်မရနိုင်တော့သော ထိုစားကုန်သောက်ကုန်အပိုအလျှံများကို ဖျက်ဆီး ပစ်ကြရလေသည်။ ဤကား ဓနရှင်စံနစ်အရ ပစ္စည်းထုတ်လုပ်ခြင်း၏ အကြီးဆုံး ချို့ယွင်းချက်ပင်ဖြစ်လေသည်။



အမြတ်ရမှုကိုသာ အရင်းခံထားကြသော အရင်းရှင်စံနစ်အရ ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းရှိနေသမျှကာလပတ်လုံး စားရမဲ့ သောက်ရမဲ့ ဖြစ်နေကြသော လူအပေါင်းတို့၏ ဆင်းရဲခြင်းကို ကုစားနိုင်ကြမည် မဟုတ်ရုံမျှမက ပိုမိုဆိုးရွား လာပေလိမ့်မည်။

အမြတ်ကိုသာ အရင်းခံထားကြသော ဓနရှင် စံနစ်အရ ပစ္စည်းထုတ်လုပ်မှု လုပ်ငန်း၌ အခြားချို့ယွင်းချက်ကြီး တခုမှာ စက်ကြီးယာစွမ်းအားကို အစွမ်းကုန် အသုံးပြုလိုက်က လူသုံးပစ္စည်းများမှာ အဆမတန် အမြောက်အမြား ထွက်လာပေမည်။ ရောင်းကုန်အထွက်များလျှင် ဈေးကျမြဲဖြစ်သဖြင့် ဓနရှင်များမှာ အမြတ်ရကြတော့မည်မဟုတ်ကြတော့ပေ။

အမေရိကန်ပြည်၌ အရောင်းအဝယ်အကောင်းဆုံး အချိန်ဖြစ်သည့် ၁၉၂၉-ခုနှစ်မတိုင်မီ အတွင်းမှာပင်ကုန်လုပ်ကြီးယာစွမ်းအားကို ရာခိုင်နှုန်း-၈၀ သာအသုံးပြုခဲ့၍ အရောင်းအဝယ်အလွန်ညံ့ဖျင်းနေလေတော့ ယခုအချိန်မှာ ရာခိုင်နှုန်း-၁၉ မှ ၅၀-အတွင်းသာ အသုံးပြုနေကြသည်။ သို့ကြောင့်ပင် လူပေါင်း ၁၄-သန်း ကျော်ခန့်တို့မှာ မိမိတို့ လုပ်ကိုင်နေကြသော စက်ရုံများ၊ အလုပ်ရုပ်စဲသွားကြသဖြင့်အလုပ်လက်မဲ့အဖြစ် စားရမဲ့ သောက်ရမဲ့ အဖြစ်ဖြင့် ကြီးစွာသော ဆင်းရဲခြင်းကို ခံစားနေကြရ လေသည်။

ဓနရှင်စံနစ်အရ ပစ္စည်းထုတ်လုပ်မှုငန်း လုပ်၏ မသမာမှု

ကြောင့် ပိတ်ထားကြရသော စက်ရုံကြီးများနှင့် အလုပ်လက်မဲ့ ဖြစ်နေကြရသူများကိုသာ ပြန်လည်အသုံးပြုရမည် ဆိုက ယခု မနရှင်စံနစ်ကြောင့် အလွန်ဆင်းရဲခြင်းသို့ရောက်ကြရသော လူအ ပေါင်းတို့အဖို့ နေစရာအိမ်၊ စားစရာအစာ၊ ဝတ်စရာအဝတ်တို့ကို အမြောက်အမြား လုပ်ဆောင်နိုင်ပေလိမ့်မည်။

လူအား စက်အားများကို အကျိုးမရှိအလကားဖြုန်းတီး၍ ပစ်ကြခြင်းအလုပ်မှာ အရင်းရှင်စံနစ်၏ မလုပ်မဖြစ်၊ မလွှဲမ ရှောင်သာသော လုပ်ငန်းတရပ်ပင်ဖြစ်လေသည်။

အရင်းရှင်စံနစ်အရ လူသုံးပစ္စည်းထုတ်လုပ်ကြပုံများမှာ သည်းမခံနိုင်လောက်အောင် မတရားမှု၊ မညီမျှမှုတို့ဖြင့် လွှမ်းမိုး နေလေသည်။ မနရှင်စံနစ်လက်အောက်တွင်သိန်းသန်းမကသော အလုပ်သမားများမှာ ငွေကြေးကြွယ်ဝသူတို့၏ အလိုကိုဖြည့်စွမ်း ကြရန် အတွက် နဖူးမှချွေးခြေမကျသည်တိုင်အောင် နေကုန်နေ ခမ်း ပင်ပမ်းကျူးစွာ အလုပ်လုပ်ကြ ရသော်လည်း မိမိတို့ဝမ်းစာ ဖူလုံကြရန်အတွက် အဝတ်အစား ကုန်ပစ္စည်းများကို တဦးတ ယောက်မျှ လုပ်နိုင်ခွင့်မရကြချေ။ သာ၍ဆိုးဝါးသည် မှာကား သန်းပေါင်းများစွာသော အလုပ်သမားများမှာ သန်သန်မာမာ လုပ်ချင်ကိုင်ချင်ကြပါလျက် လုပ်စရာအလုပ်ကိုမှ မရကြ တော့ပေ။

ကုန်လုပ်ကြိယာစွမ်းအား တိုးတက် လာလေလေ မနရှင် စံနစ်အရ ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၏ချို့ယွင်းချက်များမှာ ပေါ်လွင်ထင်ရှား လာလေလေဖြစ်တော့သည်။

ကုန်လုပ်ကြိယာများကို မနရှင်လူနည်းစု လက်တွင်း၌မူ ထား၍ အမြတ်အစွန်းရရှိမှုအတွက်သာ ပစ္စည်း ထုတ်လုပ်ပုံနှင့်



အသုံးချရန်ကိုသာ အရင်းခံထားသော ဘုံစံနစ်အရပစ္စည်းထုတ် လုပ်ပုံ နှစ်မျိုးကို နှိုင်းယှဉ်ကြည့်လျှင် အရင်းရှင်စံနစ်၏ချို့ယွင်း ချက်တို့ကို ကွက်ကွက်ကွင်းကွင်း ထင်ရှားလာပေလိမ့်မည်။

ဘုံစနစ်အရ တည်ထောင်ထားသော ဆိုဗီယက်ရုရှားပြည် ၏ ထွက်ကုန်အရည်အတွက်နှင့်အရင်းရှင်နိုင်ငံများဖြစ်ကြသော အမေရိကန် အင်္ဂလန်တို့၏ ထွက်ကုန် အရည်အတွက်များကို နှိုင်း ယှဉ်၍ ကြည့်ကြစို့။ ၁၉၂၉-ခုမှ ၁၉၃၂-ခုနှစ်အတွင်း ဆိုဗီယက် ရုရှားပြည်၌ လူသုံးပစ္စည်းအထွက်မှာ ၁၉၂၉-ခုနှစ်ထက် ရာခိုင် နှုန်း ၆၉-မှ ၂၄၀-အထိ တိုးတက်လာသော်လည်း အမေရိကန် ပြည်၌ ၉၅-မှ ၅၈-သို့ရင်း အင်္ဂလန်၌ ၉၉-မှ ၈၉-သို့ရင်း ဂျမဏီ ပြည်၌ ၈၆ မှ ၆၆-သို့ရင်း အသီးသီးလျော့ကျသွားကြလေသည်။

သို့ကြောင့် အရင်းရှင်နိုင်ငံများ၌ လူအပေါင်း ဆင်းရဲကြ ရသည်မှာ လူသုံးပစ္စည်းများဖြစ်သော စားကုန် သောက်ကုန် အ ထည်အလိပ်များကို လုပ်နိုင်ရည် မရှိကြ၍ မဟုတ်ကြဘဲ လူတွေ ကို ချုပ်ချယ်ထားသော စီးပွားရေး စံနစ်ကြောင့်သာ ဖြစ်လေ သည်။ အရင်းရှင်စံနစ်အရ ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းသည်ကုန် လုပ်ကြိယာ စွမ်းအား အချို့တဝက်ကို လုံးဝအသုံးမပြုကြဘဲ အ သုံးပြုသမျှကိုလည်း လူအပေါင်းတို့ အရေးတကြီး လိုသော လူ သုံးပစ္စည်းများကို မလုပ်ကြဘဲ အခြား အပျော်သုံး အလေသုံး ပစ္စည်းများကိုသာ လုပ်ဆောင်ကြလေသည်။

အကယ်၍ လူသုံးပစ္စည်း လုပ်ဆောင်ရေး၌ အမြတ်အစွန်း ကို အရင်းခံထားခြင်း မရှိကြဘဲ၊ လူတိုင်းလိုသလောက် အသုံး ချနိုင်မှုကို အရင်းခံထားကြကာ ကုန်လုပ်ကြိယာ စွမ်းအားကို ရာ ခိုင်နှုန်း ပြည့်အသုံးပြုခဲ့ကြသော် လူတို့၏ နေထိုင်ရေးသည် မည်

မျှ ပြောင်းလဲလာမည်နည်း။

အမေရိကန်ပြည် ကုန်လုပ်ကြိုယာစွမ်းအား စုံစမ်းရေးအဖွဲ့၏ စုံစမ်းချက်အရဆိုလျှင်လူလေးယောက်ရှိသောတအိမ်ထောင်လျှင် တနှစ်ဝင်ငွေဒေါ်လာ ၄၄၀၀(မြန်မာငွေ ၁၂၂၀၀ိ)မျှ ရှိလေသည်။ *

ယခုအခါ မလိုဘဲ အကြောင်းမဲ့သက်သက် လူများ စားရမဲ့ သောက်ရမဲ့ ဆင်းရဲတော်မွတ်မွဲတေနေကြရခြင်းမှာ အရင်းရှင်စံနစ်၏ မတရားသော ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းကြောင့်ပင် ဖြစ်ပေသည်။

အရင်းရှင်စံနစ် လက်အောက်တွင် လူအပေါင်းမှာ မိမိတို့ထမင်းတလုတ်ကို ဖြောင့်ဖြောင့်တန်းတန်း စားနိုင်ကြရန်ကိုပင် စိတ်အေး လက်အေး မနေကြနိုင်ကြဘဲ၊ မိမိတို့ကို အသက်ဆက်ပေးကြသော အလုပ်ကလေးများ နေ့ပြုတ်မည်လော၊ ညပြုတ်မည်လော စသည်ဖြင့် အမြဲပူပင်ကြောင့်ကျ စိတ်ဆင်းရဲကြခြင်းသို့ ရောက်ရှိကြရလေသည်။ လယ်သမားသည် မိမိပိုင် လယ်ကွက်ကလေးကို ကြွေးကျကာ သိမ်းယူသွားမည့်နေ့ကို တွေး၍ငင်း၊ ကုန်စည်ဈေးဆိုင်ရှင်ကလေးသည် မိမိဆိုင်ရှုံး၍ ဆုံးပါးပျက်စီးသွားရမည့်နေ့ကို တွေး၍ငင်း၊ အလုပ်သမားသည် အလုပ်လက်မဲ့ဖြစ်ရမည့်နေ့ကို တွေး၍ငင်း မိမိတို့ထမင်းဝကြရေးအတွက် အမြဲစိတ်ပူပင် နေကြရခြင်းသို့.... ရောက်ရှိနေကြရလေသည်။ အ

................................................................................

* နောက်ဆုံး ငွေလယ်လှယ်ခြင်းစံနစ်အရ မြန်မာသုံးငွေတကျပ်မှာ အင်္ဂလိပ်သုံး တသျှိလင်ခြောက်ပဲနီနှင့် ညီမျှ၍ အမေရိကန့်သုံး တဒေါ်လာ၏သုံးပုံတပုံနှင့်ညီမျှလေသည်။



ဘယ့်ကြောင့်ဆိုသော် မိမိတို့မျက်စေ့ ရှေ့မှောက်မှာပင် အခြား လယ်သမားများ လယ်များ ယာများ လက်လွတ်သွားကြရသော ဖြစ်ပုံ အခြား ဈေးဆိုင်ရှင်ကလေးများ အလုပ်လက်မဲ့ဖြစ်သွားကြရပုံများကို မျက်မြင်ကိုယ်တွေ့ကြုံနေရသောကြောင့်ပင်ဖြစ်လေသည်။

ယနေ့ အရင်းရှင်စံနစ်သည် လူအပေါင်းကို ဝမ်းဝဝ မစားကြရရုံ အဝတ်ကောင်းကောင်း မဝတ်ကြရရုံမျှသာ ညှင်းဆဲထားကြလေသည်။ နက်ဖန်သော်ကား လူအပေါင်းကို ထမင်း မစားရအောင် အဝတ် မဝတ်ကြရအောင် လုပ်ကြတော့မည်သာမက သားသတ်ရုံများသို့ ကျွဲနွား တိရစ္ဆာန်များကို အတင်းမောင်းနှင်၍ပို့ကြသကဲ့သို့ပင်လူအများကိုလည်း စစ်မြေပြင် စခန်းသို့ မရောက် မနေ မောင်းနှင်ကြပေတော့မည်။

## (ခ) လူသုံးပစ္စည်းဖြန့်ဝေပုံ

လူသုံးပစ္စည်းများကို ထုတ်လုပ်ရခြင်း၏ အရင်းခံ အကြောင်းရင်းမှာ အသုံးချကြဘို့ဖြစ်လေသည်။ ရေနံကိုတူးခြင်းမှာ ရေနံကို သူ့နေရာနှင့်သူအသုံးချဘို့ဖြစ်၏။ ဆံစပါးစိုက်ပျိုးခြင်းမှာ ဆံစပါးကို သူ့နေရာနှင့်သူ အသုံးချသို့ဖြစ်၏။ မော်တော်ကားကို လုပ်ခြင်းမှာ လူအများနှင့်တကွ ကုန်စည်များကို သယ်ဆောင်တင်ပို့နိုင်ရန်ဖြစ်၏။

ဤသို့ လူသုံးပစ္စည်းများကို လုပ်ဆောင်ပြီးသော အခါ ထိုပစ္စည်း များကို အသုံးချရန်အတွက် လူများကို ဖြန့်ဝေပေးရမည်၊ အရင်းရှင်စံနစ်အရ လူသုံး ပစ္စည်းများကို မည်သို့ဖြန့်ဝေပေလေသနည်း။



ပစ္စည်းဖြန့်ဝေရာ၌ အသက်သာဆုံး အသင့်လျော်ဆုံးနည်းမှာ ပစ္စည်းများကို အနည်းအများအလျောက် အိမ်တိုင်ရာရောက် တိုက်ရိုက်ပို့၍ ဝေငှခြင်းထက် လူများကို သူတို့၏ဝင်ငွေအဖြစ် ကြေးငွေများကို ကျသင့်သလောက်ပေး၍ ထိုငွေများဖြင့် သူတို့လိုသော ပစ္စည်းကို ဝယ်ခြမ်းကြစေခြင်းဖြင့် သွယ်ဝိုက်၍ တင်ပို့နည်းဖြင့်ဖြစ်လေသည်။

တနည်းအားဖြင့် လူတယောက်ကို လူသုံးပစ္စည်း မည်၍မည်မျှ ပေးမည်ဟူသော ဖြေရှင်းနည်းနှင့်အတူတူပင် ဖြစ်လေသည်။

ထို့ကြောင့် အရင်းရှင်စံနစ်အရလူသုံးပစ္စည်းဖြန့်ဝေနည်းကို သိလိုလျှင် အရင်းရှင်စံနစ်အောက်ရှိလူများ မည်သို့စင်ငွေရကြသည့် အကြောင်းကိုသိကြရပေမည်။

အရင်းရှင်စံနစ်လက်အောက်၌ ဝင်ငွေနှစ်မျိုးနှစ်စားနှင့် ဝင်ငွေရသူလူနှစ်မျိုးနှစ်စားသာရှိလေသည်။

ပထမအမျိုးအစားမှာ လုပ်ကြသည့် သူတို့၏ လုပ်ရည်အစွမ်းအလျောက် ဝင်ငွေရကြသော အလုပ်သမားများ ပါဝင်လေသည်။ အလုပ်သမားများ၏ဝင်ငွေကိုအခလခပုတ်ပြတ်ကြေးစသည်ဖြင့် ခေါ်၍ အခလခပုတ်ပြတ်ကြေး ရသူများကို နေ့စားလခစား ပုတ်ပြတ်ကြေးစားစသည်ဖြင့် ခွဲခြား၍ခေါ်လေသည်။ အလုပ်မှာလည်း အမျိုးမျိုးကွဲပြားလေသည်။ အချို့မှာ အားကို အစွမ်းကုန်ထုတ်၍ အပြင်းလုပ်ရသောအလုပ်မျိုးဖြစ်၍အချို့မှာ အားကုန်ထွက်၍လုပ်ရသောအလုပ်နှင့်စာလျှင် ပိုမိုသက်သာသော အလုပ်မျိုး(ဥပမာ)လယ်ယာများ၌သူရင်းငှားအလုပ်မျိုးဖြစ်လေသည်။ အချို့မှာ အရည်အချင်းလိုက်၍ လုပ်ရသော

အလုပ်မျိုး (ဥပမာ) ဆံဆက်တွင်စက်ပြင်ဆရာအလုပ်မျိုး ဖြစ်၍ အချို့မှာအရည်အချင်းနှင့်မသက်ဆိုင်သော အလုပ်မျိုး(ဥပမာ) ဆံစက်တွင် စပါးသယ်သောကူလီအလုပ်မျိုး ဖြစ်လေသည်။

ဒုတိယ အမျိုးအစားမှာ မည်သို့မျှ အလုပ်မလုပ်ရဘဲ လူသုံး ပစ္စည်း လုပ်သော စက်ကိရိယာတန်ဆာပလာများ(လယ်ယာ စက်ရုံ၊ အလုပ်ရုံ၊ အတ္တုတွင်း စသည်များ)ကို ပိုင်ဆိုင်သဖြင့်သာ ဝင်ငွေရရှိနေသူများကို ဆိုလိုသည်။

လူတယောက်မှာ စွပ်ကျယ်တထည်ကို ပိုင်ဆိုင်သဖြင့် ဝင်ငွေ မရသော်လည်း စွပ်ကျယ်လုပ်သော အလုပ်ကို လုံးဝဖြစ်စေ အချို့အဝက်ဖြစ်စေ ပိုင်ဆိုင်လျှင် ဝင်ငွေရလာလေသည်။

ထို့အတူ လယ်ပိုင်ရှင်သည် လယ်ကိုပိုင်ဆိုင်သဖြင့် ဝင်ငွေ ရသကဲ့သို့ ရေနံတွင်းစားသည် ရေနံတွင်းကိုပိုင်သဖြင့် ဝင်ငွေရလေသည်။

သူတို့ကို ဤသို့ ဝင်ငွေများ ပေးထားကြရခြင်းမှာ သူတို့ ပိုင်ဆိုင်သော ကုန်လုပ်ကိရိယာများကို အသုံးချနိုင်ခွင့်ပေးရန် အတွက်ဖြစ်လေသည်။ အကြောင်းသော်ကား ကုန်လုပ်ကိရိယာများ မှာ သူတို့ပိုင် ရှပ်အင်္ကျီလုံချည်များကဲ့သို့ သူတို့၏ ပုဂ္ဂလိကပိုင်ပစ္စည်း များဖြစ်ကြသောကြောင့်ပင်တည်း။ အင်္ကျီလုံချည်များကို သူတို့သုံး ချင်မှ သုံးသကဲ့သို့ ကုန်လုပ်ကိရိယာများကိုလည်း သူတို့အသုံးပြု လိုမှ အသုံးပြုနိုင်ခွင့် ရှိလေသည်။ ထို့ကြောင့် ယခုအခါ သူတို့ မသုံးလိုသဖြင့် ပိတ်ထားကြရသော စက်ရုံများ၊ အလုပ်ရုံများ၊ သတ္တုတွင်းများကို အခါများစွာ တွေ့မြင်နိုင်လေသည်။ ဤသို့ လူသတ္တဝါများ၏ အသက်သွေးခဲဖြစ်သော ကုန်လုပ်ကိရိယာများ ကို တရားသဖြင့် ပိတ်ထားနိုင်ကြရန် အတွက်ကိုလည်း အရင်းရှင်



အစိုးရများက တရားဥပဒေများကို တည်ထွင်ပေးထားကြလေသည်။

ကုန်လုပ်ကိရိယာ ပိုင်သူများ သို့မဟုတ် အရင်းရှင်များ၏ ဝင်ငွေဆိုသည်မှာလဲ။

အရင်းရှင်များ၏ ဝင်ငွေဆိုသည်မှာ သူတို့ပိုင် ကုန်လုပ် ကိရိယာများမှထွက်သော လူသုံးပစ္စည်းများကို ရောင်းကုန်ပြုလုပ် ကြကာ ဈေးကွက်၌တင်၍ ရောင်းသဖြင့်ရရှိသော အမြတ်ငွေပင် ဖြစ်လေသည်။

အချို့ အရင်းရှင်များမှာ အမြတ်ငွေကို ရာခိုင်နှုန်းပြည့် မရကြချေ။ အကြောင်းမှာ သူတို့သည် မိမိတို့၏ ကုန်လုပ်ကိရိယာ များကို မိမိတို့ကိုယ်တိုင်ကိုယ်ကျ အလုပ်သမားများကိုကြည့်ကြပ် မလုပ်ကြဘဲ အခြားသူများကို ငှားရမ်းလိုက်ကြလေသည်။ ထို့ ကြောင့် သူတို့မှာ ငှားရမ်းခကိုသာ ရရှိကြလေသည်။ ငှားရမ်း လိုက်ကြသဖြင့် ရရှိသောအခကြေးငွေမှာ ကိုယ်တိုင်ကြည့်ကြပ် လုပ်ကိုင်သဖြင့် ရရှိမည့်အမြတ်အစွန်း၏ အချို့အဝက်သာဖြစ်၍ ကျန်အချို့အဝက်မှာ ကုန်လုပ်ကိရိယာကို ငှားရမ်းသူက ယူသွား လေသည်။

မြန်မာပြည်၌ နေ့စဉ်ကြုံတွေ့နေကြရသော လယ်ယာလုပ် ငန်းကိုပြန်၍ ကြည့်ကြစို့၊ လယ်မြေကော မြေကွက်များစွာကို ပိုင် ဆိုင်သောသူများသည် သူပိုင်ဆိုင်သောလယ်မြေများကို အခြား သူများကို ကေ(၅၀)စီ တရာစီစသည်ဖြင့် ငှားရမ်းလုပ်ကိုင်သူ နိုင်လျှင်နိုင်သလောက် အငှားချထားလိုက်၏။ လယ်ပိုင်ရှင်ကြီး များထံမှ ငှားယူသောသူများသည် လယ်ကိုလုပ်ကိုင်မည့်သူ စာ ရင်းငှားများဖြစ်၍ ကြည့်ကြပ်လုပ်ကိုင်ကြ၏။ ထို လယ် များ မှ

ရသောအမြတ်ငွေကို ပထမ လယ်ငှားလိုက်သော လယ်ပိုင်ရှင်ကြီးက အားလုံးမရဘဲ လယ်ငှားသူနှင့် ထိုအမြတ်ကိုခွဲဝေ၍ ယူရလေသည်။

ကုန်ကြိယာများကိုမပိုင်သူများမှာ မိမိတို့ကိုမသေရုံတမယ်သာ ဝင်ငွေပေးထား၍ အရင်းရှင်များကမူ အလွန်အမင်း အဆမတန် အမြတ်အစွန်း(ဝင်ငွေ)ယူကြသည်ကိုကြည့်၍သာ နေကြရလေသည်။အကြောင်းသော်ကား အရင်းကြီးများ၏ တဦးတည်းကိုယ်ပိုင်ပစ္စည်းများဖြစ်သော ကုန်လုပ်ကြိယာများကိုသာ အသုံးချခွင့်မရက မိမိတို့အသက် ဆက်လက်တည်တန့်ဘို့ပင် ခဲယင်းနေကြသောကြောင့်ဖြစ်ပေသည်။

ထို့ကြောင့် အရင်းရှင်များ၏ဝင်ငွေကို အခြားတနည်းနှင့်ကြည့်ရလျှင် ကုန်လုပ်ကြိယာများအားလုံးမှထွက်သော ထွက်ကုန်၏တန်ဘိုးနှင့် အလုပ်သမား(ကုန်လုပ်ကြိယာမပိုင်သူ)တို့သုံးစွဲသောကုန်၏တန်ဘိုး နှစ်ခုတို့၏ခြားနားခြင်းပင်ဖြစ်လေသည်။

အားလုံး ထွက်ကုန်တန်ဘိုးမှ အလုပ်သမား သုံးကုန်တန်ဘိုးတို့ကိုနှုတ်လျှင် အရင်းရှင်များ၏ဝင်ငွေကို ရမည်ဖြစ်၏။ အလုပ်သမားများသုံးစွဲရသော ကုန်ပစ္စည်းများမှာလည်း လုံလုံလောက်လောက်မဟုတ်ကြဘဲ အသက်မသေကြရုံတမယ် နေနိုင်ထိုင်နိုင်ကြဘို့သာဖြစ်လေသည့်။ ကုန်သဘောနှင့် မကြည့်ကြဘဲငွေကြေးသဘောနှင့်ကြည့်ရလျှင် အလုပ်သမားများ ရရှိသောအခကြေးငွေများမှာ လူတန်းစေ့စေ့ လူချင်းတူတူသူချင်းမျှမျှနေထိုင်စားသောက်နိုင်အောင်မဟုတ်ကြဘဲ အရင်းရှင်များ၏ အမြတ်ကြေးငွေအတွက် အလုပ်လုပ်ပေးနိုင်ကြရန် အသက်ရှင်နေနိုင်ကြရုံမျှသာ ဖြစ်ကြလေသည်။



ယခုအခါ အရင်းရှင်နိုင်ငံများတွင် အရင်းရှင်နှင့် အလုပ်သမားများ၏ဝင်ငွေမှာ အလွန်အမင်း ကွာခြားနေ၏။ အလုပ်သမားတယောက်လျှင် ဝင်ငွေတကျပ်ရရှိမူ အရင်းရှင်တဦး၏ ဝင်ငွေမှာ လေးထောင်မှလေးသောင်းအထိ ရရှိပေလိမ့်မည်။ အရင်းတို့နှင့် အလုပ်သမားများ၏ ဝင်ငွေများမှာ ဤမျှ ခြားနားနေလျှင် လူသုံးပစ္စည်းများကို ဖြန့်ဝေကြပုံကို မည်သို့ ထိခိုက်စေလေသနည်း။

အလွယ်တကူ ရှင်းလင်းနားလည်နိုင်အောင် ငွေကြေးသဘောနှင့်ပြသသည်ထက် ကုန်စည်သဘောနှင့်ပြသမှုဖြစ်ပေလိမ့်မည်။ငွေကြေးသဘောနှင့်ကြည့်လျှင် အရင်းရှင်စံနစ်၏ ပြကတေ့သဘောကို မြင်နိုင်ဘို့ခဲယင်းပေလိမ့်မည်။ လူတယောက်မှာ ဝင်ငွေတထောင်ရရှိ၍ အခြားတယောက်မှာ ငွေတကျပ်သာရရှိပုံကို မြင်ရလျှင် အရင်းရှင်သည် မည်မျှမညီမမျှ မတရားသည်ကို သိနိုင်ကြမည်ဖြစ်သော်လည်း လူသုံးပစ္စည်းများကို အထွက်နည်း သထက်နည်းအောင်လုပ်နေကြပုံ နောက်ဆုံး ဖျက်ဆီးပစ်နေကြပုံတို့ကို သိနိုင်ခဲ့ပေမည်။အရင်းရှင်နှင့် အလုပ်သမားတို့ တဦးနှင့်တဦး ဝင်ငွေ့ မည်မျှခြားနားစေကာမူ ကုန်ဝယ်အားမှာမူ အတူတူပင်ဖြစ်သည်ဟု ထင်ရလေသည်။ ဥပမာ– ကုန်ဝယ်အားနှင့် ချိန်၍ကြည့်လျှင် လူတထောင်ကို ငွေတကျပ်စီပေးခြင်းနှင့် လူတယောက်ကို ငွေထထောင်စလုံးပေးလိုက်ခြင်းမှာ မည်သို့မျှ မထူးခြားပေ။ ကုန်ဝယ်အားမှာ ငွေတထောင်ထက် တိုးခြင်းလျော့ခြင်း မရှိပေ။

ယခု ကုန်စည်သဘောနှင့်ကြည့်ကြစို့၊လူတယောက်သည် အခြားလူတယောက်သုံးစွဲသည့် ကုန်ပစ္စည်းအရေအတွက် အကြိမ်ပေါင်းတထောင်ကို တယောက်တည်းမသုံးစွဲနိုင်ပေ။တချိန်တည်း

ထွင် အခြားလူတယောက်က ထမင်းတနပ်စားလျှင် ထမင်းအနပ်တထောင်ကိုစားဘို့ကို မဆိုထားနှင့် ထမင်းနှစ်နပ်ကိုပင် မစားနိုင်ပေ။ သို့အတူ လူတယောက်သည် မည်မျှပင် ချမ်းသာကြွယ်ဝသည်ဖြစ်စေ၊ တချိန်တည်း တပြိုင်တည်း ဘိနပ်တရံ ထက်ပို၍ရင်း၊ လုံချည်တထည်ထက် ပို၍ရင်း အသုံးမပြုနိုင်ကြပေ။

အရင်းရှင်စံနစ်သည် လယ်ယာစက်ရုံအလုပ်ရုံ သတ္တုတွင်းစသည်တို့မှ ထွက်ကုန်ပစ္စည်းဟူသမျှ ကုန်စည်အားလုံးတို့ကို ဝယ်ချမ်းနိုင်ရန်အတွက် ငွေကြေးများကို အမြတ်အစွန်း အခကြေးငွေများစသည့် ဝင်ငွေများအဖြစ်ဖြင့် လူများကိုဖြန့်ဝေ၍ ပေးကြခြင်းမှာ ငြင်းဆိုဘွယ်ရာ မရှိပေ။

သို့သော် ကုန်ဝယ်အား (ငွေကြေး) တို့ကို လူများသို့ဖြန့်ဝေပေးကြရာ၌ အလွန်မညီမျှသော အချိုး အစားအတိုင်း ဖြန့်ဝေထားသဖြင့် ထွက်သမျှ ကုန်စည်အားလုံးတို့ကို မဝယ်ချမ်းနိုင်ကြဘဲ ဖြစ်နေကြရလေသည်။ မြောံများစွာသော လူအပေါင်းတို့မှာ ဝင်ငွေအလွန့်လွန် နည်းစွာရရှိကြလေသဖြင့် မိမိတို့လိုသမျှ ကုန်စည်အားလုံးတို့ကို မဝယ်ချမ်းနိုင်ကြချေ။ အနည်းငယ်သော လူတို့မှာကား ဝင်ငွေအမြောက်အမြား အဆမတန်ရရှိကြသဖြင့် ငွေများမှ မိမိတို့သုံးစွဲလိုသည်ထက်ပင် ပိုလျှံ၍နေကြလေသည်။

ဆင်းရဲသားများကလည်းအသုံးလိုလျက် မဝယ်မချမ်းနိုင်ကြချေ။ ပိုက်ဆံကြွယ်ဝချမ်းသာသူများကလည်း မိမိတို့အတွက် အသုံးမဝင်သောပစ္စည်းများကို မဝယ်လိုကြချေ။ ထိုအခါ ကုန်စည်များမှာ ဈေးတင်၍ရောင်းချကြသော်လည်း ဝယ်သူမရှိဖြစ်ကြကာ ကုန်ပိုကုန်လျှံတွေဖြစ်လာကြလေသည်။

အရင်းရှင်စံနစ်လက်အောက်၌ လူသုံးပစ္စည်းပိုလျှံခြင်း



ဆိုသည်မှာ လူတိုင်းတိုင်း လိုသမျှသုံးစွဲပြီးကြ၍ ပိုလျှံနေသော ပစ္စည်းများမဟုတ်ကြဘဲ လူတိုင်းလူတိုင်း သုံးစွဲကြချင်ပါလျက် မဝယ်မချမ်းနိုင်ကြသဖြင့် မသုံးစွဲကြရသောကြောင့် ပိုလျှံနေကြရသော ပစ္စည်းများဖြစ်ကြလေသည်။

ရှင်းလင်းလွယ်ကူအောင် ဥပမာအားဖြင့် ပြရလျှင် ငါးကျပ်တန် ကုတင်တရာကိုဖြန့်ဝေရန်အတွက် ကုတင်အစား ငွေငါးရာကို ဖြန့်ဝေလိုက်ပြီဆိုကြပါစို့၊ ထိုသို့ ငွေငါးရာကိုဖြန့်ဝေရာ၌ လူတယောက်မှာ ငွေလေးရာရရှိ၍ လူငါးဆယ်မှာ ငွေနှစ်ကျပ်စီသာရရှိကြလျှင် ငွေလေးရာရရှိသောလူမှာ ကုတင်ရှစ်ဆယ်စလုံးကို ဝယ်မည်မဟုတ်ချေ။ နှစ်ကျပ်စီသာရရှိကြသော လူငါးဆယ်တို့မှာလည်း ငါးကျပ်တန်ကုတင်များကို မဝယ်ယူနိုင်ကြချေ။ ထိုအခါ ကုတင်အမြောက်အမြားဝယ်မည့်သူ မရှိကြဘဲ ကုန်ပိုကုန်လျှံများ ဖြစ်လာကြရပေလိမ့်မည်။

ဝယ်ယူမည့်သူမရှိတော့သဖြင့် ပိုလျှံနေကြသောကုန်စည်များကို အရင်းရှင်များသည် စားရမဲ့သောက်ရမဲ့ ဝတ်ရမဲ့ဖြစ်နေကြသောပစ္စည်းမဲ့ဆင်းရဲသားများကို ကြည်ကြည်ပျူပျူ ထက်ထက်သန်သန် လိုလားစွာပေးကမ်း စွန့်ကြဲလိုက်ကြပါသလော၊ မဟုတ်ပါ။ ထိုကုန်ပိုကုန်လျှံများကို မီးတင်ရှို့လိုက်ကြပါသည်။ ပင်လယ်ထဲသို့ သွန်ပစ်လိုက်ကြပါသည်။

ထို့နောက်အရင်းရှင်များသည် ကုန်စည်များကိုမရောင်းကြရသဖြင့် ဖျက်ဆီးပစ်ကြရသည့်အတူတူ နောက်ထပ် ကုန်စည်များကို မထုတ်လုပ်ကြတော့ဘဲ စက်ရုံများကို ပိတ်ပစ်လိုက်ကြပြန်လေသည်။ စက်ရုံအလုပ်ရုံကြီးများကို ပိတ်ပစ်လိုက်ကြသောအခါ ထိုစက်ရုံအလုပ်ရုံကြီးများတွင် အလုပ်လုပ်ကြကာ အသက်

မွေးနေကြရရှာသော အလုပ်သမားများမှာ အလုပ်လက်မဲ့ဖြစ်သွားကြရလေသည်။

အလွန်ကမောက်ကမ အမြီးအမောက်မတဲ့သော အရင်းရှင်စံနစ်အရ ဝင်ငွေဖြန့်ဝေပုံမှာ "ဖောင်စီးယင်း ရေငတ်" ဆိုသော မြန်မာစကားပုံကဲ့သို့ ချမ်းသာကြွယ်ဝသော လူ့ဘောင်အဖွဲ့ အစည်းကြီးအတွင်းကုန်းကောက်စရာမရှိကြလောက်အောင် ချွန်ခြုံကျသည့်အထိ မွဲပြာကျကြရခြင်း၏ အဖြေမှန်အကြောင်းအရင်းများကို တိုးတက်သောအသိဉာဏ်များဖြင့် ရှာဖွေတွေးဆလိုက်လျှင် အရင်းမှင်စံနစ်ကိုသာ အမှန်အတိုင်း တွေ့မြင်ရပေလိမ့်မည်။

# (၈) အသွင်ပြောင်းလာသော အရင်းရှင်စံနစ်

အရင်းရှင်တဦး၏ဝင်ငွေမှာ အလုပ်သမား တယောက်၏ ဝင်ငွေထက် အဆပေါင်းရာထောင်မက ပိုမိုများပြားသည်ဟု အထက်ကဆိုခဲ့၏။ အရင်းရှင်များသည်ဤမျှငွေအမြောက်အမြားကို မည်သို့ အသုံးချကြလေသနည်း။

ငွေအသုံးချနည်းကို ကောင်းစွာနားလည်ကြသော ယခုခေတ်အရင်းရှင်များသည် ရှေးအခါကကုဋေ ၈၀-ကြွယ်ဝသော သူဌေးသားကဲ့သို့ အပျော်အပါး အသောက်အစား တို့၌လည်း မဖြုန်းတီး၊ ငွေကိုမည်ကဲ့သို့လုပ်ရမှန်းမသိသဖြင့် အိုးကြီးအိုးငယ်များနှင့်ထည့်၍ မြေ၌မြှုပ်ထားမလား။ မိမိအထွက်လုံလောက်ရုံထက်ပို၍လည်း လူသုံးပစ္စည်းများကိုမဝယ်ကြချေ။

သို့သော် ဝင်ငွေတိုးတက်ရရှိနိုင်မည့် ကုန်လုပ်ကြိယာများ (လယ်ယာစက်ရုံ အလုပ်ရုံစသည်များ)ကို ဝယ်ယူကြ၏။ ထို့ကြောင့် အရင်းရှင်ကြီးများ၏လက်တွင်း၌ ကုန်လုပ်ကြိယာများမှာ အမြဲတိုးပွားလျက်ရှိကြလေသည်။

လွန်ခဲ့သည့်အခန်းမှကုတင်ဥပမာကို ပြန်လည်၍ကြည့်ကြဦးစို့၊ ငွေ (၄၀၀ိ) ကျပ် ဝင်ငွေရှိသူသည် ၅ိ တန်ကုတင် (၈၀)ကိုဝယ်ယူမည့်အစား ထိုငွေ(၄၀၀ိ)ကျပ်ဖြင့်မှ တည်ကာ ကုတင်လုပ်သည့်အလုပ်ရုံတခုကို တည်ထောင်မည်ဖြစ်လေသည်။

ထိုအခါ အရောင်းအဝယ် ငွေအားကို အမှီပြုနေရသော ပစ္စည်းလုပ်ငန်းမှာလည်း အရောင်းရနည်းသော လူသုံးပစ္စည်းကို နည်းနည်းသာ လုပ်၍ အရောင်းရ တွင်သော ကုန်လုပ်ကြိယာများကို တွင်တွင်ကြီးလုပ်ကိုင်လာကြလေသည်။

အရင်းရှင်များသည် မိမိတို့၏ဝယ်နိုင်ရည်ဖြစ်သော ငွေများဖြင့် ကုန်လုပ်ကြိယာများကို ဝယ်ယူလိုက်သဖြင့် အရင်းရှင်စံနစ်၏ ချို့ယွင်းချက်များသည် ပြေပျောက်သွားပြီဟုထင်စရာအကြောင်းရှိလေသည်။

ဤသို့ကားမဟုတ်ပေ။ အရင်းရှင်များသည် မိမိတို့ဝင်ငွေကို ကုန်လုပ်ကြိယာများဝယ်ယူကြခြင်း၊ တည်ဆောက်ကြခြင်း၌ အသုံးပြုလိုက်ကြသဖြင့် အရင်းရှင် စံနစ်ကို ပြုပြင်ခြင်းမဟုတ် ကြရုံမျှမက အရင်းရှင်စံနစ်၏ရှိရင်းစွဲချို့ယွင်းချက်များကို ပြင်၍ မရနိုင်အောင် ကြီးမား လာစေကြလေသည်။ (ဤသို့ဖြစ်ရခြင်းများမှာလည်း မည်သူမျှ ပြုပြင်၍ မရဘောမရှောင်မလွဲ ဆိုက်ရောက်လာရသည့်အရင်းရှင်စံနစ်၏ ခရီးစဉ်လမ်းကြောင်း ဖြစ်လေသည်။)



အရင်းရှင်စံနစ်ကို မည်သို့အားဖြင့် ပိုမို ဆိုးဝါးလာစေလေသနည်း။

ကုန်စည်များကို ထုတ်လုပ်ရခြင်း၏ အကြောင်းရင်းမှန်များမှာသုံးစွဲကြဘို့ဖြစ်လေသည်။ ထို့အတူကုန်လုပ်ကြိယာများကို တည်ဆောက်ရခြင်း၏ အကြောင်းရင်းမှန်မှာ လူသုံးပစ္စည်းကုန်စည်များ လုပ်ဘို့ ဖြစ်လေသည်။ သို့သော် အရင်းရှင်စံနစ်လက်အောက်၌ နောက်ထပ်တိုးလာသော ကုန်လုပ်ကြိယာများမှာလည်း အရင်းရှင် လူနည်းစုကသာအမြတ်အစွန်းများကို ရရှိပြန်ပေလိမ့်မည်။ ထိုရရှိသော အမြတ်အစွန်းများဖြင့် အရင်းရှင်တို့သည် ကုန်လုပ်ကြိယာ အသစ်များကို ဝယ်ယူကြပေလိမ့်မည်။ တဖန်ထိုကုန်လုပ်ကြိများကိုလည်း အရင်းရှင်များကသာ ပိုင်ဆိုင်ကြည်ဖြဦးမစ်၍ အရင်းရှင်တို့သည် နောက်ထပ် တိုးလာသမျှ ကုန်လုပ် ကြိယာများကို ကုန်လုပ် ကြိယာသစ်များ တိုးသထက်တိုးလာရန်အတွက်သာ အသုံးချရပေလိမ့်မည်။ အရင်းရှင်များအတွက် ကုန်လုပ်ကြိယာနှင့် အမြတ်အစွန်းသည် တခုကတခုကို အပြန်အလှန် ကောင်းကျိုး ပြုလျက် ရှိကြပေသည်။ ကုန်လုပ်ကြိယာသည် အမြတ်ကိုလုပ်ပေး၍၊ အမြတ်ကလည်းတဖန် ကုန်လုပ်ကြိယာကို လုပ်ပေးပြန်လေသည်။

ဤသို့အရင်းရှင်လူနည်းစု၏လက်ထဲတွင် ကုန်လုပ်ကြိယာများ တဖြည်းဖြည်းတိုးပွားလာခြင်းကို အရင်းရှင်များ၏ အရင်းတိုးပွားမှု စီးပွားရေးစံနစ်ဆိုသည်မှာ အခြားမဟုတ် ကုန်လုပ်ကြိုယာများပင် ဖြစ်ကြလေသည်။

အထက်က အမြတ်ရမှုအတွက်သာ အရင်းရှင်များသည် လူသုံးပစ္စည်းများကို လုပ်ကိုင်ကြသည်ဟု ဆိုခဲ့၏။ ဤသို့အရင်း

ရှင်များသည်အမြတ်ကို အရင်းခံထားကြရသည်မှာရရှိသော အမြတ်အစွန်းဖြင့် အရင်းတိုးပွားမှု စီးပွားရေးစံနစ် သို့မဟုတ်ကုန်လုပ်ကြိယာများကိုပိုမိုပိုင်ဆိုင်လို၍သာ ဖြစ်ကြပေသည်။

အရင်းရှင်စံနစ်ကို အပိုင်းပိုင်းအကန့်ကန့် သတ်၍သတ်၍ ခွဲခြား ကြည့်ကြသူများက အရင်းရှင်စံနစ်အရ ပစ္စည်းလုပ်ငန်း၏ အရင်းခံ ရည်ရွယ်ချက်မှာ လူသုံးပစ္စည်းများအတွက် များနိုင်သမျှများရန်အတွက် ငွေအများဆုံးရရန်သာဖြစ်သည်ဟု ဆိုကြလေသည်။အလွယ်နှင့်ရေးရလျှင် အရင်းရှင်များသည် လူအများလိုသမျှပစ္စည်းများကို အလွယ်တကူလုံလုံလောက်လောက် ရနိုင်ကြသည်၊မရနိုင်ကြသည်တို့ကိုအရေးမစိုက်ကြ၊ အရေးမထားကြ မိမိတို့အမြတ်ကြေးငွေ ဘယ်လိုနည်းနှင့် အများဆုံးရနိုင်ကြမည်ကိုသာ အရေးတကြီးအရေးပြုကြလေသည်။ ဥပမာသော်ကား မော်တော်ကားများကို အစင်းဘယ်နှစ်ထောင် ထုတ်လုပ်နိုင်မည်ကို အရေးတကြီးထား၍ မစဉ်းစားကြဘဲ၊ မော်တော်ကားများကိုလုပ်သဖြင့် အမြတ်ကြေးငွေ ဘယ်နှစ်သိန်းရ,ရမည်ကို အရေးတကြီး တွက်ကိန်းချ၍ ကြည့်ကြလေသည်။ မော်တော်ကားလုပ်ကိုင်ခြင်းကိုအရင်းခံမထားကြ၊ မော်တော်ကားကို ရောင်းချ၍ရမည့် အမြတ်အစွန်းကိုသာ အရင်းခံထားကြလေသည်။ အရင်းရှင်များ၏ အမြင်ကမူ မော်တော်ကားမှာ အရင်းရှင် များကို အမြတ်အစွန်း ရစေနိုင်မည့် တန်ဆာပလာ ကလေးမျှသာ ဖြစ်လေသည်။

အရင်းရှင်စံနစ်သည်အမြတ်အစွန်းကိုရှာဖွေ၏။ အမြတ်အစွန်းဖြင့်နောက်ထပ်အမြတ်အစွန်းပြန်လည်ရရှိနိုင်ရန် ကုန်လုပ်ကြိယာသစ် များဖြင့် အမြတ်အစွန်းကို ထပ်၍ထပ်၍ ရှာဖွေကြ



ပြန်လေသည်။ ရရှိထားသောအမြတ်အစွန်းဖြင့် ကုန်လုပ်ကြိယာသစ်များကို ပြန်၍ လုပ်ကြပြန် လေသည်။ ကုန်လုပ်ကြိယာသစ်များဖြင့်အမြတ်အစွန်းကို ထပ်ကာထပ်ကာတိုးကာတိုးကာရှာဖွေပြန်လေသည်။ လက်ဝယ် ရရှိထားသော အမြတ်အစွန်းများဖြင့် ကုန်လုပ် ကြိယာသစ် များကို တဆင့်တက်၍ ဝယ်ယူကြပြန်လေသည်။ ဤသို့ဖြင့်အရင်းရှင်စံနစ်သည် အဆုံးအဆမရှိသော လမ်းခရီးကို မရပ်မနားအဟုန်ပြင်းစွာ ပြေးသွားလျက်ရှိနေလေတော့သည်။ ထို့ကြောင့်နောက်သတ္တုချုံ့ကြည့်လျှင် အရင်းရှင်စံနစ်၏ ရည်ရွယ်ချက်မှာ ကုန်လုပ်ကြိယာအသစ်များကို တိုးပွားစေမှုပင် ဖြစ်လေသည်။

ကုန်လုပ်ယာများ အဆင့်ဆင့် တိုးပွားလာရာကြ၌ ကုန်လုပ်ကြိယာများ၏ စွမ်းအားမှာ တခုနှင့်တခု မတူကြချေ။ အသစ်သစ် လုပ်သမျှသော ကုန်လုပ်ကြိယာများမှာ ယခင် ကုန်လုပ်ကြိယာများထက်စွမ်းအားအရာတွင်များစွာကြီးမားကောင်းမွန်လာကြလေသည်။ ကုန်လုပ်ကြိယာ စွမ်းအား ကြီးမားကောင်းမွန်လာသဖြင့် ယခင်စက်ဟောင်းများနှင့် လူ(၁၀၀) လုပ်ရသော အလုပ်ကို ယခုသစ်စက်နှင့် သူ(၅၀)ခန့် လုပ်လိုက်လျှင် ပြီးစီးနိုင်မည် ဖြစ်လေသည်။ စက်အသစ်ကို သုံးသည်အတွက် အလုပ်သမား (၅၀)ကို အခကြေးငွေ မပေးကြရတော့သဖြင့် အရင်းရှင်များမှာ ပိုမို၍ မြတ်စွန်းလာကြလေသည်။

၁၉၂၂–ခုနှစ်တွင်ဘီအိုစီကုမ္ပဏီ၌ ရေနံတူးဖေါ်စုံတ်ယူရန်နည်းသစ် လျှပ်စစ် စက်သစ်များဖြင့် စံနစ်သစ်ထွင်၍ စတင် အသုံးပြု၍လိုက်ကြလေသည်။ ထိုအချိန်မှစ၍ အလုပ်သမားဦးရေ တဖြည်းဖြည်း လျော့သွားလေတော့သည်။ လျှပ်စစ်အားကိုအ

သုံးမပြုခင်က ရေနံတွင်း တတွင်းကို လူပေါင်း (၅၀) ယောက် ခန့် အလုပ် လုပ်ကိုင်ကြရ၏။ လျှပ်စစ်အားကို အသုံးပြုလိုက်ကြသောအခါ ရေနံတွင်းတတွင်းကို လူပေါင်း (၁၂)ယောက်ခန့်ဖြင့် လုပ်ကိုင်ပြီးစီးနိုင်လေတော့သည်။

၁၉၂၃-ခုနှစ်၌ ရေနံချောင်းမြို့နယ် တနယ်တည်း မှာပင် တွင်းပေါင်း (၇၀၀)ကျော်၌ လျှပ်စစ်စက်များဖြင့် ရေနံတူးဖေါ်စုတ်ယူရန် စံနစ်သစ်ကို အသုံးပြုကြ၏။ အထက်က ပြခဲ့သော လူလျှော့နည်းအရ တွက်ကြည့်လျှင် ရေနံချောင်းမြို့နယ် တနယ်တည်း၌ပင် အလုပ်သမားပေါင်း နှစ်ထောင်ကျော်ကို လျှော့၍ အလုပ် လုပ်သွားနိုင်ပေသည်။

ရေနံချောင်းမြို့မှ.... အခြားရေနံထွက်ရာ.... အရပ်များ၌ ၁၉၂၇-ခုနှစ်၌ နည်းသစ် လျှပ်စစ်ရေနံ တူးဖေါ်ခြင်း၊ စံနစ်သစ်ဖြင့် ရေနံတူးဖေါ်စုတ်ယူရန် လျှပ်စစ်အားကို သွယ်ပို့နိုင်ခဲ့လေသည်။ ဗြိတိန် နီးယား ဝေါဟာရ အဘိဓါန် အဖွင့် စာအုပ်၏ ကောက်နှုတ်ချက်အရ လွန်ခဲ့သည့် (၁၅)နှစ်ကျော်ခန့်က ဘီအိုစီကုမ္ပဏီတခုတည်းက လူပေါင်းလေးထောင်ကျော် ငှါးရမ်း လုပ်ကိုင်ခဲ့ရဘူးလေသည်။

ယခုအခါ ဘီအိုစီကုမ္ပဏီ၌ တွင်းတူးဌာန ရေနံချက်ဌာန စသည်ဌာနများ အားလုံးမှာမှ လူပေါင်း တသောင်း ခြောက်ထောင်လောက်သာ ငှါးရမ်း လုပ်ကိုင်နေနိုင်ပေပြီ။ ဤတွက်ကိန်းအရ တွက်ချက်ကြည့်ရသော် ယခုအခါ ရေနံလုပ်ငန်း တခုတည်း၌ပင် လူပေါင်းအနည်းဆုံး သုံးသောင်းခန့် အလုပ်လက်မဲ့ ဖြစ်နေကြမည်ကို သိနိုင်ပေသည်။

သံလျှင် ရေနံချက်ရာစက်ရုံများ၌လည်းအထက်နည်းတူအခါ ကာလအလိုက်နည်းသစ် စက်သစ်လျှပ်စစ်စက်သစ်များကို အသုံးပြုခဲ့သည်မှာ ရေနံမြေကွက်များနှင့်တချိန်တည်းလောပင်ဖြစ်ပေသည်။ ၁၉၂၃-ခုနှစ်လော့က သံလျှင် ရေနံချက်ရာ အရပ်၌ ဆီချက်စက်ပေါင်း ၂၀-ကျော်ရှိခဲ့ပေသည်၊ရေနံဆီချက်စင်တခု၌လူပေါင်း ၂၅-ယောက်ကျော် အသုံးပြုကြရ၏။ ယခုအခါ ရေနံဆီချက်ရာ အလုပ်ရုံဟူသမျှ ဆီချက်စင် နှစ်ခုတည်းနှင့် ချက်လုပ်နေ ပြီး နောက်ဆုံး အသုံးပြုနေသည့် ဆီချက်စင်တခု၌ လူပေါင်း ၁၂-ယောက်ခန့်သာ လုပ်လုပ်ကိုင်ပေရသည်။ ၁၉၂၈-ခုနှစ်တွင် သံလျှင်ရေနံချက်ရာ ဌာန၌ လူပေါင်း ( ၈၅၀၀ ) ကျော်ဝင်ရောက် လုပ်ကိုင် ခဲ့ဘူးလေသည်။ ၁၉၃၈-ခုနှစ်၌ အလုပ်သမားပေါင်း (၄၃၀၀) ခန့်သာကျန်လေတော့သည်။

သံလျှင်ဆီချက်ရာဌာန၌ ဟိုစဉ်ကအသုံးပြုခဲ့သော ဆီချက်စက်ကလေးများသည် တနေ့လျှင်ဆီစင်တခုံကို အများဆုံး ဆီဂါလံပေါင်း တသောင်းကျော်ခန့်သာ ချက်လုပ်နိုင်ပေသည်။ ယခုအသုံးပြုနေသည့် ဆီချက်စင်ကြီးများသည် တနေ့လျှင် ဂါလံပေါင်း တသိန်းငါးသောင်းခန့် ချက်လုပ်နေပေပြီ။

၁၉၃၀-ပြည့်နှစ် ဒီဇင်ဘာလ ၃၁-ရက်နေ့မှာ ရေနံချောင်းမြို့ ဘီအိုစီ ကုမ္ပဏီက လူပေါင်း(၉၂၀၉)ယောက်ငှားရမ်းလုပ်ကိုင်ခဲ့ရလေသည်။၁၉၃၈-ခုနှစ် ဒီဇင်ဘာ ၃-ရက်နေ့တွင်ရေနံချောင်းမြို့ ဘီအိုစီကုမ္ပဏီ၌ လူပေါင်း(၅၆၈၆)ယောက်သာ ကျန်ပေတော့သည်။ *

...............................................................................

* ၁၉၃၉ ခုနှစ် အဓိကရုဏ်းစုံစမ်းရေးကော်မတီ အစီရင်ခံစာ စာချုပ်စာမျက်နှာ ၁၀၂ မှ ကောက်နှုတ်ဖော်ပြချက်။

၁၈၆၁-ခုနှစ်နှင့်၁၈၆၈-ခုနှစ်အတွင်း၌စက်ရုံပေါင်း အရေအတွက် အားဖြင့် (၃၃၈) ရုံထက်မနည်း (အင်္ဂလန်ပြည်၌) ကွယ်ပျောက် သွားခဲ့သည်ကိုကျွန်ုပ်တို့တွေ့မြင်ရပေသည်။တနည်းအားဖြင့် ဆိုသော် ကုန်လုပ်ကြိယာစွမ်းအား ပိုမိုကြီးမားသောစက်ကြိယာများ မြောက်မြားစွာလူဦးရေအရေအတွက်အားဖြင့်တဖြည်းဖြည်းနည်းပါးနေသောအရင်းရှင်များ၏ လက်တွင်းသို့ စုပေါင်းရောက်ရှိ သွားပေပြီ။ စက်ယက္ကန်းများလည်း အရေအတွက်အားဖြင့်(၂၀၆၆၃)လျော့ကျခဲ့သော်လည်း အထည်အလိပ် ထွက်ကုန်မှာ တိုး၍ပင်လာခဲ့လေသည်။ တိုးတက် ကောင်းမွန်သော စက်ယက္ကန်းများကိုအသုံးပြုလာသဖြင့် ကုန်အထွက်များလားသည်ဟု ဆိုရပေမည်။

စက်ယက္ကန်း ဝင်ရိုးတန်များ အ ရေ အ တွက် အား ဖြင့် (၁၆၁၂၅၄၁)သို့ တိုးတက်ခဲ့သော်လည်း အလုပ်သမားဦးရေမှာ (၅၀၅၀၅)ယောက် လျော့ပေါ့သွားပေပြီ။ ဝါဂွမ်းရောင်းဝယ်ရေး လုပ်ငန်း မကောင်းသဖြင့် အလုပ်သမားများခံနေကြရသော အခိုက်အတန့်ကြပ်တည်းမှုမှာလည်း တိုးတက်သောစက်ကြိယာများကို အစဉ်သဖြင့်အသုံးပြုနေသောပ်ကြောင့် အခိုက်အတန့်ကြပ်တည်းမှုမှ ထာဝစဉ်ကြပ်တည်းမှုသို့ ကူးပြောင်း လာရချေပြီ။ *

ထို့ကြောင့် အရင်းရှင်စံနစ်လွှမ်းမိုးသော ခေတ်ကာလ၌ ကုန်ုလုပ်ကြိယာ စွမ်းအား တိုးတက်လာလေလေ အရင်းရှင်များမှာသာ အမြတ်အစွန်းများလည်း များသည်ထက် များလာပေ

* ကားလ်မတ်စ်ရေး အရင်းအနှီးစာအုပ်ပထမတွဲ စာမျက်နှာ (၄၆၅)မှ။



မည်။ဤသို့ဖြစ်၍အလုပ်သမားများအတွက်မှာမူ ပထမအခကြေးငွေ အလျော့ခံကြရမည်။ နောက် ဒုတိယအလုပ်ပြုတ်ကြရမည်။ နောက် တတိယ စားကြရမဲ့ သောက်ကြရမဲ့ များဖြင့် အသက်သေကြေပျက်စီး ကြရခြင်း အဖြစ်များသို့ တိုင်အောင် ဆင်းရဲရောက်ကြရပေလိမ့်မည်။

ဤသို့သော နည်းအားဖြင့် အရင်းရှင်များသာ တဖြည်းဖြည်း ကောင်းစားသွားကြ၍ အလုပ်သမားဆင်းရဲသားများမှာ တနေ့တခြား ငတ်မွတ်ကြပ်တည်း ဆင်းရဲသွားကြရခြင်းကို အရင်းရှင် စံနစ်သည် မကုစားနိုင်တော့ချေ။ အကြောင်းမူကား အလွန်အမင်း မညီမျှသောငွေသည် အရင်းရှင်များကို ကုန်လုပ်ကြိယာ တိုးပွားစေ၍ အလုပ်သမားများကို ထမင်း ငတ်စေ ကြလေသည်။

အရင်းရှင်များအတွင်းမှာလည်း အမြတ်အစွန်းအဝေမညီမျှကြသဖြင့် မည်သည့်အခါမှ အချင်းချင်းမတဲ့ကြချေ။ ကုန်လုပ်ကြိယာများ ပိုင်ဆိုင်သူသည် အမြတ်အစွန်းများများ ရသဖြင့် နောက်တပ်ကုန်လုပ်ကြိယာများများဝယ်နိုင်လေသည်။ ကုန်လုပ်ကြိယာနည်းနည်းသာ ပိုင်ဆိုင်သူသည် အမြတ်အစွန်း နည်းနည်းသာ ရလေသဖြင့် နောက်ထပ်ကုန်လုပ်ကြိယာနည်းနည်းသာ ဝယ်နိုင်လေတော့သည်။

မြွေသည်ဖားကိုမျို၍ အသက်မွေး သကဲ့သို့အရင်းရှင်ကြီးများသည်လည်း အငယ်စားကိုဝါးမျိုကြခြင်းဖြင့် အသက်မွေးကြလေသည်။

ကုန်လုပ်ကြိယာများများပိုင်ဆိုင်သော အရင်းရှင်အကြီးစားများမှာ ကုန်စည်များများလုပ်၍ ဈေး၌ ခပ်ပေါပေါရောင်း

ချနိုင်လေသည်။ ကုန်လုပ်ကြီယာ နည်းနည်းသာ ပိုင်ဆိုင်သော အရင်းရှင်အငယ်စားများမှာ ကုန်စည် နည်းနည်းသာ ထုတ်လုပ်နိုင်ကြသဖြင့် အရင်းရှင်အကြီးစားများကဲ့သို့ဈေးပေါပေါထား၍ မရောင်းနိုင်ကြချေ။ အရင်းရှင်အကြီးစား၏ ကုန်စည်များနှင့် အပြိုင်အဆိုင် မရောင်းနိုင်ကြချေ။ အကယ်၍ဇွတ် မျက်စိမှိတ်ကြကာ ရောင်းလျှင်လည်း အရှုံးသာ အဖတ်တင်ကြချေမည်။ မရောင်းဘဲ ထားကြလျှင်လည်းကုန်စည်များမှာ ကုန်လှောင်ရုံများအတွင်းသာ အိပ်နေကြလေတော့မည်။ သို့ဖြစ်သဖြင့် ကုန်စည်များအပေါ် ကုန်ကျထားကြရသောငွေရင်းမှာ ပြန်မလာနိုင်ကြတော့ချေ။ ထိုအခါ အရင်းရှင် အငယ်စားများမှာ ကြွေးပတ်ပတ်လည် ဝိုင်းကြကာ မိမိပိုင်ကုန်လုပ်ကြီယာများကို အရင်းရှင်အကြီးစားလက်သို့ ရောင်းချလိုက်ကြ ရတော့သည်။ ကြွေးတင်လျှင် ကျွန်ဖြစ်သည်ဟူသော မြန်မာစကားပုံတခုအတိုင်းပင်ဖြစ်ကြရလေသည်။ အရင်းရှင်အငယ်စားများမှာ ကြွေးတင်လာကြလျှင် ကျွန်အဖြစ်သို့ တိုင်အောင်ချက်ခြင်းမရောက်ကြသေးသော်လည်း အရင်းရှင်အငယ်စားအဖြစ်ပြန်လည်မရောက်နိုင်ကြတော့ပေ။အရင်းရှင်အငယ်စားအဖြစ်မှလျှော့ကျကြရလေတော့သည်။ အရင်းရှင်အကြီးစားမြွေသည် အရင်းရှင်အငယ်စားဘားသူငယ်ကို မညှာမတာ ကြမ်းကြုတ်ရက်စက်စွာဝါးမျိုလိုက်လေသည်။ *

---

* ဤသို့အရင်းရှင်အကြီးစားများက ဈေးအပြိုင်လျှော့၍ရောင်းကြခြင်းမှာ အရင်းရှင်ကြဲးများနှင့်အရင်းရှင်ကလေးတို့တိုက်ပွဲ၌ အရင်းရှင်ကြီးများ၏အမြောက်ဆံပင်ဖြစ်သည်ဟု ဘုံဝါဒဆရာကြီးကားလ်မတ်စ်က ပြောပြခဲ့ဘူးလေသည်။



မြန်မာပြည်၌ အရင်းရှင် အကြီးစားများက အရင်းရှင်အငယ်စာများကို ဝါးမျိုပုံ အဖြစ်အပျက်များကို မကြာခဏတွေ့ကြုံခဲ့ကြရဘူးလေသည်။

ဘိအိုစီ အရင်းရှင် အကြီးစားသည်တွင်းစားအရင်းရှင်အငယ်စါးများကိုဝါးမျိုခဲ့ကြ၏။ဦးချစ်လှိုင်တို့ကြီးမှူးတည်ထောင်သော သီလဝါရေနံစက် ပျက်စီးသွားခဲ့ကြရခြင်းမှာလည်း ဘိအိုစီ အရင်းရှင်ကြီးများ၏ ဝါးမျိုမှုကြောင့်ပင် ဖြစ်ပေသည်။ ရေနံမြေ၌ ဘိအိုစီမှအပတည်ရှိနေကြသော ကုလားပိုင်ရေနံစက်များမှာ ဘိအိုစီထမင်းစားပွဲမှ ဘိတ်ကျသော ထမင်းကျန်ဟင်းကျန်နှင့် အသက်ရှင်နေကြရခြင်း ဖြစ်လေသည်။ ဘိအိုစီကလည်း သူတို့ကိုအပြိုင်အဆိုင် ချမည့်သူများမဟုတ် သူတို့ကိုကာပြန်မည့်သူများမဟုတ်ကြသဖြင့် ခွင့်လွှတ်ထားကြခြင်း ဖြစ်လေသည်။

လွန်ခဲ့သည့် ၁၉၁၀-ပြည့် နှင့် ၁၉၁၁-ခုနှစ်မှ ၁၉၂၈-ခုလောက်အတွင်း မော်လမြိုင်ရှိ တလိုင်းသူဌေး ဦးနာအောက်ပိုင်မီးသင်းဘောများနှင့် ရောဝတီဖလိုတီလာကုမ္ပဏီပိုင် မီးသင်းဘောများသည် ခရီးသည်များကိုအပြိုင်အဆိုင် တင်ပို့ကြဘူးလေသည်။ ပိုက်ဆံတမတ် ပေးရသည့်ခရီးကို တလိုင်းသူဌေးက တမတ်နှင့်ပို့လျှင် ရောဝတီကသုံးပဲနှင့်ပို့၏။ ထိုအခါ တလိုင်းသူဌေးက ခရီးစရိတ်တမူးသို့လျှော့ချလိုက်၏။ တလိုင်းသူဌေးက လျှော့ချလိုက်လျှင်ရောဝတီကတပဲနှင့်ပို့တော့လေသည်။တလိုင်းသူဌေးကာ အလကားပို့တော့သည်။ ရောဝတီက အလကား ပို့ရုံတင် မဟုတ်သေးပေ မိမိသင်းဘောကိုစီးသူများသို့ ပုဝါတပိုင်စီ ပေးလေတော့သည်။ ဤသို့ မြိုင်ဆိုင်မှုကြာလာသော အခါ

အရင်းနည်းသော တလိုင်းသဌေးမှာစကော့တလန်ပြည်၌ အရင်းငွေ သန်းပေါင်းမြောက်မြားစွာဖြင့်မတည်၍ထားသော ရောဝတီ ကုမ္ပဏီကို အရှုံးပေးလိုက်ရလေတော့သည်။ မိမိပိုင်သင်းဘော များကိုလည်း ရောဝတီ ကုမ္ပဏီလက်သို့ အပ်လိုက်ရလေတော့ သည်။ ထို့ပြင်ကိုယ့်လယ်ကိုယ်လုပ်ကာ အသက်မွေးနေကြသော မြန်မာလယ်သမားကလေးများမှာလည်း အရင်းရှင်စံနစ်ကြောင့် ပင် ကိုယ်ပိုင်လယ်ကလေးများကို အရင်းရှင်လယ်ပိုင်ကြီးလက်သို့ ဝကွက်၍အပ်လိုက်ကြရလေသည်။ ဤသို့ ကိုယ်ပိုင်လယ်ကလေး များကို လက်လွှတ်သွားကြရသော လယ်သမားများမှာ ကိုယ် တိုင် လွတ်လွတ်လပ်လပ် အသက်မမွေးနိုင်ကြတော့သဖြင့် အခြား လယ်ပိုင်ရှင်ကြီးများထံ အခစား သူရင်းငှား အဖြစ်ငင်း၊ မြို့ကို တက်ရောက်၍ အလုပ်ရုံကြီးများ၌အခစား အလုပ်သမားအဖြစ် ငင်း အသက်မွေးကြရတော့သည်။

ဤနည်းဖြင့် အရင်းရှင်ကြီးများသည် အလုပ်သမားလယ် သမားများနှင့်တကွ အရင်းရှင် ကလေးများ၏ လည်ချောင်း သွေးများဖြင့် မိမိတို့ကိုယ်အား၊ ဥာဏ်အားထွားကြိုင်း သန်မာ ရင့်ကျက်မှုများကို ဖြစ်စေကြလေသည်။

အရင်းရှင်ကလေးများ၊ လယ်ပိုင်ရှင်ကလေးများ ပျက် စီး တိမ်မြုပ်၍သွားကြရသည့်အလျောက် လူသုံးပစ္စည်းကိုထုတ် လုပ်သော ကုန်လုပ်ကြိယာများမှာ လက်တဆုပ်မျှသောအရင်း ရှင် လူနည်းစု၏လက်ထဲသို့ စုပုံဝင်ရောက် လာကြလေသည်။

ကိုယ်ပိုင် ကုန်လုပ်ကြိယာများ ဆုံးရှုံးကြကာ ပစ္စည်းမဲ့ အလုပ်သမားဖြစ်လာကြသူ ဦးရေ တဖြည်းဖြည်းများပြား လာ သလောက် ကုန်လုပ်ကြိယာများသထက် များစွာ ပိုင်ဆိုင်သော



လူဦးရေမှာလည်း တဖြည်းဖြည်းနည်းလာလေသည်။

နောက်တဖန် အဆမတန် စွမ်းအား ကြီးမား လာသည့် ကုန်ထုတ်လုပ်ကြိယာများကိုပိုင်ဆိုင်ကြသော အရင်းရှင်ကြီးများ မှာလည်း ကုန်စည်အမျိုးမျိုးကို လုပ်ဆောင်ကြရာ၌ အမြတ်အ များဆုံးကို ရနိုင်ကြရန်အတွက် မိမိတို့သင့်တော်သူ အချင်းချင်း နှင့် အသင်းအပင်းများ ဖွဲ့စည်းကြကာ မိမိတို့ကဲ့သို့ပင် ဖွဲ့စည်း တည်ထောင်သော အခြားအရင်းရှင်ကြီးများ၏ အသင်းအပင်း သည်များသော်ငင်း၊ အရင်းရှင်ကလေးများ အားလုံးနှင့်သော် ငင်း အပြိုင်အဆိုင်ချကြလေသည်။

ဤသို့အားဖြင့် အရင်းရှင်ကြီးများ၏ အသင်းအဖွဲ့မျိုးကို ထရပ်စ်ပူးလ်ဆင်ဒီကိတ် စသည်ဖြင့် ခေါ်ဝေါ်ကြလေသည်။*

ဥပမာ ကျောက်မီးသွေး အမြားအပြား ထွက်သောတိုင်း ပြည်တပြည်၌ ယခင်ကတသီးတခြားကျောက်မီးသွေးလုပ်ငန်းကို လုပ်လာသော.... အရင်းရှင်များသည် အချင်းချင်းညှိနှိုင်း၍.... ကျောက်မီးသွေး သူဌေးများ၏ အသင်းအဖွဲ့ကြီးတဖွဲ့ကို တည် ထောင်လိုက်ကြပြီးလျှင် ကျောက်မီးသွေး အရောင်းအဝယ် တခု လုံးကို လက်ဝါးကြီး အုပ်လိုက်ကြလေသည်။ ကျောက်မီးသွေး နှင့်ပတ်သက်လာလျှင် ဤအဖွဲ့ကြီးက ထင်သလို ချယ်လှယ်နိုင်

.............................................................................................................

* ကုလား မြန်မာစသည့် အရင်းရှင် အငယ်စားများကို သတ် ရန်တည်ထောင်လိုက်ကြသော ဘူလင်ဂျာပူလ်မှာ ဖေါ်ပြပါအရင်းရှင် ကြီးများ၏ အဖွဲ့အစည်းမျိုးပင်..... ဖြစ်လေသည်။ မြန်မာပြည်ထွက် ကောက်ပဲသီးနှံများကို သူတို့က လက်ဝါးကြီးအုပ်ထားကြ၍ ဈေး အ တက်အကျကိုလည်း သူတို့စိတ်ကြိုက်အတိုင်းပင်ချယ်လှယ်၍နေကြလေ သည်။

၏။ ကျောက်မီးသွေး အတွက်များမှု အထွက်နည်းမှု၊ ဈေးတက်မှု၊ ဈေးကျမှုတို့မှာ.... သူတို့လက်ထဲတွင် လုံးဝ ရှိနေ လေသည်။ ကျောက်မီးသွေး လုပ်ငန်းအားလုံးမှာ သူတို့တစု၏ လက်ထဲမှာ ရှိနေသဖြင့် သူတို့တိုင်းပြည်မှာဖြင့်သူတို့ကိုပြိုင်မည်သူ မရှိကြတော့ပေ။

ဤသို့ အရင်းရှင်ကြီးများ၏ အသင်းအဖွဲ့ကြီးများ ပေါ်ပေါက်သော ခေတ်မှ အရင်းရှင်စံနစ်ကို လက်ဝါးကြီးအုပ် အရင်းရှင်စံနစ်ဟု ခေါ်လေသည်။*

အမေရိကန်ပြည်မှ ယူနိုက်တက်စတိတ် စတီလ်ကော်ပိုရေးရှင်းမှာ ၁၉၀၁ ခုနှစ်က တည်ထောင်၍ ဒေါ်လာသန်းပေါင်း ၁၃၇၀-ရှိလေသည်။ အလုပ်သမားပေါင်း ၁၆၈၀၀၀ အလုပ်နေကြလေသည်။

အမေရိကန်ပြည်၌ သန်းပေါင်းများစွာ ကြွယ်ဝချမ်းသာ

* ဂျာမဏီနှင့်....အင်္ဂလန်ရှိ လက်ဝါးကြီးအုပ်အရင်းရှင်အဖွဲ့ကြီးအချို့ကို ဖေါ်ပြရလျှင် ဂျာမဏီပြည်၌ ဂျာမန်စတီထရပ်စ် (၁၉၂၆ ခုနှစ်က တည်ထောင်၍အရင်းငွေပေါင်၇၂ သန်းရှိသည်။) ဂျာမန်ဒိုင်စတပ်ထရပ်စ် (၁၉၂၅ ခုနှစ်က တည်ထောင်၍ အရင်းငွေပေါင်သန်း ၅၀ ရှိလေသည်။) စသည်တို့ဖြစ်၍ အင်္ဂလန်ပြည်၌ အင်ပီရီယယ်ကယ်မီကယ်အင်ဒပ်စထရီ (၁၉၂၈ ခုနှစ်မှာ တည်ထောင်၍ အရင်းငွေပေါင် ၆၀ သန်းရှိလေသည်)။ (ယူနီလီဗာ ၁၉၂၉ ခုနှစ်က တည်ထောင်၍ အရင်းငွေပေါင့်သန်း၂၀၀ ရာရှိလေသည်။) ဗစ်တာအမ်းစထရောင်း (၁၉၂၅ ခုနှစ်က တည်ထောင်၍ အရင်းငွေ သန်းပေါင် ၇၈ သန်းရှိလေသည်။) စသည်တို့ဖြစ်ကြလေသည်။



သော မော်ဂင်ဆိုသူ သူဌေးကြီး ခေါင်းဆောင်သည့် သံမဏိလုပ်ငန်း အသင်းကြီး (ထရပ်စ်)မှာ အရင်းငွေပေါင်း ပေါင်၅၀၁ မြန်မာငွေသန်းပေါင်း ၆၆၀၀-ခန့် မှ တည်ထား၍ သံမဏိ အလုပ်ရုံကြီး ၁၄၇-ရုံနှင့် မိုင်ပေါင်း ခုနစ်သောင်းမျှရှည်လျားသော မီးရထား လမ်းများကို ပိုင်ဆိုင်လေသည်။ အမေရိကန်ပြည်မှ သံမဏိကုန်စည်တဝက်ကို ဤအသင်းကြီး ပိုင်အလုပ်ရုံကြီးများက လုပ်ကိုင်ကြလေသည်။

ခရာဇ်သက္ကရာဇ် ၁၉၀၀-ပြည့်ကျော်ကျော်လောက် အတွင်း ကမ္ဘာကြီးတခုလုံး၏ အရင်းငွေတဝက်မှာ အထက်ပါ သံမဏိလုပ်ငန်း အသင်းကြီးကဲ့သို့သော အရင်းရှင်အဖွဲ့ကြီးများ၏ လက်ထဲ၌ ရှိနေကြပေသည်။

အမေရိကန်ပြည်၌ လက်ဝါးကြီးအုပ် အရင်းရှင် အသင်းကြီးများက လူသုံးပစ္စည်းလုပ်ငန်းများကို အောက်ပါအချိုးအစားအတိုင်း ပိုင်ဆိုင်ကြလေသည်။

| | | |
|---|---|---|
| အထည်အလိပ်လုပ်ငန်း | ရာခိုင်နှုန်း | ၅၁ |
| ဖန်မှန်လုပ်ငန်း | ။ | ၅၄ |
| စက္ကူလုပ်ငန်း | ။ | ၆၅ |
| စားကုန်သောက်ကုန်လုပ်ငန်း | ။ | ၆၂ |
| သံမဏိလုပ်ငန်း | ။ | ၈၄ |

ဆိုဗီယက် ယူနီယံက တကမ္ဘာလုံးမှ ထွက်သော ရေနံလုပ်ငန်းတဝက်ကိုသည်း အမေရိကန်ပြည်မှ စတင်းဒတ်အိုင်လ် အသင်းကြီးနှင့် အင်္ဂလန်ပြည်မှ ရွိုင်ရယ်ဒတ်ချ်ရှ်အသင်းကြီးနှစ်ခု၏ လက်ထဲ၌ ရှိနေလေသည်။

ခရစ်သက္ကရာဇ် ၁၉၀၀-ပြည့်ကို ကျော်လွန် လာခဲ့သည့်အ

ချိန်ကစ၍ အရင်းရှင်များ တဦးနှင့်တဦးပြိုင်ဆိုင်သော အရင်းရှင် စံနစ်ဟောင်းသည် ကုန်လွန်ခဲ့၍ အရင်းရှင်ကြီးများ၏ အဖွဲ့ကြီးများ တဖွဲ့နှင့်တဖွဲ့ ပြိုင်ဆိုင်ကြသော လက်ဝါးကြီးအုပ် အရင်းရှင် စံနစ်သစ်သည် ပေါ်ထွက်လာခဲ့ရပြန်လေသည်။

လက်ဝါးကြီးအုပ်အရင်းရှင်စံနစ်လွှမ်းမိုးသော ခေတ်တွင် အရင်းရှင်ဦးရေးမှာ အလွန်တမင်းနည်းပါးသွား၍ ပစ္စည်းမဲ့အလုပ်သမား ဆင်းရဲသားဦးရေမှာမရေမတွက်နိုင်အောင်များပြားလာသည့်အပြင် အရင်းရှင်တို့ ရရှိသောဝင်ငွေနှင့် ဆင်းရဲသားများ ရရှိသော ဝင်ငွေအချိုးအစားအဆမတန်အောင် ကွာခြားနေသဖြင့်တနေ့တခြားကုန်လုပ်ကြီယာစွမ်းအားကြီးမားကောင်းမွန်လာသော လက်ဝါးကြီးအုပ် အရင်းရှင်အဖွဲ့ကြီးများ၏ စက်ရုံကြီးများမှ ထွက်ကုန်ပစ္စည်းများမှာ အရင်းရှင် နိုင်ငံများမှလည်း ဈေးမရ၊ ဝယ်ယူမည့်သူမရှိဖြစ်နေကြလေသည်။ ထိုအခါ အရင်းရှင်များသည် မိမိတို့တိုင်းပြည်များမှအပ အခြားအရင်းရှင် စံနစ် မထွန်းကားကြသေးသော တိုင်းပြည်များသို့ ပိုလျှံနေသော ကုန်စည်များကိုတင်ပို့ရောင်းချကြရလေသည်။ ဤသို့ဖြင့် အရင်းရှင်စံနစ် မတွန်းကားကြသေးသော၊ ခေတ်မမှီကြသေးသော တိုင်းပြည်များမှာ အရင်းရှင်များ၏ကုန်စည်များကိုရောင်းချကြရာ ဈေးကွက်များအဖြစ်သို့ ပြောင်းလဲရောက်ရှိ သွားကြလေသည်။

သို့သော် ဈေးကွက်များသို့လည်း အခြားအရင်းရှင်နိုင်ငံကြီးများမှ အရင်းရှင်အဖွဲ့ကြီးများက ကုန်စည်များ ဝင်ရောက်လာကြကာ ယှဉ်ပြိုင်ရောင်းချကြခြင်းများ ပြုကြလေသဖြင့် ပထမ ရောက်ရှိလာသူ အရင်းရှင်ကြီးများမှာ ထိုဈေးကွက်တိုင်းပြည်



များကို မိမိတို့လက်အောက်ခံ ထိုင်းပြည်များ အဖြစ်သို့ ရောက်အောင် မတရားတိုက်ခိုက်သိမ်းပိုက်ကြလေသည်။

ဤကားနယ်ချဲ့စံနစ် ပထမ စတင်ပေါ်ပေါက်လာရခြင်း၏ အကြောင်းရင်းအမှန်ပေတည်း။ (လာမည့်အခန်း၌ နယ်ချဲ့စံနစ်အကြောင်း အကျယ်ချဲ့၍ရေးရပါမည်)။

အရင်းရှင်စံနစ် လွှမ်းမိုးသော ခေတ်တွင်း၌ လူသုံးပစ္စည်းများ လုပ်ဆောင်ကြသော လယ်ယာ၊ စက်ရုံ၊ အလုပ်ရုံ၊ သတ္တုတွင်း စသည့် ကုန်လုပ်ကြိယာတ္တားသည် လူနည်းစုအရင်းရှင်များ၏ ကိုယ်ပိုင်ပစ္စည်းဖြစ်နေသမျှ ကာလပတ်လုံး အရင်းရှင်အငယ်စားခေတ်မှသည် အရင်းရှင်အကြီးစားခေတ်၊ လက်ဝါးကြီးအုပ် အရင်းရှင်ခေတ်၊ နယ်ချဲ့ခေတ်များသို့ အချိန်အခါ အားလျော်စွာ ပြောင်းလဲ လာရမည်မှာ လူတဦးတယောက်အလိုအလျောက် ပြုပြင်ချင်တိုင်း ပြုပြင်ပြောင်းလဲ၍မရသော တခေတ်မှ တခေတ်သို့ မှရှောင်မလွှဲသာ ကူးပြောင်းလာရမည့် အရင်းရှင်စံနစ်၏ ခရီးစဉ် တရားပေတည်း။

နယ်ချဲ့စံနစ်မှာ လက်ဝါးကြီးအုပ်အရင်းရှင်စံနစ်ပင် ဖြစ်ပေသည်ဟု ဆိုဗီယက်ယူနီယံ ဆင်းရဲသား အရေးတော်ပုံကြီး၏ ခေါင်းဆောင် လီနင်က ရေးသား ခဲ့သည်မှာ မည်မျှမှန်ကန်ကြောင်းအထက်တွင်ရေးသားခဲ့သမျှကိုဘတ်ရသော စာဘတ်သူတိုင်းပင် သဘောပေါက် နားလည်နိုင်ပေလိမ့်မည်ဟု ယုံကြည်ယူဆမိပါကြောင်း။

လက်ဝါးကြီးအုပ် အရင်းရှင်စံနစ် လွှမ်းမိုးသော ခေတ်တွင်း၌ အရင်းရှင်အဖွဲ့ကြီးများသည် အချင်းချင်း အလှယ်တကူ ငွေအလဲအလှယ် ကူးပြောင်း လုပ်နိုင်ကြရန်အတွက် ဘဏ်တိုက်

ကြီးများကို ဖွင့်လှစ်ထားကြလေသည်။

အရင်းရှင်အဖွဲ့တခုသည် အခြား အရင်းရှင်အဖွဲ့တခုကို (ကုန်စိမ်းကုန်ကြမ်း ကုန်လုပ်ကြိယာစသည်တို့ကို ဝယ်ယူသည့်အတွက်)ငွေအမြောက်အမြား ပေးစရာရှိကြသော်လည်း မိမိတို့လက်ထဲ၌ငွေအလွယ်တကူမရှိကြသောအခါဘဏ်များမှအတိုးနှင့်ချေးယူကြရကာ ပေးကြရလေသည်။ တဖန်အရင်းရှင်အဖွဲ့ကြီးများ၌ငွေများ ပိုလျှံနေသည့်အခါ ထိုငွေပိုငွေလျှံများကို ဘဏ်များမှာ အပ်နှံထားကြလျှင် ထိုငွေများ အပေါ် အတိုးရကြလေသည်။ထို့ကြောင့်အရင်းရှင်များအတွက် ဘဏ်တိုက်များမှာ ငွေလိုလျှင်ချေးယူ၍ ငွေပိုလျှင် အတိုးရရှိဘို့ အပ်ထားရာဌာနများဖြစ်ကြပေသည်။

တဖန်ထပ်၍ ရှင်းလင်းကြအုံးစို့၊

တခါတရံအထွက်နည်း၍၎င်း၊ အထူးအသုံးလိုလာ၍၎င်း ရေနံ့,ကျောက်မီးသွေး,သံမဏိစသည့် ကုန်အမျိုးအမည်တခုခု၏ ကုန်ဈေးမှာ အထူးကောင်းမွန်၍ လာတတ်လေရာ ထိုကုန်စည်များကိုလက်ဝါးကြီးအုပ်ထားကြသော အရင်းရှင်အဖွဲ့ကြီးများအကွင်းသို့အမြတ်ငွေများ လှိမ့်ဝင်၍ လာတတ်လေသည်။ ထိုအချိန်မှာ ကုန်လုပ်ကြိယာအသစ် ဝယ်ရန်သော်၎င်း၊ ကုန်စိမ်းကုန်ကြမ်းများကိုဝယ်ယူရန်သော်၎င်းအခါမကျသေးဟုဆိုကြစို့ ငွေများကို မီးခံသေတ္တာတွင်း သွင်း၍ အလုံပိတ်ထားကြခြင်းမှာ အမြတ်ကို အရင်းခံထားကြသော အရင်းရှင်များ၏ ကိုယ်ကျင့်တရားနှင့်ဆန့်ကျင်၍ နေကြလေရာ အတိုးရကြမည့် ဘဏ်တိုက်များသို့ ထိုအမြတ်အစွန်းငွေများကို လွှဲအပ်လိုက်ကြလေသည်။

ဘဏ်တိုက်များသို့လည်း မိမိတို့တာရှည်ထည့်သွင်းထား



နိုင်ရေးအတွက် အမြတ်အစွန်းရရှိဘို့ လိုပေသည်။ အရင်းရှင်များ၏ ငွေပိုငွေလျှံများကို အတိုးပေး၍ ယူထားကြပြီးလျှင် ထိုအတိုးနှုန်းအတိုင်း အခြားအရင်းရှင်များကို ချေးငှါးကြပြန်မူ မိမိတို့အတွက် အမြတ်မကျန် ကြတော့ချေ။ အမြတ်ကျန်စရာလမ်းလည်း မမြင်တော့ချေ။ သို့ကြောင့်ငွေလက်ခံလျှင် အတိုးနည်းနည်းနှင့် လက်ခံ၍ ပြန်လည် ချေးငှါးသောအခါ အတိုးများများနှင့် ချေးငှါးကြလေသည်။ ဥပမာငွေတရာကို အတိုးတနှစ်(၅ ိ)ကျပ်နှင့်လက်ခံခဲ့လျှင်ငွေတရာတနှစ်အတိုး(၆ ိ-၇ ိ) နှင့် ပြန်လည်ချေးငှါးရလေသည်။ ထိုနည်းအတိုင်း လက်ခံချေးငှါးရန်အတွက်ဘဏ်၌ အရင်းငွေ အခြေခံများလိုလာလေသည်။

သို့ကြောင့် ဘဏ်တိုက် များမှာ မိမိတို့ အရင်းငွေများသထက်များအောင် စုဆောင်းရာ၌ အရင်းရှင်ကြီးများထံမှ ငွေများသာမက လူလတ်တန်းစားများ ဖြစ်ကြသည့် စာရေးစာချီများ၊ ကျောင်းဆရာများ၊ စက်ဆရာများ၊ ကုန်သည်ပွဲစားများ လယ်ပိုင်ရှင်ကလေးများထံမှ ငွေများကို ဘဏ်သို့အပ်နှံကြရန် လက်ခံကြလေသည်။

ဤသို့အားဖြင့် လူလတ်တန်းစားများ စုဆောင်း ထားသည့်ချွေးနည်းစာများကို အရင်းရှင်ကြီးများ အလိုကျ သုံးစွဲကြရန်အတွက်ဘဏ်တိုက်ကြီးများက စီစဉ်ပေးကြလေသည်။

ဘဏ်များမှာ မိမိတို့ အရင်း ငွေများ လည် လေလေ တနည်းအားဖြင့် အစဉ်ငွေလက်ခံနေ၍ အစဉ် ငွေထုတ်ချေးနေရလေလေ ကြီးပွားတိုးတက်၍ သြဇာကျယ်ပြန့်လေလေ ဖြစ်ကြတော့သည်။

သို့ရာတွင် ငွေထုတ်ချေးရာ၌ ငွေချေးသူ အရင်းရှင်များ

သည်အချိန်တန်လျှင်ချေးယူသောငွေကို အတိုးအရင်းနှင့်ပြန်ဆပ်နိုင်မည် မဆပ်နိုင်မည်ကို ဘဏ်များက အထူးအလေးပြုကြရလေသည်။ အခါများစွာဘဏ်များသည်အရင်းရှင်အဖွဲ့များ၏အတွင်းရေးများကိုပင် ဝင်ရောက်လွှမ်းမိုးကြိုးကိုင်လာကြလေသည်။

အကယ်၍ အရင်းရှင် အဖွဲ့များသည် အစုဝင်နိုင်သောလီမိတက်ကုမ္ပဏီများ ဖြစ်ခဲ့လျှင် ဘဏ်တိုက်များသည် ထိုကန့်သတ်အစုဝင်သူများသို့ အစုအမြောက်အမြားထည့်ဝင်ကြစေကာ အများအစုဝင် လုပ်ငန်းကို ကြိုးကိုင် ကြပြန်လေသည်။ တခြားတနည်းမှာ အရင်းရှင်အဖွဲ့များကို ငွေချေးငှားခြင်းဖြင့် အသက်ပေးကြကာသွယ်ဝိုက်၍ ချုပ်ချယ်ကြလေသည်။ ကြိုးကိုင်ကြပြန်လေသည်။

တဖန်အရင်းရှင်အဖွဲ့ကြီးများကလည်း ဘဏ်တိုက်များကို ချုပ်ချယ်လွှမ်းမိုးကြလေသည်။ မိမိတို့ အမြတ်ငွေများကို ဘဏ်တွင်အပ်နှံ၍ထားကြလေရာ အကယ်၍ ဘဏ်များမှာ ၎င်းတို့ချေးငှါးလိုက်သောငွေများပြန်မရ၍ ပျက်စီးသွားမည်ဆိုက မိမိတို့(အရင်းရှင်) အပ်နှံထားကြသောငွေများမှာ အတိုးမရကြဘဲ အရင်းပါ ဆုံးရှုံးရပေလိမ့်မည်။ ဤသို့ဆုံးရှုံးလျှင် မိမိတို့အရင်းရှင်ကြီးများ၏အဖွဲ့များ ကြာရှည်တည်တန့်နိုင်ရန်ပင် ခဲယဉ်းလာပေလိမ့်မည်။

ထို့ကြောင့် အရင်းရှင်အဖွဲ့ကြီးများသည် မိမိတို့လူများကို ဘဏ်အုပ်ချုပ်ရေးလုပ်ငန်းအတွင်း၌ ထည့်သွင်းထားကြလေသည်။ ဤသို့မိမိတို့လူများထည့်သွင်းထားကြခြင်းအားဖြင့်မိမိတို့အပ်နှံထားကြသော ငွေများ မပျောက်ပျက်ခြင်းနှင့် မိမိတို့လိုသောအခါ အလွယ်တကူ လိုသလောက် ချေးငှါးခြင်းဟူသော



အကျိုးနှစ်မျိုးကို ခံစားကြရလေသည်။

အရင်းရှင်အကြီးစားကအရင်းရှင်အငယ်စားကိုမျို၍၎င်း အရင်းရှင်စံနစ် ပေါ်ပေါက်လာသည့်ရှေ့နည်းအတိုင်း ဘဏ်အကြီးစားများက ဘဏ်အငယ်စားများကို မျို၍၎င်း၊ ဘဏ်အငယ်စားများက မိမိတို့အချင်းချင်းပေါင်းစည်း၍၎င်း ဘဏ်အကြီးစားစံနစ်ပေါ်ပေါက်လာကြရပေသည်။

ဤသို့စုပေါင်း၍၎င်း၊ ဝါးမျို၍၎င်း၊ ကြီးကျယ်လာသောဘဏ်အဖွဲ့ကြီးများမှာ အထူး တန်ခိုးကြီးမားလာကြလေသည်။ တိုင်းပြည်တခု၏ ငွေအရင်းအနှီးများမှာ သူတို့လက်ထည်းတွင်း၌ အကုန်လုံးလိုလိုရောက်ရှိနေကြ၍ ကုန်လုပ်ကြိယာများ ကုန်ချောလုပ်ကြရန် ကုန်စိမ်းကုန်ကြမ်း များကိုလည်း သူတို့ကပင်လုံးဝလက်ဝါးကြီးအုပ်ထားကြ လေသည်။ အတိုချုပ်အားဖြင့် တိုင်းပြည်တခုလုံး၏အသက်မှာ သူတို့လက်ထဲကရေလို ဖြစ်နေပေတော့သည်။

နယ်ချဲ့စံနစ်ဖြင့် ကျယ်ပြန့်သော အင်ပါယာကြီးများကို တည်ထောင် လိုက်ကြသော အခါ၌ကား အင်ပါယာအတွင်းရှိ ကျွန်နိုင်ငံများမှ များစွာသော လူသတ္တဝါများမှာ ထိုလက်ဝါးကြီးအုပ်ဘဏ်ကြီးများက ပြုတ်လိုပြုတ် ဖုတ်လိုဖုတ် လုပ်သမျှကို ခံကြရလေသည်။

လက်တဆုတ်စာမျှသော အရင်းရှင်လူနည်းစုများမှာ လူသုံးပစ္စည်းအားလုံးကိုလည်း သူတို့ပိုင်၍ ဘဏ်တိုက်ကြီးများ၌လည်း သူတို့ပင်ချယ်လှယ်၍နေကြလေသည်။

ထိုအခါ ဘဏ်လုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများမှာ တခုနှင့်တခု ခွဲခြား၍မရနိုင်အောင် ပေါင်းစပ်ရော

နေ့၍ လာကြလေသည်။ ဤအကြောင်းနှင့်ပတ်သက်၍ စက်ရုံအလုပ်ရုံကလေးများ ပေါင်းစပ်စုဝေးလာကြကာ စွမ်းအား အလွန်ကြီးကျယ်သော စက်ရုံသစ်ကြီးများ အလုပ်ရုံသစ်ကြီးများ ပေါ်ပေါက်လာကြခြင်းဖြင့် လက်ဝါးကြီးအုပ် အရင်းရှင်စံနစ်သည် ငွေအမြောက်အမြားစုဝေးရာ ဘဏ်နှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများကို ရောနှောပေါင်းစပ်၍ လာကြလေသည်ဟု လီနင်က ဟောပြောရေးသားထားခဲ့လေသည်။

ထို့ကြောင့်နယ်ချဲ့စံနစ်သည် လက်ဝါးကြီးအုပ်အရင်းရှင်စံနစ်ဖြစ်သကဲ့သို့ လက်ဝါးကြီးအုပ်အရင်းငွေစံနစ်မှာလည်း ဘဏ်စံနစ်ပင်ဖြစ်ပြန်လေသည်။ အရင်းရှင်စံနစ်မှာ လက်ဝါးကြီးအုပ်ဘဏ်စံနစ်မှာ လွှမ်းမိုးသောခေတ်တွင်း၌ ပေါ်ပေါက်လာသည်ဟု ဆိုနိုင်ပေသည်။

ဘဏ်စံနစ် လွှမ်းမိုးသောခေတ်တွင်း၌ လူသတ္တာအသင်း၏ အသက်စည်းစိမ်အိုးအိမ်များကိုဘဏ်များက မည်သို့ချုပ်ချယ်လွှမ်းမိုးထားကြပုံများကို အသေအချာ လေ့လာသိရှိနိုင်အောင် အင်္ဂလန်ပြည် ဘဏ်ကြီး၏ အကြောင်းကို အောက်၌ ရေးသားဖော်ပြလိုက်ရပေကြောင်း။*

အင်္ဂလန်ပြည်နှင့်တကွ ဗြိတိသျှအင်ပါယာကြီးတခုလုံးကို လက်ဝါးကြီးအုပ်ထားသော အင်္ဂလန်ပြည်ဘဏ်ကြီးမှာ လန်ဒန်

---

ဖေါ်ပြပါ အင်္ဂလန်ပြည်ဘဏ်၌ (Bank of England) အကြောင်းကို ၁၉၃၈-ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့ထုတ် ထရိပြုန်းဂျာနယ်၌ ဝွန်အော်ဂင်ဆိုသူ၏ ဆောင်းပါးမှ ကောက်နုတ်၍ ရေးသားပါသည်။



မြို့တော် တွင်း၌ တည်ရှိ၍ အခြား ကုမ္ပဏီ ကြီး ငယ် များကဲ့သို့ပင် အမြတ် အစွန်း ရရှိမှု အတွက် အရင်းရှင်ကြီးများ အစုတစုကတည်ထောင်ထားကြခြင်းဖြစ်လေသည်။ အင်္ဂလန်ပြည်၌ အစိုးရကိုယ်တိုင်တည်ထောင်သော အစိုးရဘဏ်မရှိသေးသဖြင့် ဤဘဏ်ကြီးကပင် အင်္ဂလန်ပြည်သူပြည်သားများသုံးစွဲကော ငွေစက္ကူများကို အစိုးရ ငွေကြေးဘက်ဌာနနှင့် ညှိနှိုင်းတိုင်ပင်၍ ထုတ်လုပ်ရလေသည်။

ဂုဏ်းပြင် အင်္ဂလန်ပြည်နှင့်တကွ ဗြိတိသျှ အင်ပါယာ အတွင်းရှိအရင်းရှင်အဖွဲ့အစည်း ကြီးငယ်ဟူသမျှကို ငွေများထုတ်ချေးရာဌာနဖြစ်လေသည်။ ဤချေးငှားသော ငွေများဖြင့်ပင် အင်္ဂလိပ်အရင်းရှင်များမှာ မိမိတို့အတွက် အမြတ်အစွန်းများကို ရှာဖွေကြရ၍ ချေးငှားထားသောငွေများအတွက် ကျသင့်သော အတိုးငွေများကို ဘဏ်ကြီးသို့ပေးနေကြရလေသည်။

ငွေချေးငှားရာ၌ အတိုး မည်၍မည်မျှထားရမည်ကို ဘဏ်ကြီးက ဆုံးဖြတ်၍သတ်မှတ်ပေးလေသည်။

အတိုးနှုန်းကြီးလျှင် အရင်းရှင်ကြီးများသည် ထွက်ကိန်းမကိုက်ကြသဖြင့် ငွေမချေးကြချေ။ ငွေမချေးကြလျှင် ကုန်စည်များကို ပိတ်လိုက်ကြကာ မလုပ်နိုင်ကြဘဲ မိမိတို့ စက်ရုံအလုပ်ရုံကြီးများရှိ အလုပ်သမားများကိုလည်း မောင်းထုတ်လိုက်ကြလေသည်။ သို့မဟုတ် မိမိတို့အတွက် အမြတ်များများ ကျန်နိုင်အောင် အလုပ်သမားများ၏ အခကြေးငွေများကို ဖြတ်ပစ်ကြလေသည်။

တဖန် ထိုအတိုးနှုန်း နည်းလျှင်လည်း အရင်းရှင်များသည် ငွေများများချေးယူနိုင်၍ မိမိတို့ ကုန်စည်လုပ်ငန်းကို ချဲ့

ထွင်ကြကာ အလုပ်သမား များများကို အလုပ် ပေးနိုင် ကြလေသည်။

အင်္ဂလန်ပြည်၏ စီးပွားဖွံ့ဖြိုးမှုကို ဖန်တီး ကြသောအကြောင်းအမျိုးမျိုး၌ အင်္ဂလန်ပြည် ဘဏ်ကြီး၏ ငွေချေးငှါးပုံစံနစ်မှာ အရေးအကြီးဆုံးဖြစ်ပေသည်။

ငွေစက္ကူ ထုတ်ဝေရေးနှင့် ငွေချေးငှါးရေး နှစ်ခု သူတို့လက်တွင်း၌ရှိ နေကြ သဖြင့် အင်္ဂလန်ပြည် ဘဏ် ဒါ ရိုက် တာကြီးများမှာ တိုင်းပြည်ကြီးတခုလုံး အင်ပါယာကြီး တခုလုံး၏ စီးပွားရေး အာဏာရှင်ကြီးများ ဖြစ်နေကြ ပေသည်။ လူတဦးတယောက်၏ အလုပ်ရမှု မရမှု၊ သူ၏အခကြေးငွေမည်၍မည်မျှနှင့် သူသုံးစွဲသော ပစ္စည်းကုန်ဘိုး အနည်းအများ စသည်တို့ကို ထိုဘဏ်ဒါရိုက်တာကြီးများက ပြုပြင်နေကြလေသည်။ အချုပ်ရေးရလျှင် ဤဘဏ်တိုက်ရှင်ကြီးများမှာ လူများကို ထမင်းစားရအောင်လည်း ဖန်တီးနိုင်ကြလေသည်။

သို့ရာတွင်ဘဏ်ကြီးကို အုပ်ချုပ်ရာ၌ သူတို့၏တွက်ကိန်းသည် လူများ၏ ချမ်းသာမှု, ဆင်းရဲမှု, ထမင်းဝမှု, ထမင်းငတ်မှုများကို အရင်းခံ မထားကြချေ။ သူတို့မည်သို့မည်ပုံ အမြတ်အစွန်း အများဆုံး ရနိုင်မည် ကိုသာ အရင်းခံ ထား ကြ လေသည်။

ဘဏ်ဒါရိုက်တာကြီးများသည် အရင်းရှင် အဖွဲ့များကို ငွေချေးကြရုံ မျှမက မိမိတို့ကိုယ်တိုင် အဖွဲ့များ၏ အတွင်းရေးများကို ဝင်ရောက် ချယ်လှယ်ကြလေသည်။ အကယ်၍ အခြားအရင်းရှင်များသည် ဆင်းရဲသားများကို သွေးစုတ်ကြရာ၌ နည်းမမှန်သဖြင့် ပျက်စီး ဆုံးပါး ကြသောအခါ ဘဏ်ကြီးများက



ထိုအရင်းရှင်များ၏ လုပ်ငန်းများကို ယူငင် သိမ်းပိုက် ကြကာ သူကိုယ်တိုင် ဆင်းရဲသား များကို သွေးစုတ် လေတော့သည်။ ၁၉၃၂-ခုနှစ်၌ ရွိုင်ရယ်လ်မေစတီလ်ပက်ကက် (Royal Mail Steam Packet) နှင့် အဲလ်ဒါဒမ်စ်တာရှစ်ပီး (Edleer Dempster Shipping) မီးသင်္ဘော အဖွဲ့အစည်းကြီးများသည် ပျက်စီးဆုံးရှုံး သွားကြရသောအခါ ဘဏ်ကြီးများက ၁၉၃၅-ခုနှစ်တွင် ထိုအဖွဲ့ အစည်းကြီးများကို အသစ်ပြန်လည် ထူထောင်လိုက် ကြလေသည်။ အသစ် ပြန်လည် ထူထောင်သော ကုမ္ပဏီများတွင် ဒါရိုက်တာ များကို ဘဏ် ဌာန ချုပ်မှူး ဖြစ်သော (Montagu Norman) မောင်တေဂူနော်မန်က တိုက်ရိုက်ခန့်ထားလေသည်။

အစိုးရနှင့် ဘဏ်တိုက်ရှင်ကြီးတို့ ဆက်သွယ် ကြပုံများမှာလည်း ဤသို့ဖြစ်ကြလေသည်။

၁၉၃၅-ခုနှစ်တွင် အစိုးရက မီးရထား အဖွဲ့အစည်းကြီးများကို အတိုးနည်းနည်းနှင့် ငွေထုတ်ချေးရန် ပြည်သူ့ လွှတ်တော်မှ ဥပဒေနှစ်ရပ်ကို အတည်ပြုခဲ့ပေသည်။

ထိုဥပဒေများအရ အယ်လ်ပီတီဘီ (L.P.T.B.) ဂြိဒဗလိယူအာရ် (G.W.R.) နှင့် အယ်လ်အယ်န်အီးအာရ်(L.N.E.R.) မီးရထားအဖွဲ့ကြီး သုံးခုသည် အစိုးရထံမှ ငွေများကို ချေးယူခဲ့ကြလေသည်။ ၁၉၃၆ခုနှစ် ကုန်ဆုံးလျှင် ထိုအဖွဲ့ကြီးသုံး ခုက ချေး ငှါး ထား သော ငွေ များ မှာ ပေါင် ပေါင်း (၁၂၂၉၇၅၃)ဖြစ်လေသည်။ ဤအဖွဲ့ကြီးများသို့ ငွေထုတ်ပေးရသော လန်ဒန် ဓါတ်ရထား သယ် ယူပို့ဆောင် ရေး အဖွဲ့ (The London Electric Transport Finance

Corporati-) တွင် ဒါရိုက်တာ လေး ယောက် ရှိ လေသည်။ လေးယောက်အနက် သုံးယောက်မှာ အင်္ဂလန်ပြည် ဒါရိုက်တာများဖြစ်ကြ၍ ကျန်တယောက်မှာ ဘဏ်ကြီး၏ ငွေထိန်းမှူး ကေ အို ပက်ပီယက် ( K. O.peppiatt ) ဖြစ်လေသည်။

ဘဏ်ဒါရိုက်တာကြီးများ ဤသို့စီးပွားရေးလုပ်ငန်းများ၌ ကိုယ်တိုင်ကိုယ်ကျဝင်ရောက်ချယ်လှယ်ကြခြင်းဖြင့် ဆင်းရဲသားများကို စံနစ်ကျကျသွေးစုတ်နိုင်ကြလေသည်။ လက်ဝါးကြီးအုပ်အရင်းရှင်စံနစ်ကို ပိုမို၍အားအင်ကြီးစေ၏။ အမြတ်အစွန်း ပိုမိုရရှိစေ၏။

အရင်းရှင်အဖွဲ့အစည်းတိုင်း၌ ဘဏ်တိုက်များမှကိုယ်စားလှယ် အနည်းဆုံး တယောက်ကျစီ ပါဝင်၍ထားကြ လေသည်။

လော့ဟင်ဒလေး(Lord hyndley)မှာဘဏ်ကြီး၌ဒါရိုက်တာ တယောက်ဖြစ်၍ ပါဝဲလ်ဒပ်ဖရင်အက်စိုးစီယေး တက်ကော်လီယာရီခေါ် ဝေလနယ်တောင်ပိုင်းတွင် အကြီးဆုံးဖြစ်သော ကျောက်မီးသွေး လုပ်ငန်း အရင်းရှင်အဖွဲ့ကြီး၏ ဒါရိုက်တာချုပ်လည်း ဖြစ်လေသည်။

ဗဟိုဓာတ်အားပေးရေးအဖွဲ့မှ ဒါရိုက်တာရှစ်ယောက်အနက် နှစ်ယောက်မှာ'အင်္ဂလန်ပြည်ဘဏ်ကြီးမှ ဒါရိုက် တာများဖြစ်ကြလေသည်။ ဤဓာတ်အားပေးရေး အရင်းရှင်အဖွဲ့ကြီးမှာဓာတ်အားပေးလုပ်ငန်းတခုလုံးကို လက်ဝါးကြီးအုပ်ကာအင်္ဂလန်ပြည် တပြည်လုံးကို ၄င်းပိုင် ဓာတ်အားပေးရုံ ၄၂၉-ရုံမှ နေ၍ဓာတ်အားပေးလျက်ရှိလေသည်။

အာရ်ဒီကစ်ဆွန်း (R.D. Kit son)ဆိုသော ဘဏ်ကြီး



မှ ဒါရိုက်တာ တယောက်မှာဖို့မော်တာအဖွဲ့ကြီး(Ford Mortor Co Ltd)တွင် ညွန်ကြားရေးမှူး ဖြစ်လေသည်။ ဤအဖွဲ့ကြီးမှာ အရင်းငွေပေါင်း ပေါင် ၉-သန်းမတည်၍ အမေရိကန်ဖို့အဖွဲ့မှ ခွဲကာ ဥရောပတတိုက်လုံး (တိုင်းပြည်ပေါင်း ၁၆-ခု)အတွက် တာဝန်ယူထားလေသည်။

မြန်မာပြည်၌တိုက်ခွဲ ဖွင့်လှစ်ထားသော သူရိယ အသက်အာမခံကုမ္ပဏီဘဏ်ကြီး၏ အုပ်ချုပ်ရေးအဖွဲ့ထွင် ဒါရိုက်တာနှစ်ယောက် ပါဝင်လေသည်။

အင်္ဂလန်ပြည် ဘဏ်ကြီးမှာ အင်္ဂလန် တခုလုံးသာမဟုတ်ဗြိတိသျှအင်ပါယာ တခုလုံး၏ စီးပွားရေးကိုကြိုးကိုင်လျက်ရှိနေပေသည်။

အိန္ဒိယပြည်မှ ဘဏ်တိုက်များ၊ ကုန်သည်အသင်းများ၊ လဘက်ခြောက် ကုမ္ပဏီများ၊ တရုပ်ပြည်နှင့် သြစတေလီယားမှ ဘဏ်တိုက်များ၊ တရုပ်ပြည်မှ အရောင်းအဝယ် လုပ်ငန်းကြီးများ အီရန်မှ အင်္ဂလိုအိုင်ရေနီးယံအိုင်ငွေ့လ် ရောင်းဝယ်ရေး ကုမ္ပဏီ တောင်အာဖရိကတိုက်မှရွှေတွင်းလုပ်ငန်းကုမ္ပဏီများ၊တောင်အာဖရိက တိုက်မှ မီးရထားကုမ္ပဏီများ၊ အရောင်းအဝယ်လုပ်ငန်းများ၊ ကနေဒါပြည်မှ ကနေဒီယံ ဖစိဖိတ်ရေးလ်ဝေး (Canadian Pacific Railway)ခေါ်မီးရထားသယ်ယူပို့ဆောင်ရေးကုမ္ပဏီ ဟုဒ်ဆန်းဘေးကုမ္ပဏီ (Budson Bay Co) စသည့်အင်ပါယာအတွင်းရှိနိုင်ငံအသီးသီးမှလက်ဝါးကြီးအုပ် အရင်းရှင်အဖွဲ့ကြီးများမှ အင်္ဂလန်ပြည်ဘဏ်ကြီးနှင့် အမြဲဆက်သွယ်နေကြရပြီးလျှင် မိမိတို့၏ ကိုယ်စားလှယ် များကိုလည်း ဘဏ်အုပ်ချုပ်ရေးဘုတ်အဖွဲ့သို့ စေလွှတ်ထားကြလေသည်။

ကမ္ဘာနှင့် အဝှမ်း ထင်ပေါ်ကြော်ကြားနေသော အရင်းရှင် အဖွဲ့ကြီးများ၊ ဘဏ်တိုက်ကြီးများ၊ မီးရထား-မီးသင်းဘောကုမ္ပဏီကြီးများ၊ အသက်အာမခံအဖွဲ့များ စသည်တို့မှာ အင်္ဂလန်ပြည် ဘဏ်ကြီး၏ ဩဇာလွှမ်းမိုးခြင်းကို အနည်းနှင့်အများ ခံကြရလေသည်။

ဤမျှ အစအဆုံးမရှိအောင် ကြီးကျယ်ပြန့်ပွား အုပ်စီးထားသော ဘဏ်ကြီးကိုကြိုးကိုင်နေသော ဘဏ်ဒါရိုက်တာများမှာ ၂၄-ယောက်မျှသာဖြစ်လေသည်။

ဤဘဏ်ဒါရိုက်တာ ၂၄-ယောက်၏လက်ထဲ၌ သိန်းသန်းအသချေ်မရေတွက်နိုင်သောလူသတ္တဝါများ၏ အသက်နှင့်စည်းစိမ် တည်ရှိနေသည်မှာ ပြော၍ပင်မယုံနိုင်စရာ ဖြစ်နေပေသည်။

လူသုံးပစ္စည်း စားကုန်သောက်ကုန်များ ဈေးကြီးခြင်း၊ အလုပ်လက်မဲ့ များသထက် များလာခြင်းစသည်တို့မှာ ဆင်းရဲသားများအတွက် ကပ်ဆိုက်ခြင်း ဖြစ်သော်လည်း လက်ဝါးကြီးအုပ် အရင်းရှင်ကြီးများအတွက်မူ ကောက်၍ မကုန်နိုင်လောက်အောင် ရွှေမိုးငွေမိုး ရွာခြင်းပင်ဖြစ်လေတော့သည်။

ဆင်းရဲသားများကလမ်းပမ်းကောင်းကောင်းဖောက်လုပ်ပေးဘို့ စာသင်ကျောင်းများ၊ ဆေးရုံများ ပိုမိုတည်ဆောက်ဖွင့်လှစ် ပေးဘို့ပြောလျှင် ငွေမရှိ၍ ဝမ်းနည်းပါသည်ဟု အစိုးရက ပြန်ဖြေလေ့ရှိကြလေသည်။

အလုပ်သမားများက လုပ်ခတိုးတက်ပေးဘို့၊ အလုပ် လုပ်ချိန် လျှော့ပေးဘို့၊ အလုပ်လက်မဲ့များစောင့်ရှောက်ပေးဘို့ပြောပြကြလျှင်လည်း ငွေမရှိ၍ဝမ်းနည်းပါတယ်ဟုပင် အစိုးရကပြန်ဖြေကြားကြလေ့ရှိပေသည်။



ငွေကား မရှိမဟုတ်။ သုံးမကုန်၊ စားမကုန်အောင်ပင် ရှိနေကြလေသည်။

သို့သော်....ထိုငွေများကို ကိုယ်ကျိုးရှာကြရန် အရင်းရှင်ကြီးများ၏ လက်တွင်းသို့ ရောက်ရှိနေကြလေသည်။

ထို့ကြောင့် လူသတ္တဝါအားလုံးကို ဆင်းရဲရောက်သထက်ရောက်အောင် လုပ်ပေးနေကြသော လက်ဝါးကြီးအုပ်အရင်းရှင်ကြီးများနှင့်တကွ ဤအရင်းရှင်ကြီးများလက်ကိုင်တုတ်ဖြစ်သော အစိုးရကို အမြန်တော်လှန်ပုန်ကန် သုတ်သင်ကြရန်မှာ အရေးကြီးသထက်ကြီးလာလေပြီ။

ဤအရင်းရှင်နှင့် အရင်းရှင်များ၏ကိုယ်စား အစိုးရအဖွဲ့များကို အဆုံးတိုင်မြေမြုပ် သုတ်သင်နိုင်ကြဘို့မှာ အလုပ်သမားတောင်သူလယ်သမား၊ ပစ္စည်းမဲ့ဆင်းရဲသားများ၏ သွေးစည်းညီညွတ်ရေး အပေါ်၌ လုံးလုံးလျားလျား တည်ရှိနေပေသည်။ ပစ္စည်းမဲ့ ဆင်းရဲသားများကို နိုင်ငံရေး‌ခေါင်းဆောင်မှု ပေးနိုင်ရန်မှာ လူတန်းစားစိတ်ထား မှန်ကန်သည့်ပစ္စည်းမဲ့များ အတွင်းမှ ဦးဆောင်လမ်းညွှန် အဖွဲ့အစည်းတရပ် ရှိအပ် လိုအပ်ပေသေးသည်။

ယခုအခါ ကမ္ဘာ့အခြေအနေအရ လက်ဝါးကြီးအုပ်အရင်းရှင် စံနစ် အားနည်း၍ ကျဆုံးဘို့ အချိန် ဆိုက်ရောက်နေပြီး အလုပ်သမား၊တောင်သူလယ်သမား၊ ပစ္စည်းမဲ့များ အာဏာရရှိကြဘို့မှာ လင်းရောင်ခြည်ကိုကျော်လွန်၍ အလင်းရောင် ဆောင်နေသည့်အချိန်သို့ ဆိုက်ရောက်လာကြပေပြီ။

# နယ်ချဲ့စံနစ်

## (က) နယ်ချဲ့စံနစ်ဆိုတာဘာလဲ

အထက်က အရင်းရှင်စံနစ်စတင် ပေါ်ပေါက်ချိန်စမှ၍ လက်ဝါးကြီးအုပ် အရင်းရှင်စံနစ်၊ ဘဏ်အရင်းရှင်စံနစ်၊ နယ်ချဲ့အရင်းရှင်စံနစ်တို့ လွှမ်းမိုးသော ယခုအချိန်အထိ အသွင်ပြောင်းလဲလာသော အရင်းရှင်စံနစ်၏အဆင့်ဆင့် ခရီးစဉ်များကို ရေးသား ခဲ့လေသည်။

ဤသို့ ရေးသားခဲ့သဖြင့် အရင်းရှင်စံနစ်သည် ကမ္ဘာပေါ်ရှိ တိုင်းပြည်ကြီးတိုင်း၌ တချိန်တည်းတပြိုင်တည်း၊ တညီတညာတည်း ကြီးမားကျယ်ပြန့်လာသည်ဟု ထင်စရာရှိပေသည်။ စင်စစ်အားဖြင့်ကား ဤသို့မဟုတ်ပေ။

ယနေ့ကမ္ဘာရှိတိုင်းပြည်များ၏အခြေအနေကိုကြည့်လျှင် ထင်ရှားလာပေမည်။ အာရှတိုက်နှင့် အာဖရိကတိုက်ရှိ အချို့အ



ရပ်များ၌ လူတို့၏နေထိုင်မှုစံနစ်များမှာ အရင်းရှင်စံနစ် မဟုတ်သေးချေ။ ပဒေသာပင်ခေတ်၊ ကျေးပိုင်ကျွန်ပိုင်ခေတ်၊ လယ်ပိုင်ရှင် ခေတ်တို့မှာ အရပ်ကိုလိုက်၍ ယခုထက်တိုင် တည်ဆဲဖြစ်နေပေသည်။ အိန္ဒိယပြည်၊ တရုပ်ပြည်ကမ်းရိုးစသည့် အရပ်များ၌ကား လယ်ပိုင်ရှင်ခေတ် ပျောက်ကွယ်တိမ်မြုပ်ပြီး၍ အရင်းရှင်စံနစ် ဝင်ရောက်လွှမ်းမိုးဆဲကာလဖြစ်ပေသည်။

ထို့ပြင် အရင်းရှင်စံနစ် အခြေတည်ပြီးသော နိုင်ငံကြီးများမှာပင် တိုင်းပြည်တခုနှင့်တခု၏ အရင်းရှင်စံနစ် ကြီးမားကျယ်ပြန့် လာပုံခြင်းမတူကြချေ။ အင်္ဂလန်ပြည်မှာ အရင်းရှင်စံနစ် စတင် ထွန်းကားရာအရပ်ဖြစ်၍ အရင်းရှင်စံနစ် ကြီးမားကျယ်ပြန့်လာခြင်းမှာလည်း အခြားတိုင်းပြည်များထက် အလျင်အဦးကျလေသည်။ ၁၉၀၀-ပြည့်နှစ်မတိုင်မီအတွင်းအင်္ဂလန်တိုင်းပြည်တခုသာ ကုန်စည်များကို အခြားတိုင်းပြည်များသို့ တင်ပို့ရောင်းချနိုင်လောက်အောင် အားအင်နှင့်ပြည့်စုံလေသည်။ ထို့ကြောင့်ပင် အင်္ဂလိပ်အရင်းရှင်ကြီးများ စတင်နယ်ချဲ့သည့်ခေတ်က သူတို့ကို ပြိုင်ဆိုင်မည့်တိုင်းပြည်နိုင်ငံများမှာ မရှိသလောက်ဖြစ်နေသဖြင့် အလွန်လွယ်ကူစွာပင် 'ဈေးနာ' တိုင်းပြည်များသို့ တိုက်ခိုက်သိမ်းယူနိုင်ခဲ့လေသည်။ ထိုအချိန်က အင်္ဂလန်ပြည်မှာ လုပ်သည်ဟူသော အမှတ်တံဆိပ်ပါသည့် ကုန်စည်များမှာ အာရှတိုက်အာဖရိကတိုက်များနှင့်အမေရိကတို့၌လွှမ်းမိုးနေလေသည်။

သို့သော် ဂျာမနီ၊ပြင်သစ်စသည့်အခြားနိုင်ငံများ၌လည်း အရင်းရှင်စံနစ်သည် အလျင်အမြန်တိုးတက်လာပြီးလျှင် အင်္ဂလန်ရောက်နေသော အရင်းရှင်ခေတ်ကိုမှီလာကြလေသည်။ ထို့အတူဂျပန်မှာလည်း နှစ်အနည်းငယ်အတွင်း အင်္ဂလန်၊ ဂျာမနီ၊ ပြင်

သစ် စသည့် အနောက်တိုင်းအရင်းရှင်နိုင်ငံများနှင့် ရင်ဘောင်တန်းလိုက်နိုင်အောင် ကြိုးစားကြလေသည်။

အရင်းရှင်နိုင်ငံများမှာ တဦးနှင့်တဦး သေရေးရှင်ရေးတမျှ အပြိုင်အဆိုင်အနိုင်ကျင့်နေကြသောခေတ်၌ ဖြေးဖြေးဆေးဆေး တိုးတက်နေလျှင် သူများနောက်ကွယ်ကချည့် နေကြရပေမည်။ သို့ဖြင့်သဖြင့် လျှင်မြန်နိုင်သမျှလျှင်မြန်အောင် တိုးတက်လာစေကြရပေမည်။

အပြေးပြိုင်ကြရာအလျှင်ပြေးနှင့်၍ အတော်ရောက်နေသူကို မှီလိုလျှင် နောက်မှလူမှာ ရှေ့လူတက်ပိုမိုလျှင်မြန်စွာအင်အားစိုက်ထုတ်ကာ ပြေးလွှားရသကဲ့သို့ ရှေ့ကသွားနှင့်ပြီး ဖြစ်ကြသော အင်္ဂလန်ပြည်၏အရင်းရှင်စံနစ် အဆင့်အတန်းသို့ မှီနိုင်ရန်အတွက် ဂျာမနီ၊ ပြင်သစ်တို့၏အရင်းရှင်စံနစ်များမှာ ခြေလှမ်းကြဲကြဲ လှမ်းကြရလေသည်။ ထို့အတူ နောက်ပိတ်ဆုံး တက်လာသော ဂျပန်မှာထည်း အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်တို့ကိုလိုက်၍ မှီရန် ၎င်းတို့ထက်ခြေလှမ်းကြဲရပေမည်။

ဥပမာ အင်္ဂလန်အရင်းရှင်စံနစ်သည် လက်ဝါးကြီး အုပ်ရင်းရှင် စံနစ်ခေတ်သို့ ရောက်အောင် အနှစ်တရာ ကြာလျှင် ဂျာမနီ၊ ပြင်သစ် အရင်းရှင်စံနစ်တို့မှာ အနှစ် ၅၀-သာကြာ၍ ဂျပန်အရင်းရှင်စံနစ်သည် အနှစ်အစိတ်သာ ကြာပေလိမ့်မည်။

ဤကား တိုင်းပြည်တခုနှင့်တခု အနှေးအမြန်မညီမျှသော အရင်းရှင်စံနစ်၏ တိုးတက်မှု တရားပေတည်း။

တဆင့်မှ တဆင့် တိုးတက် ပြောင်းလဲလာသော အရင်းရှင် တိုင်းပြည်များမှာ အဆင့်ဘဆင့်သို့ ရောက်လျှင် မရှောင်မလွှဲသာအောင် နယ်ချဲ့စံနစ်ကို အသုံးပြုကြရ လေသည်။ ထိုအဆင့်



သည်ကား လက်ဝါးကြီးအုပ် အရင်းရှင်စံနစ်၏ အဆင့်ပင် ဖြစ်လေသည်။

လက်ဝါးကြီးအုပ် အရင်းရှင်စနစ်လွှမ်းမိုးသောတိုင်းပြည်တပြည်မှာ ဘာ့ကြောင့် နယ်ချဲ့စံနစ်ကို အသုံးမပြုဘဲ မနေနိုင်အောင် ဖြစ်ရသည်ကိုစီစစ်ကြည့်ကြစို့။

အရင်းရှင်စံနစ်အရ လုသုံးပစ္စည်းဖြန့်ဝေ နည်းကြောင့် အရင်းရှင် လူနည်းစုတို့၏ဝင်ငွေနှင့် ဆင်းရဲသားများမှာ အဆမတန်အောင် ကွာခြားနေကြသဖြင့် ဆင်းရဲသား များမှာ မိမိတို့အလွန်အသုံးလိုသော စားကုန် သောက်ကုန်တို့ကိုပင် လောက်အောင် မဝယ်ချမ်းနိုင်ကြကြောင်းကို အထက်တွင် ကျွန်ုပ်တို့နားလည် ခဲ့ကြပြီ။ တဖန် အရင်းရှင်လူနည်းစုတို့သည် သုံးမကုန် စားမကုန်အောင် ရရှိထားကြသော မိမိတို့၏ ငွေများဖြင့် ပိုမို၍ စွမ်းအား ကောင်းမွန်သောကုန်လုပ်ကြိယာများကိုဝယ်ယူတည်ဆောက်ကြကာ အလျှင်ကထက် ကုန်စည်အမြောက်အမြားထုတ်လုပ်ကြသည်ကိုလည်း ကျွန်ုပ်တို့သိခဲ့ကြရပေပြီ။

ဝင်ငွေ အလွန် တမင်း နည်းပါးလှသဖြင့် လိုအပ်သမျှလောက်ငအောင် မဝယ်နိုင်ကြသော ပစ္စည်းမဲ့ ဆင်းရဲသားများမှာ နောက်စက်ကြိယာအသစ်တိုးတိုင်း တိုးတက် မြားပြား လာသော ကုန်စည်များကို မည်သို့လျှင်ဝယ်နိုင်ကြပါအံ့နည်း။ တိုင်းသူပြည်သားများ၏ ဝယ်အားထက် ပိုမိုမြားပြားနေသော ကုန်စည်များ ကုန်ပိုကုန်လျှံများကို အရင်းရှင်များသည် မည်သို့အသုံး ချမည်နည်း။ မီးရှို့ပစ်ကြမည်လော၊ ပင်လယ်ထဲ မြုပ်ပစ်ကြမည်လော။

ထိုအချိန်အခါတွင် ကားမီးရှို့ ပစ်ကြဘို၊ ပင်လယ်ထဲ

မြုပ်ပစ်ကြဘို့ မလိုအပ်သေးချေ။ ကုန်လုပ် ကြိယာစွမ်းအား မကောင်းသေးသဖြင့် လူသုံးပစ္စည်းများကိုလိုသလောက် သုံးစွဲနိုင်သော တိုင်းပြည်များမှာ ဤ ကုန်ပိုကုန်လျှံများ အတွက် အကောင်းဆုံး 'စျေးနာ'များဖြစ်လာကြလေ့သည်။ အရင်းရှင်များသည် ပြည်တွင်း၌ မရောင်းချကြရသော ကုန်စည်များကို ပြည်ပသို့ ထုတ်လိုက်ကြလေသည်။

ငင်းပြင် မိမိတို့ကဲ့သို့ပင် ကုန်လုပ်ကြိယာစွမ်းအားအနည်းနှင့်အများ တိုးတက်ပြီးဖြစ်ကြသော တိုင်းပြည် များမှာလည်း အရင်းရှင်တိုင်းပြည်တခု၏ 'စျေးနာ' ဖြစ်နိုင်လေသည်။

ဥပမာ.... အင်္ဂလန်ပြည် လန်ကတ်ရှိုင်းယားမှာ အထည်အလိပ်များကို ဝါဂွမ်း မထွက်သော အီတလီပြည်သို့ တင်ပို့ရောင်းချနိုင်လေသည်။ သို့သော်.... အီတလီကလည်း ထိုအထည်အလိပ်များကို ဝယ်ယူရန်အတွက်.... မိမိလုပ်သော ဖီယက်မော်တော်ကားများကို အင်္ဂလန်သို့ ပြန်လည် တင်ပို့ရပေလိမ့်မည်။ အထည်အလိပ်ကိုပင် လောက်အောင် မဝယ်နိုင်ရှာကြသော.... အင်္ဂလိပ်ဆင်းရဲသားများမှာ အဘယ်မှာဖီယက်မော်တော်ကားကြီးများကို ဝယ်ယူ စီးနိုင် ကြပါမည်နည်း။ ထိုအခါ အင်္ဂလန်ပြည်သည် သုံးစွဲသူမရှိသော ဖိယက်မော်တော်ကားများကို ဝယ်ယူမည့်အစား မိမိတို့ပို့သော အထည်အလိပ်များကို အီတလီက ဝယ်ယူနိုင်အောင် ဘဏ်များတွင်ပိုလျှံနေသော ငွေများကိုအီတလီသို့ ထုတ်ချေးလေသည်။

အင်္ဂလန်က ထုတ်ချေး လိုက်သည့် ငွေဖြင့် အီတလီမှာ မိမိ၏ကုန်စည်လုပ်ငန်းကို ချဲ့ထွင်နိုင်သော်လည်း....အီတလီဆင်းရဲသားများ ဝယ်ယူမစီးနိုင်ကြသော ဖိယက်မော်တော်ကားများ



ကို အခြားတိုင်းပြည်များသို့ တင်ပို့ ရောင်းချကြရန်အတွက်စျေးနာများကို အပြင်းအထန် ရှာဖွေရပြန်လေ့သည်။

ထို့ကြောင့် အရင်းရှင်များသည် မိမိတို့၏ ကုန်ပို ကုန်လျှံများ ငွေပိုငွေလျှံများကို အခြား အရင်းရှင် နိုင်ငံများသို့ တင်ပို့ကြခြင်းထက် အရင်းရှင်စံနစ် မလွှမ်းမိုးသေးသောတိုင်းပြည်နိုင်ငံများသို့ တင်ပို့ရောင်းချ ကြရခြင်းက ပိုမိုအကျိုးများသည်ကို သိရှိလာကြလေသည်။ အရင်းရှင်စံနစ် မလွှမ်းမိုးသေးသော နိုင်ငံများ၌ လူသုံးပစ္စည်း အမြောက်အမြား မလုပ်ကိုင်နိုင်ကြသေးခြင်းမှာ အရင်းရှင် နိုင်ငံကြီးများအတွက် အထူးကောင်းမွန်သော အခွင့်အရေးပင် ဖြစ်ပေသည်။

အရင်းရှင် နိုင်ငံကြီးများသည် ထိုနိုင်ငံများကို မိမိတို့ထံ ကုန်စည်များနှင့်တကွ ကုန်လုပ် ကြိယာ များကို ဝယ်ယူကြရန် ငွေအမြောက်အမြား ချေးငှားကြဖြစ်လေသည်။ ဝယ်ယူလိုက်ကြသော ကုန်လုပ် ကြိယာများဖြင့် တိုင်းပြည် ကို စီးပွားရေး ဖွံ့ဖြိုး တိုးတက် လာအောင် လုပ်ကိုင်နေကြသည့် အတွင်း ပေါက်သည့် နိုင်ငံကြီးများထံမှ ချေးငှါးထားသည့် ငွေများကို ပြန်ပေးဘို့ မလိုပေ။ ထိုအခါ အရင်းရှင် နိုင်ငံများသည် ကြွေးရှင်နိုင်ငံများဖြစ်လာ၍ အရင်းရှင်စံနစ်မလွှမ်းမိုးသေးသော တိုင်းပြည်များမှာ ကြွေးယူနိုင်ငံများဖြစ်လာကြလေတော့သည်။

ဤသို့ ကုန်ပို ငွေများကိုအခြား အားမကောင်းကြသေးသော တိုင်းပြည်နိုင်ငံများသို့ ထုတ်ရောင်းခွင့် ရကြသဖြင့် အရင်းရှင်နိုင်ငံများ၌ နှစ်စဉ် နှစ်တိုင်းလို ကပ်ဆိုက်နေသော ကုန်စျေးများအဆမတန် လျော့ကျခြင်းများမှ အတော်အတန် သတ်သာစေလေသည်။

ခေတ်မှီသော တိုင်းပြည် နိုင်ငံများကို တင်ပို့ရောင်းချသောအခါမှာလည်း လသုံးပစ္စည်းထက် ကုန်လုပ်ကိရိယာများကို အမြောက်အမြား တင်ပို့ကြလေသည်။ ဤသို့သော နည်းအားဖြင့် အရင်းရှင် နိုင်ငံများသည် အရင်းရှင်စံနစ် မလွှမ်းမိုးသေးသော အခြားတိုင်းပြည် နိုင်ငံများကို အရင်းရှင်နိုင်ငံအဖြစ်သို့မရောက် ရောက်အောင် မြေတောင် မြှောက်ပေးကြလေသည်။

ဤသို့မြေတောင် မြှောက်ပေးနေကြစဉ်မှီစား နိုင်ငံများလက်၌ ရောက်ရှိနေသောငွေများကို မဆုံးပါးရန်နှင့် အရင်းမရနိုင်သေးသည့်တိုင်အောင် အတိုးမှန်မှန် ရနိုင်စေဘို့ မှီစားနိုင်ငံများသို့သိမ်းပိုက်ကြလေသည်။ 'ကြွေးတင်လျှင်ကျွန်ဖြစ်' ဆိုသောစကားပုံမှာ နယ်ချဲ့စံနစ် လွှမ်းမိုးသော ခေတ်နှင့် အထူးဆီလျော်နေပေသည်။ (ဗြိတိသျှ အင်ပါယာပိုင်းတွင် စိုးမိုးအုပ်ချုပ်ခြင်းခံနေကြရသော အခန်းနှင့်ယှဉ်၍ ကြည့်ပါ။)

ကျွန်ုပ်တို့ မျက်စေ့အောက်မှာပင် အရင်းရှင်စံနစ်သည် အရင်းရှင် တဦးနှင့်တဦး လွတ်လပ်စွာ ပြိုင်ဆိုင်ကြသော စံနစ်မှ လက်ဝါးကြီးအုပ် အရင်းရှင်စံနစ်သို့ တဖြည်းဖြည်း အသွင်ပြောင်းလာသည်ကို တွေ့ကြုံကြရလေသည်။ ဤသို့ အရင်းရှင်နိုင်ငံကြီးများတွင် စီးပွားရေး အဆောက်အဦး အသွင်ပြောင်းလဲလာသည့်အလျောက်.... ကမ္ဘာတခုလုံးရှိ ခေတ်နောက်ကျနေသော အရပ်များမှာ ထိုအရင်းရှင် နိုင်ငံကြီးများ၏ ယူငင် သိမ်းပိုက်ကြခြင်းကို ခံကြရလေသည်။

ဒေသတခုကို လက်ဝါးကြီး အုပ်ရာ၌စီးပွားရေးလက်ဝါးကြီးအုပ်မှုနောက်သို့နိုင်ငံရေး လက်ဝါးကြီးအုပ်မှုသည်ထက်ကြပ်မကွာ လိုက်ပါလာလေသည်။



လက်ဝါးကြီးအုပ် အရင်းရှင်များသည် နိုင်ငံနှင့်ချီ၍ကြီးကျယ်လာသောအခါလက်ဝါးကြီးအုပ်အရင်းရှင်နိုင်ငံများအပြင်သို့ရောက်ရှိ၍လာကြပြီးလျှင်အခြားလက်ဝါးကြီးအုပ် အရင်းရှင်နိုင်ငံများနှင့် အင်ပါယာထွင်ရေး ဈေးသစ်နယ်သစ် ရှာဖွေရေးတို့တွင် အကြီးအကျယ် ပြိုင်ဆိုင် တိုက်ခိုက်ကြလေသည်။ ဤခေတ်ဤအခါသည်ကားလက်ဝါးကြီးအုပ် အရင်းရှင်စံနစ်လွှမ်းမိုးသောခေတ် တနည်းအားဖြင့် နယ်ချဲ့စံနစ် လွှမ်းမိုးသော ခေတ်ပေတည်း။

ဤသို့ အရင်းရှင် နိုင်ငံများသည် မိမိတို့ထံပိုလျှံနေသော ကုန်လုပ်ကိရိယာများနှင့် ကုန်စည်ပစ္စည်းများကို ဝယ်ယူမည့်ကုန်လုပ်ကိရိယာစွမ်းအား မတိုးတက်သေးသော နိုင်ငံများသို့ ငွေအရင်းအနှီး တင်ပို့ခြင်းဖြင့် မိမိတို့တိုင်းပြည်၌ အကြပ်အတည်းတွေ့ကြုံနေကြရသော အခက်အခဲများမှ ကျော်လွန်နိုင်သည်ဟုပြောခဲ့လေသည်။ သို့သော်....အရင်းရှင်နိုင်ငံများသည် အစဉ်အမြဲကုန်ဈေးကျမှု စီးပွားရေး အခက်အခဲများမှ ကျော်လွန်ခြင်းမပြုနိုင်ကြပေ။ *

* အရင်းရှင်နိုင်ငံတခုမှ လက်အောက်ခံနိုင်ငံတခုကို ငွေချေးငှားခြင်း အရင်းအနှီး တင်ပို့ခြင်း (Export of cpital) ဟုခေါ်လေ့ရှိကြသည်။ သို့သော်.... ဤအခေါ်အဝေါ်မှာ တကယ်ဖြစ်ပျက်နေကြပုံများနှင့် မတိုက်ဆိုင်ကြချေ။ တကယ် ဖြစ်ပျက်နေကြပုံများကို ဥပမာပြရလျှင် တောင်အမေရိကတိုက်သည် အင်္ဂလန်မှ ငွေ (၁၀)သန်းချေးယူကာ မီးရထားလမ်းကို တည်ဆောက်သည် ဆိုပါစို့။ မီးရထားလမ်းအတွက်....သံမဏိကိရိယာများကို အင်္ဂလန်ပြည်ရှိသံမဏိလုပ်ငန်း အဖွဲ့ကြီးများထံမှ ဝယ်ယူရလေသည်။ ဤသို့မဟုတ်

အကြောင်းသော်ကားအရင်းရှင်ကြီးများ၏ လက်အောက်ခံကြွေးယူနိုင်ငံများမှာ ချေးငှါးထားကြသော ငွေအရင်းကို ပြန်ပေးနိုင်ဘို့ဝေးစွ အတိုးကိုပင်နှစ်စဉ်မှန်မှန် မပေးနိုင်ကြသဖြင့် အတိုးပေးကြရန် အတွက် သတ်သတ်ငွေထပ်၍ပင် ချေးငှါးကြရလေသည်။

ဤသို့ငွေများချေးငှါးကြသည့်နည်းမှာ မည်မျှရယ်ဘွယ်ကောင်းနေသည်ကို အရင်းရှင်ကြီးများသည် တဖြည်းဖြည်းရိပ်မိလာကြသော်လည်းငွေပိုငွေလျှံများကိုအသုံးမချကြဘဲ တောင်ပုံရာပုံစုထားမည့်အစားအကျိုးအနည်းနှင့် အများမရဘဲမနေသော ငွေချေးလုပ်ငန်းနှင့်တကွ ထိုလုပ်ငန်းကိုမှီ၍ ခံစားကြရမည့် အခြား အကျိုးကျေးဇူးများကြောင့်သာ ကြွေးယူနိုင်ငံများသို့ ငွေများကိုဆက်လက်ချေးငှါးနေကြခြင်းဖြစ်လေသည်။

ကုန်လုပ်ကြိယာများဝယ်ယူရန်အတွက် ငွေချေးငှါးလိုက်

............................................................

ကြဘဲ တောင်အမေရိကတိုက်သည် သံမဏိကြိယာများကို ပြင်သစ်ပြည်မှ ဝယ်ယူလိုက်လျှင် အင်္ဂလန်ပြည်က လိုသောငွေ (၁၀) သန်းကို ချေးလိမ့်မည် မဟုတ်ပေ။ အင်္ဂလန်မှ ငွေချေးလျှင် အင်္ဂလိပ်သံမဏိလုပ်ငန်း အဖွဲ့ကြီးများထံတွင်မဝယ်ဘဲ မနေကြရချေ၊ ထို့ကြောင့် အင်္ဂလန်သို့ ချေးယူသော ငွေ(၁၀)သန်း ကိုတောင်အမေရိကတိုက်ကိုတင်ပို့မည့်အစားငွေ (၁၀) သန်း တန်ဘိုးရှိသောမီးရထားဆောက်လုပ်ရန် သံမဏိကြိယာများကိုသာ တင်ပို့ကြရလေသည်။ အရင်းအနှီးတင်ပို့ခြင်းဟုသာ ဆိုရသော်လည်း စင်စစ်အားဖြင့် အရင်းနှီးငွေအစစ်ကို တင်ပို့ခြင်းမဟုတ်ကြဘဲ ကြွေးယူသည့် တိုင်းပြည်ကလိုသော ကုန်ပစ္စည်းများကို ချေးငှါးသည့် အရင်းအနှီးငွေတန်းဘိုးနှင့်ချိန်၍တင်ပို့ကြခြင်းဖြစ်ကြလေသည်။



ရသော နိုင်ငံများကို မိမိတို့လက်အောက်သို့ သွတ်သွင်းသိမ်းပိုက်ထားကြခြင်းဖြင့် အရင်းရှင်နိုင်ငံကြီးများမှာ အလွန်တူးကဲသော အကျိုးတခုကိုခံစားကြရလေသည်။

ထိုအကျိုးကား မိမိတို့လက်အောက်ခံကြွေးယူနိုင်ငံများမှ ထွက်သော ကုန်စိမ်းကုန်ကြမ်းများကို လက်ဝါးကြီးအုပ်နိုင်ကြခြင်းပင်ဖြစ်လေသည်။

လက်အောက်ခံနိုင်ငံများ၌ တိုင်းရင်းသား အလုပ်သမားများကို အခကြေးငွေ အနည်းငယ်နှင့် ခိုင်းစေနိုင်ကြခြင်း၊ ကုန်ချောလုပ်ကိုင်ကြရန်အတွက် ကုန်စိမ်း ကုန်ကြမ်းများကို လက်ဝါးကြီး အုပ်ထားနိုင်ခြင်းတို့အတွက် ထိုနိုင်ငံများ၌ တည်ထောင်ထားကြသော အရင်းရှင်ကြီး များ၏စက်ရုံ အလုပ်ရုံကြီးများမှာ ငွေအမြောက်အမြား မြတ်စွန်းနိုင်ကြလေသည်။*

လက်ဝါးကြီးအုပ် အရင်းရှင်စံနစ် လွှမ်းမိုးသော တိုင်းပြည်နိုင်ငံများအကွက် မိမိတို့တွင်ပိုလျှံနေသော ကုန်စည်များနှင့် အရင်းအနှီး ငွေများကို လက်အောက်ခံ နိုင်ငံများသို့ တင်ပို့ကြခြင်းဖြင့်သာ အကျိုးခံစားကြရသည် မဟုတ်သေး။ ထိုနိုင်ငံများရှိကုန်စိမ်းကုန်ကြမ်းများကို မိမိတို့လိုရာ အသုံးပြုနိုင်ကြရန် အတွက် လက်ဝါးကြီးအုပ်ထား ကြခြင်းဖြင့် ကုန်စည်လုပ်ဆောင်ရာ၌ စရိတ်သက်သာစေပြီးလျှင် အမြတ်အစွန်းများကိုလည်း အမြောက်အမြား ရရှိနိုင်ကြလေသည်။

ထို့ကြောင့် ကုန်စိမ်းကုန်ကြမ်း များများပိုင်သော အင်

............................................................

* မြန်မာပြည်၌ ဘီအိစိကုမ္ပဏီတခုတည်းကပင် နှစ်စဉ်မြန်မာငွေ ၆-ကုဋေ ၇သန်း [ပေါင် ၅ သန်း] မျှ မြတ်စွန်းနေသည်ကို ကြည့်ပါ။

အင်ပါယာနိုင်ငံတခု၏ အစွမ်းပကား အင်အား မည်မျှ လောက်ရှိသည်ကို ကုန်စိမ်းကုန်ကြမ်း အနည်းအများ ပိုင်ဆိုင်မှု အရေအတွက် ဇယားချိန်ဖြင့်ကြည့်ရှု၍ သိနိုင်ပေသည်။

Royal Institute of International Affairs ထုတ်လုပ်သော ကုန်စိမ်းကုန်ကြမ်းနှင့် လက်အောက်ခံနိုင်ငံများ ဟူသောစာအုပ်၌ အင်ပါယာနိုင်ငံများ၏ အင်အားကို တွက်ပြ ထားလေသည်။

ကုန်စည်လုပ်ဆောင်ကြရာ၌ အရေးကြီးသော ကုန်စိမ်း ကုန်ကြမ်းအမျိုးအစား ၃၄-မျိုးအနက် ဗြိတိသျှအင်ပါယာမှာ ၂၅-မျိုးပိုင်၍၊ဂျာမနီမှာ ၈-မျိုး၊အီတလီမှာ ၁၂-မျိုးနှင့် ဂျပန်မှာ ၁၅-မျိုး အသီးသီးပိုင်ဆိုင်ကြလေသည်။

ဗြိတိသျှအင်ပါယာမပိုင်သော ကုန်စိမ်းကုန်ကြမ်း၉မျိုးအနက်၊မရှိလျှင်မဖြစ်နိုင်လောက်အောင်အရေးကြီးသောပေါတက် ပိုးချည်နှင့် ဂုံလျှော် ၃-မျိုး ကိုသာ အခြားအင်ပါယာ နိုင်ငံများမှဝယ်ယူရလေသည်။

ဂျာမနီပြည်မှာ ၃၄-မျိုး အနက် ကျောက်မီးသွေးနှင့် ပေါတက်တို့ကိုသာ အခြားနိုင်ငံ များသို့ တင်ပို့ ရောင်းချနိုင်လောက်အောင် အများအပြားပိုင်ဆိုင်လေသည်။ အီတလီပြည်မှာခဲမှုတပါး ပထမတန်း အရေးကြီးသော သတ္တုများဖြစ်သည့် ကြေး၊သံဖြူနှင့်ဖလ်မှန်လုပ်ရာ၌အသုံးပြုရသော မင်ဂနီတို့နှင့်တကွ ရေနံ ကြက်ပေါင်စေး ဝါဂွမ်းသစ်သားတို့ကိုမပိုင်ကြချေ။ အမေ ပါယာနိုင်ငံများမှာ တံခိုးကြီးကြ၍ကုန်စိမ်းကုန်ကြမ်းနည်းနည်း သာပိုင်ဆိုင်ကြသော အင်ပါယာ နိုင်ငံ များမှာ တန်ခိုးငယ်ကြရ လေသည်။ *



ရိကန်နှင့် ပြင်သစ်အင်ပါယာမှာ အဘိုးတန် ကုန်စိမ်းကုန်ကြမ်း ပိုင်ဆိုင်မှု၌ဗြိတိသျှအင်ပါယာနှင့်ရိုးစွဲလိုက်နိုင်လေသည်။

အဘိုးတန် ကုန်စိမ်းကုန်ကြမ်းများ ထွက်သော လက် အောက်ခံ နိုင်ငံများကို ပိုင်ဆိုင်ကြသော အရင်းရှင်နိုင်ငံကြီးများ ကိုလက်ရှိနိုင်ငံ(Haves)ဟုခေါ်၍ဤကဲ့သို့သောလက်အောက်ခံ နိုင်ငံများကို မပိုင်ဆိုင်သော သို့မဟုတ် အနည်းအကျဉ်း မဖြစ် လောက်ကိုသာပိုင်ဆိုင်သော အရင်းရှင်နိုင်ငံများကို လက်မဲ့နိုင်ငံ များ (Haves Nots) ဟုခေါ်ကြလေသည်။

အရင်းရှင် နိုင်ငံများ၏ အသက်ဟု ခေါ်လောက်သော ကုန်စိမ်းကုန်ကြမ်းများအတွက် လက်မဲ့နိုင်ငံများမှာ လက်ရှိနိုင်ငံ များကိုမျက်စောင်းတထိုးထိုးဖြစ်နေ၍ အခါအခွင့်ကိုစောင့်ကာ စစ်တပြင်ပြင် ဖြစ်နေကြခြင်းမှာ ယခုခေတ်၌ လူတိုင်းတွေ့ကြုံ နေကြရသော နေ့စဉ်အဖြစ်အပျက်များ ဖြစ်နေပေတော့သည်။

ကုန်စိမ်းကုန်ကြမ်းများအတွက် လက်ရှိနိုင်ငံများကို မျက် စောင်းထိုးကြကာ စစ်ပြင်ဆင် နေကြသော လက်မဲ့နိုင်ငံများ ကြောင့် အကယ်၍ကမ္ဘာစစ်ကြီးဖြစ်ခဲ့လျှင် လက်ရှိနိုင်ငံများမှာ အမြတ်ထက် အရှုံးဘက်ကများနေကြသဖြင့် စစ်မဖြစ်ကြဘဲနှင့် ကြေနပ် အေးချမ်းသွားကြရလေသည်။အေးချမ်းသွားနိုင်အောင် လက်ရှိ နိုင်ငံများကလည်း လက်မဲ့နိုင်ငံများကို ချော့၍နေကြရ လေသည်။

လက်ရှိ နိုင်ငံအစိုးရများ၏ ပါးစပ်ဖြစ်သော နိုင်ငံရေး သမားကြီးများနှင့် ပညာရှိကြီး များသည် အေးချမ်းငြိမ်သက် သောနည်းဖြင့် ကုန်စိမ်းကုန်ကြမ်းများကိုခွဲဝေနိုင်ကြမည့် နည်း အမျိုးမျိုးတို့ကို စူးစမ်းရှာဖွေကြရလေသည်။

(၁၁)

၁၉၁၄-ခုနှစ် ကမ္ဘာစစ်ကြီးမဖြစ်ပွားမီကလေး၌ လက်ရှိနိုင်ငံတခုဖြစ်သော အင်္ဂလန်သည် မိမိ၏သြဇာခံ ပေါ်တူကီပိုင်သော လက်အောက်ခံ နိုင်ငံများကိုဂျာမနီသို့ လွှဲပြောင်းပေးမည့်အစီအစဉ်ဖြင့် ဂျာမနီကိုချော့ဘူးလေသည်။ သို့သော် ထိုအစီအစဉ်မှာ မအောင်မြင်ဘဲ ကမ္ဘာ စစ်ကြီး ပေါ်ပေါက်လာရလေသည်။

ယခုတဖန် ၁၉၁၄-ခု၊ ကမ္ဘာစစ်ကြီးထက် ဆိုးရွားမည့်ကမ္ဘာစစ်ကြီးတခု ပေါ်ပေါက် လာတော့မည့် အခြေအနေဖြစ်နေ လေရာ လက်ရှိ နိုင်ငံများမှ နိုင် ငံရေး သ မား ကြီး များ ပ ညာ ရှိ ကြီးများနှင့် ခရစ်ယာန် ဂိုဏ်း ချုပ် ဘုန်း တော်ကြီးများမှာ လက်မဲ့ နိုင်ငံများ၏အဖြစ်ဆိုးများကို သနားတော်မူကြလေသည်။ လက်မဲ့နိုင်ငံများ ကုန်စိမ်းကုန်ကြမ်း ထွက်ကြသော လက်အောက်ခံနိုင်ငံများကို မပိုင်ကြရသည်မှာ မတရားဟုပြောလာကြလေသည်။ ဂျာမနီ၊ အီတလီ၊ဂျပန်တို့၏အမြောက်သေနတ်, ဗုံးများသည် ထိုလူအပေါင်းကို သနားစိတ်ပေါက်လာအောင် လုပ်ကိုင်လိုက်ကြလေသည်။

သူတို့၏ တရားမှုမတရားမှုယူဆချက်များ အတော်အံ့ဩစရာ ကောင်းလှပေသည်။ နယ်ချဲ့သွေးစုတ်သမားကြီးများ လက်အောက်၌လက်အောံခံကိုလိုနီကျွန်နိုင်ငံများမှာလူ့ဘုံတခွင်၌ ကြုံကြရသမျှဆင်းရဲမှု အမျိုးမျိုး တို့ကိုအတိုင်းမသိခံစားနိုင်နေကြရခြင်းများ၏မျက်ရည်နှင့်သွေးပေါင်းစပ်ခြင်းဖြင့်ပေါ်ပေါက်လာကြသော ကုန်စိမ်းကုန်ကြမ်းများကိုလက်မဲ့နိုင်ငံများက မပိုင်ဆိုင်ကြခြင်းများသည် မတရားဟု ယူဆကြလေသည်။ အံ့ဩစရာ၊



မှတ်သားထားစရာ ကောင်းသော“တရားမှုမတရားမှု”ယူဆချက်များပင်ဖြစ်လေသည်။

သူတို့လက်မဲ့ နိုင်ငံများကို သနားသည့် သနားခြင်းမျိုးမှာ ရောမခေတ်ကခရစ်ယာံများခြင်္သေ့စာ အကျွေးခံနေကြရသည့်ပုံကိုကြည့်ကြကာ ခရိယာံများကိုကား မသနားဘဲ ခရိယာံများကိုမစားကြရသည့် ခြင်္သေ့ များကိုသာ သနားနေသည့် ကလေးတယောက်၏သနားခြင်းမျိုးနှင့် မည်သို့မျှမခြားနားချေ။

လက်အောက်ခံ နိုင်ငံများ အရေးနှင့်ပတ်သက်၍ အင်္ဂလန်၌ကျင်းပခဲ့သော အစည်းအဝေးကြီး တခု၌ အာဖရိက လူမျိုးများ၏ ကိုယ်စား လှယ်ကြီး ဖြစ် သော မစ္စတာ အာနိုးဝဒ် (Mr, Arnold Ward)၏ပြောပြချက်မှာ အထူးကောင်းမွန်လှပေသည်။

သူကပြောပြသည်မှာ....

“ယခုအစည်းအဝေးမှာ ဥရောပနိုင်ငံများ၏အလိုကိုဖြည့်ရန်အတွက်သာ အရေးတကြီး ထားနေကြသည်ဟု ကျွန်ုပ်ဘော်ထင်ပါသည်။ လက်အောက်ခံ နိုင်ငံများရှိ တိုင်းရင်းသားများကိုကား ထည့်သွင်း စဉ်းစားကြခြင်းမပြုကြပါ။ လက်နက်ကိုင်အရင်းရှင် နိုင်ငံကြီးများသည် အချင်းချင်းအေးငြိမ်းရေးအတွက်ကုန်စိမ်း ကုန်ကြမ်းများ အရေး၊ ကျွန်နိုင်ငံများကို တလက်မှတလက်သို့ ပြောင်းပေးရေးစသည်တို့ကို ဆွေးနွေးကြသည့်အခါကျွန်အဖြစ်သို့ ရောက်ရှိနေကြရသော လက်အောက်ခံနိုင်ငံများမှတိုင်းရင်းသားများကို လုံးဝ မေ့လျော့ထားကြပါသည်။ သူတို့နေထိုင်ကြသော နိုင်ငံများ ပြောင်းလဲရေး သူတို့ကိုယ်တိုင် လုပ်ထားကြရသော ကုန်စိမ်းကုန်ကြမ်းများ ရောင်းဝယ်ရေး တို့၌

သူတို့ကိုစွက်ဖက်ခွင့်မပေးကြပါ။ အစည်းအဝေးသို့ တက်ရောက်ကြသူမည်သူကမျှ ဤနိုင်ငံများမှ တိုင်းရင်းသားများကို တိုင်ပင်သင့်သည်ဟု အကြံပေးကြသည်ကို မတွေ့ရပါ။ ကျွန်နိုင်ငံများမှ လူမဲများမှာ သူတို့နိုင်ငံများကို မအုပ်ချုပ်နိုင်ကြောင်း သက်သေပြနိုင်မည်လားဟု ယခု အစည်းအဝေးသို့ ရောက်ရှိ နေကြသော ဆာအာသာဆော်လတာ (Sir Authur Salter)ကို မေးလိုပါသည်။ ဗြိတိသျှအရင်းရှင်များအကျိုးရှိအောင် သူတို့မအုပ်ချုပ်နိုင်ဟုဆိုလျှင် လုံးဝမှန်ကြောင်း ကျွန်တော်ဝန်ခံပါသည်။ အကယ်၍ လူမဲများကို မအုပ်ချုပ်နိုင်ဟုဆိုလျှင်ကား လုံးဝမှားသည်ဟု ကျွန်တော်ပြောရဲပါသည်'' ဟု ပြောဆိုသွားလေသည်။

လက်မဲ့ နိုင်ငံများကို သနားကြသူများက ကုန်စိမ်းကုန်ကြမ်းထွက်ရာ အရပ်ဖြစ်သောလက်အောက်ခံနိုင်ငံများကို အေးငြိမ်းသောနည်း၊ တရားသော နည်းတို့ဖြင့်ခွဲဝေကြရန် ကြံစည်ကြသည်မှာ ခိုးတိုက်၍ရသော ပစ္စည်းများကိုခွဲဝေကြရာ၌ သူခိုးများမှာတရားလမ်းကျကျ ရိုးသားစွာခွဲဝေကြလိမ့်မည်ဟူသော ယူဆချက်မျိုးဖြင့် ကြံစည်ကြခြင်း ဖြစ်သဖြင့် ထိုသို့ကြံစည်ကြသူများကိုသာသနားဘို့ကောင်းပေတော့သည်။

ကုန်စိမ်းကုန်ကြမ်းများ အရေးနှင့် ပတ်သက်၍ အမြင်မှန်မြင်နိုင်ကြရန်အတွက် နယ်ချဲ့စံနစ်သည် ဘာကြောင့် လက်အောက်ခံနိုင်ငံများကိုသိမ်းပိုက်ကြရပုံများကို စံနစ်ကျကျဝေဘန်သုံးသပ်၍ စစ်ဆေးကြည့်ကြစို့။

နယ်ချဲ့သမားများက မိမိတို့ အခြားနိုင်ငံများကို သိမ်းပိုက်ကြရသည်မှာ ထိုနိုင်ငံ များကို ယဉ်ကျေးအောင် လုပ်လိုသောကြောင့် ဖြစ်ပါသည်ဟူသော ဆင်ခြေမှာ ရယ်စရာကောင်း



လောက်အောင် ရှော်လှသဖြင့် ထည့်သွင်းစဉ်းစားခြင်း မပြုလိုတော့ပေ၊ (သူတို့အပြောအတိုင်းသာ ဆိုလျှင် အီတလလ ပြည်သည် ဗုံးဆံအမြောက်ဆံ, ဓါတ်ငွေ့ အဆိပ်ငွေ့ တို့ဖြင့် အဘီသီနီယာလူမျိုးများကို ခေတ်သစ် ယဉ်ကျေးမှုများ သင်ကြားပြသပေးနေကြသလော) နယ်ချဲ့သမား များ၏ အခြားအရေးကြီးသောဆင်ခြေများ အကြောင်းပြချက်များကို စဉ်းစားကြအုံးစို့။

ခေတ်နောက်ပြန် ဆွဲသမားများနှင့် တကွ အထူးသဖြင့် ဖက်ဆစ်နိုင်ငံများ၌ ခေတ်စားနေသော ဆင်ခြေမှာ လူမျိုးရေးသွေးစည်းမှုပင်ဖြစ်ပေသည်။ လူမျိုးရေး သွေးစည်းမှုမှာ လူမဲ့များကို စိုးမိုးအုပ်ချုပ် လွှမ်းချုပ်ထားကြရန် အမြဲကျွန်အဖြစ်ပြုလုပ်ထားကြရန် လူဖြူများ၏ တာဝန်။ လူမဲ့မျိုးထက် လူဖြူများက အစစအရာရာသာလွန်အောင် ဘုရားသခင်က တမင်ဖန်ဆင်းထားခဲ့သည်ဟူသော အယူသည်းမှုဖြစ်ပေသည်။

လူဖြူမျိုးမှာ အုပ်ချုပ်သော လူမျိုးများ ဖြစ်ကြသည်။ လူဖြူမျိုးများကသာ ကမ္ဘာကို စိုးမိုးအုပ်ချုပ်ခြင်း မပြုလုပ်ခဲ့လျှင် ကမ္ဘာပျက်မည်ဟု ယူဆကြလေသည်။ ကမ္ဘာကြီးတိုးတက်အောင် လူဖြူများကသာ တတ်နိုင်သည်စသည်ဖြင့် ဟောလေ့ဟောထရှိသော ဂျာမနီအာဏာရှင်ဟစ်တလာ၏ စကားများကို ကြည့်ပါ။

လက်ဝါးကြီးအုပ် အရင်းရှင်နိုင်ငံတခုဖြစ်သောလာဂျပန်လူဝါမျိုးသည် အခြား တိုင်းပြည်များကို ကျွန်လုပ် အုပ်ချုပ်လာသောအခါ လူဖြူများကသာ ကမ္ဘာကို အုပ်ချုပ်ရမည်ဟူသော ဝါဒမှာ ရေဖြစ်သွားလေ တော့သည်။

ငင်းပြင် နယ်ချဲ့သမားများ၏ အခြား ဆင်ခြေတခုမှာ

အရင်းရှင်နိုင်ငံများ၌ လူဦးရေပိုလျှံနေကြသောကြောင့် နယ်ချဲ့ကြရသည်ဟူသော ဆင်ခြေပင်ဖြစ်ပေသည်။ ဤဆင်ခြေမှာမည်မျှခိုင်လုံခြင်း မရှိသည်ကို ဤစာအုပ်၌ အပိုင်း (၁) အခဏ်း (၂) စုံလင်စွာဖေါ်ပြပြီး ဖြစ်ခဲ့လေသည်။

တစိတ်တဒေသအားဖြင့်မှန်ကန်သောအခြားအကြောင်းပြချက်တခုမှာ အရင်းရှင် နိုင်ငံ များသည် ကုန်စိမ်းကုန်ကြမ်းများအတွက် လက်အောက်ခံနိုင်ငံများကို သိမ်းပိုက်ကြရပါသည်ဟူသော အကြောင်းပြချက်ပင် ဖြစ်ပေသည်။ တခါကဂျာမနီပြည်နာဇီဝါဒပြန့်ပွားရေးမှူးဖြစ်သောဂိုဘဲလ်စ် (Goebbels) သည်အောက်ပါအတိုင်းအပြင်းအထန်ကြိမ်းဝါးခဲ့လေသည်။

"ကျွန်ုပ်တို့ ဂျာမဏီပြည်မှာ ဆင်းရဲသားများသော နိုင်ငံဖြစ်ပါသည်။ ကျွန်ုပ်တို့မှာ လက်အောက်ခံနိုင်ငံမရှိ၊ ကုန်စိမ်းကုန်ကြမ်းများလည်းမရှိ၊ သို့သော်....အခြားနိုင်ငံများကို ပြောလိုက်သည်။ ကမ္ဘာစစ်ကြီးအတွင်းက ဆုံးရှုံးခဲ့သော ကျွန်ုပ်တို့၏ လက်အောက်ခံနိုင်ငံများကို ပြန်ပေးကြရန် အချိန်ရောက်လာတော့မည်။ ဤတောင်းဆိုချက်မှာ ကမ္ဘာကို တွန်လှုပ်ချောက်ခြားစေမည့် တောင်းဆိုချက်ဖြစ်သည်။ တနေ့တွင်ဗုံးဆံပေါက်ကွဲတော့မည်"

ကုန်စိမ်း ကုန်ကြမ်း ရလိုမှုဟူသော အကြောင်းပြချက်သည် အောက်ခံနိုင်ငံများကို သွေးစုပ်သဏ္ဌာန် အပြည့်အစုံကိုဖုံးကွယ်ထားသောကြောင့် ဖြစ်ပေသည်။ (နောက်၌ ရှင်းလင်းပြအံ့)။

နောက်ဆုံးအကြောင်းပြချက်မှာကား နယ်ချဲ့ကြရသည်မှာ စီးပွားရေးနှင့်မဆိုင်ဘဲ ဂုဏ်လိုချင်စိတ်ပကာသနလိုချင်စိတ်



များနှင့် လုံးဝသက်ဆိုင်သည်ဟူသော အကြောင်းပြချက်ပင်ဖြစ်လေသည်။

လိုရင်းအချုပ်သော်ကား.... မည်သူက မည်သို့ပင် အကြောင်းပြကြသည်ဖြစ်စေ နယ်ချဲ့စံနစ်၏ သဘောမှုမှန်ကိုကား နယ်ချဲ့စံနစ်၏ ဒါဏ်ကို လက်တွေ့ခံစားနေကြရသော ကျွန်နိုင်ငံများမှ တိုင်းရင်းသားများကသာ အသိဆုံးဖြစ်ပေသည်။

လက်ဝါးကြီးအုပ်အရင်းရှင်ကြီးများ၊ ဘဏ်တိုက်ရှင်ကြီးများသည် လက်နက်စွဲကိုင်ကြကာ လက်အောက်ခံနိုင်ငံများကို သိမ်းယူရာ၌ အရေမရ အဖတ်မရသော ဂုဏ်နှင့်ကြွားဝါမှုအကျိုးများကို မြှော်ကိုး၍မဟုတ်၊ အတုံးလိုက်အခဲလိုက် ကို င်တွယ်၍ရသော အကျိုးများကို မြှော်ကိုးကြ၍ ဖြစ်ကြလေသည်။

အောက်ပါဇယားများမှာ ဗြိတိသျှအင်ပါယာကြီး တခုလုံးကို ဆိပ်ကမ်းခွန် သံကြိုးဖြင့် ဝိုင်းပတ်လိုက်သော အော့တဝါ အစည်းအဝေး (Ottawa Confrence)* မတိုင်မီ အင်္ဂလန်နှင့် အမေရိကန်တို့က အခြားနိုင်ငံများသို့ တင်ပို့သော ကုန်စည်တန်ဘိုးကို ဘော်ပြသော ဇယားပင် ဖြစ်လေသည်။

အမေရိကန်နှင့် အင်္ဂလန်တို့၏ထွက်ကုန်စာရင်း[၁၉၃၀]★

* ကမ္ဘာစစ်ကြီး ပြီးသည့်နောက် အခန်း၌ကြည့်ပါ။

★ပန်းဒပ်ရေး "ကမ္ဘာ့နိုင်ငံရေး" မှရသည်။

| တိုင်းပြည်များ | အင်္ဂလန် ထွက်ကုန်တန်ဘိုး (သောင်းဂဏန်း) | အမေရိက ထွက်ကုန်တန်ဘိုး (သောင်းဂဏန်း) | အင်္ဂလန်ထွက်ကုန် အပေါ်အမေရိကန် ထွက်ကုန်၏ရာနိုင်နှုန်း |
|---|---|---|---|
| အိန္ဒိယ | ၅၂၉၄၄ | ၉၀၃၉ | ၁၇ |
| အိုင်ယာလန် | ၃၄၄၉၇ | ၂၇၄၅ | ၈ |
| ဩစတြေးလီးယား | ၃၁၆၇၈ | ၁၅၁၉၈ | ၄၈ |
| ပြင်သစ် | ၂၆၆၉၀ | ၄၄၇၉၂ | ၁၅၀ |
| ကနေဒါ | ၂၉၁၃၈ | ၁၃၁၈၁၉ | ၄၅၃ |
| ဂျာမဏီ | ၂၆၈၀၉ | ၅၅၆၅၂ | ၂၀၇ |
| တောင်အာဖရိက | ၂၆၄၆၂ | ၇၆၁၆ | ၂၉ |
| အာဂျင်တိုင်း | ၂၅၂၃၄ | ၂၅၉၇၂ | ၁၀၃ |
| နယ်သာလင်(ဟော်လံ) | ၁၈၈၆၀ | ၂၀၉၈၃ | ၁၁၁ |
| နယူးဇီးလံ | ၁၇၈၆၇ | ၅၉၆၅ | ၃၃ |
| ဘယ်လ်ဂျီယံ | ၁၅၀၃၅ | ၁၇၂၀၀ | ၁၁၅ |
| အီတလီ | ၁၃၈၃၅ | ၂၀၀၈၆ | ၁၄၆ |
| နော်ဝေ | ၁၂၉၃၁ | ၄၀၅၆ | ၃၁ |
| မလေးကျွန်းစု | ၁၀၄၇၅ | ၁၉၂၀ | ၁၈ |
| ဒိန်းမတ် | ၁၀၂၄၉ | ၈၀၄၉ | ၇၉ |
| ဆွီဒင် | ၁၀၀၆၈ | ၈၉၈၄ | ၉၀ |
| အီဂျစ် | ၉၀၀၈ | ၁၇၈၁ | ၁၈ |
| စပိန် | ၉၃၃၅ | ၁၁၅၀၁ | ၁၂၄ |
| တရုပ်ပြည် | ၈၅၇၄ | ၁၇၉၂၁ | ၂၀၉ |
| ဂျပန် | ၈၂၂၉ | ၃၂၉၈၄ | ၄၀၀ |
| ဘရင်ဇီးလ် | ၇၉၇၀ | ၁၀၇၆၂ | ၁၃၄ |
| ဆိုဗီယက်ရုရှား | ၆၇၇၂ | ၂၂၂၇၂ | ၃၃၀ |
| နိုက်ဂျီရီးယား | ၆၄၈၀ | ၇၈၆ | ၁၂ |
| ချီလီ | ၅၉၆၃ | ၉၂၇၅ | ၁၅၅ |



[မှတ်ချက်....ကုန်စည်ဆိုရာ၌ စားကုန် သောက်ကုန်သာမဟုတ်ကုန်လုပ်ကြိယာကိုပါ ဆိုလိုကြောင်းသတိချပ်ပါ။]

အထက်ပါဇယားတွင် အမေရိကနနှင့် ကပ်လျက်ရှိသော ကနေဒါပြည်နှင့် အင်္ဂလန်ပြည်နှင့် ကပ်လျက်ရှိသော အိုင်ယာလန်တို့ကို ချန်လှပ်၍ တိုင်းပြည်နှစ်ခု၏ ကုန်တို့ကို နှိုင်းယှဉ်ကြည့်လျှင်....

ဗြိတိသျှ ကုန်များမှာ.... အိန္ဒိယ၊ ဩစတြေလီယား၊ တောင်အာဖရိက၊ နယူးဇီလန်၊ အီဂျစ်၊ မလေးကျွန်းစု၊ နိုက်ဂျီရီယား၊ စကင်ဒီနေဗီယား နိုင်ငံများဖြစ်ကြသော ဆွီဒင်၊ နော်ဝေ၊ ဒိန်မတ်တို့ကိုလွှမ်းမိုးလျက်ရှိနေကြ၍....

အမေရိကန်ကုန်စည်များမှာ ပြင်သစ်၊ဂျာမဏီ၊ဘယ်လ်ဂျီယံ၊အီတလီ၊ဟော်လန်၊ စပိန်၊တရုပ်ပြည်၊ဂျပန်၊ဘရပ်ဇီးလ်ချီလီ၊ အားဂျင်းတီးနားနှင့် ဆိုဗီတ်ရုရှားတို့ကို လွှမ်းမိုးလျက် ရှိနေလေသည်

ထို့ကြောင့် အမေရိကန် ကုန်စည်များသည် ဗြိတိသျှကုန်စည်များကို အခြားနိုင်ငံကြီးများ၌ ဝင်ရောက်ပြိုင်ဆိုင်အနိုင်ရသော်လည်း ဗြိတိသျှ အင်ပါယာထွင် ပါဝင်သော နိုင်ငံများ၌ကား အကြီးအကျယ် အရှုံးပေးနေကြရလေသည်။

အထက်ပါဇယားအရ ဒေသလေးခု၌ အမေရိကန်ကုန်စည်သည်ကား ဗြိတိသျှကုန်စည်၏ ရာခိုင်နှုန်း(၂၀)ထက်မကျော်သေးပေ။ ထိုဒေသများသည်ကား ဗြိတိသျှ အင်ပါယာ လက်အောက်ခံ ဗြိသျှကိုလိုနီ နိုင်ငံများ စစ်မှဖြစ်ကြသော အိန္ဒိယ အီဂျစ်၊ နိုက်ဂျီရီယားနှင့် မလေးကျွန်းစုတို့ဖြစ်ကြပေသည်။ ကိုလိုနီနိုင်ငံများကို ပိုင်ဆိုင်သော အရင်းရှင်ကြီးများသည် မည်မျှအ

ကျိုးခံစားကြရမည်ကို သိရှိနိုင်ပြီ မဟုတ်ပါလော။

ဆိပ်ကမ်းခွန်များဖြင့် သတ်မှတ်ခြင်းမရှိဘဲ မည်သူမဆို ဝင်ရောက် ရောင်းဝယ်နိုင်သော အာဖရိကအလယ်ပိုင်းရှိ ကိုလိုနီနိုင်ငံများကိုကြည့်ကြဦးလော။

အင်္ဂလိပ်ပိုင် နိုက်ဂျီးရီးယား ၁၉၃၃-ခု

| | ဝင်ကုန်ရာခိုင်နှုန်း | ထွက်ကုန်ရာခိုင်နှုန်း |
|---|---|---|
| အင်္ဂလန် | ၆၇ | ၃၇ |
| ဂျာမနီ | ၈ | ၁၆ |
| အီအလီ | ၃ | ၄ |

ဘယ်ဂျီယံကွန်ဂို ၁၉၃၂-ခု

| | ဝင်ကုန်ရာခိုင်နှုန်း | ထွက်ကုန်ရာခိုင်နှုန်း |
|---|---|---|
| ဘယ်လ်ဂျီယံ | ၄၆ | ၇.၆ |
| အင်္ဂလန် | ၁၁ | ၀.၉ |
| ဂျာမနီ | ၇ | ၁.၆ |
| အီတလီ | .၈ | .၁ |

ပြင်သစ်ပိုင်အနောက်အာဖရိက ၁၉၃၀ ပြည့်

| | ဝင်ကုန်ရာခိုင်နှုန်း |
|---|---|
| ပြင်သစ် | ၄၇.၃ |
| အင်္ဂလန် | ၁၅.၈ |
| ဂျာမနီ | ၇၆ |

အထက်ပါဇယားများကိုကြည့်ပါ။ ကွန်ဂိုဘေးဆင်းထရီတီစ် (The Congo Basin Treatie) အင်္ဂလိုဖရင့်ချ် ကွန်ဗဲရှင်း (Anglo French C onvention) စသော စာချုပ်စာတမ်းများဖြင့်(အနောက်နိုင်ငံများအသုံးအနှုန်းအတိုင်း)



တံခါးမရှိဓါးမရှိစည်းမျဉ်းကို(Open Door Policy)သတ်မှတ်၍မည်သည့် တိုင်းပြည်မဆို ချုပ်ချယ်ချက်မရှိ စိတ်တိုင်းကျ ရောင်းဝယ်ခွင့်ပေးထားသော ကိုလိုနီနိုင်ငံများ၌ပင် အင်္ဂလိပ်ပိုင်ဆိုင်သော နိုက်ဂျီးရီးယား၌အင်္ဂလိပ်များသာ အရောင်းအဝယ်နိုင်ဆုံးဖြစ်၍ ဘယ်လ်ဂျီယံပိုင် ကွန်ဂိုနှင့် ပြင်သစ်ပိုင်အနောက်အာဖရိကတို့၌ ဘယ်လ်ဂျီယံနှင့် ပြင်သစ်တိုင်းပြည်များသာ အသီးသီးအရောင်းအဝယ်နိုင်ဆုံး ဖြစ်နေကြပေသည်။

သို့သော် ကိုလိုနီနိုင်ငံများမှာပင်ရှင် အရင်းရှင်နိုင်ငံကြီးများအတွက် အခွင့်အရေး ပိုမိုရရှိသော ဈေးနာများသာလော မဟုတ်ပေ။ ကိုလိုနီနိုင်ငံများကို ပိုင်ဆိုင်သော အင်ပါယာကြီးများမှာ အောက်ပါအကျိုးကျေးဇူးများကိုခံစားကြရလေသည်။

၁။ အခွင့်အရေး ပိုမိုရရှိသော ဈေးနာများကို လွှမ်းမိုးနိုင်ခြင်း။
၂။ ကုန်စိမ်းကုန်ကြမ်း များကို လက်ဝါးကြီး အုပ်နိုင်ကြခြင်း။
၃။ ပိုလျှံနေသောအရင်းအနှီးငွေများကိုတင်ပို့နိုင်ခြင်း
၄။ ကိုလိုနီနိုင်ငံများမှ အလုပ်သမားများကို ဈေးပေါပေါနှင့်မလုပ်မနေရအောင် ခိုင်းစေနိုင်ကြခြင်း။

ဤအကျိုးကျေးဇူးလေးခုမှာတခုနှင့်တခုခွဲမရအောင်ပေါင်းယှက်ဆက်သွယ်နေ၍ ဤအကျိုးကျေးဇူးများကိုအရင်းရှင်နိုင်ငံများခံစား နေကြရသည်မှာလည်း အချက်နှစ်ချက်ကြောင့်ဖြစ်ပေသည်။

၎င်းတို့ကား (၁) ကိုလိုနီ နိုင်ငံများကို မိမိတို့ လက်အောက်ခံနိုင်ငံအဖြစ် အုပ်ချုပ် ထားကြခြင်းနှင့် (၂) မိမိတို့၏ တရားသဖြင့် အုပ်ချုပ် လွှမ်းမိုးမှုကို အရှည်တည်တန့်နိုင်အောင်

စစ်တပ်ထားခြင်းပင် ဖြစ်လေသည်။ "အိန္ဒိယပြည်ကို ကျွန်ုပ်တို့ ဓါးနှင့်သိမ်းပိုက်ခဲ့၍ ယခုလည်း ဓါးနှင့်အုပ်ချုပ်ရမည်" ဟုအတိအလင်း ဖွင့်ဟ ပြောဆို ခဲ့သော ဆာဝီလလျံ ရှုိင်ဆံဟစ် (Sir Willian J.yson Hicks) ဆို သော နယ်ချဲ့ သမားကြီး၏စကားကိုကြည့်လော့။

အင်ပါယာရှင်ကြီးများက ကိုလိုနီနိုင်ငံများကို အုပ်ချုပ်ကြရာ၌ သာနာညီမျှမှု သဘောတရားမျှတသော သဘောဟူ၍ စိုးစဉ်းမျှမရှိကြပေ။ သူတို့သည် သူတို့အတွက်သာ တရားသော၊ သူတို့ အကျိုးအတွက်သာ လုပ်ထားသော တရားဥပဒေစည်းမျဉ်းများဖြင့် လယ်သမားများကို လယ်ယာမဲ့စေ၍ အလွန်မတရားသော အခွန် အမျိုးမျိုးတို့ကို ပေးဆောင်စေကြပြီးလျှင် လယ်သမားများ နဖူးကချွေးခြေမကျအောင် အသက်ထွက်လုမတတ် လုပ်ထားသော ကုန်စိမ်းကုန်ကြမ်းများအလကားနည်းနည်းနှင့်ရအောင်ဈေးနှိမ်၍ ဝယ်ယူကြလေသည်။ ကိုလိုနီနိုင်ငံများသို့ တင်ပို့ရောင်းချသော ကုန်စည်များ၏ ဈေးနှုန်းများကိုကား အဆမတန်မြှင့်တင်ထားကြလေသည်။ အချုပ်အားဖြင့်လက်အောက်ခံနိုင်ငံများမှ ကုန်စည်နည်းနည်းနှင့် လဲယူခြင်းပင် ဖြစ်လေသည်။ လက်အောက်ခံ နိုင်ငံများမှ တိုင်းရင်းသားများမှာ ဤမျှမတရားသော ကုန်စည်လဲလှယ်မှုကို ကြည့်နေကြရသည်မှာ သူတို့ခေါင်းပေါ်တွင် လွှမ်းမိုးထားသောဓါးကြောင့် ဖြစ်လေသည်။ ဤသို့ကုန်စည်များကို မတရား လဲလှယ်ခြင်းဖြင့် အမြတ်ကြေးငွေ အမြောက်အမြား ရရှိကြသည့်ပြင် အရင်းအနှီးငွေများ ချေးငှါးကြခြင်းဖြင့်လည်း ထိုငွေများအပေါ်မှ အတိုးငွေကို တိုက်ရိုက်ရရှိနေကြလေသည်။



ထို့ကြောင့် အမေရိက၊ ဂျာမနီ၊ ဂျပန်စသည့် လက်မဲ့နိုင်ငံများကကိုလိုနီနိုင်ငံများ လိုချင်ကြလေသည်။ ဤသို့လိုချင်ကြခြင်းမှာကုန်စိမ်းကုန်ကြမ်းရရှိမည့် အကျိုးကျေးဇူးတခုတည်းကိုသာမြော်ကိုး၍မဟုတ်ပေ။ အထက်ဖေါ်ပြပါ အကျိုးကျေးဇူးများအားလုံးကို ခံစားချင်ကြသောကြောင့်ပင် ဖြစ်ကြလေသည်။ လက်မဲ့ နိုင်ငံ များကို ကုန်စိမ်း ကုန်ကြမ်းများ လိုသလောက် လွတ်လွတ်လပ်လပ် ဝယ်ချမ်းနိုင်ပါသည်ဟု လက်ရှိနိုင်ငံများက ပြောဆိုနေကြခြင်းမှာ မည်သို့လျှင်အရာရောက်ပါမည်နည်း။

လွတ်လွတ်လပ်လပ် လိုသလိုဝယ်ချမ်းနိုင်သည်ဟု ဆိုသော်လည်း လက်မဲ့နိုင်ငံများမှာ ကုန်စိမ်းကုန်ကြမ်းများကို လက်ဝါးကြီးအုပ် အရင်းရှင်များက သတ်မှတ်ပေးသော ဈေးနှုန်းအတိုင်း ဝယ်ယူကြရ၍ ကုန်စိမ်းကုန်ကြမ်းများကိုလုပ်သော လယ်သမားများကို ပေးကြရသည့် ဈေးနှုန်းအတိုင်း ဝယ်ယူခွင့် မရကြပေ။ ဥပမာဂျာမနီသည် မြန်မာပြည်မှ ဆံကို ဝယ်ယူသည်ဆိုလျှင် ဆံစပါးများကိုဈေးအနည်းဆုံး နှိမ်ချဝယ်ယူထားသော "ဘူလင်ဂျင်ပူးလ်" လက်ဝါးကြီးအုပ် အရင်းရှင်ကြီးများထံမှ သူတို့တင်ထားသောဈေးနှုန်းအတိုင်း ဝယ်ယူကြရပေလိမ့်မည်။ တနည်းအားဖြင့် "ဘူလင်ဂျာပူးလ်" သည် မြန်မာ ဆင်းရဲသား လယ်သမားများထံမှ ဆံစပါးများကို ဈေးအချိုဆုံးနှင့် ဝယ်ယူပြီးလျှင် ဂျာမနီကိုဈေးအကြီးဆုံးနှင့် ရောင်းချလေသည်။

နောက်တဖန် အမေရိကသည် သံဖြူကို ဝယ်ယူလိုလျှင် အင်္ဂလိပ်အစိုးရဖွဲ့စည်းထားသော အင်တာနေရှင်နယ်တင်းမိုနိုပိုလီ (International Tin Monopoly)က သတ်မှတ်ပေးသော ဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်၍ ကြက်ပေါင်စေ့ကို

လိုချင်လျှင် အင်္ဂလိပ်နှင့် ဒတ်ချ်တို့၏ငွေအား အမြောက်အမြား ပါဝင်သောအင်တာနေရှင်နယ်ရတ်ဘာရက်ဂူလေးရှင်းကော်မတီ (International Rubber Regulation Committe) က သတ်မှတ်ပေးသော ဈေးနှုန်းအတိုင်း ဝယ်ယူရပေလိမ့်မည်။

နယ်ချဲ့စံနစ်သည် လက်ဝါးကြီးအုပ်အရင်းရှင်စံနစ်ပင်ဖြစ်သည်ဟု လီနင်ကပြောခဲ့လေသည်။ လက်အောက်ခံ နိုင်ငံများကို သိမ်းယူခြင်းမှာ ထိုနိုင်ငံများကိုလက်ဝါးကြီးအုပ်ချုပ်ထားသော ကြောင့်ပင် ဖြစ်လေသည်။

လက်ဝါကြီးအုပ်အရင်းရှင်နိုင်ငံတခုနှင့် အခြားလက်ဝါးကြီးအုပ် အရင်းရှင်နိုင်ငံတခုတို့မှာ ကုန်စိမ်းကုန်ကြမ်း တခုခုကို လက်ဝါးကြီးအုပ်နိုင်မှုအတွက် အထူးစိုင်းပြင် ကျိုးစားကြလေသည်။ အမေရိကန်နှင့်အပြိုင်ချရန်အတွက် အင်္ဂလိပ်နယ်ချဲ့သမားကြီးများသည် ၁၉၀၂–ခုနှစ်၌ အင်ပါယာလုံးဆိုင်ရာ ငါွမ်းစိုက်ပျိုးရေးအသင်းကြီးကို တည်ထောင်ကြကာ ဝါွမ်းစိုက်ပျိုးရေးအတွက် ငွေအမြောက်အမြား စိုက်ထုတ်ပေးခဲ့လေသည်။ အာဖရိကတိုက် အက်ဆိုးယားနယ် ရေကာတာကြီးနှင့် အိန္ဒိယပြည် ဆင်းနယ်ရေကာတာများကို တည်ဆောက်ခဲ့လေသည်။ ဆူဒန်၊ အိန္ဒိယ၊ ကညာ၊ ယူဂန္ဒာနှင့် အီရက်တို့၌ ဝါွမ်းအမြောက်အမြား ထွက်အောင် ကျိုးစားကြလေသည်။ ဤသို့ အမေရိကန်နှင့် အင်္ဂလိပ်တို့သည် ဝါွမ်းများကိုလက်ဝါးကြီး အုပ်နိုင်ကြအောင် အပြိုင်အဆိုင် စိုက်ပျိုးခဲ့ကြသဖြင့် ၁၉၃၁–ခုနှစ်လောက်ကကမ္ဘာ့ ဝါွမ်းအထွက်မှာ အထူးမြားပြားလာကာ ဝါွမ်းဈေးမှာလည်း အထူးလျော့ကျသွားလေသည်။ ဝါွမ်းဈေးပြန်လည်ကောင်းမွန်လာရန်အတွက် အမေရိကန်သည် ဝါွမ်းများကို ဖျက်ဆီးပစ်ခဲ့



လေသည်။ အပိုင်း(၁)အခန်း(၃)ကိုပြန်၍ကြည့်ရှုပါ။

အမေရိကန်ပြည်က လက်ဝါးကြီးအုပ်ထားသော ရေနံလုပ်ငန်းကို အပြိုင်ချရန်အတွက် အင်္ဂလိပ်နယ်ချဲ့သမားများသည် တူရကီပိုင် အင်ပါယာကိုဖျက်ဆီးပစ်လိုက်ပြီးလျှင် ပါရှားနှင့် အီရက်ရှိ ရေနံတွင်းများကို လက်ဝါးကြီး အုပ်ထားကြလေသည်။ မြန်မာပြည်နှင့် အိန္ဒိယပြည်အာသံနယ်များ၌ ရေနံတူးဖော်ရေးလုပ်ငန်းကို အပြင်းအထန်ချဲ့ထွင်လေသည်။ ရေနံတွင်းအမြောက်အမြားရှိသော မက္ကဆီကိုပြည်သို့ သွားရောက်ကာ ပြည်တွင်းစစ်များကိုလှုံ့ဆော်ပေးကာ ရေနံတွင်းများကို လက်ဝါးကြီးအုပ်ထားကြလေသည်။

တဖန် အမေရိကန်ကလည်း အင်္ဂလိပ်လက်ဝါးကြီး အုပ်ထားသော ရော်ဘါ-ကြက်ပေါင်စေး လုပ်ငန်းကို ယှဉ်ပြိုင်ရန်အတွက် တောင်အမေရိကတိုက်ရှိ မိမိတို့ကိုလိုနီ နိုင်ငံများတွင် ကြက်ပေါင်စေး လုပ်ငန်းကို ငွေ သန်းပေါင်းမြောက်မြားစွာ အကုန်ခံ၍ ချဲ့ထွင်ခဲ့လေသည်။

ဤသို့လက်ဝါးကြီးအုပ်အရင်းရှင်နိုင်ငံတခုနှင့်တခုအပြိုင်ချကြရာ၌ ကိုလိုနီနိုင်ငံများကို ပိုင်ဆိုင်ထားကြခြင်းမှာ အထူးအရေးပါအရာရောက်လေသည်။

## (ခ) နယ်ချဲ့စံနစ်နှင့် စစ်ပွဲများ

ယခုအချိန်ကမ္ဘာကြီးမှာ မီးလောင်နေသောအိမ်ကြီးနှင့် တူလေသည်။ မီးသည် အိမ်ကြီးတခုလုံးကိုလွှမ်းမိုး ဝါးမျိုခြင်း မပြုရသေးသော်လည်း အချို့အပိုင်းများ၌ မီးလောင်၍ကောင်း နေပေပြီ။ တရုပ်ပြည်၌ အပြစ်ကင်းစင်သောတရုပ်အမျိုးသားအမျိုးသမီး ကလေးများ လူငယ်အားလုံးမှာဂျပန်လေယာဉ်ပျံများက ပစ်ချလိုက်သော ဗုံးဆံ၊ အမြောက်ဆံ အဆိပ်ခတ်ငွေ့များအောက်၌ မချိမဆန့် မရှုမလှ သေကြေပျက်စီး ကြရလေသည်။ စပိန်ပြည်၌လည်း ဂျာမနီ၊ အီတလီတို့၏ရန်များကို ခုခံကာကွယ်ကြရင်း သေဆုံးကြရသော စပိန်ပြည်သားများ၏ လည်ချောင်းသွေးသည် စပိန်ပြည်စစ်မြေပြင်ကိုအနီရောင် လွှမ်းလျက်နေပေတော့သည်။



နောက်ဖေးခန်း၌မီးလောင်နေစဉ် အိမ်ရှေ့ခန်းရှိလူများမှာ မိမိတို့နှင့်မဆိုင်၊ မိမိတို့အနေသာဘဲဟူ၍ကြံမယူဆကြလေနှင့်။ ရေးရင်း ပြောရင်း၊ နေရင်းထိုင်ရင်းပင် မီးသည်တအိမ်လုံးကို ကူးစက်နေလေပြီ။ အေးချမ်းသက်သာစွာနေလိုသူတိုင်း၏မီးကို ငြိမ်းသတ်ဖို့အတွက် မိမိတို့၏ဘာဝန်ဟုစွဲမြဲမှတ်သားကြရပေမည်။ မီးကိုငြိမ်းသတ်ရုံဖြင့် မပြီးသေးပေ။ မီးရှို့နေသည့်တရားခံများကိုလည်း ရှာဖွေသုတ်သင်ကြရမည်။ သို့မဟုတ်လျှင် ငြိမ်းသတ်ရင်း အနေတာကြာရင်းဖြင့် အတောသတ်နိုင်တော့မည် မဟုတ်ပေ။

မီးကိုမည်သို့ငြိမ်းသတ်မည်နည်း။ မီးရှို့သူများသည် မည်သူနည်း။ မီးရှို့သူကား အခြားမဟုတ်၊ အထက်၌အကျယ်တဝင့်ရေးသားခဲ့သော လက်ဝါးကြီးအုပ် အရင်းရှင်စံနစ်သာ ဖြစ်ပေသည်။ လက်ဝါးကြီးအုပ်အရင်းရှင်စံနစ်အဆင့်အတန်းသို့ရောက်လာသော မည်သည့် အရင်းရှင်နိုင်ငံမဆို နယ်မချဲ့ဘဲ မနေနိုင်အောင် ဖြစ်လာသည်ကို ကျွန်ုပ်တို့နားလည်ခဲ့ပြီ။ လက်ဝါးကြီးအုပ် အရင်းရှင်နိုင်ငံများမှာ တနိုင်ငံမှ နှစ်နိုင်ငံ၊ သုံးနိုင်ငံစသည်ဖြင့် တဖြည်းဖြည်း ဦးရေများလာသောအခါ နယ်ချဲ့ကြရာ၌တဦးနှင့် တဦး အပြိုင်အဆိုင်လုကြလေသည်။

ယခင်အခါများကမူကား အင်ပါယာများလည်း မပေါ်သေး၊ ကမ္ဘာမြေကြီးပေါ်မှာလည်း တိုက်ခိုက်သိမ်းယူစရာ နိုင်ငံများမှာ အတော်များများမရှိသေးသဖြင့် လက်နက်စွဲကိုင်အမှိုင်အဆိုင် တိုက်ခိုက်ကြရခြင်းကနည်း၍ တနိုင်ငံနှင့်တနိုင်ငံ စေ့စပ်ညှိနှိုင်းကြကာ လိုသောနိုင်ငံများကို ခွဲဝေယူလိုက်ကြလေသည်။ ဥပမာအားဖြင့် လွန်ခဲ့သော ၁၈၉၈-ခုနှစ်အတွင်း ပြင်သစ်နှင့်

အင်္ဂလန်တို့သည် အာဖရိကတိုက်ကြီးကို ခွဲဝေသိမ်းပိုက်ကြရာ၌ အာဖရိကတိုက်၌ နယ်တနယ်အပါအဝင်ဖြစ်သော ဖရှိုဒါနယ်ကို သူပိုင်သင့် ငါပိုင်သင့်စသည်ဖြင့် အငြင်းအခုံဖြစ်ပွားခဲ့ရာ စစ်ဖြစ်မည်လောက် အခြေအနေသို့ပင် တိုင်ခဲ့သော်လည်း နောက်ဆုံး၌ အေးချမ်းသာယာစွာပင် ဖရှိုဒါနယ်ကိုခွဲစိပ်၍ ယူလိုက်ကြလေသည်။

သို့သော် ယခုအခါ၌ကား ဤသို့မဟုတ်တော့ပေ။ ကမ္ဘာ၏ အခြေအနေမှာ အချက် ၂-ချက်တွင်အကောင်းဘက်မှ အဆိုးဘက်သို့ ပြောင်းလဲ လာလေသည်။

ပထမ လက်ဝါးကြီးအုပ်အရင်းရှင်နိုင်ငံများ၏ လူဦးရေနှင့် မရလျှင် မဖြစ်သောလိုလာချက်များမှာ တဟုန်ထိုး တိုးမြင့်တက်လာခဲ့သည်။

ဒုတိယ လက်ဝါကြီးအုပ် အရင်းရှင်နိုင်ငံများ၏ လိုလားချက်များကို ဖြည့်စွက်နိုင်မည့်အခွင့်အလမ်း ဦးရေမှာ တဟုန်ထိုး ကျဆင်းလာလေသည်။

ဤအချက်နှစ်ချက်ကြောင့် အရင်းရှင်နိုင်ငံ ကြီးများမှာ တဦးနှင့်တဦး မတိုက်ခိုက်လျှင် မနေနိုင်အောင် ဖန်တည်းလာကြလေသည်။

ထို့ပြင် အရင်းရှင်စံနစ် မလွှမ်းမိုးသော တိုင်းပြည် နိုင်ငံများကိုတည်း အလွယ်တကူသက်သာချောင်ချိစွာ မသိမ်းပိုက်နိုင်ကြတော့ပေ။ ထိုတိုင်းပြည်များရှိ တိုင်းရင်းသားများမှာ မျက်စေ့ပွင့်လင်းလာကြပြီးလျှင် မိမိတို့တိုင်းပြည်ကို အသက်နှင့်လဲ၍ ခုခံလာကြလေသည်။

ထို့ကြောင့် အရင်းရှင် နိုင်ငံတခုမှာ အခြားအရင်းရှင်



နိုင်ငံတခုနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရရုံမျှမကသေးဘဲ မိမိလက်အောက်သို့ သွပ်သွင်းရန်ကြံရွယ်ထားသည့် နိုင်ငံမှ တိုင်းရင်းသားများနှင့်လည်း အပြင်းအထန်ယှဉ်ပြိုင်တိုက်ခိုက် ကြရလေသည်။

၁၈၈၀-ပြည့်နှစ်လောက်က ကမ္ဘာနှင့်ယနေ့ကမ္ဘာကို နှိုင်းယှဉ်၍ကြည့်ပါ။ ၁၈၈၀-ပြည့်နှစ်လောက်က လက်ဝါးကြီးအုပ် အရင်းရှင် နိုင်ငံများမှာ နှစ်ခုသာရှိသေးသော်လည်း ယနေ့တွင်ကား ခြောက်ခုထက်မနည်းတော့ပေ။ ယခင်က အင်္ဂလိပ်နှင့် ပြင်သစ် အရင်းရှင်နိုင်ငံသာ နယ်မချဲ့လျှင်မဖြစ်သောအခြေသို့ရောက်ရှိလာကြကာ ကိုလိုနီနိုင်ငံများကို တိုက်ခိုက်သိမ်းပိုက် ခဲ့ကြသော်လည်း အခြေအနေအချိန်အခါကြာမြင့်သလောက် ယခုအခါ၌ အမေရိကန်၊ ဂျာမနီ၊ အီတလီနှင့် ဂျပန်နိုင်ငံများသည် နယ်မချဲ့လျှင် မဖြစ်နိုင်တော့သည့် အရင်းရှင်နိုင်ငံကြီးလေးခုတိုးတက်လာကြလေတော့သည်။

အင်္ဂလိပ်နှင့် ပြင်သစ်တို့မှာ ကိုလိုနီနိုင်ငံအမြောက်အမြားကို လက်ဝယ်သိမ်းပိုက်ကြပြီး ဖြစ်ကြသော်လည်း တင်းတိမ်အားရခြင်း မရှိကြသေးပေ။ အကြောင်း သော်ကား ထို နိုင်ငံများရှိ ကုန်လုပ်ကြိယာစွမ်းအားမှာ ကိုလိုနီနိုင်ငံများကို သိမ်းပိုက်နေကြစဉ်မှာပင် အလွန်တမင်း လျှင်မြန်စွာ တိုးတက်လာကြလေသည်။ ဤသို့ တိုးတက်လာကြသည့်အလျောက် ကုန်စည် လုပ်ငန်းများမှာ အထူးကြီးကျယ်လာပြီးလျှင် ကုန်စည်များကို အမြောက်အမြား လုပ်ကိုင်ကြကာ တင်ပို့ရောင်းချနိုင်ကြရန်အတွက် ရှိရင်းစွဲ ကိုလိုနီနိုင်ငံမှာ မည်သည့်အခါမျှ မလောက်ငနိုင်ကြပေ။ ထိုအတွင်း ဂျာမနီ၊ အီတလီနှင့် ဂျပန်တို့မှာ လက်အောက်ခံနိုင်ငံများကို မပိုင်ဆိုင်ခဲ့ကြသော်လည်း ကုန်စည် လုပ်ငန်းမှာ အထူးကြီး

ကျယ်လာသဖြင့် ပိုလျှံနေသောကုန်စည်များကိုသာ ကိုလိုနီနိုင်ငံ များသို့ တင်ပို့ကြခြင်း မပြုကြချေက ထိုနိုင်ငံများရှိ အရင်းရှင် စံနစ်များမှာ ပိုလျှံသောကုန်စည်များပိုနေ၍ ပျက်ဆီးသွားကြ မည်ဖြစ်သဖြင့် အင်္ဂလိပ်နှင့်ပြင်သစ်တို့တက် ကိုလိုနီနိုင်ငံများလို လာကြလေတော့သည်။

တဖန် ဖော်ပြပါအချိန်နှစ်ချိန်အတွင်း ကိုလိုနီနိုင်ငံများ၏ အခြေအနေများကို ကြည့်ကြဦးစို့၊ ၁၈၈၀-ပြည့်နှစ် လောက်က အာဖရိက၏ မြေပုံမှာအတော်ပင်ရှင်းလင်းနေပေသည်။ အိန္ဒိယကို ချန်လှပ်၍ အာရှတိုက်တခုလုံးနှင့် တောင်အမေရိကတိုက် တတိုက် လုံးမှာ ကုန်လုပ်ကြွယ်ဝါသဖြင့် ကုန်စည် မလုပ်ရသေးသော မြေဆီ ဩဇာ သဘာဝပစ္စည်းများနှင့်ပြည့်စုံ ပြည့်နှက် နေကြသဖြင့် အရင်းရှင်ကြီးများ၏ မျက်စေ့ကျစရာ ဖြစ်နေကြလေသည်။ ဤအရပ်များမှာ မည်သည့် အရင်းရှင်နိုင်ငံမဆို ၎င်းတို့ လိုသမျှ နယ်ချဲ့နိုင်လောက်အောင် ကျယ်ဝန်း ပေသည်ဟု ထင်ခဲ့ကြလေသည်။

သို့သော် ယခုအချိန်အခါ၌ အင်္ဂလိပ်ကြီးစိုးသောအာဂျင်တိုင်းနှင့်ပါရာဂွေးအပြင်အရင်းရှင်ပေါက်စများဖြစ်သောတောင်အမေရိကန် သမတ နိုင်ငံကလေးများမှလွဲ၍ တောင်အမေရိကန်တတိုက်လုံးကို အမေရိကန်အရင်းရှင်ကြီးများက လက်ဝါးကြီး အုပ်ထားကြလေပြီ။

တရုပ်ပြည်မှလွဲ၍ အာရှတိုက်တခုလုံးကို အင်္ဂလိပ်၊ ပြင်သစ်၊ ဒတ်ချ်အရင်းရှင်ကြီးများက လွှမ်းမိုးထားကြလေပြီ။ နယ်ချဲ့ နိုင်ငံများတွင် ဂျပန်နိုင်ငံသည် နောက်ပေါက်အဖြစ်ဖြင့်ထွက်ပေါ်လာခဲ့လေသည်။ ဂျပန်သည် မန်ချူးကောကိုသိမ်းလိုက်ရုံမျှ



အားမရသေး၍ တရုပ်ပြည်ကြီးတခုလုံးကို ကျွန်ဇာတ် သွင်းကာ ကိုလိုနီနိုင်ငံကြီးတခုအဖြစ်သို့ ပြောင်းလဲပစ်ရန်အကြံနှင့် အပြင်းအထန် လက်နက်စွဲကိုင် ပြိုင်ဆိုင်တိုက်ခိုက်နေလေပြီ။ အာဖရိကတိုက်၌ကား အံ့သြလောက်အောင်ပြောင်းလဲချက်များကို တွေ့ရလေသည်။ ယခင်က စိမ်းလန်းစိုပြေ လူဖြူတွေမပေါက်မရောက်သလောက် မပေါက်ရောက်သောဒေသမှာ ယခုအခါ အရင်းရှင်နိုင်ငံကြီးများ၏ ခွဲစိပ်ယူငင်ကြခြင်းကိုခံနေရရှာလေပြီ။ အာဖရိကတိုက် တတိုက်လုံး၌လွတ်လပ်သော၊ တခုတည်းသောတိုင်းပြည်ဖြစ်သည့် အဘိဆီနီယာနိုင်ငံမှာ ကျွန်ုပ်တို့မျက်စေ့အောက်မှာပင် အီတလီအရင်းရှင်ကြီးများက တိုက်ခိုက်သိမ်းယူ လိုက်ကြလေပြီ။

ထို့ကြောင့် နယ်ချဲ့အရင်းရှင် နိုင်ငံကြီးများမှာ မည်သို့ပင် ကိုလိုနီနိုင်ငံများကို လိုသည်ဖြစ်စေ ကမ္ဘာမြေပြင်တွင် လွတ်လွတ် လပ်လပ် နယ်ချဲ့စရာအရပ်များကား မရှိကြတော့လေပြီ။ လိုချင်လျှင် အခြားအရင်းရှင် နိုင်ငံများလက်ထဲမှ လုယက်ယူငင်ဘို့ပင် ရှိလေတော့သည်။ လုယက်ယူငင်ကြရန်လည်း စီစဉ်နေကြလေပြီ။

ဤအတောအတွင်းသိမ်းပိုက်ပြီး ကိုလိုနီနိုင်ငံများရှိတိုင်းရင်းသားများမှာလည်း အလျှင်ကလိုခေါင်းငုံ့ မခံကြတော့ဘဲ အရင်းရှင်ကြီးများ၏ အမြင်အားဖြင့် လူပါးဝလာကြလေပြီ။ မိမိတို့တိုင်းပြည်များမှာ ကြွယ်ဝသမျှသဘာဝပစ္စည်းများကို အရင်းရှင် ကြီးများက မတရားသက်သက် သိမ်းယူကြသည်ကို မခံမရပ်နိုင်အောင် ဖြစ်လာကြကာ ကျွန်သဘောက်နိုင်ငံ အဖြစ်မှ လွတ်မြောက်ရေးအတွက် နိုးကြားလာကြပြီးလျှင် ဆူဆူပူပူဖြစ်

လာကြလေပြီ။ အိန္ဒိယပြည်၊ မြန်မာပြည်နှင့် အီဂျစ်တို့၏လွတ်လပ်ရေးတိုက်ပွဲများမှာ တဖြည်းဖြည်းသဲသဲမဲမဲဖြင့် ပြင်းထန်လာကြလေပြီ။ နယ်ချဲ့သမားများမှာလည်း အလျှင်ကလို ငှက်ပျောသီး အခွံနွှာစားရသကဲ့သို့ လွယ်လွယ်ကူကူဖြင့် အလုပ်လုပ်၍ မရနိုင်တော့ပြီ။ ဂျပန်သည် တရုပ်ပြည်ကိုနယ်ချဲ့ရာ၌ မိမိနှင့်အပြိုင်အဆိုင်ဖြစ်သော အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်တို့နှင့်တိုက်ခိုက်ရရုံမျှမကသေးဘဲ တရုပ်များက လေျှာ့ခွက်ချည်းဆံမည် အလိုမလှဲ့ဘူးဆိုသော ဇွဲဖြင့် သဲသဲမဲမဲခုခံကာကွယ်နေကြသည်ကို နာခေါင်း ကျည်ပွေ့ တွေ့နေကြရလေပြီ။

နယ်ချဲ့နိုင်ငံကြီးများ၏ ဦးရေသည် အလွန်နည်းပါးကြသေး၍ နယ်ချဲ့စရာအရပ်များများမှာလည်း အတိုင်းမသိကျယ်ပြန့်နေသေးသော ယခင်အခါ၌ပင်လျှင် စစ်ကလေးများမှကမ္ဘာစစ်ကြီးသို့ပင် တိုင်ရောက်လာခဲ့လျှင် နယ်ချဲ့လျှင်ချဲ့၊ နယ်မချဲ့လျှင် ပျက်စီးကြရမည်။ အရင်းရှင်နိုင်ငံကြီးများ၏ ဦးရေများပြားလာ၍ နယ်ချဲ့စရာ နေရာကွက်လပ်ဟူ၍ လုံးဝ မကြွင်းကျန်တော့သော ယခုအချိန်အခါ၌ ကမ္ဘာကြီး၏ ငြိမ်းချမ်းရေး မှာမည်သို့လျှင် တည်မြဲနိုင်ပါအံ့နည်း။

ဤနယ်ချဲ့ နိုင်ငံကြီးများနှင့် နယ်ချဲ့စံနစ်တို့ကမ္ဘာ၌တည်ရှိနေသမျှကာလပတ်လုံး၊ ကမ္ဘာလျှူး တခုလုံးကို သုဿာန်တစအဖြစ်သို့ ရက်ရက်စက်စက်မညှာမတာကြမ်းကြုတ်စွာပို့ဆောင်ပြောင်းလဲပစ်စေမည့် ကမ္ဘာစစ်ကြီး မဖြစ်ဖူးဟူ၍ မည်သူသည်ပြောရဲ တာဝန်ခံရဲပါမည်နည်းဌ.

အရင်းရှင်နိုင်ငံတခုသည် လက်ဝါးကြီးအုပ်အရင်းရှင်စံနစ်အဆင့်သို့ရောက်လျှင်နယ်ချဲ့ရချေမည်။ နယ်ချဲ့ခဲ့လျှင် စစ်ဖြစ်ရ



တော့မည်။ ဤကားအညာမှ အကြေသို့ မသွေမဖေါက် စီးဆင်းဘိသကဲ့သို့ မရှောင်လွှဲမဖေါက်ပြန်သော အစဉ်အမြဲ သဘောတရားပေတည်း။

ရောဂါကို ကုစားမည့် ဆေးဆရာသည် ရောဂါ၏ အရင်းအမြစ် စတင်ပေါ်ပေါက်ပုံကို စံနစ်တကျ ရှာဖွေစမ်းသပ်ကြည့်ရှုသကဲ့သို့ ကျွန်ုပ်တို့သည်လည်း စစ်ရောဂါဆိုးကြီးကို ကုစားလိုသဖြင့် စစ်၏ ဇစ်မြစ်အရင်းမှ အမှန်ကို စူးရှ ထက်မြက် သောဉာဏ်မြင်ဖြင့် အပိုင်းပိုင်း အကန့်ကန့် ခွဲခြား၍ကြည့်ခဲ့ကြပေပြီ၊ စစ်ကား အရင်းရှင် စံနစ်အတွင်း၌ အရင်းမြစ် တည်လာကြောင်းကောင်းစွာ သိခဲ့ကြရလေပြီ။ "အရင်းလဲသျှင် အဖျားထင်းဖြစ်သည်" ဆိုသော မြန်မာစကားပုံအတိုင်း အရင်းရှင်ကို သုတ်သင်လိုက်လျှင် အရင်းရှင်စံနစ်က စေခိုင်း တိုက်တွန်းသည့်အတိုင်း လူတွေကောင်းကောင်း မစားကြရ၊ ကောင်းကောင်း မဝတ်ကြရ၊ ကောင်းကောင်း မနေထိုင်ကြရသည့် ဆင်းရဲခြင်း၊ အလုပ်လုပ်ချင်ကြပါလျှက် အလုပ်လက်မဲ့ ဖြစ်ကြရခြင်းများနှင့်ဘက္ကလူသတ္တာအပေါင်းတို့ကို မီးလောင်တိုက်သွင်းမည့် အခက်အလက်ဖြစ်သည့် စစ်များကိုလည်း အရင်းရှင်စံနစ်နှင့်အတူအသက်များပျောက်ကြရတော့အံ့။

အလုပ်သမား ဆင်းရဲသားများ၏ ရာဇဝင်ကြောင်းပြတာဝန်ကား အမှန်ဆိုက်ရောက်လာလေပြီ။

အရင်းရှင်နိုင်ငံများမှ အလုပ်သမားများ ခေါင်းဆောင်သော ဆင်းရဲသား အပေါင်းတို့သည်၎င်း၊ ကိုလိုနီနိုင်ငံများမှ အလုပ်သမားများ ခေါင်းဆောင်သော ဆင်းရဲသားများသည်၎င်း၊ အသီးသီး မိမိတို့ တာဝန်ကို ထမ်းရွက်ကြကာ အရင်းရှင်

အောင် ရှိသလောဟူသော မေးခွန်းကို ပထမဖြေရပေလိမ့်မည်။

ဟစ်တလာ၊မူဆိုလီနီ၊ လွီဂီဘွီလာရီ၊မော်စလေစသည် ဖက်ဆစ် အာဏာရှင်ကြီးများ၊ ဖက်ဆစ် ခေါင်းဆောင်ကြီးများ၏ ဟောပြော ရေးသားချက် များ၌ ဖက်ဆစ် ဝါဒသည် လူ့ဝတ္တရား၊ လူတို့၏ တိုက်ခိုက် တိုးတက်အောင်မြင်မှုများအပေါ်တွင် အရင်းတည်သည်ဟူ၍၎င်း၊ ဖက်ဆစ်ဝါဒသည် လူ့ဘောင်အဖွဲ့အစည်း၌ အစဉ်အမြဲ ငြိမ်းချမ်းမှုကို ယုံလည်းမယုံ၊ အသုံးကျသည်ဟူ၍လည်းမထင်ဟူ၍၎င်း၊ အင်ပါယာပိုင်ဆိုင်မှု ကြန့်ခိုင်တိုးတက်မှုသည် ဖက်ဆစ်ဝါဒအရ နိုင်ငံတနိုင်ငံ၏ နုပျိုသန်စွမ်းမှုပင်ဖြစ်သည်ဟူ၍၎င်း၊ ဖက်ဆစ်စံနစ်၌ အရင်းရှင်စံနစ်နှင့် မပတ်သက်သော ပင်ကိုဝါဒ တည်ရှိသလိုလို ရေးသား ဟောပြောကြလေသည်။

သို့သော် စင်စစ်အားဖြင့် ဖက်ဆစ်စံနစ်၌ ဝါဒလည်းမရှိ။ အရင်းရှင်စံနစ်နှင့် လွတ်ကင်းသောပင်ကိုယ်စံနစ်လည်းမဟုတ်ပေ။ ဖက်ဆစ်စံနစ်ကား ပျက်စီး တိမ်ကောအံ့သော အရင်းရှင်စံနစ်ဆက်လက် တည်တန့်အောင် အကြမ်းပတမ်းမှုကို နည်းကျကျအသုံးပြုသောစံနစ်ပင် ဖြစ်လေသည်။

အထက်ပါဖက်ဆစ်ခေါင်းဆောင်ကြီးများမှာ ကိုယ်တုံးလုံးဖြစ်နေသော ဖက်ဆစ်စံနစ်ကို ကြည့်သာရှုသာအောင် ဝါဒအဝတ်အစားများနှင့် တန်ဆာဆင်ပေးကြခြင်းသာဖြစ်ပေသည်။

တဖန် ဖက်ဆစ်စံနစ်နှင့်ပတ်သက်၍ ဖက်ဆစ်စံနစ်သည် စီးပွားရေးစံနစ် ချို့တဲ့မှုကြောင့် လူတို့၏ နေရေးထိုင်ရေးကြပ်တည်းကျဉ်းမြောင်းလာသောအခါ လူလတ်တန်းစားများ (ကုန်သည်၊ ပွဲစား၊ ရှေ့နေ ရှေ့ရပ်၊ စာရေးစာချီ၊ ကျောင်းဆရာ၊



ဆေးဆရာ၊ လယ်ပိုင်ရှင် ကလေးများ စသည်များ)က လက်ပါးကြီးအုပ် အရင်းရှင်ကြီးများကို၎င်း၊ စံနစ်ကျကျ ဖွဲ့စည်းထားသော အလုပ်သမားအစည်းအရုံးများကို၎င်း၊ အတိုက်အခံပြုကာ အာဏာကို သိမ်းပိုက်ခြင်းပင် ဖြစ်သည်ဟု အချို့က ယူဆကြလေသည်။

ဤယူဆချက်ကို ခွဲစိပ်ဝေဘန်ခြင်းဖြင့် ဖက်ဆစ်စံနစ်၏ အဖြစ်သနစ်မှုမှန်ကို နားလည်အောင်လုပ်ကြစို့။

အရင်းရှင်စံနစ်လက်အောက်၌ လူအတန်းအစား ခွဲခြားမှုတည်ရှိ နေလေရာ၊ အရင်းရှင်စံနစ်ကို တော်လှန် ပြောင်းလဲကာ ဘုံစံနစ် တည်ထောင်လိုသူတိုင်း လူအတန်းအစား အမျိုးမျိုး၏ နိုင်ငံရေးအမြင်၊ စိတ်သဘောထား၊ အစွမ်းသတ္တိများကိုသိရှိထားကြရပေမည်။

လူလတ်တန်းစား များ၏ မူလ စိတ်သဘောထားကား မည်သို့နည်း။

လူလတ်တန်းစား များမှာ ၎င်းတို့ နေရေးထိုင်ရေးများအတွက် အရင်းရှင်များကို၎င်း၊ ဆင်းရဲသား အလုပ်သမားများကို၎င်း၊ မှီခိုအားထားနေကြရလေရာ နိုင်ငံရေး၌လည်း ၎င်းတို့သည် တသီးတခြား လွတ်လွတ်လပ်လပ် မဆောင်ရွက်နိုင်ကြပေ။ တခါတရံအရင်းရှင်ကြီးများနှင့်ပေါင်း၍၊ တခါတရံဆင်းရဲသားအလုပ်သမားများနှင့် ပူးပေါင်းကြလေသည်။ လူလတ်တန်းစားများသည် ငယ်စဉ်တောင်ကျေး အကလေးအရွယ်ကပင် အရင်းရှင်များနှင့် လက်ပွန်းတတီး နေထိုင်လာကြရလေသဖြင့် အရင်းရှင်စိတ်ကူးစိတ်ကန်းများ၊ အရင်းရှင်များ၏ အလေ့အလာ အသုံးအနှုန်းများ၊ အမူအရာများဖြင့် ကြီးပြင်း လာကြသောကြောင့်

စိတ်နေသဘောထားများမှာ အရင်းရှင်အဆင့်သို့သာ မြော်မှန်းနေကြသူများသာများကြလေသည်။ ဤသို့သောစိတ်နေသဘောထားများဖြင့်ကြီးပြင်းလာကြသော်လည်း ပိုက်စိပ်တိုက်၍ စီးပွားရှာလာကြသော လက်ဝါးကြီးအုပ် အရင်းရှင်စံနစ်ကြောင့် ၎င်းတို့ရရှိထားကြသောအဆင့်အတန်းမှ သူလတ်တန်းစားအမြောက်အမြားပင် ပစ္စည်းမဲ့ ဆင်းရဲသားအလုပ်သမားများ အဆင့်အတန်းသို့ လျော့ကျ သွားကြရသည်ကို တွေ့ကြုံမြင်ကြားလာကြရသောအခါ ယခင်ကအရင်းရှင်များ အသွားအလာ အနေအထိုင် အလေ့အလာအပြုအမူ အကျင့်အကြံ အသုံးအနှုန်း အယူအဆ စိတ်သဘောထားမျိုး ·များနှင့် စိတ်ကူးယဉ် ခဲ့ကြသမျှ တို့မှာ တည်တန့် မနေနိုင်ကြတော့ဘဲ တခါတည်း လွင့်ပျောက်သွားကြကာစိတ်အပျက်ကြီး ပျက်သွားကြလေတော့သည်။

ထို့ကြောင့်ပင် ဈေးနာကောင်းသဖြင့် အရင်းရှင်များ၌ ငွေဝင် လျှိုင်နေသောအခါမှာ လူလတ်တန်းစားများသည် အရင်းရှင်များနှင့် ပူးပေါင်းကြကာ မှီခို ကပ်ရပ် စားသောက်ကြရ၍ ဈေးနာ ပျက်ပြားလာကာ အရင်းရှင်များ အကြပ်ရိုက်လာသောအခါ ပစ္စည်းမဲ့ အလုပ်သမားများနှင့်ပူးပေါင်း၍ မိမိတို့၏ထမင်းအိုးခွဲပစ်သော အရင်းရှင်ကြီးများကို တော်လှန်ပုန်ကြလေသည်။ ထို့ကြောင့် ဘုံဝါဒ ဆရာကြီးကားလ်မတ်စ်က ခေတ်ပြောင်းတော်လှန်ရေးတရားကို ရေးသားဟောပြောခဲ့ရာ၌ ပစ္စည်း မဲ့အလုပ်သမားများသည် အရင်းရှင်စံနစ်ကို တော်လှန်ရာ၌ လူလတ်တန်းစားများ၏ အကူအညီကို ရအောင်ယူကြရမည်ဟု အမြဲသတိပေးခဲ့ဘူးလေသည်။

ရာဇဝင်ကိုပြန်လှန်၍ ကြည့်လျှင် ၁၈၈၀ ပြည့်မှ ၁၉၀၀



ပြည့်နှစ်များအတွင်း လူလတ်တန်းစားများ၌ပါဝင်သော လူသုံးပစ္စည်းလုပ်သော လုပ်ငန်းရှင်ကလေးများ၊ လယ်ပိုင်ရှင်ကလေးများမှာအရင်းရှင်စံနစ်၏ ဝါးမျိုခြင်းခံခဲ့ကြရသဖြင့် မိမိတို့လွယ်လွတ်လပ်လပ် အသက်မွေးနိုင်ဖြစ်ကြသည့် အဖြစ်ကို စွန့်လွှတ်လိုက်ကြရပြီးလျှင် လက်ဝါးကြီးအုပ် အရင်းရှင်ကြီးများ လက်အောက်၌ ညိုညိုညင်ညင်နှင့်ပင် မလွတ်လပ်သော အခိုင်းအစေအလုပ်ကို လုပ်ကိုင်ကြရလေသည်။

လက်ဝါးကြီးအုပ် အရင်းရှင်စံနစ်ကြောင့် ပေါ်ပေါက်လာသော လူလတ်တန်းစားအသစ် (မန်နေဂျာ၊ စာရေးစာချီ၊ လခစား၊ အဝယ်တော် ပွဲစား စသူများ၏ အတန်းအစား)မှာ ယခင်က လူလတ်တန်းစားအဟောင်း (လူသုံးပစ္စည်းရှင်ကလေးများ၊ ကုန်သည် ပွဲစား စသူများပါဝင်သည့် အတန်းအစား) လောယ်မလွတ်လပ်တော့။ မိမိတို့ကိုယ်တိုင် အသက်မွေးနိုင်သည့် ကုန်လုပ် ကြိယာကလေးများကိုလည်း လက်လွှတ်ခဲ့ကြရလေပြီ။ လူလတ်တန်းစား အသစ်၌လည်း လူလတ် အထက် တန်းစား (ဥပမာ မန်နေဂျာ၊အိုဗါစီယာများ)နှင့် လူလတ်အောက်တန်းစား (လခနည်းနည်းသာရ၍ အလုပ်သမားများထက် အနည်းငယ်သာအဆင့်အတန်းမြင့်သော စာရေးစာချီများ)ဟူ၍နှစ်မျိုးခွဲကြည့်လျှင်....

လူလတ် အောက်တန်းစားများမှာ အခါများစွာပစ္စည်းမဲ့ ဆင်းရဲသားအလုပ်သမားများနှင့် ပူးပေါင်းကြသည်ကို တွေ့ရပေသည်။ (လူလတ်အောက်တန်းစားများ၏ နိုင်ငံရေး အမြင်မှာ....

ဆင်းရဲသား ကောင်းစားရေး ဖေဖီယံအယူအဆ၌ အကြုံဝင်လေသည်။*

အတော်အတန် လွတ်လပ်သည်ဟု ဆိုနိုင်သော လူတန်းစားအပေါင်းမှ အရင်းရှင်ကြီးများကို မှီခိုကြကာ အသက်မွေးကြရသော လူလတ်အတန်းအစားသို့ ပြောင်းလဲကြခြင်းကား၊ လူလတ်တန်းစားမှ ပစ္စည်းမဲ့ အလုပ်သမား အတန်းအစားသို့.... ပြောင်းလဲ ရွေ့လျော့နေကြသော ခရီးစဉ်တွင် ခရီးထောက်တခုသာဖြစ်ပေသည်။ ဥပမာ....လယ်ပိုင်ရှင်ကလေး မောင်ဖြူသည် အရင်းရှင်ကုမ္ပဏီတခုဖြစ်သော စတီးဘရားသား၏ ဈေးနှိပ်ဝယ်ယူမှုကြောင့် မိမိပိုင်လယ်ကလေးများ ဆုံးပါးသွားလေသဖြင့်.... မိမိလယ်ကို လုပ်ကိုင်ကာ လွတ်လွတ်လပ်လပ် အသက်မမွေးနိုင်တော့ဘဲ စတီးဘရားသား၏ လခစား အဝယ်တော်ပွဲစားအလုပ်ကို လုပ်ကိုင်ရလေသည်။ ထိုသို့လုပ်ကိုင်နေစဉ်ပင် စတီးဘရားသားသည် အမြတ်ငွေများ များသထက် များအောင် ရရှိလိုသဖြင့် မိမိလက်အောက်ခံ လခစေးအချို့ကို အလုပ်ဖြုတ်ပစ်လေရာ မောင်ဖြူမှာ အဖြုတ်ခံရသော လခစားများ အထဲတွင် ပါသွားလေသည်။ ယခုအခါ.... မောင်ဖြူသည် စတီးဘရားသား၌

---

* ၁၉၃၈ ခုနှစ် မြန်မာပြည် အလုပ်သမားများက စတင်လိုက်သော ဒီဇင်ဘာလအရေးတော်ပုံ၌ စတီဘရားသား၊ ဘီအိုစီကုမ္ပဏီများမှ စာရေးများသည် သပိတ်မှောက်ကြခြင်းဖြင့်.... အလုပ်သမားများကို ကူညီခဲ့ကြသည်ကိုကြည့်ပါ။ သူတို့အတန်းအစား၏ အရင်းခံသဘောထားများမှာ....မတည်မငြိမ် မယိမ်းမယိုင်တွေဝေနေကြသဖြင့်.... အလုပ်သမားများကဲ့သို့ ဇွဲမကောင်းကြဘဲ မကြာမီပင် သပိတ်ပြန်လှန်ကြသည်ကိုလည်းသတိချပ်စေလိုသည်။



အခစား အလုပ်သမား အလုပ်ကို လုပ်နေရလေသည်။ လယ်ပိုင်ရှင်ကလေးမောင်ဖြူသည်လူလတ်တန်းစားအပေါင်း၌ ပါဝင်၍ လခစား အဝယ်တော်ပွဲစား မောင်ဖြူသည် လူလတ်တန်းစားအသစ်၌ ပါဝင်ပြီးလျှင် အခစား အလုပ်သမား မောင်ဖြူသည် ပစ္စည်းမဲ့ အလုပ်သမား လူတန်းစား၌ပါဝင်လာလေတော့သည်။

လက်ဝါးကြီးအုပ် အရင်းရှင်စနစ်၏ မညှာမတာရက်စက်စွာ သွေးစုတ်မှုကြောင့်....လူလတ်ဘန်းစား အပါအဝင်ဖြစ်သော ကျောင်းဆရာများသည် စာမတတ်သူ အသင်္ချေအလယ်၌ စာမသင်ရ၊ ဆေးဆရာများသည် ရောဂါအမျိုးမျိုး နှိပ်စက်သဖြင့် သေကြေပျက်စီးကြရသော လူနာအပေါင်းတို့ ရှေ့မှောက်၌ မဆေးမကုလိုက်ကြရ၊ တက္ကသိုလ်ကျောင်းများ၌ စရိတ်ကြေးငွေ အကုန်အကျခံကြကာ တက္ကသိုလ် ပညာများကို နှစ်ရှည်လများသင်ယူခဲ့ကြရသောကျောင်းသားများသည်ကျော်ထွက်လျှင် ထမင်းတလုပ်ကို အလင်မှီအောင်ပင် စမားနိုင်ကြ၊ ကုမ္ပဏီများ တခုနှင့်တခု ပေါင်းစပ်၍ရှင်း၊ ကုမ္ပဏီကြီးက ကုမ္ပဏီလေးကို ဝါးမျိုလိုက်၍ရှင်း၊ ယခင် အလုပ် လုပ်နေကြသော စာရေးစာချီများသည် အလုပ်ကို ဆက်လက် မလုပ်ကြရ။*

တဖန် ဘဏ်အရင်းရှင်ကြီးများ၏ မျက်ပြလှည့်မှုကြောင့် လူလတ်တန်းစားများ.... မစားရက် မသောက်ရက် ချွေတာစုဆောင်းထားကြသော.... ငွေကြေးကလေးများကိုလက်ဝါး ကြီး

---

* ဘလုတ်ဘရားသား ကိုမ္ပဏီပျက်စဉ်ကထိုကုမ္ပဏီ၌အလုပ်လုပ်နေကြသော စာရေးစာချီများသည် အလုပ်လက်မဲ့ ဖြစ်သွားကြရလေသည်။

အုပ် အရင်းရှင် အဖွဲ့ကြီးက အသုံးချချင်သလို အသုံးချသည်ကို ခံကြရ၏။ အဆုံးအရှုံးခံကြရ၏။ *

ဤသို့လက်ဝါးကြီးအုပ်. မနုရှင်ကြီးများ ချမ်းသထက် ချမ်းသာလာကြသလောက် လူလတ်တန်းစားများမှာ ဆင်းရဲသာထက်ဆင်းရဲလာကြလေသည်။

ဖက်ဆစ် ဝါဒ လွှမ်းမိုးလာခါနီး ဂျာမဏီပြည်တွင် (၁၉၃၁-၂-ခု) တက္ကသိုလ်ကျောင်းများ၊ အင်ဂျင်နီယာကောလိပ်၊ ဆေးကောလိပ်များမှ ဘွဲ့ရသူပေါင်း ၇၀၀၀-အနက် ၁၀၀၀ သာ အလုပ်ရကြလေသည်။

အင်ဂျင်နီယာ ဘွဲ့ရသူများမှာ အလုပ်မရကြသဖြင့် သာမန်အခစား အလုပ်သမား အလုပ်များကို ဝင်ရောက်လုပ်ကိုင်ကြလေသည်။ ၁၉၃၁-၃၂-ခုမှာပင် ဆရာဖြစ် သင်ကျောင်းများမှ လက်မှတ်ရပြီး.... ကျောင်းဆရာ ၂-သောင်း ၂-ထောင်အနက်၊ ၉၉၀-သာ အလုပ်ရကြလေသည်။

၁၉၃၂-ခုတွင် ဘွဲ့ရပြီးသူ ကျောင်းသားပေါင်း ၄၅၀၀၀ မှာ အလုပ်အလျှင်း မရကြပေ။

ဟစ်တလာ ကြီးစိုးသောအခါ ဤအလုပ်လက်မဲ့ ဖြစ်နေကြသော လူ့အဘိုးတန် ကလေးများမှာ ထမင်း တလုပ်အတွက် မကြာမတင် လယ်လုပ်ခံရမည့် အလုပ်ဖြစ်သော ရှပ်ညိုစစ်သား အလုပ်ကို ခုံခုံမင်မင်ပင် ဝင်ရောက်လုပ်ကိုင် အမှုထမ်း ကြလေတော့သည်။

..............................................................................

ဤစာအုပ်အပိုင်း ၂ အခန်း ၃ တွင် ဘဏ်စနစ်အကြောင်းကို ကြည့်ပါ။



ဆင်းရဲသထက်ဆင်းရဲ မွဲသထက် မွဲလာကြသော လူလတ်တန်းစားများသည် ယခင်အခါ ကောင်းစဉ်ကလို ရေသာခိုကြကာ အိပ်၍မနေနိုင်ကြတော့ဘဲ၊ နိုင်ငံရေးအတွင်းသို့ ဝင်ရောက်လာကြရပေတော့သည်။ နိုင်ငံရေး လုပ်ကြလျှင်လည်း အရှည်ကို မမြင် မိမိတို့ ခဏပမ်း ကောင်းစားရေး အလုပ်အကိုင်နှင့် ထမင်းကို မှန်မှန်စားရရေး ကလေးများလောက်ကိုသာ ကြည့်ကြကာ တဇွတ်ထိုး မိုက်ကန်းကန်း လုပ်တတ်ကြလေသည်။

အထက်၌ ဆိုခဲ့သည့်အတိုင်း လူလတ်တန်းများသည် နဂိုအရင်းခံက မိမိဘာသာ မတ်မတ်မရပ်နိုင်၊ လေယူသိမ်းရာဘက်သို့ ယိမ်းနွဲ့သော ပပြားပင်ပမာ အမြဲတဘက်သို့ ယိမ်းနွဲ့၍ နေတတ်ကြလေသည်။ အရင်းရှင်နှင့် အလုပ်သမားဟူ၍ စစ်တပ်ကြီးနှစ်ခု မျက်နှာချင်းဆိုင့် ယှဉ်ပြိုင်၍ နေကြရာ၌ လူလတ်တန်းစားများသည် အရင်းရှင်အောက်သို့၎င်း၊ အလုပ်သမားများသို့၎င်း၊ ခိုဝင်ပူးပေါင်းတတ်ကြလေသည်။

ခေတ်အမျိုးမျိုး ပြောင်းလဲလာသော ရာဇဝင်အကြောင်းများကို ကြည့်လျှင် လူလတ်တန်းစားများသည် သီးခြားခေတ်တခု မတည်ဆောက် နိုင်ကြချေ။ ကုန်လုပ် ကြိယာ ပိုင်ဆိုင်သော အရင်းရှင်ကြီးများသည် လူလတ်တန်းစားများကို ကုန်စည် လုပ်ငန်းများ၌ များများ စားစား မလုပ်ပေးနိုင်ကြသော်လည်း အလုပ်သမား အစည်းအရုံး အဖွဲ့များကို ဖျက်ဆီးသုတ်သင် ကြရန် အတွက် လုပ်ဝန်းများ (ပုလိပ်သား,စစ်သား,စုံထောက်)တွင် အလုပ်ပေးကြလေသည်။ ဤသို့သောအလုပ်များ ပေးကြကာ မိမိတို့အောက်သို့ အရောက်ဘွဲ့၍ သွင်းတတ်ကြလေသည်။

သို့မဟုတ်အလုပ်သမားများသည်ကုန်လုပ်ကြိယာများကို

ဘုံပစ္စည်း လုပ်ကြကာ လူတိုင်း ချမ်းသာကြွယ်ဝမည့် လူတို့၏ နေမှုထိုင်မှုစံနစ်ကြီးကို အသစ်ပြုပြင်ကြရာဝယ် လူတန်းစား၏ လေ့ကျင့်ပြီး စက်ကြီယာလုပ်ငန်းအရည်အချင်းများကို အများ ချမ်းသာမှုအတွက်အသုံးချကြမည်။

ဤလမ်းနှစ်သွယ်ကိုသာ လူလတ်တန်းစားများ ရွေးချယ်ကြပေမည်။ ပထမလမ်းက ဖက်ဆစ်စံနစ်သို့သွားရာလမ်း၊ ဒုတိယ လမ်းက ဘုံစံနစ်သို့သွားရာလမ်းများဖြစ်ကြပေသည်။

ဖက်ဆစ်စံနစ်၊ လက်ဝါးကြီးအုပ် အရင်းရှင် စံနစ်များကား လူလတ်တန်းစားများ၏ ကြီးကျယ်သောရန်သူကြီးများ ဖြစ်ကြပေသည်။ လူယောင်ဆောင်ထားသော ဘီလူးဖြစ်ပေသည်။ လူလတ်တန်းစားများသည် လက်ဝါးကြီးအုပ် အရင်းရှင်စံနစ်နှင့် ပေါင်းကြခြင်းဖြင့်လက်တဆုတ်မျှသော လူအခွင့်အရေးကလေး များရကြသည့်မှအပ လူအမြောက်အမြားမှာ လက်ဝါးကြီးအုပ် အရင်းရှင်အဖွဲ့ကြီး၏ ညှင်းသမျှ သွေးစုတ်ကြသမျှကို ခံကြရပေမည်။

အလုပ်သမားများသည် ခေတ်ပြောင်း တော်လှန်ရေး အယူအဆအတိုင်း တသွေမတိမ်း လိုက်နာကြကာ အရင်းရှင် စံနစ်၏ အညှင်းဆဲကိုခံကြရသမျှသော ဆင်းရဲသားများကို ကြန့်ကြန့်ခိုင်ခိုင် ဦးစီးခေါင်းဆောင်လုပ်၍အရင်းရှင်စံနစ်ကို ဖြိုဖျက် လျှင်ကားလူလတ်တန်းစားများသည် အလုပ်သမားများဘက်သို့ လိုက်ပါကြလေသည်။

သို့မဟုတ်ဤသို့မဟုတ်ဘဲ အလုပ်သမားများသည် ခေတ် ပြောင်းတော်လှန်ရေး အယူအဆအတိုင်းလည်းမလိုက်၊ ခေါင်း ဆောင်ကြရာ၌လည်း ပြော့ပြော့သံသံ့နိုင်နေကြလျှင် မကြေမနပ်



အားမရဖြစ်နေကြသော လူလတ်တန်းစားများနှင့် မိမိတို့အဆင့် အတန်းကို မေ့ပျောက်ဖေါက်ဖျက်သွားကြသော အလုပ်သမား များသည်လက်ဝါးကြီးအုပ်အရင်းရှင်ကြီးများကို ခေါင်းဆောင် တင်တတ်ကြ လေလည်။ ထိုအခါ ဖက်ဆစ် စံနစ်သည် မလွှဲမ ရှောင်သာဘဲ ပေါ်ပေါက်လာရပေ တော့မည်။ ဖက်ဆစ်စံနစ် သည်ပထမ၌ လူလတ်တန်းစား များနှင့် သစ္စာဖေါက် အလုပ် သမားများကိုသူတို့အကြိုက်ဖြစ်သည့်လက်ဝါးကြီးအုပ်အရင်းရှင် စံနစ်၏ အပြစ်များကို ပြောဆိုကြခြင်းဖြင့် သွေးဆောင်ကြပြီး လျှင် နောက်ဆုံး၌ကားသူတို့ကို လက်ဝါးကြီး အရင်းရှင်စံနစ်၏ လက်ကိုင်တုတ်အဖြစ် အသုံးချလိုက်ကြ လေသည်။

ဖက်ဆစ်ပါတီများသည် လက်ဝါးကြီးအုပ် အရင်းရှင် စံနစ်ကို ဖြိုခွဲတိုက်ဖျက်ရန်အတွက် အစိုးရကို တိုက်ခိုက်သိမ်းယူ လိုက်ကြသည်ဟူသော ယူဆချက်မှာလည်း လုံးဝမှားယွင်းလေ သည်။

ဟစ်တလာ၏နေရှင်နယ်ဆိုရှယ်လစ်ပါတီ (နာဇီပါတီ) အစိုးရအာဏာမရမီ အာဏာရှင် မဖြစ်မီ တည်ထောင်စကစ၍ ဂျာမနီအရင်းရှင်ကြီးများသာမက အခြားနိုင်ငံများမှ အရင်း ရှင်ကြီးများကပင် ငွေအမြောက်အမြား ထောက်ပံ့၍ ကူညီကြ လေသည်။ ၁၉၂၇ ခုနှစ်၌ ရူဟာစတီးလ် ထရပ်စ်ခေါ် (Ruhr Steel Trust) ခေါ် ဂျာမနီပြည်ရူဟာနယ်ရှိ သံမဏိလုပ်ငန်း အရင်းရှင်အဖွဲ့ကြီးက မိမိအမြတ်ထဲမှခွဲ၍ ရွေးကောက်ပွဲ၌ ယှဉ်ပြိုင်ဝင်ရောက်ရာ ကုန်ကျမည့်စရိတ်အတွက် နေရှင်နယ်လစ်ပါတီ ကိုငွေအမြောက်အမြား ထောက်ပံ့ခဲ့လေသည်။

ထိုပါတီကိုကူညီကြသော နိုင်ငံခြားမှအရင်းရှင်ကြီးများ

၌ရေနံဘုရင်ဒီတာဒင်။ ဖို့မော်တော်ကားကုမ္ပဏီသူဌေး ဆာဟင်နရီဖို့တို့ပင်ပါဝင်ကြလေသည်။ ဤသည်ကို ထောက်ချင့်ကြည့်လျှင်ဖက်ဆစ်စံနစ်ကို ဖြိုဖျက်ရန်ဆိုသော စကားသည် ယုံတမ်းစကားကဲ့ကိုဖြစ်နေပေသည်။

နောက်တဖန်ဖက်ဆစ်ပါတီသည် အစိုးရအာဏာကိုတိုက်ခိုက်သိမ်းပိုက်ကြရခြင်းမရှိခဲ့ကြပေ။ လက်ဝါးကြီးအုပ်အရင်းရှင်စံနစ်သည် မိမိတို့ အသက်ဆက်ပေးမည့် ဖက်ဆစ်ပါတီများကို အစိုးရအာဏာကို အကြေနပ်ကြီးကြေနပ်ကြစွာ ပေးအပ်ခဲ့ကြလေသည်။ အစိုးရရာဇပလ္လင်ပေါ်သို့ လက်ဝါးကြီးအုပ် အရင်းရှင်စံနစ်ကပင်လက်ဆွဲကြကာ တင်ပေးခဲ့ကြလေသည်။

အီတလီပြည်၌မုဆိုလိနီကိုအာဏာရှင်အဖြစ်ဘုရင်ကပင်တင်မြှောက်ပေးခဲ့၍၊ ဂျာမနီ၌ဟစ်တလာကို အာဏာရှင်အဖြစ်သမတမင်းကပင် ခန့်အပ်ပေးသည်။ မူဆိုလိနီ အာဏာရှင်ဖြစ်စဉ်က သူ၏ပါတီသည် မထင်မရှားသာဖြစ်၍ ဟာဟစ်တလာအာဏာရှင်ဖြစ်စဉ် သူ၏ပါတီ ရွေးကောက်ပွဲ၌ အကြီးအကျယ်ရှုံး၍ ကောင်းတုန်းဖြစ်ပေသည်။ ထို့ကြောင့် သူတို့ပါတီများသည် နောက်လိုက်ကောင်းသဖြင့်သူတို့အာဏာရှင်ဖြစ်ကြရသည်မဟုတ်။ လက်ဝါးကြီးအုပ် အရင်းရှင်များ၏ ကြေးစားလူမိုက်များဖြစ်ကြသည့် အစွမ်းကြောင့်သာ အာဏာရှင် ဖြစ်ကြရလေသည်။ အာဏာရှင်ဆိုရာ၌သူတို့ပိုင်သည့် အာဏာသည်အရင်းရှင်ကြီးများအပေါ် သုံးစွဲကြရန်မဟုတ်။ အရင်းရှင်ကြီး များကို သုတ်သင်မည့် အလုပ်သမားများ အပေါ်သုံးစွဲကြမည့် အာဏာများသာ ဖြစ်ကြပေသည်။



အချုပ်အားဖြင့် ဖက်ဆစ်စံနစ်ဆိုသည်မှာလက်ဝါးကြီးအုပ် အရင်းရှင်ကြီးများက အထက်မှနေ၍ လုပ်နည်းကိုင်နည်းညွှန်ပြခြင်း။ ငွေကြေး စရိတ်စက စိုက်တုတ် ပေးကြခြင်းဖြင့်တည်ထောင်ထားကြသော လူလတ်တန်းစားများနှင့် ဖေါက်ပြန်ရေးသမားများ၏ အစည်းအရုံးကို အစိုးရအာဏာကို သိမ်းယူကြကာ အလုပ်သမား အရေးတော်ပုံနှင့်တကွ ခေတ်ပြောင်းတော်လှန်ရေးစိတ်ဓါတ် ရင့်သန် နေကြသော အလုပ်သမားအစည်းအရုံးများကို ပြိုဖျက် သုတ်သင်ပစ်ကြသည့် စံနစ်ပင် ဖြစ်ပေသည်။

နာဇီပါတီ အစိုးရအာဏာကိုရရှိပြီးနောက်ပရော်ဗင်ရှယ်စူးပရိမ်းအီကော်နော်မစ်ကောင်စီ(Provincial suppreme Econmic Council) ခေါ် တနိုင်ငံ လုံး ကို ခြုံ၍ စီးပွားရေး လုပ်ငန်းများကို လက်ဝါးကြီး အုပ်ထားကြသော အစိုးရဌာနတခုကိုခန့်ထားဖွဲ့စည်းခဲ့ရာ အဖွဲ့အစည်း၌ အောက်ပါပုဂ္ဂိုလ်ကြီးများ ပါဝင်ကြလေသည်။

ဟာကရင်ဘွန်ဘိုလင်၊ လက်နက်လုပ်ငန်းဘုရင် ကိုယ်ပိုင်ငွေပေါင် ၆-သန်း။အရင်းငွေပေါင်းပေါင် ၁၅ သန်း။

ဟာဖရစ်သိုက်ဆဲ၊ သံမဏိ လုပ်ငန်းဘုရင်၊ ကိုယ်ပိုင်ငွေပေါင် ၆-သန်း။ သူတည်ထောင်သော ဂျာမန်စတီးလ်ထရပ်စ်၌ အရင်းငွေ ပေါင်သန်းပေါင်း ၅၄၀ သန်း။

ဟာဘွန်ဆီမင်၊ ဓါတ်အားပေးလုပ်ငန်းဘုရင်၊ ကိုယ်ပိုင်ငွေပေါင်း ပေါင် ၆-သန်း ၅-သိန်း။အရင်းငွေပေါင် ၁၂သန်း ၅-သိန်း။

ပရော်ဖက်ဆာ ကာလ်ဘော့၊ ဗိုင်းထရပ်စ် သူဌေးကြီး

ကိုယ်ပိုင်ငွေပေါင် ၂-သန်း။ အရင်းငွေ ပေါင် ၅၅သန်း။

ဒေါက်တာအေဗေါက်ကလာ၊ ဂျာမန် စတီးလ်ထရပ် သူဌေးကြီး၊ ကိုယ်ပိုင်ငွေပေါင် ၆-သန်း။ အရင်းငွေပေါင်း ပေါင်-၄၀-သန်း။

ဟအေးဒင်၊ ပိုတက်ရှ်ဆင်ဒီကိတ်ဒါရိုက်တာကြီး၊ အရင်းငွေပေါင် ၁၀-သန်း။

ဟာဘိုရှရင်းဂါး၊ မတ္တာဆီမီလ်ယံစတီဝက်စ်ဒါရိုက်တာကြီး၊ အရင်းငွေပေါင် ၁-သန်း ၅-သိန်း။

ဟာဘွန်ရှရိုဒါ၊ ဘဏ်တိုက်ရှင်ကြီး။

ဟာဘွန်ဖင့်က်၊ ။

ဟာရိန်ဟတ် ။

# (ခ) အီတလီပြည်နှင့် ဖက်ဆစ်စံနစ်

အရင်းရှင်စံနစ်ကြီးကျယ် ထွန်းကားလာမှု၌ ဂျာမဏီပြည်မှာ ပထမတန်းစား နိုင်ငံဖြစ်၍ အီတလီပြည်မှာ ဒုတိယတန်းစား နိုင်ငံဖြစ်လေသည်။ ဖက်ဆစ်စံနစ်သည် အလုပ်သမားအရေးတော်ပုံကြီး ပေါ်ပေါက်လာရန် အရိပ်အရောင် ပြနေစဉ် အလုပ်သမားများ၏ ခေါင်းဆောင်များ ပြေ့ညံ့ညံ့နိုင်မှုအတွက် ပေါ်ပေါက် လာလေသည်ဟု ကျွန်ုပ်တို့နားလည်ပြီးဖြစ်ကြသည်။ သို့ဖြစ်လျှင် ပထမတန်း နိုင်ငံဖြစ်သော ဂျာမဏီ၌အလုပ်သမားများမှာပိုမိုစည်းလုံးကြမိ၍ရင်း၊ ပိုမိုနစ်နာခံကြရ၍ရင်း၊ ပိုမို၍အရေးတော်ပုံ စိတ်ပေါက်ကြမည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျှင် ဘာ့ကြောင့် အီတလီပြည်၌ ဂျာမဏီပြည်ထက် စော၍ ဖက်ဆစ်စံနစ် ရောက်ရှိလာပါသနည်း။

ဂျာမဏီ အလုပ်သမားများမှာ အီတလီ အလုပ်သမားများထက် အရေးတော်ပုံစိတ် ပေါက်လာကြသည်မှာ အမှန်ပင်ဖြစ်လေသည်။ ထို့ကြောင့် ပထမကမ္ဘာစစ်ကြီးအပြီး၌ ဂျာမဏီအလုပ်သမား ထရေးတော်ပုံကြီး ပေါ်ပေါက်လာကာ လက်ရှိအစိုးရကို ဖြုတ်ပစ်နိုင်ခဲ့လေသည်။ ဖက်ဆစ်စံနစ်မှာလည်း အလုပ်သမားများ အားကောင်းနေသဖြင့် မတိုးနိုင်ချေ။ သို့သော် အလုပ်သမားများကို ခေါင်းဆောင်သော ဆိုရှယ်လစ်ဒီမိုကရက် (social Democrat) တို့မှာ မိမိတို့ကို အားအကိုးကြီးကိုးထားကြသော အလုပ်သမားများကို မေ့ပျောက်ကြကာမိမိတို့ ကိုယ်ကို အရင်းရှင်ကြီးများထံ ရောင်းစားလိုက်ကြသဖြင့်သာ အရင်းရှင်ကြီးများသည် အားတက်လာကြပြီးလျှင်....နောက်ဆုံး (၁၉၃၃) ခုနှစ်ရှိ ဆိုရှယ်လစ် ဒီမိုကရက်များကို သုတ်သင်ပစ်ကြကာ ဖက်ဆစ်စံနစ်ကို တည်ဆောက်လိုက်ကြလေသည်။

ပဆမ ကမ္ဘာစစ်ကြီးအပြီး အနိုင်ဘက်က တိုင်းပြည်များ၌ အီတလီပြည်မှာ....ဆင်းရဲသားအရေးတော်ပုံနှင့်အနီးဆုံး အီတလီပြည်အလုပ်သမားများမှာ အရေးတော်ပုံစိတ်အတက်ဆုံးဖြစခဲ့သော်လည်း အလုပ်သမားများမှာ အရေးတော်ပုံကြီး ထိထိရောက်ရောက် ပေါ်ပေါက် လာနိုင် လောက်အောင် စိတ်ဓါတ်မရင့်ကျက်ကြသေးပေ။

ထို့ကြောင့်ပင် အရင်းရှင်ကြီးများသည် ဂျာမဏီမှာကဲ့သို့ အလုပ်သမားခေါင်းဆောင်များကို ဝယ်ယူကြကာ အလုပ်သမားများကို ခေတ္တခဏ ချော့နေဘို့မလိုဘဲ အရေးတော်ပုံစိတ် ထက်သန်နေကြသော အလုပ်သမား အစည်းအရုံးများကို



ဒေါက်လျှောက်ဖြိုဖျက်ကြကာ ဖက်ဆစ်စံနစ်ကို အသုံးပြုနိုင်ခဲ့ကြလေသည်။

အီတလီပြည်တွင် ၁၉၁၁-ခုနှစ်။ သန်းခေါင်စာရင်းအရ ပစ္စည်းမဲ့ အလုပ်သမားပေါင်း ၁၆၈-သန်းရှိလေရာ ကမ္ဘာစစ်ကြီးအပြီးတွင် ခေတ်ပြောင်းတော်လှန်ရေး ဘုံဝါဒတရားကို အလုပ်သမားအားလုံးလောက်ပင် ယုံကြည်ကိုးစားလာကြလေသည်။ ထိုဝါဒအတိုင်း အလုပ် လုပ်သော အီတလီဆိုရှယ်လစ်ပါတီမှာလည်း နယ်ချဲ့စနစ်ကို မကူညီဟူသော ကြွေးကျော်သံဖြင့် ကမ္ဘာစစ်ကြီးအတွင်းသို့ အီတလီဝင်ရောက်ခြင်းကို အပြင်းအထန်ကန့်ကွက်ခဲ့ရာ ဆိုရှယ်လစ်ပါတီမှာအလုပ်သမားများ၏လက်ရုံးရှေ့ဆောင်ကြီး ဖြစ်လာလေသည်။ ။ အသင်းသားဦးရေ ၁၉၁၄-ခု (စစ်ဖြစ်သည့်နှစ်) တွင် ၄၈၀၀၀သာ ရှိသော် လည်း.... ကမ္ဘာစစ်ကြီးအပြီးတွင် ၇၀၀၀၀-အထိ တိုးတက်လာလေသည်။

စစ်ပြန်များ၊ စက်ရုံအလုပ်သမားများ၊ လယ်သမားများနှင့် ကိုယ်ပိုင်လယ်ယာ တောင်သူကလေးများသည် တပြည်လုံးအနှံ့အပြား သပိတ်မှောက်ကြလေသည်။ သပိတ်အင်အား တဖြည်းဖြည်းကြီးမားလာပြီးလျှင် စီးပွားရေး သပိတ်မှ နိုင်ငံရေးသပိတ်သို့ အသွင်ပြောင်းလာလေသည်။ လယ်မဲ့ ယာမဲ့ဖြစ်နေကြသော လယ်သမားများကလည်း လယ်ပိုင်ရှင်ကြီးများ လက်ထဲမှ မိမိတို့လယ်များကို ပြန်လည် သိမ်းပိုက်ကြလေသည်။

ဆိုရှယ်လစ်ပါတီသည် ၁၉၁၉-ခုနှစ် နိုဝင်ဘာလ၌ကျင်းပသော လွှတ်တော်ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံကြရာ နေရာ ၅၀၈-နေရာအနက် ၁၅၆-နေရာရရှိ၍ လွှတ်တော်အတွင်း အားအကောင်းဆုံး ပါတီဖြစ်လာပြီးလျှင် မူဆိုလီနီ၏ ဖက်ဆစ်

ပါတီမှာ တနေရာမှ အရွေးမခံရချေ။ ဆိုရှယ်လစ်ပါတီအသင်းသားများ ဦးမှာရှာ နှစ်သန်းအထိ တိုးတက်လာ၍ ၎င်းနှင့်ဆက်သွယ်သော အလုပ်သမားအဖွဲ့များမှာ အသင်းသားနှစ်သန်း အထိ တိုးတက်လာခဲ့လေသည်။ မြူနီစပါယ်ရွေးကောက်ပွဲ၌လည်း တပြည်လုံးရှိ မြူနီစပါယ်အဖွဲ့ (ကွန်မြူး) အားလုံး၏ သုံးပုံတပုံကို နိုင်အောင်အုပ်စီး နိုင်ခဲ့ကြလေသည်။

အလုပ်သမားများ၏ အားမှာ တနေ့တခြားတောင့်တင်း၍လာကြလေရာ အစိုးရမှာ မည်သို့မျှ မတတ်နိုင်ကြဘဲ လက်ပိုက်၍သာ ကြည့်နေကြရလေတော့သည်။ ၁၉၂၀ ပြည့်နှစ်၌ အလုပ်သမားများသည် စက်ရုံအလုပ်ရုံကြီးများကို သိမ်းပိုက်ကြလေရာ အစိုးရမှာ စစ်သားများ၏ အကူအညီကို မရကြသဖြင့် မည်သို့မျှ မတတ်နိုင်ကြချေ။ အလုပ်သမား အရေးတော်ပုံကြီးပေါ်ပေါက်လာတော့မည်ဟု လူတိုင်းမြှော်လင့်နေကြသော်လည်း.... မြှော်လင့်ချက်များမှာ ဘယ်တော့မှ မပြည့်ခဲ့တော့ပေ။

အကြောင်းသော်ကား အလုပ်သမားများ၏ ခေါင်းဆောင်လုပ်သူ တူရာတီမှာ ခေတ်ပြောင်းတော်လှန်ရေးကို သဘောကျသော လူပြော့ လူညံ့ ဖြစ်နေပေသည်။ ခေတ်ပြောင်း တော်လှန်လိုစိတ် ရှိသူများမှာ တူရာတီကို ခေါင်းဆောင်ရာထူးမှ ဖြုတ်ချပစ်ရန် ကြိုးစားကြသော်လည်း အခြားခေါင်းဆောင် တဦးဖြစ်သူ ဆယ်ရတ်တီး၏ ကန့်ကွက်မှုကြောင့် မအောင်မြင်ခဲ့ချေ။ ခေါင်းဆောင်အချင်းချင်း မညီမညွတ်မှုကြောင့် ၁၉၂၁-ခုနှစ် ဇန်နဝါရီလ၌ ကျင်းပခဲ့ကြသော လီဗော်နို ကွန်ဂရက်တွင် အလုပ်သမားအသင်းကြီး သုံးစိပ်သုံးမွှာ ကွဲပြဲသွားကြရာ၌ ဆယ်ရတ်တီမှာ နောက်လိုက်အလုပ်သမားပေါင်း ၉သောင်း ၈-ထောင်



တူရာတီမှာ နောက်လိုက် ၁-သောင်းလေးထောင်၊ ကွန်မြူနစ်များ၏ နောက်သို့ ၅-သောင်း ၈-ထောင်မျှ အသီးသီးလိုက်ပါသွားကြလေသည်။

ထိုအခါ ကွန်မြူနစ်များသည် အီတလီ ကွန်မြူနစ်ပါတီကို တည်ထောင်လိုက်ကြ၍ လက်ရှိစံနစ်ကို တော်လှန်ပုန်ကန်ရန်အတွက် ဆယ်ရတ်တီနှင့်ပူးပေါင်းရန် ကြိုးစားကြသော်လည်း အချီးအနှီဖြစ်ကြရလေသည်။ ဆယ်ရတ်တီသည် ကွန်မြူနစ်များနှင့် ပေါင်းမည့်အစား တူရာတီနှင့် ပေါင်းလိုက်သဖြင့် ခေတ်ပြောင်း တော်လှန်ရေးကြီးမှာ ရေတိမ်နစ်သွားရလေသည်။

၂-နှစ် ကြာသောအခါမှ ဆယ်ရတ်တီမှာ မိမိအမှားကို နောင်တရကာ တူရာတီကို အသင်းကြီးမှ ထုတ်ပစ်လိုက်ပြီးလျှင်.... ကွန်မြူများနှင့်....ပေါင်းလာသော်လည်း....အရေးတော်ပုံကြီး အောင်မြင်ရန်အတွက် အခါကုန်လွန်ခဲ့လေပြီ။ ဆယ်ရတ်တီမှာ အလာကောင်းသော်လည်း အခါနှောင်းလေပြီ။ ရက်သတ္တ ၄-ပတ်မျှမကုန်မီ မူဆိုလီနီသည် အစိုးရအာဏာကို သိမ်းပိုက်ရရှိသွားလေသည်။

ရောမမြို့၌ ကျင်းပသော ကွန်မြူများ၏ အစည်းအဝေးသို့ ကမ္ဘာလုံးဆိုင်ရာ ကွန်မြူနစ် အဖွဲ့ချုပ်ကြီးက ပေးပို့လိုက်သော စာ၌ ဆယ်ရတ်တီနှင့် ပတ်သက်၍ ဤသို့ ရေးသား ထားလေသည်။

နှစ်ပေါင်းများစွာ ကြာအောင် ကြိုးစားပြီးမှ လမ်းမှန်ကိုသိသောသူမှာ အလုပ်သမား ဆင်းရဲများ၏ ခေါင်းဆောင်မ ခေါ်နိုင်ချေ။ အလုပ်သမားများ၏ ဘေးအန္တရာယ်ကို ကြိုတင်

သိကာ.... အခါမလွန်မီ အလုပ်သမားများ၏ ဘေးရန်အန္တရာယ်ကို ကြိုတင်သိမြင်ကာ အခါမလွန်မီ အလုပ်သမား များကို ညွှန်ကြားနိုင်သူသာ အလုပ်သမားဆင်းရဲသား၏ ကောင်းသော ခေါင်းဆောင်အစစ်ပေတည်း”

မြန်မာပြည်၌ နယ်ချဲ့စံနန်ကို တိုက်ဖျက်ကာ ဘုံစံနစ်ကို တည်ထောင်လိုသူ ခေတ်ပြောင်းတော်လှန်ရေးသမားတိုင်း အီတလီပြည် အလုပ်သမား အရေးတော်ပုံကြီး ပျက်ဆီးသွားကြရသည်ကို လေ့လာကြကာ.... သင်ခန်းစာယူသင့်ကြပေသည်။

အီတလီပြည်တွင် ၁၉၁၉-ခုနှစ် (၂၀)ပြည့်နှစ်များ၌ အလုပ်သမားအရေးတော်ပုံကြီး ထမြောက်အောင်မြင်ပါလျက် ဆိုရှယ်လစ်ပါတီ၏ ခေါင်းဆောင်မှု ညံ့ဖျင်း လှသောကြောင့် အချိးအနှီးဖြစ်သွားရလေသည်။“ပါတီ ခေါင်းဆောင်များမှာ “အရေးတော်ပုံကို လူမလုပ်နိုင်၊ အလိုအလျောက် ပေါ်ပေါက်လာရမည်....” ဟူသော အယူလွဲ အယူမှားများကို လက်ကိုင်ထားကြကာ ကျရောက်သည့် တာဝန်ကို မယူရဲသဖြင့်အသင့်ဖြစ်နေကြသော အလုပ်သမားများ၏ ဇွဲသတ္တိနှင့် ကိုယ်ကျိုးများကို စွန့်လွှတ်ကြကာ အနစ်နာခံကြမှုများမှာ အရာမရောက်သော လုပ်ငန်းများ၌ဖြုန်းတီးပစ်ခြင်းခံကြလေသည်။

၁၉၂၀-နှစ်၊ စက်တင်ဘာလတွင် မြောက်ပိုင်း အီတလီရှိ အလုပ်ရုံကြီးများကို အလုပ်သမားများက ဝင်ရောက်အုပ်စီးလိုက်ကြကာ အလုပ်သမားစစ်တပ်များ၊ အလုပ်သမားကော်မတီများ ဖွဲ့စည်းလိုက်ကြသည်။ ထိုသို့ ဖွဲ့စည်းကြပြီးလျှင် ကိုယ်တိုင်ကိုယ်ကျ အုပ်စီးလုပ်ကိုင်ကြလေသည်။ အစိုးရနှင့်အရင်းရှင်ကြီးများမှာလည်းအလုပ်သမားများဘက်သို့စစ်တပ်များပါသွားကြ



လေသဖြင့် မည်သို့မျှ မတတ်နိုင်ကြချေ။ အစိုးရအာဏာကိုအလုပ်သမားများကိုယ်တိုင် သိမ်းပိုက်ကြရုံမျှသာ ကျန်တော့သည့်အတွင်း အလုပ်သမား၏ခေါင်းဆောင်များသည်အစိုးရနှင့်စေ့စပ်ကြပြီးလျှင် အစိုးရကလိုက်လျောလိုက်သော အလုပ်သမားအခရာခိုင်နှုန်း ၂၀-တိုးမြင့်ပေးလိုက်ခြင်းကိုလက်ခံကြကာ ကြေအေးလိုက်ကြလေသည်။

ခေါင်းဆောင်ညံ့များသည် အစိုးရကိုယ်တိုင်လိုက်လျောထားရလိုက်အောင် အားကောင်းနေသော အလုပ်သမားများကို ဘာမဟုတ်သော လိုက်လျောမှုကလေးနှင့်ကြေနပ်ကြကာ အရင်းအရင်းရှင်ကြီးများလက်သို့ဝကွက်၍ အပ်လိုက်ကြလေသည်။

ခေါင်းဆောင်များ၏သစ္စာဖောက်မှုကြောင့် လက်လျော့အရှုံးပေးလိုက်ရသော အလုပ်သမားများမှာ မိမိတို့သိမ်းပိုက်ရရှိ ထားသော စက်ရုံများမှ ထွက်ခွာသွားကြရရုံမျှမကသေး နေ့ခံမကြာမီ ဖက်ဆစ်များကအကြမ်းပတမ်း သတ်ဖြတ် သုတ်သင်ကြခြင်းကို မရှုမလှခံကြရလေသည်။

အရင်းရှင်ကြီးများ၏ ဖက်ဆစ်စံနစ်မှာ ထက်လာသော အလုပ်သမားများ၏ရန်ကို ကာကွယ်သော လက်နက် မဟုတ်၊ ခေါင်းဆောင်များ၏သစ္စာဖောက်မှုကြောင့် တပ်လန်၍ ပြေးကြရသော အလုပ်သမားများကို ဂလဲ့စားခြေသည့် လက်နက်သာ ဖြစ်ပေသည်။

မူဆိုလီနီနှင့် သူ၏ဖက်ဆစ်ပါတီ အကြောင်းကို တိုးတက်သော အသိများဖြင့် စံနစ်တကျလေ့လာ၍ သုံးသပ်ကြည့်ကြစို့။

မူဆိုလီနီသည်သာရာစားနိုင်ငံရေးသမားလူညာကြီးဖြစ်လေသည်

ကမ္ဘာစစ်ကြီးအတွင်းနယ်ချဲ့စစ်ကိုအတိုက်အခံရေးသားနေသော အဗန်တီ [Avanti]ခေါ် ဆိုရှယ်လစ် သတင်းစာ၌ အယ်ဒီတာလုပ်နေရာမှ ပြင်သစ်အစိုးရကပေးသောငွေဖြင့် နယ်ချဲ့စစ်ကိုအားပေးသော ပိုပလိုဒီအီတဲလီယာ [Popolo D' Italin] သတင်းစာကို တည်ထောင်လိုက်လေသည်။ သူ့အတွက် ဝါဒတခုမှ တခုသို့ ပြောင်းလဲရခြင်းမှာအင်္ကျီတထည်ချွတ်၍ အခြားတထည် လဲရသည်ထက်ပင်လွယ်ကူလေသည့်။ ၁၉၁၉-ခုနှစ်မတ်လတွင် သူသည် ဖက်ဆစ်ပါတီကို စတင်တည်ထောင် လိုက်လေသည်။

၁၉၁၉-ခုနှစ်နှင့် ၁၉၂၀-ပြည့်နှစ် အတွင်း အလုပ်သမားများမှာ အထူးနိုးကြားထကြွလာကြကာအရေးတော်ပုံစိတ်ထက်သန်နေကြစဉ် သူ၏ဖက်ဆစ်ပါတီမှာ နောက်လိုက်ဟူ၍မရရှိသလောက်ဖြစ်ပေသည်။ ၁၉၁၉-ခုနှစ် ရွေးကောက်ပွဲ၌ သူ၏ပါတီဝင် များမှ အမတ်တနေရာမှမရရှိခဲ့ချေ။ ထို့ကြောင့် အလုပ်သမားများကို သွေးဆောင်လိုသဖြင့်ဖက်ဆစ်ပါတီမှာ လယ်သမားများကို လယ်ပြန်ပေးရမည်။ စက်ရုံများကို အလုပ်သမား များသာ ပိုင်ရမည်စသည်ဖြင့် ကြွေးကြော်ခဲ့လေသည်။

သို့သော် ထိုအချိန်၌ ဖက်ဆစ်ပါတီမှာ တက်လာသော အလုပ်သမားများကို နှိမ်နင်းနိုင်လောက်အောင် အားမရှိသေးသဖြင့် အရင်းရှင်ကြီးများသည် တဘက်၌ဖက်ဆစ်ပါတီကို မြှောက်ပေးနေကြလေသည်။ ထိုအတွင်းတဘက်၌လည်း အရေးတော်ပုံ စိတ်ဓာတ်ခံရင့်သန်နေကြသောအလုပ်သမားများကို အချိန်လျှော့၍ အလုပ်လုပ်ခိုင်းကြခြင်း၊ အခစားကြေးငွေတိုးပေးကြခြင်း စသော ပျားရည်ဖြင့် ဝမ်းချပေးနေ ကြလေသည်။

အရင်းရှင်အစိုးရများသည် အလုပ်သမားများကို နိုင်နင်း



ရန်အတွက် ဂျင်ဒါမရီစော စစ်ပုလိပ်တပ်ကို စစ်ပုလိပ် ၂၇ ဝ၁ မှ ၆၀၀၁၁-အထိ တိုးမြှင့်လိုက်၍ ရှိုင်ရယ်ဂက်ခေါ် အဒိုးရကာကွယ်ရေး စစ်တပ်တခုကိုလည်း တည်ထောင်ဖွဲ့စည်း လိုက်ကြလေသည်။ ဖက်ဆစ်တပ်များကိုလည်း အလုပ်သမားများကိုပစ်ခတ်သတ်ဖြတ်ကြရန် လက်နက်များ လိုသလောက် ထုတ်ပေးခဲ့လေသည်။

၁၉၂၀-ပြည့်နှစ်တွင် အလုပ်သမားများသည် အရင်းရှင်စံနစ်ကို သုတ်သင်ဖြိုဖျက်ကြရန် အားအလွန်ကောင်းနေကြစဉ် မိမိတို့ ခေါင်းကို အမြဲစမ်းကြရကာ အထိတ်တလန့်ဖြစ်နေကြသော အရင်းရှင်ကြီးများသည် ဖက်ဆစ်ပါတီကို ငွေအမြောက်အမြားပေး၍ ထောက်ပံ့၍ကူညီကြလေသည်။ အစိုးရစစ်ဘပ်မှစစ်ဗိုလ်များ ကိုယ်ဘိုင် ဖက်ဆစ်အသင်းဝင်များကို တိုက်နည်းခိုက်နည်း လက်နက်သုံးစွဲနည်းများတို့ကို လက်ထပ်သင်ကြားလေ့ကျင့်ပေးနေကြလေသည်။ အစိုးရ စစ်ဗိုလ်ချုပ်များ အဖွဲ့ကြီးများမှ ပြန်တမ်း တစောင်၌ နယ်ရှိစစ်ဗိုလ်များသည် ဖက်ဆစ် အစည်းအရုံးများကို အားပေးကူညီကြမည်ဟုအတိအလင်း အမိန့်ထုတ်ခဲ့လေသည်။

လက်နက်ဆွဲကိုင်သောဖက်ဆစ်များသည် ခေါင်းဆောင်သူတို့၏ သစ္စာဖောက်မှုကြောင့် အရှုံးကြီး ရှုံးသွားကြရ သော လက်နက်မဲ့ အလုပ်သမားများကိုတွေ့ရာသင်းချိုင်း ပစ်ခတ်သတ်ဖြတ်ကြရုံမျှမက အလုပ်သမားများ၏အစည်းအရုံးများ၊ အလုပ်သမားများ၏သတင်းစာတိုက်များသို့ ဝင်ရောက်ဖျက်ဆီးကြကာ မီးရှို့ပစ်ကြလေသည်။

၁၉၂၁-ခုနှစ် ဇန်နဝါရီလနှင့်မေလအတွင်းအလုပ်သမား

အစည်းအရုံးပေါ်၏ ၂၄၃-ခုကို ဖက်ဆစ်များက ဖျက်ဆီးပစ်ကြ၍ ဘုံဝါဒသမားပေါင်း ၂၄၃-ယောက်မျှ ဖက်ဆစ်များ၏လက်နက်များဖြင့် သေကြေပျက်စီးကြရလေသည်။

၁၉၂၁-၁၉၂၂-ခုနှစ်များအတွင်း၌ အလုပ်သမားများ၏ အစည်းအရုံး ကြီးများနှင့် အလုပ်သမားများ စုပေါင်းတည်ထောင်ထားကြသော သမဝါယမကုန်စုံဆိုင်ပေါင်း(၅၀၀)မျှမီး ရှို့ခြင်း ခံရ၍ ဘုံဝါဒသမား မြူနီစီပါယ်လူကြီးများ ကြီးစိုးလော မြူနီစီပယ်ပေါင်း(၉၀၀)ကျော်ကို ဖျက်ဆီးပစ်လိုက်ကြလေသည်။

ဖက်ဆစ်များသ ည်အလုပ်သမားများကို ရက်စက်ကြမ်းကြုတ်စွာနှိမ်နင်းလိုက်သဖြင့် အလုပ်သမားများမှာ နလံထူနိုင်ကြတော့မည် မဟုတ်ဟုယူဆကြကာ နန်းရင်းဝန်ဂီအိုလစ်တီသည် ၁၉၂၁-ခုနှစ် မေလတွင် ရွေးကောက်ပွဲအသစ်ကို ကျေညာလိုက်လေသည်။ ထိုရွေးကောက်ပွဲ၌ ဖက်ဆစ်များမှာ(၃၅)နေရာသာ ရရှိ၍ ဆိုရှယ်လစ်များနှင့် ကွန်မြူနစ်များမှာ(၁၃၈)နေရာ ရရှိကြသည်ကိုထောက်လျှင် အလုပ်သမားများမှာ နန်းရင်းဝန်ထင်သကဲ့သို့မဟုတ်ဘဲ ခေါင်းဆောင် ကောင်းကောင်းသာ ရလျှင် တပွဲတလမ်းလောက်တော့ ထပ်၍နွှဲလိုကြသေးသည်ကိုပြသလိုက်ကြခြင်းပင် ဖြစ်နေပေသည်။

အလုပ်သမားများမှာမိမိတို့၏ဆန္ဒမဲများဖြင့် ဆိုရှယ်လစ်များကို တင်မြှောက်လိုက်ကြသော်လည်း အခါပျက်ကြီးအတွင်း၌မဲဆန္ဒတထောင်အားမှာ ကျည်ဆံ တဆံ လောက်မျှ တန်ခိုးမရှိကြတော့သဖြင့် ဖက်ဆစ်များ၏ ရမ်းကားမှုများကို မကာကွယ်နိုင်ကြပေ။



ထို့ကြောင့်ပင် ဆိုရှယ်လစ်များ၏ လွှတ်တော် ခေါင်းဆောင်တူရက်ကီသည် ဆိုရှယ်လစ်အမတ်များ လွှတ်တော်၌လူဦးရေများပြားနေကြပါလျက်မူဆိုလီနီ၏ဖက်ဆစ်ပါတီနှင့်ပူးပေါင်းကြကာ ညွန့်ပေါင်း အစိုးရအဖွဲ့ကို ဖွဲ့စည်းကြရန်အတွက် ရွေးကောက်ပွဲအပြီးတွင် အီတလီဘုရင်နှင့် သွားရောက်တွေ့ဆုံကြကာကြိုးစားခဲ့ကြလေသည်။ သို့သော် ထိုကြိုးစားချက် များမှာ ဖက်ဆစ်ပါတီ၏ တင်းမာမှုကြောင့် မအောင်မြင်ခဲ့ကြချေ။

အစိုးရအဖွဲ့တို့မဖွဲ့နိုင်ကြသောအခါ၌တူရက်ကီသည် တပြည်ထောင်လုံးရှိ အလုပ်သမားများကို သပိတ်အမှောက်ခိုင်းခဲ့ လေသည်။ သို့သော် အလုပ်သမားများမှာ မိမိတို့၏ အသက်နှင့်စည်းစိမ်ကို အရင်းရှင်ကြီးများ လက်သို့ ရောင်းစားခဲ့သော ခေါင်းဆောင်များကို မယုံကြည်ကြတော့သည်က တကြောင်း။ အလျှင်တင်ကူးပြင်ဆင်ဘို့အချိန်မရသည်ကတကြောင်း။ ဤအကြောင်းများကြောင့် သပိတ်ကို ထမြှောက်အောင်မြင်စွာ မမှောက်နိုင်ကြတော့ချေ။

ဤသို့မညီမညွတ် စိတ်မပါ့တပါ သပိတ်မှောက်ကြခြင်းဖြင့် အလုပ်သမားများအတွက် အကျိုးမရှိကြရုံမျှမက၊ ဖက်ဆစ်များကိုအလုပ်သမားများအပေါ် ထင်သလိုသတ်ဖြတ်ဘို့ဆင်ခြေရရှိကြအောင်လုပ်ပေးကြသည်နှင့်တူနေလေတော့သည်။

အလုပ်သမားများ၏ သပိတ်ကိစ္စကြီး ပြိုကွဲပျက်စီးသွားလျှင်သွားခြင်း ဖက်ဆစ်များသည် ၎င်းတို့ကို အရင်းရှင်များနှင့် အစိုးရများကပေးထားသောသေနတ်လက်နက်များဖြင့် အပြင်းအထန်သတ်ဖြတ်နှိပ်ကွပ်ကြလေတော့သည်။

ခေါင်းဆောင် များ၏ သစ္စာဖေါက်မှုကြောင့် ပြန်မထူ

နိုင်အောင် ဒဏ်ရာရခဲ့သော အလုပ်သမား ကျားနာကြီးသည် ဖက်ဆစ် မြေခွေးများ၏ အမြီးဆွဲ-ခေါင်းလှုပ်ခြင်းဖြင့် အပြင်းအထန် ဝေဒနာခံစားနေရသော အချိန်တွင် အရင်းရှင်ကြီးများသည် ဆင်းရဲသားများကို အနည်းနှင့်အများ လွှတ်လပ်ခွင့်ပေးသော ပြည်သူ့ ကိုယ်စားလှယ် လွှတ်တော်နှင့် အုပ်ချုပ်သည့် ဒီမိုကရေစီစံနစ်ကို ပယ်ဖြုတ်လိုက်ကာ အရင်းရှင်များ ထင်ရာစိုင်းနိုင်သည့် အာဏာရှင်စံနစ်ကို အစားသွင်းလိုက်ကြလေသည်။

အရင်းရှင်ကြီးများ၏ ကြေးစား လူသတ်သမားကြီးဖြစ်သော ဖက်ဆစ်ခေါင်းဆောင် လူမိုက်ကြီး မူဆိုလီနီမှာလည်း အာဏာရှင်ကြီးဖြစ်လာခဲ့လေသည်။

ဖက်ဆစ်စံနစ်သည် ဆန့်ကျင်ဘက် ဂိုဏ်းသားပါတီများ၊ အလုပ်သမားများ၏အစည်းအရုံးများ၊ဆန့်ကျင်ဘက်သတင်းစာများကို ကျူပင်ခုတ် ကျူငုတ်မှမကျန်ရအောင် သုတ်သင်လိုက်ကြလေသည်။

ဖက်ဆစ်စံနစ်လက်အောက်၌ အလုပ်သမားများမှာ နစ်နာချက် များစွာရှိကြလျက် သပိတ်မှောက်ခွင့်မရကြ၊ ဘုံဝါဒစာပေများ ပြည်တွင်းသို့ပင် တင်သွင်းခွင့် မရကြ။ ကွန်မြူနစ်ပါတီမှာ ထင်ထင်ပေါ်ပေါ် မလုပ်နိုင်ကြ။ သို့သော် လျှို့ဝှက်စွာဖြင့်အခါအခွင့်ကိုစောင့်ကြကာ အလုပ်သမားများကို နှင်းပြားပြုလုပ်ထားသော ဖက်ဆစ်စံနစ်ကိုတော်လှန်ပုန်ကန်ကြရန် သွေးစည်းနေကြလေသည်။

အီတလီပြည်၌ ဖက်ဆစ်စံနစ်ပေါ်ပေါက်လာပုံကို လေ့လာရခြင်းအားဖြင့်ကျွန်ုပ်တို့မှာ မည်ကဲ့သို့သောသင်ခန်းစာများ ရရှိ မှတ်သားထားကြရလေသနည်း။



(၁) အလုပ်သမား များ၏ စိတ်ဓါတ် အင်အားသည် ခေတ်ပြောင်း တော်လှန်ရေးစခန်းသို့ တက်လှမ်းနေကြပါလျက် ပြို့ကွဲ ပျက်စီးသွားကြရခြင်းမှာ အရင်းရှင်စံနစ်ကချိုးဖျက်သောကြောင့်လည်းမဟုတ်။ ဖတ်ဆစ်စံနစ်က ချိုးဖျက် သောကြောင့်လည်းမဟုတ်။ အလုပ်သမား များကို ခေါင်းဆောင် သူများ မကျွမ်းကျင်မလိမ်မာမှု၊ ပြေ့ညံ့မှုများကြောင့်ဖြစ်လေသည်။

(၂) ဖက်ဆစ်စံနစ်တန်ခိုးပြနိုင်ကြခြင်းမှာအလုပ်သမားများ အရေးရှုံးနိမ့်၍ စိတ်ပျက် လက်လျော့လိုက်ကြပြီးမှ ဖြစ်ပေသည်။ ဖက်ဆစ်စံနစ်မှာစစ်ပွဲပြီးမှ (စစ်တပ်၊ပုလိပ်များ၏အကူအညီဖြင့်) လူစွမ်းကောင်းလုပ်ကြကာနောက်ဆုတ်သွားကြသော အလုပ်သမားများကို ခေါးရေးပြကြကာ အနိုင်ကျင့်ကြခြင်းပင် ဖြစ်လေသည်။

(၃) ဒီမိုကရေစီ ဖက်ဆစ်အာဏာရှင်စံနစ်သို့ ပြောင်းလဲသွားရခြင်းမှာ ရုတ်ချင်း ဖြစ်ပေါ်သည့် ပြောင်းလဲမှု မဟုတ်။ ဖက်ဆစ်စံနစ်မှာ အရင်းရှင်များ၏ လုပ်နေကျ အသွားမျိုးကို ပြောင်းပြန်ပြုလုပ်ကြခြင်း မဟုတ်။ အရင်းရှင်များ၏ အနုနည်းလုပ်ငန်းကို အကြမ်းနည်းလုပ်ငန်းသို့ မူပြောင်းလိုက်ကြခြင်းသာ ဖြစ်ပေသည်။

## (၈) ဂျာမနီနှင့်ဖက်ဆစ်စံနစ်

ပထမကမ္ဘာစစ်ကြီးပြီးသည်မှစ၍၁၅-နှစ်ကာလပတ်လုံးအရင်းရှင်နှင့် အလုပ်သမားများသည် အပြင်းအထန် သဲသဲမဲမဲတိုက်ခိုက်လာကြလေသည်။ အလုပ်သမားများသည် ခေတ်ပြောင်း တော်လှန်ရေးလက်နက်ဖြင့်အရင်းရှင်များကိုဖြိုဖျက်ကြကာ ဘုံစံနစ်ကို ထူထောင်ကြရန် ကြိုးပမ်းအားထုတ်ကြသကဲ့သို့ အရင်းရှင်ကြီးများကလည်း အလုပ်သမားများ၏အင်အား ပြိုကွဲပျက်စီးသွားကြရန်အတွက် ခပ်ပြောင်ပြောင် အကြမ်းနည်းဖြင့်တမျိုး၊ ပရိယာယ် အချိုးခံနှင့်တဖုံ ကြိုးစားကြလေသည်။ ဤသို့ဖြင့် သူတပြန် ကိုတလှည့် နိုင်လိုက်ရှုံးလိုက်ဖြင့် တိုက်ခိုက်နေခဲ့ကြရာမှ အလုပ်သမားများအရေးနိမ့်သောအလှည့်၌ဖက်ဆစ်စံနစ်သည်ပေါ်ပေါက်လာကာ အပြင်းအထန်နှိပ်ကွပ် လေတော့သည်။



ဤ အရေးတော်ပုံကြီးအတွင်း ထောင်ပေါင်း များစွာသော အလုပ်သမားများမှာ ရန်သူ့ကျည်ဆံဖြင့်သေကြေပျက်စီးခဲ့ကြရလေသည်။

၁၉၃၃-ခုနှစ်၌ ဖက်ဆစ်စံနစ်သည် ဂျာမနီမြေပြင်သွင်အခြေစိုက်နိုင်ကြခြင်းမှာ သူတို့၏ တိုက်ခိုက် နိုင်စွမ်းခြင်းကြောင့်မဟုတ်ကြဘဲ အလုပ်သမားများ၏ ခေါင်းဆောင်များ ညံ့ဖျင်းပျော့ညံ့မှုနှင့် အလုပ်သမားများက မိမိတို့၏ခေါင်းဆောင်များကို ပုဂ္ဂလိကဝါဒန်ဖြင့် ကြည်ညိုစွဲလန်းမှုများကြောင့်ဖြစ်လေသည်။

သို့သော် အလုပ်သမားများ သည် မိမိတို့အမှားများကို အမြန်ဆုံးပြင်ဆင်လာကြလေပြီ။ မိမိတို့အပေါ် ဖောက်ဖျက်သွားကြသော ဖောက်ပြန်ရေးခေါင်းဆောင်များကို စွန့်ပစ်ကြ၍ ကွန်မြူနစ်ပါတီလက်အောက်သို့ ဝင်ရောက်လာကြပြီးလျှင် ဖက်ဆစ်စံနစ်က အပြင်းအထန် အကြမ်းပတမ်း သတ်ဖြတ်နှိပ်ကွပ်နေကြစဉ်ပင် ခေတ်ပြောင်းအရေးတော်ပုံကြီးအတွက် လုံးပမ်းနေကြပေပြီ။

ဂျာမနီအလုပ်သမားများသည် ဘုံစံနစ်သို့ရောက်အောင်သွားနေကြသော လမ်းခရီး၌ ဟစ်တလာကြီးစိုးမှုမှာဆူးငြောင့်ခလုတ်ဘခုသဘွယ် ဖြစ်လာပေတော့မည်။ မကြာမတင် ဆိုက်ရောက်လာမည့် ဂျာမနီဘုံနိုင်ငံကြီးကိုနှောင်းခေတ် ရာဇဝင်သည် စာတင်နေပေတော့မည်။

ဟစ်တလာအမြောက်အောင်မြင်ရန်အတွက်၁၉၁၈-ခုနှစ် (ကမ္ဘာစစ်ကြီးအပြီး)ကပင် မျိုးစေ့ချခဲ့လေသည်။ မျိုးစေ့ချပေးသူမှာ အခြားသူမဟုတ်၊ အလုပ်သမားများ၏ခေါင်းဆောင်ရှေ့သွား ဆိုရှယ်ဒီမိုကရေစီအသင်းပင် ဖြစ်လေသည်။ ဤအ

ကြောင်းကို ခွဲခြားနားလည်နိုင်ရန်အတွက် ၁၉၁၈-ခုမှ ၁၉၃၃-ခုနှစ်အတွင်း ဂျာမနီပြည်၏ ရာဇဝင်ကို ပြန်ကြည့်သို့ လိုလာပေသည်။

ကမ္ဘာစစ်ကြီးပြီးလျှင်ပြီးချင်း အလုပ်သမားများနှင့် စစ်သားများ၏ အရေးတော်ပုံကြီးပေါ်ပေါက်လာကာ ကမ္ဘာစစ်ကြီးဖြင့် ဂျာမနီသူမျိုး အမြောက်အမြားကို သတ်ဖြတ်ခဲ့သော အစိုးရကို ဖြိုဖျက်ပစ်လိုက်လေသည်။

တိုင်းပြည်အနှံ့အပြား ဖွဲ့စည်းထားသော အလုပ်သမားများနှင့် စစ်သားများ အဖွဲ့တို့မှာ တန်ခိုးအကြီးဆုံးဖြစ်လာလေသည်။ အရင်းရှင်ကြီးများနှင့် စစ်ဗိုလ်ကြီးများမှာ အလုပ်သမားများ၏ အင်အားကိုမည်သို့မျှ မတွန်းလှန်နိုင်ကြပေ။ အလုပ်သမားများနှင့် စစ်သားများသည် အစိုးရအာဏာကို သိမ်းပိုက်ကြကာ ဘုံစံနစ်တည်တောင်ကြဘို့ တချက်သာလိုတော့သည်။

အလုပ်သမားများအရေးတော်ပုံသည် ဤအခြေအနေအထိ ခအောင်မြင်ထမြောက်ခဲ့ကြပါလျက် အဘယ့်ကြောင့် အလုပ်သမားများ၏ ရန်သူအကြီးဆုံးဖြစ်သော ဖက်ဆစ်စံနစ်သည် နောက် ၁၅-နှစ်အတွင်း ပေါ်ပေါက်လာရပါသနည်း။

အလုပ်သမားများကို အရင်းရှင်များသို့ ရောင်းစားလိုက်ကြသော ဆိုရှယ်ဒီမိုကရေစီခေါ် အလုပ်သမား ရှေ့ဆောင်အသင်းကြောင့်ပင် ဖြစ်လေသည်။

ဆိုရှယ် ဒီမိုကရေစီအသင်းမှာ ကားလ်မတ်စ်နှင့် အိမ်ဂျယ်လ်တို့ လက်ထက်ကပင် တည်ထောင်ပြီးစီးခဲ့၍၊ တည်ထောင်စဥ် ကားလ်မတ်စ်၏ ခေတ်ပြောင်း တော်လှန်ရေး စည်းမျဉ်းလမ်းကြောင်းအတိုင်း ဆောင်ရွက်ခဲ့လေသည်။ သို့သော် နောက်



အခါ၌ လူပြော လူညာ ကိုယ်ကျိုးရှာသမားများသည် အသင်းတဲသို့ဝင်ရောက်ခေါင်းဆောင်လာကြလေရာယခင်စည်းမျဉ်းများလေကိုပစ်ပယ်ကြကာအရင်းရှင်ကြီးများနှင့် ပူးပေါင်း သွားကြသည်။

၁၉၁၄-ခုနှစ် ကမ္ဘာစစ်ကြီး ဖြစ်လာသောအခါ ကိုင်ဇာဘုရင်နှင့် အတိအလင်း အဆက်အသွယ် ယူကြကာအလုပ်သမားများကို သတ်ဖြတ်ကြသည့် စစ်ကိုအားပေးကြသည်။ ထိုအခါ ခေါင်းဆောင်များ ခြေလှမ်းပျက်လာကြသည်ကို မကြေနပ်ကြသော ခေတ်ပြောင်း တော်လှန်ရေး စိတ်ရှိသူများသည် စပါတကပ်စ်လီနှင့် အင်ဒီပင့်ဒင့် ဆိုရှယ်လစ်ပါတီတို့ကို ၁၉၁၇-ခုနှစ်၌ခွဲ၍ ထောင်ကြလေသည်။ ၁၉၁၈-ခုနှစ် အလုပ်သမား အရေးတော်ပုံကြီးကို ဤအသင်းနှစ်သင်းက ရှေ့ဆောင်၍ လုပ်ကိုင်ကြလေသည်။

အလုပ်သမား အရေးတော်ပုံကြီးအတွင်း ဆိုရှယ်ဒီမိုကရက်တစ်ပါတီမှာ လက်ရှိညွန့်ပေါင်း အစိုးရအဖွဲ့ဝင်များဖြစ်နေကြလေသည်။

၁၉၁၈-ခုနှစ် နိုဝင်ဘာလ ၉-ရက်နေ့၌ အလုပ်သမား အရေးတော်ပုံကြီးသည် လက်ရှိအစိုးရသို့ ဖြုတ်ချ ပစ်လိုက် ကြသောအခါ........ ဆိုရှယ် ဒီမိုကရက် များ သည် အရေးတော်ပုံခေါင်းဆောင်ဖြစ်သော လိဘ်နက်စ် (Liebknecht)နှင့်အင်ဒီပင့်ဒင့် အသင်းဝင်များကို အဆက်အသွယ် ပြုလုပ်ကြကာ မိမိတို့နှင့်အတူ အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းကြရန် စကားကမ်းလှမ်းကြလေသည်။ ဆိုရှယ်လစ်ဒ်မိုကရက်များမှာ အရင်းရှင်ကြီးများ၏ ကိုယ်စားလှယ်များ ဖြစ်ကြောင်းကို အသေအချာသိသော လိဘ်

နက်စ်သည် သူတို့၏ စကားကမ်းလှမ်းချက်ကို ညင်းပယ်လိုက်လေသည်။ အခြား အလုပ်သမားများ၏ ခေါင်းဆောင်များသည် လိဘ်နက်စ်၏ ခြေလှမ်းအတိုင်း လိုက်ကြမည်ဆိုက ဆိုရှယ်ဒီမိုကရက်များ၊ အလုပ်သမားများ၊ အရေးတော်ကြီးကို ရောင်းစားကြရန် အခွင့်အလမ်း ရရှိကြမည် မဟုတ်ကြပေ။

သို့သော်....အင်ဒီပင့်ဒင့် ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်များသည် ညီညွတ်ရေးဟူသော စကားများဖြင့် ဆိုရှယ်ဒီမိုကရက်များနှင့် ပေါင်းကြကာ ညွန့်ပေါင်း အစိုးရအဖွဲ့ သစ်ကို ဖွဲ့စည်းလိုက်ကြလေသည်။ အရေးတော်ပုံ ခေါင်းဆောင်များနှင့် ဆိုရှယ် ဒီမိုကရက်များ တဝက်စီပါဝင်သော ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဖွဲ့လိုက်ကြခြင်းမှာ အလုပ်သမား အရေးတော်ပုံကြီးကို မသာချလိုက်ခြင်းပင်ဖြစ်ပေသည်။

အရင်းရှင်ကြီးများ၏ကြေးစားများဖြစ်ကြသောဆိုရှယ်ဒီမိုရက်များ အစိုးရအဖွဲ့သစ်၌ ပါဝင်နေကြခြင်းဖြင့် အရင်းရှင်များ၏ အောင်မြင်မှုများမှာ ကြိမ်းသေ၍ နေပေတော့သည်။

အကယ်၍ အလုပ်သမား အရေးတော်ပုံကြီးကိုသာ အောင်မြင်ထမြောက်အောင် လုပ်လိုက လက်ရှိစံနစ်၏တန်ခိုးအာဏာ အခြေတည်ရာဌာန၊ ပုလိပ်ဌာနများကို သုတ်သင်ပစ်ရမည် လယ်ပိုင်ရှင်များထံမှ လယ်ယာများကို သိမ်းယူရမည်အရင်းရှင်ကြီးများထံမှ ဘဏ်တိုက်ကြီးများ၊ ပစ္စည်းလုပ်ငန်းများ သိမ်းယူရမည်၊ လက်နက်ကိုင် အလုပ်သမား၏ ကာကွယ်ရေး တပ်များကို စံနစ်တကျ ဖွဲ့စည်းရမည်။

ဤအချက်များကိုလုပ်မိကြမည်ဆိုက ယနေ့ဂျာမနီပြည်၌ ဖက်ဆစ်စံနစ်ကို မတွေ့ကြရဘဲ ဘုံစံနစ်ကိုမြင်ကြရပေမည်။



သို့သော် ဆိုရှယ်ဒီမိုကရက်အစိုးရသည် အားလုံးပြောင်းပြန် လုပ်ကြလေတော့သည်။ လက်ရှိစံနစ်၏ တန်ခိုးအာဏာတည်ရာဌာနများကို တည်မြဲတည်ရှိစေလေသည်။ စစ်တပ်ဌာနဝန်ကြီးချုပ်၊ ရေကြောင်းတပ် ဌာနဝန်ကြီးချုပ်၊ နိုင်ငံခြားဝန်ကြီးချုပ် ပြည်ထဲရေးဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးချုပ် ဌာနများကို အရင်းရှင်ကြီးများအား ခန့်ထားလိုက်ကြ လေသည်။ အလုပ်သမားများကို လက်နက်ပေးအပ်ကြကာ အလုပ်သမားကာကွယ်ရေးတပ်များကို ဖွဲ့စည်းရမည့်အစား အလွန်ဆိုးဝါးသော ဘုရင့်အမှုထမ်း စစ်သားဟောင်းများကိုသာ ခေါင်းဆောင် ဗိုလ်မှူးများအဖြစ် ခန့်ထားကြကာ အရေးတော်ပုံကို အတိုက်အခံလုပ်မည့်စစ်တပ်များကိုဖွဲ့စည်းကြလေသည်။

ဤစစ်တပ်များကပင် အလုပ်သမားများကို ရဲရဲရင့်ရင့် ခေါင်းဆောင် လာခဲ့သော လိဘ်နက်နှင့် ရို့ဆာလူကဆင်ဘာ့စ် (Rosa Luxem Burg)တို့ကို သတ်ဖြတ် ပစ်လိုက်ကြလေသည်။

ဤသို့အားဖြင့် ဆိုရှယ်ဒီမိုကရက်များသည် အလုပ်သမားများကို ရောင်းစားလိုက်ကြ လေသည်။ အလုပ်သမား အရေးတော်ပုံကြီးကို ဆိုရှယ်ဒီမိုကရက်များ၏အကူအညီဖြင့် အောင်မြင် နိုင်လိုက်ကြသော အရင်းရှင်ကြီးများသည် ၎င်းတို့၏အကူအညီနှင့်ပင် ဝိုင်မာသမတအစိုးရ (Weimar Repuplic) ကိုတည်ထောင်လိုက်ကြလေသည်။

သမတ အစိုးရသစ်၏ သက်တန်း ၁၄-နှစ် (၁၉၁၈-မှ ၁၉၃၂)အတွင်း အလုပ်သမားများကို ဖိနှိပ်ရန်အတွက် အရေးတကြီးဥပဒေများ၊ မာရှယ်လော စစ်ဥပဒေများကို မကြာခဏ

ထုတ်ပြန်ခဲ့ကြလေသည်။

ဤအခြေအနေများမှာ ၁၉၃၃ ခုနှစ်၌ဟစ်တလာခေါင်းဆောင်သော ဖက်ဆစ်များတန်ခိုးကြီးလာကြဘို့ ဖန်တီးပေးကြလေသည်။ ဆိုရှယ်ဒီမိုကရက်များသည် အရင်းရှင်များနှင့် ပေါင်းကြကာအလုပ်သမားများကို သစ္စာဖေါက်ကြခြင်းဖြင့် ဖက်ဆစ်စံနစ်ကို မျိုးစေ့ချပေးခဲ့ကြလေသည်။

ဟစ်တလာနှင့် သူ၏နေရှင်နယ်ဆိုရှယ်လစ်ပါတီ၏ အတိတ်အကြောင်းကိုပြန်ကြည့်ကြဦးစို့။ အီတလီပြည်မှာထက်ပင် ဂျာမနီ၌ ဖက်ဆစ်စံနစ်ကို လက်ရှိအစိုးရနှင့် အထူးသဖြင့်စစ်တပ်ဌာန အာဏာပိုင်များက ပြုစုပျိုးထောင်ခဲ့ကြလေသည်။ အလုပ်သမား အရေးတော်ပုံကို ဖြိုဖျက်ရန်အတွက် တမင်တည်ထောင်ထားသော အဖွဲ့များ၌ စစ်ဗိုလ်များနှင့် စစ်ဗိုလ်ဟောင်းများအများဆုံးပါဝင်လေသည်။ နောက်အခါဟစ်တလာခေါင်းဆောင်ဖြစ်လာသော နေရှင်နယ်လစ်ပါတီကို စတင်၍ မွေးပေးသူမှာ ရိုက်ချ်ဆွာခေါ် ဂျာမန်စစ်တပ်ဌာန၌ စစ်ရေးပြဆရာ ဗိုဒါဆိုသူပင်ဖြစ်လေသည်။ဟစ်တလာအား ပရိသတ်ကိုညာလှိုင်းမှုအတွက် နိုင်ငံရေး ပညာအမျိုးမျိုးကို သင်ကြားပေးသူများမှာ စစ်ဗိုလ်များဖြစ်၍ နေရှင်နယ်ဆိုရှယ်လစ် ပါတီအတွင်းသို့ ဟစ်တလာကို ထိုးသွင်းလိုက်သူမှာလည်း ထိုသူများပင် ဖြစ်ကြလေသည်။ ဟစ်တလာ၏ လေမုန်းတိုင်း တပ်များ (Storm Trcops) မှာလည်း ရိုက်ချ်ဆွာစစ်တပ် စည်းမျဉ်း အတိုင်း တည်ထောင်ထားခြင်းဖြစ်၍ စစ်ဗိုလ်များ၊ဓနရှင်ကြီးများထံမှ ကိုင်တွယ်ရန် လက်နက်သေနတ်များကို ရရှိသွားကြလေသည်။

သို့သော် နေရှင်နယ်ဆိုရှယ်လစ်ပါတီ (နာဇီပါတီ)မှာ



အလုပ်သမားများ၏အရေးတော်ပုံကို နှိမ်နင်းကြကာ ဖက်ဆစ်စံနစ်ကို တည်ထောင်ကြရန် အတွက် ပရိသတ်များ၏ အားကိုလိုလာကြလေရာ၊ ကြက်ပေါင်းစေး ကဲ့သို့ ဆွဲရာပါလေ့ရှိသော လူလတ်တန်းစားများနှင့် အရင်းရှင်ကြီးများ၏ ကြေ့ကွင်းကို မြင်နိုင်လောက်အောင် အပါးမဝကြ သေးသော ခေတ်ပြောင်းတော်လှန်ရေးစိတ်ဓါတ် မရင့်သန်ကြသေးသော အူရိုင်းအလုပ်သမားများကို သွေးဆောင် သိမ်းသွင်းကြရန် အတွက် သူတို့အကြိုက်ဖြစ်သော ပါတီရည်ရွယ်ချက် ၂၅-ချက်ကိုရေးဆွဲ၍ ကျေညာကြလေသည်။

ထိုကျေညာချက်၌ ပရိသတ် များကို ကောင်းကောင်းညာလှိုင်းရန်အတွက် ပရိသတ်ကြိုက်လုံးဖြစ်သော ဘုံဝါဒလေးများအသုံးအနှုန်းများကို ထည့်သွင်း သုံးနှုန်းထားကြလေသည်။ အသင်းအမည်ကိုပင် နေရှင်နယ် ဆိုရှယ်လစ်ပါတီ (အမျိုးသားဘုံဝါဒပါတီ)ဟူ၍ဆိုရှယ်လစ်ဘုံအမည်ကိုထည့်သွင်းမှည့်ခေါ်ထားကြလေသည်။

မည်သို့ပင်ဖြစ်စေ၊ဖက်ဆစ်စံနစ်မှာ အလုပ်သမားများ၏ ခေါင်းဆောင်မှု တောင့်တင်းကြံ့ခိုင်နေ၍ ခေတ်ပြောင်းတော်လှန်ရေး ဝါဒအတိုင်း လုပ်နေကြသမျှ ကာလပတ်လုံး အလုပ်သမားများကို မလှိမ့်နိုင်ကြပေ။ စီးပွားရေးအခြေအနေ ကြပ်တည်းသည်ထက် ကြပ်တည်းလာ၍ ခေတ်ပြောင်းတော်လှန်ရေးအတွက် အခါကောင်းကြုံနေသည့် အတွင်း ခေါင်းဆောင်များသွေးကြောင်ကြကာသစ္စာဖေါက်ကြမှသာအလုပ်သမားများမှာ စိတ်ပျက် လက်လျော့ ကြကာ ဖက်ဆစ် စံနစ်၏ သွေးဆောင်ဖျားယောင်းရာသို့ပါလာကြလေမည်။

၁၉၂၃-ခုနှစ် ရွေးကောက်ပွဲ၌ နေရှင်နယ်ဆိုရှယ်လစ်ပါတီမှာ လူလတ်တန်းစားများမှပေးသည့် မဲတသန်း ၉-သိန်းသာရရှိကြ၍ အလုပ်သမားများ၏ ရှေ့ဆောင်လမ်းပြ ပါတီဖြစ်သော ဆိုရှယ် ဒီမိုကရက်တစ်ပါတီမှာ ၆-သန်းရရှိပြီးလျှင် ကွန်မြူနစ်ပါတီမှာမဲ ၃ သန်း ၆ သိန်းရရှိလေသည်။ ဆိုရှယ်ဒီမိုကရက်နှင့် ကွန်မြူနစ်များ ရရှိသောမဲ့မှာ အလုပ်သမားများ၏မဲ့များ ဖြစ်ကြလေသည်။

သို့သော် ၁၉၂၉-ခုနှစ်၌ စတင်ဖြစ်ပွားသောကမ္ဘာ့စီးပွားရေး ပျက်ပြားမှုကြီးမှာ ဂျာမဏီအရင်းရှင်များသည် အလုပ်သမားများ၏ အခကြေးငွေများကို လျှော့ပစ်ကြ၍ အလုပ်လုပ်ချိန်ကို ပိုမိုထားကြကာ ရှူးဗနင်ဆိုသူကို အာဏာရှင်တင်ခမြှောက် ၍ အစိုးရကိုထင်သလို ချုပ်ကိုင်စေကြခြင်းဖြင့် အလုပ် သမားများမှာ အထူးမကြေနပ် ဖြစ်နေကြစဉ် အလုပ်သမားများ ခေါင်းဆောင်ပါတီဖြစ်သော ဆိုရှယ်ဒီမိုကရက်ပါတီသည် အလုပ်သမားများကို ကာကွယ်ပေးရမည့်အစား အာဏာရှင် ဗရူးနင်းအစိုးရနှင့် ပူးပေါင်းလိုက်ကြသဖြင့် အရေးတော်ပုံအကွက် အသင့်ပြင်ဆင်ကြပြီးဖြစ်သော အလုပ်သမားများမှာ စိတ်ပျက်လက်လျှော့သွားကြလေသည်။

ဆိုရှယ်ဒီမိုကရက်ပါတီကိုအထူးစိတ်နာကြသော အချို့အလုပ်သမားများမှာ မိမိတို့ရန်သူအကြီးဆုံးဖြစ်သော အရင်းရှင်ကြီးများ၏ကြေးစား နေရှင် ဆိုရှယ်လစ်ပါတီသို့ ဝင်သွားကြခြင်းဖြင့် အလွန်မိုက်မှားနေသောအပြစ်ကြီးကို ကျူးလွန်သွားကြလေသည်။

ခေတ်ပြောင်းတော်လှန်ရေး ဝါဒရီးစဉ်အတိုင်း အစဉ်



တစိုက် သွားနေကြသောကွန်မြူနစ်များမှာမိမိတို့၏နောက်လိုက်အလုပ်သမားများနှင့်ချည်း အလုပ်သမား အရေးတော်ပုံကို ထရန် အားမကောင်းသဖြင့် ဆိုရှယ်ဒီမိုကရက်များ၏ နောက်လိုက်အလုပ်သမားများ၏ အကူအညီကိုပါရအောင် ဆိုရှယ်ဒီမိုကရက်များနှင့် ပူးပေါင်းရန်အတွက် အခါအခွင့်ပေါ်တိုင်း ကြိုးစားခဲ့လေသည်။ သို့သော် ဆိုရှယ်ဒီမိုကရက်များမှာ ခေတ်ပြောင်းတော်လှန်လိုစိတ်မရှိဘဲ လက်ရှိ နေရှင်စံနစ်အောက်တွင် အလုပ်သမားများ၏ အခွင့်အရေးများကိုတိုက်ခိုက်ရုံမျှနှင့်ပင် လုံလောက်ပြီဟုယူဆကြသဖြင့် ကွန်မြူနစ်များ၏ ပူးပေါင်းရန် အကြံမှာမည်သည့်အခါမျှ မအောင်မြင်ခဲ့ချေ။

ဆိုရှယ်ဒီမိုကရက်များသည် တဖြေးဖြေး ဆိုးသထက်ဆိုးအောင် ခြေလှမ်းမှားခဲ့ကြသဖြင့်သာ ဖက်ဆစ်စံနစ်မှာ ဂျာမဏီတွင် အခြေစိုက်နိုင်ကြခြင်းဖြစ်လေသည်။ ၎င်းတို့၏အမှားမှာ....

ပထမ ဗရူးနင်း အာဏာရှင်အစိုးရကို အတိုက်အခံမလုပ်ဘဲ ပူးပေါင်းခြင်း။

ဒုတိယ ဟင်ဒင်ဘတ် စစ်ဗိုလ်အားသမတ ဖြစ်အောင်ကူညီခဲ့ခြင်း။ ဟင်ဒင်ဘတ် သမတဖြစ်လျှင် ဟစ်တလာကျရမည်ဟုဆိုရှယ်ဒီမိုကရက်များက ယူဆခဲ့သော်လည်း စင်စစ်အားဖြင့် ဟစ်တလာမှာ ဟင်ဒင်ဘတ် ကဲ့သို့သော နေရှင်ကြီးများ၏ လက်ရုံးဖြစ်လေရာ သူတို့ယူဆချက်မှာ တကယ်တကယ်စင်အောင်မှားသည်ကို ဟင်ဒင်ဘတ်က ဟစ်တလာအား အာဏာရှင် တင်ခမြှောက်လိုက်ခြင်းဖြင့်ထင်ရှားလေတော့သည်။

တတိယ ဗွန်ပေပင်က ဂျင်မဏီပြည်ပရက်ရှားနယ်ရှိ

ဆိုရှယ် ဒီမိုကရက်အစိုးရကို အကြမ်းပတမ်း ဖြိုဖျက်ပစ်သည်ကို လက်ပိုက်ခါ ကြည့်နေခြင်းတို့ပင် ဖြစ်လေသည်။

ဗွန်ပေပင်ကို ဆိုရှယ်ဒီမိုကရက်ပါတီက ရပ် ကြည့်ကာ အားပေးအားမြှောက် လုပ်နေသော်လည်း အလုပ်သမားများလည်း ကွန်မြူနစ်ပါတီကိုရှေ့ဆောင်ကာ အပြင်းအတန်ဆူပူကြရုံမျှမက သပိတ်မှောက်လက်နက်ကိုပင်အသုံးပြုကြလေသည်။ အလုပ်သမားများ အားကောင်းမည်စိုးသော အစိုးရသည် ဗွန်ပေပင်ဖြုတ်ချခဲ့ရလေသည်။ ဟစ်တလာ၏ နာဇီပါတီနှင့်တကွ အလုပ်သမားများကို သစ္စာဖောက်သွားသော ဆိုရှယ်ဒီမိုကရက်ပါတီမှာ အလုပ်သမားသပိတ်များပြီးငြိမ်းသည့်နောက် အထူးအားနည်းသွားကြပြီးလျှင် အလုပ်သမားများကို ရဲရဲရင့်ရင့်ရှေ့ဆောင်သော ကွန်မြူနစ်ပါတီမှာ အထူးအားကောင်းလာလေသည်။

အလုပ်သမားများအား လှည့်ပတ်ဖြားယောင်းရန် အတွက် လက်နက်ဖြစ်သော ဆိုရှယ်ဒီမိုကရက်ပါတီကိုလည်း အလုပ်သမားများက အယုံအကြည်မရှိတော့ဘဲ အလုပ်သမားများကို ခြောင်ဖိနှိပ်ရန် လက်နက်ဖြစ်သော နာဇီပါတီ မှာလည်း အထူးအားဆုတ်သွားသောအခါ မနေရှင်ကြီးများမှာ ကွန်မြူနစ်ပါတီ တံခိုးကြီးကာ အလုပ်သမား အရေးတော်ပုံဖြင့် မနေရှင်စံနစ်ကို ဖြိုဖျက်ပစ်တော့မည်ဟု အထူးထိပ်လန့်လာကြကာ နေ့မဆိုင်း ညမဆိုင်းပင် အလုပ်သမားများကို အကြမ်းပတမ်းမညှာမတာ နှိမ်နင်းပစ်မည့် နာဇီပါတီအား အစိုးရအာဏာကို လွှဲအပ်လိုက်လေတော့သည်-



၁၉၃၃-ခု ဇန်နဝါရီလ ၃၀-ရက်နေ့တွင် သမတဟင်ဒင်ဘတ်သည် ဟစ်တလာအား ချန်ဆယ်လာရာထူးဖြင့် အာဏာရှင်အဖြစ်သို့ တင်မြှောက်လိုက်လေတော့သည်။

ဤနည်းအားဖြင့် အရင်းရှင်ကြီးများသည် ဖက်ဆစ်စံနစ်ကို အသက်သွင်းပေးလိုက်သည်နှင့်တပြိုင်နက်ဖက်ဆစ်စံနစ်သည် သူ၏ စွမ်းအားကိုပြလေတော့သည်။

နာဇီများသည် မေလ(၂)ရက်နေ့၌ ဂျာမဏီပြည်ရှိ အလုပ်သမားများ အစည်းအရုံးအားလုံးကို သိမ်းယူကြကာ ၎င်းတို့လက်အောက်သွင်းထားလိုက် ကြသေသည်။ အလုပ်သမားများကို ဦးစီးခေါင်းဆောင်လုပ်သော ပါတီအားလုံးပင်နာဇီများ၏မညှာမတာ ရက်ရက်စက်စက် နှိပ်ကွပ်ခြင်းကိုခံကြရလေသည်။ အလုပ်သမားများ၏ ခေါင်းဆောင်များမှာလည်းနာဇီများ၏ အကြမ်းပတမ်း သတ်ဖြတ်ရိုက်နှက်မှုများကြောင့် သေသူသေ၊ ထောင်ကျသူကျနှင့် ဗရမ်းပတာဖြစ်ကုန်ကြလေ တော့သည်။

ခေတ်ပြောင်းတော်လှန်ရေးလမ်းကြောင်းအတိုင်းတသွေမတိမ်းအလုပ်လုပ်နေကြသောကွန်မြူနစ်ပါတီမှာ နောက်လိုက်အလုပ်သမားများ အားနည်းနေကြသဖြင့် ဟစ်တလာကိုတော်လှန်ပုန်ကန်ရာ၌ ခရီးထင်သလောက်မပေါက်ကြချေ။ သို့ကြောင့်ပင် ကွန်မြူနစ်ပါတီမှာ အလုပ်သမား အရေးတော်ပုံကြီးကို အချိန် ရွှေ့ထားလိုက်ရပြီးလျှင် မိမိ အားကောင်းလာအောင် ကျိုးစားနေကြရလေသည်။

ယနေ့ ဂျာမဏီပြည်၌ ကွန်မြူနစ်ပါတီမှာ ထင်ထင်ပေါ်ပေါ် မလုပ်မကိုင်နိုင်ကြဘဲ လျှို့ဝှက်စွာဖြင့်ပင်အလုပ်သမားများကို သွေးစည်းနေကြရလေသည်။အိန္ဒိယပြည်နှင့်.... မြန်မာပြည်

များတွင် ကုန်မြူနစ်ပါတီများကို မတရားသင်းကြေညာထားသင်း ကြေညာထားလေသည်။ လျှို့ဝှက်စွာ အလုပ်လုပ်နေကြရသော အချို့ကုန်မြူနစ်များကို အစိုးရသိသွားလျှင် ထိုသူများမှာ နာဇီများ၏ သေနတ်ကျည်ဆံများတွင်အသက်ပျောက်ကြလေတော့သည်။ သို့သော် မည်သို့ပင်ကုန်မြူနစ်များကို နှိပ်ကွပ်ဖျက်ဆီးကြသည်ဖြစ်စေ၊ ဖက်စစ်စံနစ်၏ ခြိမ်းခြောက်အုပ်စိုးမှုသည် တာရှည်မတည်နိုင်၊ တနေ့ အလုပ်သမား အရေးတော်ပုံကြီး ပေါ်ပေါက်လာကာ ဟစ်တလာနှင့်တကွ အခြားအရင်းရှင်များ၏ ကြေးစားကြီးများမှာ ဆင်းရဲသားများ၏ ရန်သူတို့ သွားရာလမ်းအတိုင်း သွားမြဲသွားကြရမည်မှာ မလွဲနိုင်တော့ချေ။

အလုပ်သမားများ၏ ရာဇဝင်ကြောင်းပြ တာဝန်ကား ခေတ်နောက်ပြန်ဆွဲနေသည့် အရင်းရှင်စံနစ်ကိုအလုပ်သမားများ အရေးတော်ပုံဖြင့် ဖြုတ်ဖျက်ကာ ဘုံစံနစ် ဘုံနိုင်ငံတည်ထောင်ရန်ပင် ဖြစ်သည်ဟု အထက်၌ဆိုခဲ့ပြီ။ ဖက်ဆစ်စံနစ် သည်ကား အလုပ်သမားသည် မိမိတို့တာဝန်ကိုမကြေပြွန်စွာဖြင့် ရာဇဝင်က ဒဏ်ပေးခြင်းပင် ဖြစ်လေသည်။

လက်ဝါးကြီးအုပ် အရင်းရှင်စံနစ်လက်အောက်၌ လူသတ္တဝါတွေ ခံစားကြရသော ဒုက္ခအပေါင်းတို့မှာ ဖက်ဆစ်စံနစ်လက်အောက်၌ အဆိုးဝါးဆုံးဖြစ်လာ လေတော့သည်။

ဖက်ဆစ်စံနစ်လက်အောက်၌ အလုပ်သမားများမှာ မိမိတို့အခွင့်အရေးများကို တရားသဖြင့် ခုခံကာကွယ်ကြရန်အတွက်ပင် အသင်းအပင်း ဖွဲ့စည်းခြင်း၊ အစည်းအဝေးများလုပ်ခြင်း၊



အရင်းရှင်ကြီးများ၏ အပြုအမူကို မကြေနပ်ကြ၍ကန့်ကွက်သည့်သဘောနှင့် သပိတ်မှောက်နိုင်ကြခြင်းတို့ကို မလုပ်နိုင်ကြရချေ။ ဖက်ဆစ်စံနစ်မှာ အများသဘောနှင့် အုပ်ချုပ်သော ဒီမိုကရေစီစံနစ်မဟုတ်ဘဲ အရင်းရှင်စံနစ်များအတွက်သာ ထင်သလို အုပ်ချုပ်သော အာဏာရှင်စံနစ်ဖြစ်လေရာအလုပ်သမားများကကိုယ်စားလှယ် တင်မြှောက်ကြကာလွှတ်တော်၌ဆွေးနွေးခွင့်မရနိုင်ကြချေ။

အတိုချုပ်ကို ဆိုရလျှင် ဖက်ဆစ်စံနစ်မှာ ပျက်စီးတိမ်ကောအံ့သော အရင်းရှင် စံနစ်သည် အလုပ်သမား ဆင်းရဲသားများကို မိမိတ်ထင်သလို နှိပ်စက်သွေးစုတ်ကြရန်အတွက် အလုပ်သမားများအပေါ် အစိုးရအာဏာကို ဒလကြမ်းသုံးသော စံနစ်ပင်ဖြစ်လေသည်။

ဖက်ဆစ်စံနစ်သည် အလုပ်သမားများကို အရင်းရှင်ကြီးများက ထင်သလို ခိုင်း၍ မသေရုံအခကို ပေးနိုင်ရန်အတွက် အာဏာနှင့် စီစဉ်ပေးကြပေသေးသည်။ လူတန်းစားက အခြား လူတန်းစားကို မတရားအတင်း သွေးစုတ်မှုကို တရားဥပဒေနှင့်ညီအောင် လုပ်ပေးကြလေသည်။ အရင်းရှင်များ အသုံးချနိုင်ကြသည်ထက် အလွန်တမင်း ပိုမိုအားကောင်းလာသော ကုန်လုပ်ကြိယာစွမ်းအားကို အရင်းရှင်များ အလိုကျဖျက်ဆီးပေးကြလေသည်။

အလုပ်သမားများမှာ အခကြေးငွေကို အလွန်နည်းပါးစွာ ရရှိကြသဖြင့် နေရေးထိုင်ရေး စားသောက်ရေးတို့၌ လူနှင့်တူအောင် မနေကြရ၊ အစားအစာ ဝဝလင်လင် မစားကြရသဖြင့် လူသက်တန်စေ့ မနေနိုင်ရှာကြချေ။ အရင်းရှင်ကြီးများမှာ.... ဇယားမကိုက်ပုံရလျှင်လည်း မသေကြရုံတမယ်ထား၍ ကြိုစား

ပမ်းစား လုပ်နေကြရသော အလုပ်သမားများကို လက်လွှတ်လိုက်ကြရသောကြောင့် ဘိုက်ရိုက်ကာ ထမင်းငတ် စာရင်းဝင်ကြရလေသည်။ (နောက်ဆုံးစာရင်းအရ ဂျာမဏီပြည်၌ အလုပ်လက်မဲ့ ပေါင်း ရှစ်သန်းခန့်ရှိလေသည်။) အကျဉ်းအားဖြင့် ဖက်ဆစ်စံနစ် လက်အောက်ရှိ အလုပ်သမားများမှာ.... လောကဆင်းရဲခံနေကြရခြင်းပင် ဖြစ်နေကြရလေသည်။

ယခုအချိန်၌ ပျက်စီး တိမ်ကောအံ့သော အရင်းရှင်စံနစ်သည် ဖက်ဆစ်စံနစ်အသွင်ဖြင့် လူအပေါင်း၏ လွတ်လပ်ရေးကို ချုပ်ချယ်ကြကာ ကမ္ဘာကြီးတခုလုံးကို လူရိုင်းခေတ်သို့ ရောက်ရှိလေအောင် ပို့ဆောင်ပေးနေလေသည်။ အရင်းရှင်စံနစ်သည် မိမိကြောင့် ဆင်းရဲငတ်မွတ်ကြကာ အတိဒုက္ခရောက်ရှိကြရသော လူအပေါင်းကို ဓါးစားခံပြုလုပ်ကြကာ မိမိအသက် ဆက်လက်တည်နေရာ အကြောင်းဖြစ်သော ကိုလိုနီနိုင်ငံများ ရရှိမှုအတွက် နယ်ချဲ့စစ်ပွဲများကို ပြင်ဆင်နေကြလေပြီ။ အပြစ်မရှိကြသော လူအချေမှာ အရင်းရှင်လူနည်းစုတို့ ကောင်းကျိုးအတွက်.... အမြောက်၊သေနတ်၊ ဗုံးဆံများ၏ ဒဏ်ကို မချိမဆန့် ခံကြရကာ သေကြေပျက်စီးကြရဦးမည်။

ဖက်ဆစ်နိုင်ငံများ၌ကား ကြေးစားအာဏာရှင်ကြီးများသည် မရေမတွက်နိုင်အောင် များပြားလှသော လူအပေါင်းကို သတ်ဖြတ်မည့် စစ်မက်များကိုပင် အမွန်းတင်ကာ နေကြလေသည်။ ထာဝရစစ်တိုက်ခိုက်မှုသည် လူသတ္တာများကို ကြီးမြင့်စေ၍ ထာဝရချမ်းသာမှုသည် လူသတ္တာများကို ပျက်စီးစေလိမ့်မည်ဟု စစ်ကို ချီးကျူးကြသူမှာ ဂျာမန် အရင်းရှင်များ၏ကြေးစား လူမိုက်ကြီးဟစ်တလာပင် မဟုတ်ပါလော။



အလုပ်သမား ဆင်းရဲသားအပေါင်း၏ ရန်သူအကြီးဆုံးဖြစ်သော ဖက်ဆစ်စံနစ်သည် ယခုအခါ ဂျာမဏီ၊ အီတလီ၌သာ ပေါ်ပေါက် နေသည်မဟုတ်။ အလုပ်သမား များသည် ခေတ်ပြောင်းတော်လှန်ရေးလက်နက်ဖြင့် ပျက်စီးတိမ်ကောအံ့သောအရင်းရှင်စံနစ်ကို တိုက်ဖျက်ရန် ကြိုးစားကြ၍ အလုပ်သမားများခေတ္တ အရေးနိမ့်နေကြသည့် အချိန်ကို ကြုံခဲ့ကြသော.... အခြားတိုင်းပြည်တိုင်း၌လည်း ဖက်ဆစ်စံနစ် လွှမ်းမိုးလျက်ရှိနေပေသည်။

ဂျာမဏီ၊ အီတလီများမှအပ အော်စတြီယား၊ ရူးမေနီးယား၊ ပိုလန်၊ ဖင်လန်၊ ဟန်ဂေရီ၊ ပေါ်တူဂီစသော နိုင်ငံများမှာလည်း ဖက်ဆစ်စံနစ် လွှမ်းမိုးသောနိုင်ငံများဖြစ်သွားကြလေသည်။

မကြာသေးမီ ကလေးက ကျွန်ုပ်တို့ မျက်စေ့အောက်၌ပင် ဇက်ကိုဇလိုဗေကီးယားပြည်ကလေးမှာ ၎င်း၏ မဟာမိတ်များဖြစ်ကြသောအင်္ဂလန်နှင့် ပြင်သစ်တို့သစ္စာဖေါက်ကာ ဟစ်တလာလက်သို့ ဝကွက်၍ အပ်လိုက်ခြင်းကို ခံခဲ့ရချေပြီ။ သို့အတွက် ဖက်ဆစ်စံနစ် လွှမ်းမိုးသော ပြည်ကလေး အဖြစ်သို့.... ရောက်ရှိပြောင်းလဲသွားရလေပြီ။

နောက်တဖန် စပိန်ပြည်၌လည်း ဂျာမဏီနှင့် အီတလီတို့သည် ဖက်ဆစ်စံနစ် တည်ထောင်ကြရန် ရည်ရွယ်ချက်များဖြင့် ဆင်းရဲသားအစိုးရများကို ပုန်ကန်နေသော ဖရန်ကိုစစ်ဗိုလ်ကို အပြင်းအထန် အကူအညီ ပေးနေကြလေသည်။ စပိန်အလုပ် သမား ဆင်းရဲသားများကလည်း ရရှိသမျှသော လက်နက်များကို စွဲကိုင်ကြကာ မိမိတို့သွေးများဖြင့် ဆင်းရဲသား အစိုးရကို ကာကွယ်နေကြကေရာ ယခုအချိန်၌ မည်သည့်ဘက်က နိုင်မည်ကိုတနို

အပ်သေချာ မပြောနိုင်သော်လည်း မည်သူနိုင်သည်ဖြစ်စေ တဦးဦး၏ အောင်နိုင်မှုသည် ကမ္ဘာ့အခြေကို တမျိုးတမည်ပြောင်းလဲစေလိမ့်မည်။

အင်္ဂလန်၊ အမေရိကန်၊ ပြင်သစ်နှင့် ဂျပန်တို့၌လည်း အရင်းရှင်စံနစ်မှာ ပျက်စီးတိမ်ကောတော့မည့်ခေတ်သို့ ရောက်လာခဲ့ပြီဖြစ်ရာ ခေတ်ပြောင်း တော်လှန်ရေး စိတ်ဓါတ်များ ရင့်သန်နေကြသော အလုပ်သမားများကို အကြမ်းပတမ်း နှိပ်ကွပ်ကြရန်နှင့် မိမိတို့စံနစ်ကို ဆက်လက်တည်တန့်နိုင်ကြဲစေရန်အတွက်.... ဒီမိုကရေစီကျ နည်းစံနစ်အစား ဖက်ဆစ်နည်း စံနစ်များကို တစတစ တိုးတက်သုံးစွဲလာကြသည်ကို တွေ့ရှိနေရပေသည်။

အင်္ဂလန်ပြည် လက်ရှိအမျိုးသားအစိုးရသည် တိုင်းသူပြည်သားအတွက် သေရေးရှင်ရေးတမျှ အလွန်အရေးကြီးနေသော တိုင်းပြည်ရေးရာ ကိစ္စများကိုပင် လွှတ်တော်ကို မတိုင်ပင်ဘဲ ထင်ရာလုပ်ခဲ့လေသည်။ မကြာမီက ဖြစ်ပွားခဲ့သော ဇက်ကိုဇလိုဗေကီးယားကိစ္စ၌ တိုင်းပြည်နှင့်ဆန့်ကျင်ကာ ထိုတိုင်းပြည်ကလေးကို ဟစ်တလာလက်သို့....ဝကွက်၍အပ်ခဲ့လေသည်။

၁၉၃၁-ခုနှစ် ဂျပန်သည် မန်ချူးရီးယားကို သိမ်းပိုက်လိုက်ရာ၌ ယခုအစိုးရပင် အတိအလင်း ဖက်ဆစ်စံနစ်နှင့် အနီးဆုံးဖြစ်သော ဂျပန်ကို အတိအလင်း အားပေး အားမြှောက်လုပ်ခဲ့လေသည်။

၁၉၃၅-ခုနှစ် အီတလီသည် အဘီစီနီယာကို တိုက်ခိုက်သိမ်းယူရာ၌လည်း ယခုအစိုးရပင် အီတလီကို ဖိနှိပ်ပေးရမည့်အစား အားပေးကူညီခဲ့လေသည်။ လွန်ခဲ့သော (၁၉၃၉-ဇန္နဝါရီလ) အတွင်းက နေရှယ်နယ် အစိုးရ နိုင်ငံဝန် ဟယ်လီဖက်



(Holifox)သည် ဖက်ဆစ်အီတလီသို့ ကိုယ်တိုင်သွားရောက်ကာ မူဆိုလီနီနှင့် အဆက်အသွယ် လုပ်ခဲ့လေသည်။

ဗြိတိသျှအင်ပါယာအတွင်း အာဖရိက၊ တောင်ပိုင်းအမေရိက မြန်မာပြည် အိန္ဒိယ ပြည်တွင်တို့ အလုပ် သမား များ ဆူပူလှုပ်ရှားကြသည်ကို အတင်းမတရား နှိပ်ကွပ်ကြကာ.... အလုပ်သမားများ၏ ခေါင်းဆောင်များကိုလည်း.... အရမ်းကာယော ဘမ်းဆီးထောင်ချကြလေသည်။

တဖြည်းဖြည်း အတင့်ရဲသထက်ရဲလာ သောဖက်ဆစ်စံနစ်ကို အတိုက်အခံ မပြုကြဘဲ လက်လျော့ အရှုံးပေးနေကြသော အင်္ဂလန်၊ ပြင်သစ် စသည့် အများပြည်သူအလိုကျ နိုင်ငံများနှင့် ပတ်သက်၍ အိန္ဒိယပြည် ကွန်ဂရက် ခေါင်းဆောင် ဂျဝါဟာလာ နေရူးက အပ္ပလန်ပြည်၏ ဆုတ်ယုတ်လာသော "ဒီမိုကရေစီ" ခေါင်းစဉ်တပ်၍ ဤသို့ရေးသားထားလေသည်။

ဒီမိုကရေစီ လွှမ်းမိုးနေသော နိုင်ငံများရှိ ခေတ်နောက်ပြန်ဆွဲ အစိုးရများသည် ဆုံးရှုံးမှုထက် အောင်မြင်မှုကိုကြုံကျစိုးရိမ်ကြရလေသည်၊ အောင်နိုင်မှုမှာ အခြားမဟုတ် ဖက်ဆစ်စံနစ်အပေါ် ဒီမိုကရေစီ၏ အောင်ပွဲမှုဖြစ်၍ ဆုံးရှုံးမှုမှာ ဖက်ဆစ်စံနစ်ကို ဒီမိုကရေစီက အရှုံးပေးခြင်းပင် ဖြစ်လေသည်။ ဒီမိုကရေစီ ပျက်စီးဆုံးရှုံးကာ ဖက်ဆစ်စံနစ် တန်ခိုးကြီးနိုင်မှုကို အထက်ပါ အစိုးရများက အလိုရှိကြလေသည်။ မည်သည့်နည်းနှင့်ဖြစ်စေ၊ ဖက်ဆစ်စံနစ်ကို ဥရောပတိုက်၌ လွှမ်းမိုးနေအောင်တတ်နိုင်သမျှ ကြိုးစားနေကြလေသည်။

အမေရိကန်ပြည်၌ အရင်းစံနစ်ကို တည်တန့်စေရန်အတွက် သမ္မတရုဘဲ (Rodsevelf)သည် (New Deal) ခေါ်သော ဖက်ဆစ်ဆန်ဆန် စီးပွားရေးစံနစ်ကို တည်ထွင်ထားလေသည်။

လက်ရှိ ဒီမိုကရေစီနိုင်ငံများတွင် ဖက်ဆစ်စံနစ်နှင့် အနီးကပ်ဆုံးနိုင်ငံမှာ ဂျပန်ပင်ဖြစ်လေသည်။ ဂျပန်ပြည်၌ ပြည်သူ့လွှတ်တော် ရှိသော်လည်း အစိုးရအာဏာအစစ်မှာ... အရင်းရှင်ကြီးများ၏ ကြေးစားကြီးများဖြစ်ကြသော စစ်ဗိုလ်ကြီးများ လက်ထဲတွင်လုံးဝတည်ရှိနေ၍တိုင်းပြည်တခုလုံး၏သေရေးရှင်ရေး ပြဿနာများကို သူတို့သာထင်သလို လုပ်နေကြလေသည်။ တရုပ်ပြည်ကို နယ်ချဲ့ခြင်းမှာ ဂျပန်ဆင်းရဲသားများ၏ အလိုကျမဟုတ်ဘဲ လက်တဆုပ်စာမျှသာရှိသော အရင်းရှင်များ၏ ဆန္ဒဖြစ်လေသည်။

၎င်းပြင် ဂျပန်သည် ဖက်ဆစ်နိုင်ငံများ ဖြစ်ကြသော.... ဂျာမဏီ အီတလီတို့နှင့် ရင်းနှီးစွာ ဆက်သွယ်နေကြလေသည်။မကြင်သေးမီက ဂျပန်နန်းရင်းဝန် ကိုနိုရေး မင်းသားကြီးက တရုပ်ပြည်နှင့်ပတ်သက်၍ ပြောဆိုရာ၌ ဂျာမဏီနှင့် အီတလီတို့သည် ဂျပန်၏ တရုပ်ပြည်အပေါ် ပြုမူပုံကို ကူညီထောက်ပံ့ကြသဖြင့် သူတို့ကို ကျေးဇူးတင်ပါကြောင်း ကျွန်ုပ်တို့သည် ဂျာမဏီ အီတလီတို့နှင့်ပူးပေါင်းကြကာ ကမ္ဘာသစ်ကို တည်ထောင်ကြပေအံ့ဟု အတိအလင်း ပြောခဲ့လေသည်။* ဂျပန်နန်းရင်းဝန်

* ၁၉၃၈ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့ထုတ် ဘုလတင်သတင်းစာမှ။



ပြောသော ကမ္ဘာသစ်မှာ တခြားမဟုတ်၊ ဖက်ဆစ်စံနစ်ကို ဆိုလိုပေသည်။ ဂျပန်နန်းရင်းဝန်သည် ကမ္ဘာသစ်ကို တည်ထောင်ကြပေအံ့ဟူသော စကားအစား ဖက်ဆစ်စံနစ်ဖြင့် ကမ္ဘာကို ဖြိုဖျက်ကြပေအံ့ဟူသော စကားကို သုံးလျှင် ပိုမို၍.... မှန်ကန်သင့်လျော်ပေလိမ့်မည်။

# (ဃ) ဖက်ဆစ်စံနစ်နှင့် ခေတ်ပြောင်း တော်လှန်ရေး

ဂျာမဏီနှင့် အီတလီတို့၌စတင် ပေါ်ပေါက် လာခဲ့သော ဖက်ဆစ်စံနစ်သည် တဖြည်းဖြည်း ကမ္ဘာတခုလုံးကိုလွှမ်းမိုးလျှက်လာနေသည်ကို ကျွန်ုပ်တို့သိခဲ့ကြရပြီး ဖက်ဆစ်စံနစ်ကို မည်သို့သုတ်သင်ကြမည်နည်း၊ ဖက်ဆစ်စံနစ်နှင့် ခေတ်ပြောင်း တော်လှန်ရေးကိုကား မည်သို့ ဆက်သွယ်နေကြလေသနည်း။

ဖက်ဆစ်စံနစ်၏ မူလသဘောကို ပြန်၍စစ်ဆေး၍ ကြည့်ကြဦးစို့၊ ဖက်ဆစ်စံနစ်ကား အရင်းရှင်စံနစ် ပျက်စီးတိမ်ကောတော့မည့်ခေတ်၊ အရင်းရှင်စံနစ် ဖြိုဖျက်ကြကာ... ဘုံစံနစ်ကို တည်ထောင်မည်ဖြစ်သော ခေတ်ပြောင်းတော်လှန်ရေး အရေးတော်ပုံကြီးများ ထကြွ ကြ သည့် ခေတ်၌ ပေါ်ပေါက်လာသောစံနစ်ပင်ဖြစ်ပေသည်။ ဤခေတ်၌ အရင်းရှင် စံနစ်သည်



မိမိ ၏ တည်တံ့မှုအတွက်.... ယခင်က အသုံးပြုခဲ့သော နည်းဟောင်း လမ်းဟောင်းများနှင့် မလုံလောက် မသင့်လျော်တော့သဖြင့် အလုပ်သမား အစည်းအရုံးများကို နှိပ်ကွပ်ရန်နှင့် မိမိထင်သလို အရမ်းမဲ့ သွေးစုတ်နိုင်မည့် စီးပွားရေး အဆောက်အဦးကို တည်ဆောက်ရန်အတွက်.... နည်းသစ် လမ်းသစ်များကို အသုံးပြုလာရလေတော့သည်။ ပထမနည်းဟောင်းကား ဒီမိုကရေစီအုပ်ချုပ်နည်းဖြစ်၏။ ဒုတိယနည်းသစ်ကား.... ဖက်ဆစ် အာဏာရှင် အုပ်ချုပ်နည်းဖြစ်လေသည်။

တဖန် ဖက်ဆစ်စံနစ်ကားခေတ်ပြောင်းတော်လှန်ရေး အလုပ်သမားအရေးတော်ပုံကြီးများပေါ်ပေါက် လာရန်အတွက် အခြေအနေ ပြည့်စုံလုံလောက်နေသော ဥရောပတိုက်နိုင်ငံများ၌ ပြော့ညံ့ညံ့နိုင်လှသောပုပ်ပြင်ရေး သမားများ၏ခေါင်းဆောင် မှုကြောင့် နှောင့်နှေး ကြံ့ကြာသွားကြရသော အလုပ်သမား အရေးတော်ပုံကြီးများကို အကြောင်းပြု၍ ပေါ်ပေါက်လာလေသည်။ ဖက်ဆစ်စံနစ်ကား အလုပ်သမား အရေးတော်ပုံကြီးများကို ခေါင်းဆောင်ကြသော လက်သည်များ မကောင်းကြသဖြင့် ကလေးအရှင်တည်းဟူသော ဘုံစံနစ်ကို မမွေးဖွါးနိုင်ဘဲ သွားလျော့ကာ ကျရရှာသော ကလေး အသေကလေးပင် ဖြစ်လေတော့သည်။

ဖတ်ဆစ်စံနစ် အောင်မြင်ထ,မြောက်သဖြင့် အရင်းရှင်စံနစ်သည် ပိုမိုအားပြည့် လာသလော၊ ပိုမိုအခြေခိုင်မြဲလာသလော ဤသို့ယူဆခဲ့လျှင် ဤယူဆချက်ထက်မှားသော အရာမရှိနိုင်တော့ချေ။ အရင်းရှင်စံနစ်ကြောင့်လူတွေမှာ ဆင်းရဲကြရ၏။ အရင်းရှင်နှင့်ဆင်းရဲသားဟူ၍ လူအဆင့်အတန်း ကွဲပြားလာကြရ၏။ လူအ

သခင်၏ဆင်းရဲမှု အပေါ်တွင်အခြေတည်ကာ နေရှင်စံနစ်သည် အားကောင်းလာရ၏။ သို့သော် မိမိအားကောင်းရန်အတွက် လူတွေကိုဆင်းရဲအောင် လုပ်သောအရင်းရှင်မှာ လူတွေဆင်းရဲသထက်ဆင်းရဲ မွဲသထက်မွဲလာလေလေ အားအင်ပျက်စီးလာလေလေ ဖြစ်လာကြရလေသည်။ အကြောင်းသော်ကား လူတွေမှာအလွန်မွဲလာကြသဖြင့်အရင်းရှင်များ လုပ်သောလူသုံးပစ္စည်းကုန်စည်များကိုမဝယ်နိုင်ကြ၊မဝယ်နိုင်ကြ၍ကုန်စည်များ မရောင်းကြရသဖြင့် အရင်းရှင်များမှာအမြတ်အစွန်း မရကြချေ။ (အရင်းရှင်စံနစ်အရ လူသုံးပစ္စည်းဖြန့်ဝေကြပုံ အခန်းကိုပြန်၍ကြည့်ပါ။

ဖက်ဆစ်စံနစ်လက်အောက်၌ လူများမှာလူအဖြစ်နှင့် အစွမ်းကုန် ဆင်းရဲကြ၍ နေကြလေရာ၊ အရင်းရှင် စံနစ်မှာလည်း အင်အား အချိနဲ့ ဆုံးဖြစ်လာကာ အသက်ထွက်ရန် အချိန်စောင့်နေရင်းအသက်ငင်၍ နေလေတော့သည်။ ယခင်က လူတတန်းစားနှင့် အတန်းစား (အရင်းရှင်နှင့်ဆင်းရဲသား) ပဋိပက္ခဖြစ်မှု။ ကုန်စည်များကိုလူအမြောက်အမြားကလုပ်မှုနှင့် ရရှိသည့်အကျိုးကိုကုန်မလုပ်သော လူနည်းစုကခံစားမှုပဋိပက္ခတို့မှာ ဓါတ်ပုံငယ်ကိုပုံကြီးချဲ့လိုက်သကဲ့သို့ ဖက်ဆစ်စံနစ်လက်အောက်၌ အရင်းရှင်စံနစ်အရ မဖြည့်စွမ်းနိုင်အောင်ကြီးမား၍လာလေသည်။

ကမ္ဘာစစ်ကြီးပြီးသည်မှစ၍ နောက် ၁၅-နှစ်ခန့်အတွင်း အရင်းရှင်စံနစ်သည် ခေတ်ပြောင်းတော်လှန်ရေးကို အတိုက်အခံလုပ်ကာ အရင်းရှင်စံနစ်ကို အထင်ကြီး နေကြသော ဆိုရှယ်ဒီမိုကရေစီကို လက်ကိုင်ပြုကြကာအလုပ်သမားများနှင့်တကွ အလုပ်သမားအရေးတော်ပုံကြီးကိုတားဆီးကာတွယ်ထားကြလေသည်။



အလုပ်သမား ခေါင်းဆောင်များဖြစ်ကြသော ဆိုရှယ်ဒီမိုကရက်များကို ဝန်ကြီးချုပ်ရာတူးများ ပေးကြကာ အစိုးရအတွင်းသို့ တင်သွင်းခဲ့၍ အလုပ်သမားများကိုလည်း အခကြေးငွေတိုးပေးကြခြင်း။ အလုပ်သမားများကို လျော်ကြေးငွေပေးကြဘို့ ဥပဒေလုပ်ပေးကြခြင်းစသောပျားရည်ဖြင့် ဝမ်းချပေးခဲ့ကြလေသည်။ သို့သော် ဤပျားရည်ဖြင့်ပင် အလုပ်သမားများကို ကြာရှည်ဝမ်းမချနိုင်ကြချေ။ အရင်းရှင်စံနစ်သည် စီးပွားရေး အခြေယိုင်လာလေလေအလုပ်သမားများကို ခပ်နှာနှာညှင်းရလေလေ ဖြစ်လာလေတော့သည်။ ထိုအခါ အလုပ်သမား ဆင်းရဲသားများမှာ အရင်းရှင်စံနစ်၏ အဖြစ်စံနစ်မှုမှန်ကိုသိလာကြလေသည်။ မိမိတို့၏ ခေါင်းဆောင်များ ဖြစ်ကြသော ဆိုရှယ်ဒီမိုကရက်များကိုလည်း အယုံအကြည် ကင်းမဲ့လာကြကာ အရေးတော်ပုံထကြမှ မိမိတို့ လက်ငင်းခံစားနေကြရသော ဒုက္ခကို ဖြေဖျောက်နိုင်ကြမည်ဟု သိရှိလာကြလေသည်။

သို့သော်ရန်သူလက်ချက်ကား ဦးနေနှင့်လေပြီ။ အရင်းရှင်ကြီးများက အလုပ်သမားကို မညှာမတာ ဖိသထက်ဖိနေမှုအလုပ်သမားများမှာ စည်းရုံးမှုမရှိ။ အရေးတော်ပုံဖြင့် သူပုန်ထကြရန် အားမကောင်း ဖြစ်နေကြလေသည်။ အမြင်မှန်မြင်လာကြသောအလုပ်သမားများကို သွေးစည်းဘို့အချိန်မရမီပင် ဖက်ဆစ်စံနစ်သည် အလုပ်သမား များကို ဇက်ခွစီး ထားကြ လေတော့သည်။

အတည်တကျ မရှိဘဲ ဆွဲရာပါသော လူလတ်ကန်းစားများမှာလည်းဆိုရှယ်ဒီမိုကရက်များ၏ညံ့ဖျင်းမှုကြောင့် အလုပ်သမားများဘက်သို့ ပါမလာကြဘဲ အရင်းရှင်ကြီးများ၏ လိုရာ

သုံးလက်ကိုင်တုတ် ဖြစ်သွားကြလေသည်။

အရင်းရှင် စံနစ်သည် ယခင်ကလို စစ်တပ် အကူအညီ လောက်ဖြင့် မတည်တန့်နိုင်။ ပြည်သူလူထု၏ ထောက်ပံ့မှုများကို လိုလာလေသည်။ သို့သော် လူများကို သွေးဆောင်ရန်အတွက် အရင်းရှင်စံနစ်၏ ပကတိ ပုံသဏ္ဍာန်ဖြင့် မရနိုင်တော့လောက် အောင်ဖြစ်လာလေရာ၊ ဘုံဝါဒ အဝတ်အစားများကို ဝတ်ဆင် ပြကြရလေသည်။ အရင်းရှင်များကလည်း ဘုံဝါဒ ဆိုသော စကားလုံးများကို လူကြိုက်များ လာအောင် တွင်တွင် သုံးကြ လေသည်။

ဂျာမနီအရင်းရှင်ကြီးများက မွေးစားထားသော နေရှင် နယ်လစ်ပါတီမှာ မဲဆန္ဒနှစ်သန်းသာရနေရာမှ နေရှင်နယ်ဆိုရှယ် လစ်ပါတီဟူ၍ ဆိုရှယ်လစ် ဘုံဝါဒဟူသော စကားလုံးကလေး များကိုထပ်တိုးလိုက်သောအခါ မဲ ၁၃-သန်းအထိ ရရှိလာလေ တော့သည်။ ရွေးကောက်ပွဲအချိန်တိုင်း ထိုအသင်းက "အရင်းရှင် စံနစ် ပျက်စီးပါစေ"၊ "ဘဏ်များကို ဘုံပစ္စည်း လုပ်ရမည်" "အရင်းရှင်ကြီးများ၏လုပ်ငန်းများကိုဘုံပစ္စည်းလုပ်ပစ်ရမည်" ဟု လက်သီး လက်မောင်း တန်းကြကာ တအားကြွေးကြော်ကြ လေသည်။

အရင်းရှင်စံနစ်သည်ဒီမိုကရေကို ခုတုံးပြုလုပ်၍ ဖက်ဆစ် စံနစ်သို့ လှမ်းတက် လာလေသည်။ ဒီမိုကရေစီ အုပ်ချုပ်ရေး နည်းဖြင့် အလုပ်သမား များကို တစတစနှိမ်နင်းလာလေသည်။ ဒီမိုကရေစီကို ဘမ်းပြကြကာ အလုပ်သမားများနှင့်တကွ ခေါင်း ဆောင်များကို ဆွယ်ယူကြလေသည်။ ဒီမိုကရေစီဖြင့် အလုပ် သမားများကို လမ်းမှားများသို့ ပို့ပြီးကြ၍ ၎င်းတို့မည်သို့မျှ



မတတ်နိုင်လောက်မှ ဒီမိုကရေစီကို စွန့်ပစ်လိုက်ကြကာ၊ နောက် ဖက်ဆစ် အာဏာရှင်စံနစ်ဖြင့် အုပ်ချုပ်သော နည်းကို အသုံးပြု လိုက်ကြလေသည်။

ထို့ကြောင့် ဖက်ဆစ်စံနစ်ကို ကြောက်၍ ဒီမိုကရေစီကို အားမကိုးလေနှင့်၊ ဖက်ဆစ်စံနစ်ကိုမွေးထုတ်ပေးသူမှာဒီမိုကရေစီ ပင်ဖြစ်ပေသည်။ ဖက်ဆစ်စံနစ်ထက် သာသည်ဟု ဒီမိုကရေစီကို တွယ်တာထားကြသူများမှာ နောက်ဆုံးဒီမိုကရေစီပင် ဖက်ဆစ် များလက်သို့ ထိုးအပ်ပေးလိုက်ခြင်းကို ခံကြရလေသည်။

ဖက်ဆစ်စံနစ် (ပျက်စီး တိမ်ကောအံ့သော အရင်းရှင် စံနစ်)ကို ဖြိုဖျက်ရန်အတွက် အလုပ်သမားများသည် အရင်းရှင် များ၏ သွေးစုပ်ကြခြင်းကိုခံကြရသော ဆင်းရဲသားအားလုံးကို ရှေ့ဆောင် ပေါင်းစည်းကြရပေမည်။ အလုပ်သမားများအား ကောင်းလျှင် ယိမ်းယိုင်နေသော လူလတ်တန်းစား များသည် အလုပ်သမားများဘက်သို့ အလိုလိုပြိုလဲလာကြပေမည်။

ဆင်းရဲသားအားလုံး စည်းရုံးမိကြလျှင်အခါကို စောင့် ကြကာ အခွင့်အရေးရအောင် ယူတတ်ကြ၏။ အရေးတော်ပုံ၏ ခရီးအဆုံးမှာအရင်းရှင်စံနစ်ကိုအမြစ်ပါမကျန်အောင် သုတ်သင် ရေးဖြစ်ရာ ခရီးအဆုံးမရောက်မီလမ်းခုလပ်၌ အရင်းရှင်များက ချော့ကြမည်ကိုပြော့ပါမသွားရ။ အီတလီအတွင်းရေး အရေး တော်ပုံ အောင်လူဆဲ တဲတဲကလေးသို့ ရောက်ရှိနေမှ အရင်းရှင် များ၏ဆွဲဆောင်ရာသို့ပါသွားကြသော ခေါင်းဆောင်ညံ့များ ကြောင့် အရေးတော်ပုံကြီးမှာ မရှုမလှ ပျက်စီးမြိုကွဲသွားရကာ ဖက်ဆစ်စံနစ် ငင်လာသည်ကို ကျွန်ုပ်တို့ သိရှိခဲ့ကြရပြီး မဟုတ် ပါလော။

အရေးတော်ပုံ ထမြောက်အောင်မြင်ရန်အတွက် ခေါင်းဆောင်ကောင်းဘို့ အထူးအရေးကြီးလှပေသည်။ ခေါင်းဆောင်များသည် အရင်းရှင်များက ချော့လျှင် ပါသွားသူမျိုးမဟုတ်ကြရဘဲ၊ ခေတ်ပြောင်း တော်လှန်ရေး လမ်းကြောင်း အတိုင်း တသွေမတိမ်း လုပ်သူများသာ ဖြစ်ကြရပေမည်။ အီတလီနှင့် ဂျာမနီ များတို့တွင် ခေါင်းဆောင်များ သစ္စာဖေါက်လိုက်ကြသဖြင့် အလုပ်သမားများမှာ မည်မျှနစ်နာခဲ့ကြရသည်ကို သတိရကြစေသတည်း။

# နိဂုံး

ဓနရှင် လောကဟူ၍ ... စာအုပ် တအုပ် ဖြစ်ပေါ်လာပုံ အတ္ထုပ္ပတ္တိကို ပြန်လည်၍.... ဆင်ခြင် သုံးသပ်ကြည့်တိုင်း စာအုပ်ကို ခြံရံပတ်ဝိုင်းနေကြသော တွေ့ကြုံခဲ့ပြီး အဖြစ်အပျက်ကလေးများကို ပုလဲစေ့ သီသကဲ့သို့ အစီအရီတတန်ကြီး တွေးတောသတိရမိရာ၌ စာရေးသူ၏ စိတ်တွင် နှစ်သက်ကြေနပ်ခြင်း တမျိုးဖြင့် ကြေနပ်နှစ်သက်မိပေသည်။

စာအုပ်ရေးသားတုံးက အချိန်မှာ၊ နှင်းတွေတဝေဝေနှင့် အလွန်ချမ်း၍ ကောင်းသော ပြာသိုဆန်းစဖြစ်၍ စာရေးသူမှာလည်း မြင့်မားသော တောင်နံရံကြီး၏ ဟိုမှာဘက်ရှိ သာမန်လူတို့အတွက်....အိမ်မက်ထဲက တိုင်းပြည်ကဲ့သို့ ရောက်ဘူး ပေါက်

ဘူးခြင်း အလျဉ်းမရှိသော လူထူးလူဆန်းတမျိုးတို့ နေထိုင်ရာဒေသတွင် အကျဉ်းသမားဘဝနှင့် ဖြစ်လေသည်။ အပြင်ဘက်တွင်ကား ဗိုလ်အောင်ကျော်၏ အသုဘပြီးစ ကျောင်းသားအရေးတော်ပုံမှာ အရှိန်တက်၍ ကောင်းတုံးဖြစ်လေသည်။

မိမိနှင့်တကွ တလှေထဲစီး ဖြစ်ကြသော ဘဆွေကြီး၊ သခင်စိုး၊ သခင်ထိန်ဝင်းစသည့် ရဲဘော်များသည် မကွေးတောင်ထောင်မှ အကျဉ်းသမားဘဝဖြင့် အင်းစိန်ထောင်သို့.... ရောက်စလောက်တွင် အပြင်ဘက်မှ ကိုလှရွှေ၊ ကိုသိန်းအောင်၊ ကိုထွန်းရှိန်ကိုစိုးမောင်စသည့် ကျောင်းသားရဲဘော်များ လာရောက်တွေ့ဆုံကြသည်။ ။ သူတို့ကိုကြည့်ရသည်မှာ ခြောင်နာနာ ချိနဲ့နဲ့ အအိပ်မမှန် အစားပျက်ဖြစ်ကာ အလွန်ပင်ပမ်း နွမ်းနယ်နေကြပုံရသည်။

ဟိုအခါက၊ မိမိနှင့် ခေါင်းချင်းဆိုင်ကာ ကျောင်းသားအရေးအတွက် နေ့မအား၊ ညမအား အိပ်အတူ စားအမျှ လုပ်ကိုင် ဆောင်ရွက်လာကြသော ရဲဘော်များမှာ.... ပြင်ဘက်ထွင်ဒုက္ခအမျိုးမျိုးခံကာ အလွန်အလုပ်များနေစဉ် မိမိတို့မှာ ထောင်ထဲထွင် အိပ်ခါစားခါဖြင့်အချိန်ဖြုံးရမည်မှာ အလွန်မသင့်တော်လှသဖြင့်မိမိတို့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကာ ရဲဘော်များလုပ်ငန်းကိုအကူအညီမပေးနိုင်စေကာမူအကျဉ်းသမားဘဝတွင်ရသမျှသောအခွင့်အရေး ကလေးများကို စစ် စစ် စီစီ အသုံးချကာ တနည်းတလမ်းအားဖြင့် အကူအညီပေးကြမည်ဟု စဉ်းစားမိကြလေသည်။

○ ○ ○



ကျွန်နိုင်ငံရှိ အကျဉ်းထောင်အတွင်း လွတ်လပ်မှုအရောင်မသန်းသော အကျဉ်းသမားဘဝတွင် စာပေရေးသားပြုစုရခြင်း၌ အနှောက်အယှက် အခက်အခဲအမျိုးမျိုးတို့ကို ကျော်လွှားရလေသည်။

အကျဉ်းထောင်ဥပဒေအတိုင်းသာ အသားတကျလိုက်နာနေထိုင်ရမည်ဆိုလျှင် လေကောင်းကောင်းမရသော အခန်းငယ်တွင် ပိတ်လှောင်ထားခြင်းခံရသူလို အသက်ပင်မှန်မှန်ရှူနိုင်စရာလမ်းမရှိပေ။ ထောင်ထဲတွင် ကိုယ်ကြိုက်ရာစာအုပ်ကို ကြည့်ချင်တိုင်း မကြည့်ရ၊ စာရေးဘို့ဆိုလျှင် စာရွက်၊ ကလောင်တန်၊ မှင်အိုး ကိုပင်မထားရ။ ထို့ကြောင့် အပြင်ဘက်မှ ကြံဖန်ကာသွင်းရသမျှ စာအုပ်များကို ခိုးကြောင်ခိုးဝှက်ဘတ်ရသည်။ တိတ်တိတ်ပုံး သွင်းယူရသောစာရွက် ကလောင်တန်ဖြင့် ချောင်ကောင်းကောင်းတွင် ကုတ်၍စာရေးရသည်။

သို့သော် မျက်စေ့နှစ်လုံးပွင့်ချိန်ကစ၍ ညအိပ်ရာဝင်အထိ မိနစ်တိုင်း၊ စက္ကန့်တိုင်း မြင်တွေ့နေရသော သံခြေကျင်း တချင်ချင်နှင့် ဝဋ်ခံနေကြရသည့် အကျဉ်းသမားများ၊ အနှစ်နှစ်အလလ က မိုးလေဒဏ်ကြောင့် မဲ့ညစ်ညစ် အဆင်းပျက်နေသာ အုတ်နံရံကြီးများ၊ နီညို့ညို့ဆေးရောင်သုတ်ထားသောအကျဉ်းတိုက်ကြီးများစသည့် စိတ်မချမ်းသာဘွယ်ရာ အမင်္ဂလာသဏ္ဍာန်တို့ကို ဖျောက်ဖျက်ကျော်လွှမ်းကာ စာဘတ်ခြင်း၊ စာရေးခြင်း၊ အတွေးလောက၌ မိမိစိတ်ကိုလွှမ်းထားခြင်းဖြင့် စိတ်ချမ်းသာမှုသုခကို ရရှိခံစားရပေရာ ခိုးကြောင်ခိုးပုက်ဖြင့်စာရေးရခြင်းပင်လျှင် ပျော်စရာအလုပ်တခုကဲ့သို့ မှတ်ထင်ရလေသည်။

"မနေရှင်လောက" စာအုပ်ကို ကျွန်တော်ရေးသည်ဟုဆိုရ

သော်လည်း စာပိုဒ်တိုင်းတွင် သခင်စိုး၏ အယူအဆ အကြံဉာဏ်များ အတော်ပါနေလေသည်။ အဘယ့်ကြောင့်ဆိုသော်စာရေးရာ၌ ကျွန်တော်နှင့်သခင်စိုးတို့မှာ အမြဲပူးတွဲတိုင်ပင်၍ ရေးကြသည်။ ကျွန်တော် စာတပိုဒ်ရေးပြီးလျှင်သူ့ကိုပြကာ အကြံဉာဏ်တောင်းသည်။ သူက သူ့ထင်မြင်ချက်ကိုပြောသည်။ ကျွန်တော့်ယူဆချက်နှင့် မကိုက်သေးလျှင် တယောက်သဘောကို တယောက ရှင်းခြင်းဖြင့် အယူအဆကိုက်ညီအောင် လုပ်ကြရသည်။ နှစ်ဦးနှစ်ဝ ကြေနပ်နှစ်သက်မှ နောက်စာပိုဒ်ကိုဆက်၍ ရေးသည်။ စင်စစ်အားဖြင့် ကျွန်တော့်စာအုပ်နှင့် သခင်စိုး၏ စာအုပ် ၂-ခုစလုံးမှာ ကျွန်တော်တို့ ၂-ဦး၏ထင်မြင်ယူဆချက်များ စုဆောင်းထားခြင်းပင် ဖြစ်သည်ဟု ဆိုနိုင်လေသည်။

စာရေးသားရာ၌ စိတ်ကူးဉာဏ်အမြှင်တန်းနေစဉ် ဆက်တိုက်တွန်း၍ မရေးသားနိုင်ဘဲ ပြတ်တောင်း ပြတ်တောင်း ရပ်လိုက်၊ ဆက်ရေးလိုက်နှင့် လုပ်ရသည်မှာ စာရေးသူတွင် မည်မျှအရသာပျက်သည်ကို စာရေးဘူးသူတိုင်း ကိုယ်တွေ့ဖြစ်ပေလိမ့်မည်။

အခါများစွာ ထောင်မှူးနှင့်ဂျမဒါများသည် ရတ်တရက် အချက်မပေးဘဲ 'တလာစီ' တတ်၏။ *သို့မဟုတ် ထောင်ပိုင်ကြီးသည် အရေးကြီးသော အကြောင်း တခုခုကြောင့် အလျှင်တင်ကြို အကြောင်းမကြားဘဲ ထောင်တဲသို့ဝင်လာတတ်၏။ ဂျမ

---

* တလာစီခြင်းဆိုသည်မှာ ထောင့်ဝေါဟာရ၊ ထောင်သုံးစကားဖြစ်၍ထောင်ဥပဒေကခွင့်မပြုသော ပစ္စည်းများကိုဘမ်းဆီးခြင်းပင် ဖြစ်သည်။



ဒါတွေ တလာစီနေတယ်ဆိုလျှင် စိတ်ကူး ကောင်းကောင်းနှင့် စာရေး၍ အရသာရှိနေစဉ်မှာပင် ကမန်းကတန်း နီးရာချောင်ကြိုချောင်ကြားတွင် စက္ကူ-မှင်တန်-စာအုပ်အုပ်များကို ဖွက်လိုက်ကြရ၏။ ထောင်ပိုင်ကြီးထောင်တဲ ရောက်နေပြီဟု ကြားလိုက်လျှင်လည်း စာရေးကြိယာများကို ခါးထဲညှပ်- လုံချည်ထဲသွင်းလုပ်ခါ လွတ်ရာသို့ သုတ်ချီတင်ကြရ၏။ တခါတရံ သပ်သပ်ရပ်ရပ် စိတ်ကူးမိထားသော အချက်အလက်ကလေးများမှာ ပြေးရင်း လွှားရင်းနှင့် ဦးနှောက်မှလွင့်ထွက် ကုန်ကြသဖြင့် နောက်တနေရာတွင် အသားတကျ ရေးသားရန် ကလောင် ကိုင်လိုက်သော အခါတွင် ယခင် စိတ်ကူးမိထားသော အချက်အလက်ကလေးများကို ခေါင်းပူအောင်ပြန်၍တွေးယူသော်လည်း ပေါ်မလာတော့ပေ။

ဤအသဲတွင် ထောင်အရာရှိများနှင့် အကြောင်းအမျိုးမျိုးကြောင့် ခဏခဏ ရန်ဖြစ်ရ၏။ ကျွန်တော်တို့လူစုကား စာဘတ်သူကဘတ်၊ စာရေးသူကရေးနှင့် ဧလေ့လူလူနေလိုကြသူချည်းသာ ဖြစ်၏။ သို့သော် ထောင်ဥပဒေအတွင်း၊ ပိုင်နက်အတွင်း ဝင်မိသည်နှင့်တပြိုင်နက် ဧလေ့လူလူနေချင်၍မရ၊ ဧလေ့လူလူနေမိလျှင် အဘက်ဘက်က နှံအနှိမ့်ကိုခံကြရလေသည်။

ထောင်ထဲတွင် အကျဉ်းသမားတဦးမှာ တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍ မသိမသာသော်၎င်း အမြဲ အညှင်းခံနေရလေသည်။ ဥပမာ အင်္ဂါနေ့တိုင်းထောင်ပိုင်လာလျှင် အကျဉ်းသမားများမှာ မိမိတို့နံပတ်ကပ်ပြားများကို လက်နှစ်ဘက်ဖြင့်ကိုင်ကာ တန်းစီ၍အရိုအသေပေးကြရ၏။ ဤအပြုအမူမျိုးမှာ လူရည်ဝပြီး အကျဉ်းသမားနှင့် အထူးသဖြင့်နိုင်ငံရေးအကျဉ်းသမားများ

အတွက် ကိုယ်လိပ်ပြာ ကိုယ်ရှက်လောက်အောင် မနှစ်မျို့စရာ အပြုအမူမျိုးဖြစ်ရာ ကျွန်တော်တို့မှာ ဝင်ဝင်ချင်းဆောက်နဲ့ထွင်းဆိုသလို ထောင်ဥပဒေကို ခံ၍ပုန်ကန်ကြလေသည်။ ထိုအခါ ထောင်ထဲတွင် ပုန်ကန်သူတို့၏ သွားမြဲလမ်းဖြစ်သော အလုံတိုက်များအတွင်းသို့ ရောက်ကြရလေသည်။

ထောင်အရာရှိများက ထောင်ထဲရောက်စ လူသစ်များအား ထောင်အကြောင်းပြနည်းမျိုးဖြင့် ကျွန်တော်တို့အားညှင်းကြည့်ရာ ကျွန်တော်တို့ကလည်းအားကျမခံ ထောင် အရာရှိများကို ပြန်လည်၍နည်းပြလိုက်ကြရလေသည်။ အင်္ဂါနေ့တိုင်းတန်းစီရာတွင်လည်း ကျွန်တော်တို့ဝင်၍မစီဘဲ လုပ်ကြ၏။ ညတိုင်းဂနာရီထိုးပျှင် ဒို့ဗမာသီချင်းကိုသံပြိုင်ကုန်း၍ဟစ်ကြ၏။ သည်မျှနှင့် အားမရသေး၍ မြေနံတပ်များအလာတွင် ထောင် ခေါင်မိုးတက် အလံနီလွှင့်ကာ ထောင်နံရံ အပြင်ဘက်ရှိလမ်းမသို့ရောက်လာသူ အားလုံးကို တရားဟောလိုက်ကြသေး၏။

ထောင်အရာရှိများကလည်း သူတို့တွင်ရှိသမျှ အာဏာကို အစွမ်းကုန်သုံးကာ တိုက်တလ ပိတ်ထားလိုက်၏။ တိုက်ထဲတွင် ကျွန်တော်တို့သည် ကျွန်တော်တို့အား တိုက်ထဲက မလွှတ်မချင်း ထမင်းမစားဟုဆိုကာ အားလုံးညီညီညာညာထမင်းမစားဘဲနေကြ၏။ အတန်ကြာ၍ အလျှော့ပေးပုံ မရသေးလျှင် ရေကိုပင် မသောက်ဘဲနေကြ၏။ နောက်ဆုံးတွင် ထောင်အရာရှိ များမှာ သူတို့အား ဤမျှအနှောက်အယှက်ပေးသူများကို သေစေလိုစိတ် ရှိမည် မရှိမည်ကို မသိရသော်လည်း ဦးဝိစာရလက်သစ်ကလေး ဖြစ်မှာကို မခံနိုင်သဖြင့် ကျွန်တော်တို့အား အရှုံးပေးကြရလေသည်။



ထောင်အရာရှိများနှင့် ကျွန်တော်တို့အပြိုင်အဆိုင် ချကြရာတွင် ကျွန်တော်တို့က အမြဲတပန်းသာနေရသည့် အကြောင်းကား ကျွန်တော်တို့ကချလျှင် အသက်စွန့်ရသည်အထိ တွက်ကိန်းထရးကာ ချရ၏။ သို့ကြောင့်ပင် ထောင်ထဲတွင်သုံးလနီးပါးမျှ နေရသည့်အတောအတွင်း ကျွန်တော်တို့မှာ ထမင်းမစားဘဲနေရသည့် ဒုက္ခကို လေးကြိမ်တိုင်တိုင် ပျော်ပျော်ကြီး ခံစားကြရသလောက် ထောင်မှူးနှစ်ဆက်တိတိ လွှင့်ဆောင့် သွားကြရလေသည်။

ဤသို့ ယမ်းကုန်မီးကုန်ကြဲနေရသော တိုက်ပွဲကလေးများအတောအတွင်း ကျွန်တော်တို့မှာ စာဘတ်စာရေးအလုပ်ကို အနားပေးထားကြရလေသည်။ သခင်စိုးနှင့် ကျွန်တော်မှာစာရေးခြင်း အလုပ်ကို နားလိုက်–ဆက်ရေးလိုက်ဖြင့်အတော်ခရီးပေါက်နေစဉ် တနေ့တွင် ထောင်ပိုင်ကြီး ကိုယ်တိုင် ကျွန်တော် ရေးနေသော စာရွက်များကို လက်ပူးလက်ကြပ်မိသွားလေတော့သည်။ ကျွန်တော် မရေးရတော့သည်ဘွင် သခင်စိုးလည်း စာဆက်ရေးချင်စိတ် မရှိတော့ဘဲ ဂျမဒါများတလာစီတို့အလာတွင် စာချက်စာတန်းအားလုံးကို ထိုးအပ်လိုက်လေသည်။

ယခု "ခနရှင်လောက" စာအုပ်မှာ ကျွန်တော်စိတ်ကူးကြံစည်ထားသော စာအုပ်တွင် အပိုင်းတပိုင်းမျှသာဖြစ်၏။ ပထမကြံစည်စဉ်ကစာအုပ်ကို ပထမပိုင်း ခနရှင်စံနစ်အကြောင်း၊ ဒုတိယပိုင်း ဘုံစံနစ်အကြောင်း၊ တတိယပိုင်း ဘုံစံနစ်အရဗမာပြည်ကို မည်သို့ပြုစုပျိုးထောင်နိုင်သည်။ အကြောင်းဟူ၍ အပိုင်း၃–ပိုင်းခွဲ၍ ရေးမည်ဟုစိတ်ကူးထား၏။ ပထမပိုင်းရေးပြီး၍ ဒုတိယပိုင်းကို ၃-၄ ရွက်စရေးထားစဉ် စာရွက်များကို အသိမ်းခံရခြင်း

ဖြစ်၏။ သခင်စိုးစာအုပ်မှာလည်း တပိုင်းတစနှင့်ပင် ထောင်အရာရှိများ လက်ထဲသို့ရောက်သွားရ၏။

ထိုအခါက ကျွန်တော်မှာ သခင်စိုးကိုအတော်စေ့ါပ္ပမိခဲ့၏။ ကျွန်တော့စာရွက်များကိုလက်ပူးလက်ကြပ်မိ၍အသိမ်းခံရသည်ကိုကား ထားတော့၊ တလာစီနေရ၍ လုံလုံခြုံခြုံ ပုက်ထားလျှင် လွတ်နိုင်ပါလျက် သခင်စိုးက ၎င်း၏စာရွက်စာတမ်းများကို အလွယ်တကူ ထုတ်ပေးလိုက်ခြင်းကိုကျွန်တော်အတော်မကြေမနပ် ဖြစ်မိသည်။ ထောင်ထဲတွင် စာတအုပ်စီဖြစ်အောင်ရေးမည်ဟု ကျွန်တော်တို့အားခဲလာကြသည်။ ရသမျှ အချိန်တိုင်း လစ်သမျှ နေရာတွင် စာချည်း ကုန်းရေးခဲ့ကြသည်။ ရေးခဲ့ကြ၍အတော် အတန်ခရီးပေါက်ခါမှ ထောင်အရာရှိများကဤသို့ အနိုင်ကျင့်ကာ သိမ်းဆည်းသွားကြသည်ကို အလွန်ခံပြင်းလှသဖြင့် ကျွန်တော်တို့မှာ တိုက်ပွဲသစ်တခုကို ပြင်ဆင်ကြရ လေသည်။

ထောင်ထဲတွင် လွတ်လပ်စွာ စာရေးစာဖတ်ခွင့်ကို ကျွန်တော်တို့ကတောင်း၏။ ထောင်အရာရှိများက ထုံးစံ အတိုင်း မလိုက်လျော၊ ထိုအခါတွင် ကျွန်တော်တို့ကသုံးနေကျလက်နက်ဖြစ်သော အစာအငတ်ခံသည့်လက်နက်ကို စွဲကိုင်ကြ လေသည်။

ဤသို့ ကျွန်တော်တို့တတွေမှာ ထောင်ထဲတွင် ထောင်အရာရှိများနှင့် အပြိုင်အဆိုင်တိုက်ခိုက်၍ ကောင်းတုံး ဖြစ်သဖြင့် ပြင်ဘက် ကျောင်းသားအရေးတော်ပုံ၏ အပြောင်းအလဲကို ဂရုမစိုက်နိုင်ကြပေ။ ပြင်ဘက်တွင်ကား အစိုးရနှင့်ကျောင်းသားတို့ စစ်ပြေငြိမ်းစာချုပ်လက်မှတ်ထိုးပြီးစ ဖြစ်လေသည်။

အစာအငတ်ခံ၍ ၂-ရက်မြောက်သောနေ့တွင် ကျွန်တော်နှင့် ကိုဘဆွေ ၂-ဦး ထောင်မှလွတ်မြောက်ကြ၏။ ထောင်ဘူးဝ



တွင် ထောင်အရာရှိများမှာ မည်သို့စိတ်ဖောက်ပြန်လာသည်မသိ ယခင်ကဖမ်းဆီးထားသော သခင်စိုးနှင့်ကျွန်တော်တို့၏ စာရွက်စာတန်းများကို ချောချောချူချူပင် ထုတ်ပေးလိုက်လေသည်။

ယခုအချိန်ကှင်ကား အကျဉ်းသမားဘဝတွင် တွေ့ကြုံခံစား ခဲ့ရသော ဒုက္ခနှင့်ရောပြွမ်းနေကြသည့်အဖြစ်အပျက်ကလေးများမှာ အားလပ်ခွင့်ရတိုင်း တွေးကြည့်လျှင် စိတ်ကြည်နူးစရာကောင်းသော အဖြစ်အပျက်ကလေးများသဖွယ်သာ ဦးနှောက်တွင် စွဲကျန်နေရစ်ခဲ့လေသည်။

ထိုမှတပါး ဒုက္ခအပေါင်းတို့၏ အသီးအပွင့် ဖြစ်သော စာရွက်စာတမ်းများမှာလည်း "နေရှင်လောက" ဟူသောစာအုပ်တအုပ်အဖြစ် ရောက်ရှိနေသည်ကို ကျွန်တော်မြင်တွေ့ ရခြင်းဖြင့် ငယ်စဉ်တောင်ကျေး ကလေးအရွယ်ကစ၍ ဒုက္ခပေါင်းကိုကျော်နင်းကာ ကျေးမွေးပြုစုလာသော သားငယ်တဦးလူလားမြောက်လာသည်ကို မြင်တွေ့ရသောဘခင်၏ နှစ်သိမ့်ခြင်း၊ ကြေနပ်ခြင်းမျိုး နီးနီးဖြင့် ကြေနပ်နှစ်သိမ့်မိပါသတည်း

ရန်ကုန်မြို့။ ဘဟိန်း

၂၁-၅-၃၉



# သခင်ဗဟိန်း၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

(စစ်ကိုင်း ဟန်တင် ရေးသည်)

အရင်းရှင် စံနစ်အကြောင်းစာအုပ် မြန်မာပြည်ကျောင်းသားအရေးတော်ပုံ အကြောင်းစာအုပ်များရေးခဲ့သူ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ကြွေးကြော်သံ ပြည်သူ့အာဏာဂျာနယ် ဦးစီးစာတည်းချုပ်ဖြစ်ခဲ့သူ၊ အင်္ဂလိပ်နယ်ချဲ့ အရင်းရှင်များကို ရဲရဲ

ရင့်ရင့်ရင်ဆိုင်တိုက်ခဲ့သော ရဲဘော်ဗဟိန်းကား စစ်ကိုင်းခရိုင် အင်းဝမြို့၌ ၁၂၇၉-ခုနှစ် ဝါဆိုလဆန်း ၉-ရက် ဗုဒ္ဓဟူးနေ့တွင် အဘပွဲစားကြီး ဦးမှင် အမိ ပွဲကတော် ဒေါ်ဒေါ်ဦးတို့မှ အရင်းရှင်များနှင့် ရင်ဆိုင်ဘို့ မွေးဖွားလာခဲ့လေသည်။

ငယ်စဉ်အခါက အင်းဝမြို့ မူလတန်းကျောင်းမှ.... လေးတန်းအောင်မြင်ခဲ့ပြီး.... မန္တလေးမြို့ အမျိုးသား အထက်တန်းကျောင်း၌ အင်္ဂလိပ်မြန်မာ ဆယ်တန်းစာမေးပွဲ အောင်မြင်သည်အထိ ဆက်လက်သင်ယူခဲ့လေသည်။ အထက်တန်းကျောင်းသားအဖြစ်နှင့် နေစဉ်ကပင် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲတိုင်း ဆင်နွှဲနိုင်ကြရန် ကျောင်းသားများကို ဦးစီးခေါင်းဆောင်မှု ပေးနိုင်ခဲ့လေသည်။ ကျောင်းသား၏ ချစ်ခင်ကြည်ညို လေးစားကြခြင်းကို ကောင်းစွာခံယူနိုင်ခဲ့၍ ပေါ်ပေါက်လာသမျှသော ကျောင်းသားအရေးတော်ပုံများကိုလည်း ရှေ့တန်းမှ မားမားမတ်မတ် ကိုယ်တိုင် ပါဝင်ဆောင်ရွက်ခဲ့လေသည်။

မန္တလေးမြို့ အမျိုးသား အထက်တန်းကျောင်းမှ အင်္ဂလိပ်မြန်မာ ဆယ်တန်းစာမေးပွဲကို အင်္ဂလိပ်စာ, မြန်မာစာ, ရာဇဝင် ဘာသာရပ်များ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြီး မန္တလေးမြို့ စိုက်ပျိုးရေးကောလိပ် သိပ္ပံကျောင်းသို့ ပြောင်းရွှေ့၍ အိုင်အေ အထက်တန်းစာမေးပွဲကို မြန်မာတပြည်လုံးတွင် ပထမရခဲ့ပြီး ပါဠိဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့လေသည်။

မန္တလေးမြို့ စိုက်ပျိုးရေး ကောလိပ်သိပ္ပံကျောင်း၌ အိုင်အေ အထက်တန်းများကို သင်ယူနေစဉ် မန္တလေးမြို့ စိုက်ပျိုးရေး ကောလိပ်ကျောင်းများ သမဂ္ဂဥက္ကဋ္ဌအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရလေသည်။



၁၂၉၇-ခုနှစ်တွင် ရဲဘော် ဗဟိန်းသည် ရန်ကုန်တက္ကသိုလ် ကျောင်းသို့ ရောက်ရှိလာပြီး ဘီအေ အောက်တန်း၌ သင်ယူနေစဉ် ရန်ကုန်တက္ကသိုလ်ကျောင်းသား သမဂ္ဂဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြခြင်းကို ခံယူခဲ့ရပြန်လေသည်။

၁၂၉၉-ခုနှစ် အထက်မြန်မာပြည် ရေနံချောင်းမြို့မှ စတင်၍ ရေနံမြေ အလုပ်သမားများသည် လက်ဝါးကြီးအုပ် အရင်းရှင်ကုမ္ပဏီများနှင့် ရင်ဆိုင်ကြကာ အလုပ်သမား အခွင့်အရေးများကို အခြေခံတောင်းကြပြီး လူတန်းစား တိုက်ပွဲအသွင်သို့ ကူးပြောင်းကြမည့် အရိပ်အရောင်များ သန်းလာကြလေသည်။ ထိုရေနံမြေ အလုပ်သမား သပိတ် ရန်ကုန်သို့ ချီတက်၍ အရေးဆိုအောင်ပွဲခံနိုင်ကြစေရန်... ရဲဘော်ဗဟိန်းက ဝင်ရောက် ခေါင်းဆောင်ပါဝင်ခဲ့သဖြင့် အရင်းရှင် နယ်ချဲ့လက်ပါးစေ အစိုးရများ၏ လက်ကိုင်တုတ်များ ဖြစ်ကြသော ပုလိပ်များက မကွေးမြို့ ရေနံမြေအလုပ်သမားများ သပိတ်စခန်းမှ ဖမ်းဆီး၍ အချုပ်ခန်းအတွင်း သွပ်သွင်းပို့ဆောင်ခြင်း ခံခဲ့ရလေသည်။

ရဲဘော်ဗဟိန်းသည် မကွေးမြို့ ရေနံမြေ အလုပ်သမား သပိတ်တပ်သားများကို အကူအညီပေးရာတွင် တရားပွဲ၌ တရားဟောနေစဉ် မြင်းတပ် လက်နက်ကိုင်များ ဝိုင်းရံထားလေရာ.... “မြင်းခွါတချက်ပေါက်လျှင် မီးဟုန်းဟုန်း တောက်စေမည်....” ဟု ရဲရဲတောက် စကားပြောခဲ့လေသည်။ ထို့ကြောင့် ၁၃၀၀-ပြည့် အရေးတော်ပုံ ပေါ်ပေါက်လာကာ တပြည်လုံး မီးတဟုန်းဟုန်း တောက်လောင်သည့်အထိ ပြန့်ပွါးလာခဲ့ရလေသည်။

ထို ၁၃၀၀-ပြည့် အရေးတော်ပုံကြီး ပြီးဆုံးသွားသောအခါ မြန်မာပြည် တပြည်လုံးရှိ ကျောင်းသားသမဂ္ဂများ၏ ညီလာ

ခံသဘင်ကြီး ကျင်းပပြုလုပ်ကြပြီး ကျောင်းသား လွှတ်တော် တရပ်အဖြစ် ခေါ်ဆို တည်ထောင်ခဲ့ကြလေသည်။ ထိုအစည်းအဝေးမှ ရဲဘော်ဗဟိန်းကို ဗမာပြည်လုံးဆိုင်ရာ ကျောင်းသား သမဂ္ဂဥက္ကဋ္ဌအဖြစ်ရွေးကောက် တင်မြှောက်ခဲ့ကြလေသည်။

သို့ရာတွင် ကမ္ဘာ့နိုင်ငံရေးအခြေအနေ၊ ကမ္ဘာ့စစ်ရေး အခြေအနေများ ပြောင်းလဲလာခဲ့သောကြောင့် ရဲဘော်ဗဟိန်းသည် ဘီအေ အထက်တန်း၌ သင်တန်း ကုန်ဆုံးအောင် သင်ယူခဲ့ပြီးသော်လည်း စာမေးပွဲ မဖြေဆိုခဲ့တော့ဘဲ ကျောင်းထွက်၍ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲဆင်နွှဲနိုင်ရန်တို့ဗမာအစည်းအရုံးသို့.... ဝင်ရောက်လာကာ သခင် အမည် ခံယူပြီး.... အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲအတွင်းသို့ ခြေစုံပစ် ဝင်ရောက်လာခဲ့လေသည်။

ဥရောပ၌ ဒုတိယ ကမ္ဘာစစ်ကြီး စတင် ဖြစ်ပွားလာသော အခါ မြန်မာပြည်ကို အနိုင်အထက် မတရားသိမ်းပိုက်ယူငင်ထားခဲ့ကြသော အင်္ဂလိပ် အရင်းရှင် နယ်ချဲ့ သမား များသည် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲကို ဦးဆောင်နေကြသည့် တို့ဗမာအစည်းအရုံးဝင် သခင်များကို အထူးတလည် မျက်မုန်းညိုးကြကာ ကွန်မြူနစ်များအဖြစ် သတ်မှတ်ကြပြီးလျှင် အရေးပါအရာရောက်မည်ဟု ထင်မြင်ယူဆသူ သခင်ဖြစ်ကြသူတိုင်း စစ်ပြီးခြောက်လဖြင့် ထောင်သွင်း အကျဉ်းချထားလိုက်ကြတော့သည်။

ထိုအချိန်က ရဲဘော် ဗဟိန်းတယောက်ကား မပါဝင်ရသေးဘဲ ထောင်အပြင်၌ ကျန်ရစ်၍ နေခဲ့ရပေးသေးရာ မြေအောက်တော်လှန်ရေးလုပ်ငန်းများကို ခေါင်းဆောင်၍.... စတင်သောအားဖြင့် ပြည်သူ့အရေးတော်ပုံ စာတမ်း၊ မီးဖွားစာစောင်၊



ဗမာ့တော်လှန်မှု စာတမ်းများ လျှို့ဝှက်ရေးသား ထုတ်ဝေနိုင်ခဲ့ပေသည်။ ထို့ကြောင့် မကြာမီပင် အရင်းရှင်နယ်ချဲ့ လက်ပါးစေ အစိုးရများ၏ လက်ကိုင်တုတ် ပုလိပ်အဖွဲ့ဝင်များ လက်တွင်းသို့ ရဲဘော်ဗဟိန်းတယောက် ကျရောက်သွားခဲ့ရပြီး မန္တလေးထောင်နန်း စံမြန်းခဲ့ရပြန်လေသည်။

ဥရောပ စစ်မီးသည် အရှေ့ အာရှတခွင်သို့ တမုဟုတ်ခြင်း ကူးစက် ပြန့်ပွား လာသောအခါ.... ဖက်ဆစ် ဂျပန် များနှင့်.... ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာတပြည်လုံးကို လက်ရသိမ်းပိုက်လိုက်ကြရာ မန္တလေး ထောင်ကြီးပွင့်လာမှပင် ရဲဘော်ဗဟိန်းလည်း ထောင်မှ လွတ်မြောက် လာခဲ့ရလေသည်။ ထောင်တွင်းသို့ မရောက်ရမီက လက်စဖြစ်သော **ပြည်သူ့အရေးတော်ပုံ စာတမ်းကို** အစွဲပြု၍.... ပြည်သူ့အရေးတော်ပုံ ပါတီဟု အမည် ပြောင်းလိုက်ပြီး ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေး လုပ်ငန်များ ဆက်လက်လုပ်ကိုင်ခဲ့ရလေသည်။

တဘက်မှ အင်္ဂလိပ် အရင်းရှင် နယ်ချဲ့သမားများ ဖိနှိပ်မှုကြောင့် ပြောက်ကျယ်နေခဲ့ရသော ဗမာပြည် ကွန်မြူနစ်ပါတီကို ပြန်လည် စုစည်း၍ ပျိုးထောင်လာသော သခင်စိုးနှင့်အဆက်အသွယ်ဟူ၍ ဗမာပြည်ကွန်မြူနစ်၏ ဖက်ဆစ်ဂျပန် တော်လှန်ရေးလုပ်ငန်းများကို ပူးတွဲ လုပ်ကိုင် ခဲ့လေသည်။ ဖက်ဆစ်ဂျပန်များ မြန်မာပြည်အတွင်းသို့ ရောက်ရှိလာပြီး တနှစ်မပြည့်မီပင် ရဲဘော်ဗဟိန်းသည် ဗမာပြည် ကွန်မြူနစ်ပါတီ၏ ချိန်လုံးပြည့် ပါတီခေါင်းဆောင် တဦးအဖြစ်သို့ရောက်ရှိသွားလေသည်။ ဗမာပြည် ကွန်မြူနစ်ပါတီသို့ ရောက်ရှိ၍ မကြာမီပင် ရဲဘော်ဗဟိန်းသည် ဗမာ ကွန်မြူနစ်ပါတီ၏ လျှို့ဝှက်ပြောက်ကြား တပ်ဖွဲ့တခု

ကို ဦးစီး ေါင်းဆောင်၍.... အောင်မြင်စွာဖွဲ့စည်း တည်ထောင်ခဲ့လေသည်။ ရဲဘော်ဗဟိန်းသည် ထိုပြောက်ကြားတပ်ဖွဲ့ကို ကိုယ်တိုင်ဦးစီး၍ သခင်သန်းထွန်း သခင်သန်းဖေတို့နှင့်.... တွဲဘက်ပြီး တောင်ငူဘက်မှနေပြီး ဖက်ဆစ်ဂျပန်များကို တော်လှန်ပုန်ကန်ခဲ့လေသည်။

ဥရောပစစ်မီးသည် ဂျာမဏီ- နာဇီတို့ ဒူးတုပ် လက်နက်ချ၍ အရှုံးပေးခဲ့ကြသောကြောင့် အဆုံးသတ်ခဲ့ကြလေပြီ....။ အရှေ့အာရှစစ်ပွဲကား ဂျပန်များက ဆက်လက်ခုခံတိုက်ခိုက်နေသေးသဖြင့် အပြီးဆုံးသို့မရောက်ကြ သေးသော်လည်း မြန်မာပြည်စစ်မျက်နှာစခန်းမှာကား မဟာမိတ်တပ်များနှင့် ဗမာ့အမျိုးသားတပ်မတော်၏ နယ်မြေအတွင်းသို့ ရောက်ရှိလာခဲ့သောအချိန် ရဲဘော်ဗဟိန်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ နိုင်ငံရေးကြိုးကိုင်အဖွဲ့ဝင် လူကြီးအဖြစ်သို့ ရောက်ရှိလာခဲ့ လေသည်။ နောက် ဗမာပြည် ကွန်မြူနစ်ပါတီ၏ ကြေးကြော်သံ ဖြစ်သော "ပြည်သူ့အာဏာဂျာနယ်"ကို စတင်ထုတ်ဝေနိုင်ရန် ရဲဘော်ဗဟိန်းကိုအပ်နှင်း၍ ဦးစီးစာတည်းချုပ်အဖြစ်လည်း ခံယူစေခဲ့ကြလေသည်။

ရဲဘော်ဗဟိန်းသည် ဗမာပြည်ကွန်မြူပါတီစတင်ဖွဲ့စည်းစဉ်ကလည်း ရဲဘော် သခင်အောင်ဆန်း၊ ရဲဘော် သခင်လှဖေ (ဗိုလ်လကျ်ာ) ရဲဘော် သခင်စိုး၊ ရဲဘော် ကိုသိန်းဖေ၊ ရဲဘော် ဒဏ္ဍားတို့နှင့် အလုပ်ည်မား- တောင်သူလယ်သမား ပစ္စည်းမဲ့ဆင်းရဲသားများ အာဏာသိမ်းပိုက်နိုင်ရေးအတွက် ရှေ့တန်းမှ ပါဝင်ခဲ့လေတည်။

ရဲဘော်ဗဟိန်းသည် မြန်မာပြည်ကို ဖက်ဆစ်သံဖနှောင့်



အောက်ထားကြကာ အုပ်စီးနေကြသော ဂျပန်လူရိုင်းများကို မောင်းနှင် ထုတ်ကြဘို့ အမျိုးသား တပ်ဦးအဖြစ် ဖွဲ့စည်း တည်ထောင်ခဲ့ကြသော လျှို့ဝှက်ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ် (ဖ-ဆ-ပ-လ)၌ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တယောက်အဖြစ်ဖြင့် စတင်ပါဝင်ဆောင်ရွက်ခဲ့လေသည်။

ရဲဘော်ဗဟိန်းသည် ရုပ်အသွင်အားဖြင့် နုနယ်လှသော်လည်း ကြမ်းတမ်းလှသော အမျိုးသားလွတ်မြောက်ရေး စစ်တလင်းသို့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲခဲ့ရသော ပင်ပမ်းမှုဒဏ်များကြောင့် ပြည်သူ့သားကောင်းတယောက်ကို ကျဆုံးစေမည့် ရောဂါများ စွဲကပ်ခြင်းသို့ရောက်ရှိခဲ့ရလေသည်။

ထို့နောက် ရဲဘော်ဗဟိန်းသည် ဗမာပြည် ကွန်မြူနစ်ပါတီမှ ဆေးကုရန်အတွက် ခွင့်ယူ၍ မိဘများရှိရာ မန္တလေးသို့ ပြန်၍ မန္တလေးပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးများ ကုသနေစဉ် ၁၃၀၇-ခုနှစ် နတော်လဆုတ် ၁၂-ရက် (၂၀- ၁၂- ၄၆) သောကြာနေ့ နံနက် ၆-နာရအချိန် သူလိုလားခဲ့သော အမျိုးသားလွတ်မြောက်ရေးသမ်းစခန်းသို့ မဆိုက်ရောက်ရသေးမီ၊ သူအလွန်ချစ်မြတ်နိုးခဲ့သော အလုပ်သမား တောင်သူလယ်သမား ပစ္စည်းမဲ့ဆင်းရဲသားများ အာဏာမသိမ်းကြရသေးမီ၊ သူမြှော်မှန်းထားခဲ့သည့် မြန်မာဘုံ နိုင်ငံအဆင့်သို့ မရောက်ရှိရ သေးမီ၊ ထူ၏အသက် ၂၉-နှစ် ၅-လနှင့် ၁၂-ရက်အရောက်မှာပင် သူ၏လုပငန်းစဉ်အရပ်ရပ်များကို ဆက်လက်ဆောင်ရွက်ခြင်း မပြုနိုင်တော့ဘဲ လူအဖြစ်တခန်းရပ်၍ တဇာတ်သိမ်းသွားခဲ့ရလေပြီ။

ရဲဘော် ဗဟိန်းတခန်းရပ်၍ တဇာတ်သိမ်းသွားခြင်းသည် မြန်မာပြည်ရှိ အလုပ်သမား တောင်သူလယ်သမား ပစ္စည်းမဲ့

ဆင်းရဲသားနင်းပြားများအတွက်လည်း ကြီးကျယ်သောသုံးရှုံး မှုတရပ်ပင်ဖြစ်ပေသည်။ သို့ရာတွင် သူရေးသားထုတ်ဝေထားခဲ့ လောစာအုပ်စာတမ်းများကို လေ့လာဆက်ခံ၍ မြန်မာပြည်၌ အမြစ်တွယ်၍နေရစ်ခဲ့သည့် အရင်းရှင်စံနစ်ဆိုးကို အမြစ်ပါ မကျန်အောင် တော်လှန်ပုန်ကန်ကြခြင်းဖြင့် ကျဆုံးသွားရရှာသော ရဲဘော်ဗဟိန်းကို အလေးအမြတ် ဂုဏ်ပြုကြဘို့ပင် ဖြစ်ပေသည်။

သို့မှသာလျှင် ရဲဘော်ဗဟိန်းကို လေးစားဂုဏ်ပြုရာရောက်မည်ဖြစ်ကြောင်း ထုတ်ဘော်ပြသခြင်းဖြင့် အလေးနိုပြုကြစို့။

# ရဲဘော် ဗဟိန်းနှင့် သူတို့အမြင်

(ဗမာပြည် ကွန်မြူနစ်ပါတီ၏ ကြေးကြော်သံဖြစ်သော ပြည်သူ့အာဏာ ဂျာနယ်၊ ၁၃၀၉ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက် (၂၀၊ ၁၁၊ ၄၇) ကြာသပတေးနေ့ ထုတ် အတွဲ ၃ အမှတ် ၂၈၊ "ဗမာ့လွတ်လပ်ရေး၏ သူရဲကောင်း တဦးဖြစ်သော ရဲဘော်ဗဟိန်း ကွယ်လွန် အနိစ္စ ရောက်ခဲ့သည်မှာ ယနေ့တနှစ်မြောက်လေပြီ" ဟု.... ခေါင်းစဉ်တတ်ပြီး တနှစ်စေ့အထိမ်း အမှတ်စာစောင် ခေါင်းကြီး၌ အောက်ပါ အတိုင်းရေးသားထားလေသည်။)

ရဲဘော်ဗဟိန် းကွယ်လွန်ခဲ့သည်မှာ တနှစ်စေ့ပြီ.... ငါတို့သည် ရဲဘော်ဗဟိန်းအား အလေးနိုပြုပါ၏။

ဤနေ့သည် မသာယာသောနေ့၊ ဤနေ့သည် မင်္ဂလာမရှိသောနေ့၊ ဤနေ့သည် စိတ်နှလုံးမရွှင်ပြုံးနိုင်သည့်နေ့၊ ဤနေ့

သည် ငါတို့၏အချစ်ဆုံးသော ရဲဘော်၊ ငါတို့၏အမြတ်နိုးဆုံးသော်ရဲဘော်၊ ငါတို့၏ အလေးစားဆုံးခံရသော ခေါင်းဆောင်၊ ငါတို့၏အခင်မင်ဆုံးသောဆရာ၊ ငါတို့၏အရင်းနှီးဆုံးသောမိတ်ဆွေ လူ့ဘောင်လောကမှ စွန့်ခွာ၍ တနှစ်စေ့သောနေ့ပင် ဖြစ်သည်။

ရဲဘော်ဗဟိန်းသည် ၁၉၄၆-ခုနှစ် နိုဝင်ဘာလ ၂၀-ရက်နေ့ နံနက် ၆-နာရီအချိန်တွင် မန္တလေးဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်ခဲ့လေသည်။

ရဲဘော်ဗဟိန်း ကွယ်လွန်အနိစ္စရောက်ခဲ့သည့် အတွက် ငါဟိုတွင်သာမက ဗမာတပြည်လုံး သူ့အကြောင်းကို သိကြသူတိုင်း ဝမ်းနည်းကြေကွဲ၍ မဆုံးနိုင်အောင်ဖြစ်ခဲ့ကြရသည်။

စစ်ပွဲတွင် ရန်သူနှင့်အပြင်းအထန်တိုက်ခိုက်နေစဉ် မိမိကိုင်ဆောင်သောလက်နက်သည် ချို့ယွင်းပျက်စီးပျောက်ဆုံးဘိသကဲ့သို့ ရဲဘော်ဗဟိန်းဆုံးရှုံး လိုက်ရခြင်းသည် ဗမာပြည်လူထုအဘို့ နယ်ချဲ့စံနစ်ဖြင့် ရင်ဆိုင်တိုက်ခိုက်နေရာတွင် အကောင်းဆုံးသောလက်နက်ကြီးတခု ချို့ယွင်းပျက်စီး ပျောက်ဆုံး သကဲ့သို့ပင် ရှိချေတော့သည်။

အကြောင်းမူကား ရဲဘော်ဗဟိန်းသည် သေတပန်သက်ဆုံး အရိုးကျေကျေ အရေစုတ်စုတ် မဆုတ်မနစ်သော လုံ့လ ကြောက်ရွံ့တွန့်ဆုတ်ခြင်း အလျှင်းမရှိသောသတ္တိ၊ အဘက်ဘက်မှ ထူးချွန်ထက်မြက်သော ပညာရည်တို့ဖြင့် ဗမာပြည်အလုပ်သမား လယ်သမား ဆင်းရဲသားနင်းပြားလူထုကြီးတို့ လက်တွင်းသို့ ပြည်သူ့အာဏာ လုံးဝကျဆင်း သက်ရောက် ရရှိရေး အတွက်



မနေမနား အပြင်းအထန် ရှေ့ဆောင် ကြိုးစားခဲ့သူ ဖြစ်သောကြောင့်ပေတည်း။

ရဲဘော်ဗဟိန်းသည် ဗမာပြည်၏ အတုအယောင်မဟုတ်သော လုံးဝလွတ်လပ်ရေးအတွက် ကျောင်းသား ဘဝ ကတည်းကပင် နယ်ချဲ့စံနစ်တိုက်ဖျက်ရေးကို တပ်ဦးမှပါဝင်ခဲ့လေသည်။

၁၃၀၀-ပြည့်နှစ်တွင် ကိုဗဟိန်း၏နာမည်သည် ဗမာပြည်တပြည်လုံးတွင် ဟိန်းခဲ့လေသည်။ ဗမာပြည်ကျောင်းသားအားလုံးတို့၏ ခေါင်းဆောင်အဖြစ်နှင့် ရေနံမြေအလုပ်သမားတို့၏ အရေးတွင် သွားရောက် ခေါင်းဆောင်ခဲ့ရာတွင် "မြင်းခွာ တချက်ပေါက်ယင် မီးတချက်တောက်ရမည်"....ဟု ကြုံးဝါးသည့် အတိုင်း ဗမာတပြည်လုံး သပိတ်မီးဟုန်းဟုန်း တောက်ခဲ့ လေသည်။

သူ့အားနယ်ချဲ့သမားက ထောင်သွင်း အကျဉ်းထားခဲ့သည့်တိုင်အောင် ထောင်အမိုးပေါ်မှ တက်၍ သပိတ်မှောက်အလုပ်သမားတို့အား တရားဟောခဲ့သေးသည်။

ထို့နောက် အရင်းရှင် စံနစ်၏ ကောက်ကျစ် ယုတ်မာစဉ်းလဲ မတရား ဖိနှိပ်ချုပ်ချယ်သွေးစုတ်ညှင်းပမ်းပုံများကို ဗမာပြည်သူပြည်သားအပေါင်းတို့က ကွက်ကွက်ကွင်းကွင်းကြီးသိမြင်ကြကာအရင်းရှင်စံနစ်ဆိုးကို ခြေမှုန်းတိုက်ဖျက်သုတ်သင်မြေမြှုပ်သင်္ဂြိုဟ်စေရန် အလို့ငှါ "နေရှင်လောက"ဆိုသော စာအုပ်ကို ထောင်တွင်း၌ပင် ပြုစုရေးသားခဲ့လေသည်။

သူသည် လွတ်လပ်ရေးတိုက်ပွဲကိုဆင်နွဲရန် ကျောင်းသားဘဝဖြင့် တင်းတိမ်ရောင့်ရဲခြင်း မရှိရကား ကျောင်းမှထွက်ကာ တိုးတက်သောအပိုင်းတွင်ရောက်ရှိနေသော တို့ဗမာအစည်းအရုံး

သို့ ဝင်ရောက်လျက် သခင်အဖြစ်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့လေသည်။

ထိုစဉ်က တို့ဗမာအစည်းအရုံးမှာလည်း အုတ်အရောရော ကျောက်အရောရောဖြစ်နေသည့်အတွက်သခင်ဗဟိန်းသည်အလုပ်သမား, လယ်သမားပြည်သူတို့၏ အကျိုးကိုရှေ့ရှုသော တကယ်တန်း ရွတ်ရွတ်ချွန်ချွန်တိုက်ခိုက်မည့် လက်ရွေးစင်များ ပါဝင်ရာ ကွန်မြူနစ်ပါတီကို လျှို့ဝှက်စွာ ကြီးမားလာအောင် ကြိုးစားခဲ့ပေသည်။ အရေးတော်ပုံစာတမ်း၊ မီးပွား၊ ဗမာ့တော်လှန်မှုစသော လျှို့ဝှက်သည့် သတင်းစဉ် စာတမ်းများကိုလည်း လျှို့ဝှက်စွာ ဦးစီးရေးသားရိုက်နှိပ်ဖြန့်ချီခဲ့လေသည်။

သခင်ဘဝဖြင့် ရဲဘော်ဗဟိန်းသည် ဒုတိယအကြိမ်မြောက် အဖမ်းခံရကာ နယ်ချဲ့သမား၏ အကျဉ်းထောင် နံရံများအတွင်းသို့ ရောက်ခဲ့ ရပြန်သည်။ ဗမာပြည်ရှိ ထောင်အနှံ့အပြားတွင် ပြောင်း၍ နေထိုင်ခဲ့ရပြီးနောက် အင်္ဂလိပ်အစိုးရဗမာပြည်မှထွက်ပြေးရသောအခါမှပင် ထောင်မှ လွတ်မြောက်ခဲ့ရလေသည်။

ဂျပန်ဖက်ဆစ်ခေတ်အတွင်းသို့ ရောက်လာသည့် အခါတွင်လည်း ရဲဘော်ဗဟိန်းသည် ဗမာတမျိုးသားလုံးအား မိုက်ရိုင်းစွာ နှိပ်စက် စော်ကားကြသည့် ဂျပန်တို့အား ဗမာပြည်မှ မောင်းထုတ်ရန်အတွက် မနေမနားအားစိုက်ကြိုးပမ်းခဲ့လေသည်။ နောက်ဆုံး၌ တောင်ငူနယ်တွင် ကြီးမားသော ပြောက်ကြားတပ်များကိုစည်းရုံးလျက် ဂျပန်တို့ကို တိုက်ခိုက်ခဲ့လေရာ ဗမာပြည်တွင် ဂျပန်အကျအဆုံး အများဆုံး ပထမစွဲသော နေရာဖြစ်ခဲ့ပေသည်။

ဂျပန်လူယုတ်မာတို့အား အင်တိုက်အားတိုက် မောင်းနှင်



တိုက်ခိုက်ပြီးနောက်တွင် အင်္ဂလိပ် နယ်ချဲ့ သမားသည် နောက်ပိုင်းမှအာလစ်ဝင်၍အုပ်ခဲ့ပြန်ရာ ရဲဘော်ဗဟိန်းသည် ပြန်လာသည့် အင်္ဂလိပ် နယ်ချဲ့စံနစ်ကို အမြစ်ပါလှန်ရန် ကြိုးစားအားထုတ်ခဲ့ပြန်လေသည်။

ရဲဘော်ဗဟိန်းသည် ဖရိုဖရဲပြိုကွဲနေသော အလုပ်သမားလူတန်းစားကို ပြန်လည် စည်းရုံးခဲ့သည်။ ဗမာပြည်လုံးဆိုင်ရာ အလုပ်သမားသမဂ္ဂ၏ ဥက္ကဋ္ဌအဖြစ်နှင့်၎င်း၊ ကွန်မြူနစ် ပါတီ၏ ပေါလစ်ဗျူရို လူကြီး အဖြစ်နှင့်၎င်း၊ ပစ္စည်းမဲ့အရေးကို ရှေ့ဆောင်ဦးစီးခြင်း ပြုခဲ့လေသည်။

အထူးသဖြင့်ရဲဘော်ဗဟိန်းသည် ပြည်သူလူထု အာဏာရရေးကိုရည်မှန်းကာ တကယ့်မှန်ကန်သောဝေဘန်ချက်များဖြင့် ပြန့်တီးလျက် မီးရှူးတန်ဆောင်ကဲ့သို့ တိုင်းပြည်ကို အလင်းရောင်ပေးသည့် တခုတည်းသော နိုင်ငံရေး ဂျာနယ် "ပြည်သူ့အာဏာ"ကို စတင်ဦးစီးခေါင်းဆောင်ကာ ပုံနှိပ်ထုတ်ဝေဖြန့်ချီခဲ့ပေသည်။

ရဲဘော်ဗဟိန်းသည် အတုအယောင် မဟုတ်သော လုံးဝလွတ်လပ်ရေးအတွက် နယ်ချဲ့သမားအား အပြုတ်တိုက်ခိုက်ရေးမှာ ဗမာတမျိုးသားလုံး၏ ညီညွတ်ရေးတပ်ပေါင်းစုသာ ဖြစ်ကြောင်းကောင်းစွာ ယုံကြည်ခဲ့ပေသည်။ ဖဆပလကို အုတ်မြစ်ချစဉ်က ရဲဘော်ဗဟိန်းသည် အစွမ်းကုန် အားထုတ်ခဲ့လေသည်။

ထို့ကြောင့်ကျောင်းသားဘဝကပင် အငတ်ငတ် အပြတ်ပြတ်ဖြင့်ဆင်းရဲဒုက္ခခံလျက် နိုင်ငံရေးတာဝန်ကိုထမ်းဆောင်ခဲ့ရ၍ ပင်ပမ်းနွမ်းနယ်ကာ အားနည်းသော ရောဂါကပ်ရောက်၍ လာရာတွင် ဖဆပလနှင့်ကွန်မြူနစ် ကွဲပြီဆိုသောသတင်းကို ကြား

လိုက်သည်နှင့် စိတ်ကိုအတူးထိခိုက်ပြီး ကွယ်လွန် အနိစ္စရောက်ခဲ့ရပေတော့သည်။

သို့သော် ရဲဘော်ဗဟိန်းရည်မှန်းသော ပန်းတိုင်သို့ကား မရောက်သေး။ ခရီးတာမှာ ကွာလှမ်းသေး၏။

မည်သို့ပင်ဖြစ်စေ၊ ငါတို့သည် ရဲဘော်ဗဟိန်း၏သစ္စာကို စောင့်သိ ရိုသေသောအားဖြင့်...

နယ်ချဲ့သမား၏ လက်ပါးစေသူလျှိုများက ဖဆပလနှင့် ကွန်မြူနစ်ပါတီ ညီညွတ်ရေးမရအောင် ဘယ်လိုပင် အားထုတ် အားထုတ်ငါတို့သည်ညီညွတ်ရေးကိုမရမနေတည်ဆောက်ပါအံ့။

နယ်ချဲ့သမားကို ရာသက်ပန် သစ္စာစောင့်သိသော အိုင်စီအက်စ်တဦး၏ ကြိုးပမ်းမှုဖြင့် တိုင်းပြည်ကို ဘိန်းရှေ့ တိုက်လျက် အသွင်သဏ္ဍာန်မျှ ဖြစ်သော လွတ်လပ်ရေးကို ထိုးပေးနေသော်လည်း ငါတို့သည် အမှန်ကိုဖွင့်လှစ်ပြသပြီးလျှင် ပြည်သူလူထု လက်တွင်းသို့အာဏာရောက်ရှိသည့် တကယ့်လွတ်လပ်ရေးအစစ် အမှန်ကိုရရှိရန် မဆုတ်မနစ်သောလုံ့လ ဇွဲသတ္တိတို့ဖြင့် အပြင်း အထန် တိုက်ခိုက်ပါအံ့။

ရဲဘော်ဗဟိန်းကွယ်လွန်ပြီး၍ တနှစ်မြောက်သည့် ဤနေ့တွင် ငါတို့သည် အခိဋ္ဌာန်ပြုကာ ရဲဘော်ဗဟိန်းအားအလေးနီ ပြုလိုက်ပါသတည်း။

(အထက်ပါခေါင်းကြီးကို သခင်သန်းမြိုင် ရေးသည်ဟု သိရသည်)။

(ရဲဘော်ဗဟိန်း၏ ဇနီးမခင်ကြီးက ''ကျမချစ်လင်''ခေါင်းစီးတပ်၍ရေးသား ထားခဲ့သည်ကို ပြန်ဖော်ပြပါသည်။)

၁၉၃၉-ရှိ ဗမာပြည်တဝှမ်းလုံးရေနံမြေ သပိတ်ကျောင်းသားသပိတ်တို့မှ ကြီးကျယ်လာသော သခင်းမျှား ခေတ်တချိန်က ကျမသည် ဆရာဖြစ်သင် ကောလိပ်ကျောင်း၌ ဆရာဖြစ်သင် တန်း တက်နေသူတဦး ဖြစ်ခဲ့သည်။ ထိုအခါက နိုင်ငံရေးဟူသော စကားသုံးလုံး၏ အဓိပ္ပါယ်ကို ရှင်းလင်းပြတ်သားစွာ မသိနား မလည်းခဲ့ပါ။ နိုင်ငံရေးသမား သခင်များကို လူပေါ့ရမ်း လူ သောင်းကြမ်းများအနေနှင့် အထင်အမြင်သေးခဲ့သည်။

ဆန်းကြယ်တာကတော့ ဒီအချိန်အခါမှာဘဲ ကျမသည် သခင်ပေါက်စ နိုင်ငံရေးသမားတယောက်နှင့် မေတ္တာသက်ဝင် ချစ်ခင်မိခဲ့ပါသည်။

သူကား.... မည်သူနည်း....။ ၁၉၃၈–ခုနှစ် ရေနံမြေသပိတ် ကျောင်းသား သပိတ်တို့၌ နာမည်ကြီးခဲ့သော.... ထောင်ထွက် ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းပင်ဖြစ်ခဲ့၏၊

သူသည် ကျမတို့အိမ်နှင့် မျက်နှာချင်းဆိုင် ကျမအဒေါ်ပိုင် တထပ်အိမ်ကလေး၌ သူ့ညီများနှင့် လာရောက် ငှါးရမ်း နေခဲ့သည်။ ထိုအချိန်၌ သူသည် ကောလိပ် ကျောင်းသားတ ယောက်ဖြစ်နေပေသေးသည်။

သူနှင့် ခင်မင်ရင်းနှီးလာသောအခါမှ သူ၏တည်ငြိမ်၍ မြင့်မြတ်သော စိတ်ယား၊ ယဉ်ကျေးသိမ့်မွေ့သော အပြောအ ဆို အမူအရာများကို မြင်ရသဖြင့် ဒီနိုင်ငံရေးလမားကထော့ အ ဆန်းဘဲလို့ အောက်မေ့မိခဲ့သည်။

သူ၏ ရုပ်ရေကား နူညံ့ပြော့ပြောင်း၏။ သို့သော် ပင်နီ ရှပ်ဖျင်ကြမ်းအပေါ်အင်္ကျီ ပုဆိုး ဒူးဖုံးပုသိမ်ထီးချိုင်းညှပ်ထား သော သူ့ကိုမြင်ရတိုင်း ရင်လေးမိသည်။

တညနေမှာ သူနှင့်ကျမတို့ ဆရာဖြစ်သင်ကျောင်း ညှော့ ခန်း၌ ရှေ့နေရေး ထိုင်ရေးများကို ဆွေးနွေး တိုင်ပင်ခဲ့ကြ၏။ ဒီအခါတုံးက ကျမသူငယ်ချင်းများကနင်တော့ နိုင်ငံရေးသမား ယူရင် မကြာခင် ပင်နီအင်္ကျီဝတ်ရမှာဘဲလို့ ပြောခဲ့ဆိုခဲ့ သေး သည်။ ဒီတော့ ကျမက ကိုယ့်အဝတ်အစားကို ချုပ်ချယ်လို့.... ဘာရမလဲလို့ ပြန်ပြောလိုက်တယ်။ ဒီအကြောင်းကိုသူကို ပြော. ပြလိုက်ပါတယ်။ သူလည်း အတော်သဘောကျသော ပြုံးရယ်



ခြင်းဖြင့် နိုင်ငံရေးနှင့်....လှချင်တာဟာ တခြားစီပါလို့....အဖြေ ပေးသည့်အတွက် ကျမလည်း အတော်သဘောကျမိပါသည်။

သူအများဆုံးသုံးသော စကားများမှာ "ကိုယ်ကတော့ တိုင်းပြည်နဲ့ လူမျိုးအတွက် တသက်ပတ်လုံးကြိုးပမ်းဆောင်ရွက် မှာဘဲ..." ဟူသော စကားများပင် ဖြစ်ပါသည်။ ကျမနှင့် ပတ် သက်၍ သူ့ချစ်ဇနီးအနေနှင့် သူ့လုပ်ငန်းများ၌ ကိုယ်ထိ လက် ရောက် မကူညီနိုင်စေကာမူ သူ့အလုပ်ကို အနှောင့်အယှက်မပေး လျှင် ကြေနပ်ပါမည်ဟု ပြောပါသည်။

**နိုင်ငံရေး စိတ်ဓါတ်သွင်းပေးခဲ့၏။** ကျမတို့လက် ထပ် ပြီး၍ အိမ်ခွဲနေခဲ့ကြသည်မှာ ၆–လခန့် ရှိခဲ့ကြလေပြီ၊ ကျမတို့ အိမ်ခွဲနေကြသည့်နေ့မှစ၍ သူ့မိတ်ဆွေ ၄-၅-ယောက်မှာ ကျမ တို့နှင့် အတူလာ၍ နေကြသည်။ အိမ်ထောင့် တာဝန်ဖြစ်သော ချက်ပြုတ်ကျွေးမွေးရခြင်း တအိမ်သားများ အားလုံး၏ အဝတ် အစားများကို ဖွတ်လျှော်ပေးရခြင်းတို့ဖြင့် မအားရပေ။

**အမောပြေဆေး။** အမောပြေဆေးမှာ အဆန်းမဟုတ် ပါ။ ဘယ်ကပြန်လာလာ အိမ်အင်္ဂအဝမှ ခင်ရေဟုခေါ်လိုက် သော သူအသံနှင့် ကိုယ့်မိန်းမတော့ မောနေပြီထင်တယ်။ ကို ဟိန်း ဘာလုပ်ပေးရအုံးမလဲစသည့်.... ကရုဏာနှင့် ပြည့်ဝသော စကားပင်ဖြစ်၏။

တညနေမှာ သူအိမ်သို့ စောစောပြန်လာသည်။ မိတ်ဆွေ တယောက်က တအိမ်သားလုံး ညစား ကျွေးမည့် အကြောင်း ပြောပြ၏။ ဒီညနေမှာဘဲ သူနှင့်ကျမတို့ ကမ္ဘာ့အလုပ်သမားနေ့ ဖြစ်တဲ့ မေဒေး စီတန်း လှည့်လည်ပွဲသို့ သွားကြ၏။ မေဒေးတရား ပွဲမှ မေဒေးဘယ်ကဲ့သို့ ဖြစ်ပေါ်လာရပုံကို ရှေးဦးစွာကြားရ၏။

ကြီးမားသော လူထုကြီးကို တွေ့မြင်ရ၏။ အမျိုးသား သီချင်းကို ပထမဦးစွာကြားရဘူး၏။ အလုံပန်းခြံမှပုဇွန်တောင်လိပ်ကန်ပန်းခြံအထိ စီတန်းလှည့်လည်ကြ၏။ ထိုအင်အားပြပွဲ၌ သူနှင့်ကျမ လက်ထပ်ခဲ့ရ၏။ လမ်းတလျှောက်လုံး တခဲနက် ဟစ်အော်ကြွေးကြော်ကြသော ဇာတိမာန် ဇာတိသွေး တက်ကြွဘွယ်ရာကောင်းသည့် ကြွေးကြော်သံများကို ကြားရှသဖြင့် ကျမ့်အဘို့ ပိန်းကနဲ ရှိန်းကနဲ ဖြစ်သွားမိတော့သည်။

နောက်တနေ့ သတင်းစာများ၌ "မေဒေးလှည့်လည်ပွဲသို့ ပါဝင်သည့် တဦးတည်းသော အမျိုးသမီးမှာ သခင်ဗဟိန်း၏ ဇနီးဖြစ်သည်" ဟုပါရှိလာလေသည်။ ၎င်းသတင်းကိုမိဘတွေတွေ့ရှိ၍ ကျမကို ဆဲရေး ကြိမ်းမောင်းကြတော့၏။

အခါတိုင်း အကြိမ်းအမောင်း ခံခဲ့ရသည့်အခါ မျက်ရည် တဝဲဝဲဖြစ်တတ်တော ကျမအဘို့ ဤအကြိမ် မည်သို့မျှ မတုန်လှုပ်တော့ပေ။

အကဲ့ရဲ့ရှိက အချီးမွန်းရှိ၏။ ချီးမွမ်းသည့်သူမှာ အခြားသူမဟုတ်ဘဲ ကျမချစ်လင်ပင်ဖြစ်၏။ လူကြီးမိဘများ အကြိမ်းအမောင်းကို ခံနိုင်ရည်ရှိခြင်းနှင့် မေဒေးလှည့်လည်ပွဲမှာ လိုက်ပါလာသော တဦးတည်းသော အမျိုးသမီးမှာ ကိုဗဟိန်း ဇနီးဘဲဆိုတာကိုတော့ ဂုဏ်ယူမိတယ်ဟု ပြော၏။

ခင်ရေ....ခင့်ဘို့ ကိုဟိန်း လက်ဆောင်တခုတော့.... ဝယ်ခဲ့တယ်ဆိုသော သူ့အသံကို ရေချိုးခန်းမှ အဝတ်လျှော်နေယင်း ကြားရ၏။ ကျမထင်တာကတော့ ကျမကြိုက်တတ်သော အစာများလား၊ ဒါမှမဟုတ်ယင် ကျမနှစ်သက်တတ်သော အဝတ် အစားများလားဟု ထင်မိ၏။ သို့သော်.... သူ့လက်ဆောင်ကား....



ကျမအတွေးနှင့် လုံးဝမသက်ဆိုင်။

လက်ဆောင်ကောင်းမှာ ဆိုဗီယက် အမျိုးသမီးများ၏ တိုင်းရေးပြည်ရေး ဆောင်ရွက်ခဲ့ကြပုံများကိုရေးသားထားသည့် (Soviet Women) ခေါ် ဂျာနယ်တစောင်ဖြစ်၏။ ဂျာနယ်ကိုသူနှင့်ကျမအတူ တွဲတတ်၏။ သူက အချို့ နေရာ များကို အကျယ်ချဲ့၍ ရှင်းလင်းပြ၏။ ဘတ်ပြီးလျှင် သဘာဘပြန်ဘို့ပြော၏။ သဘာဘပြန်ပြီး စနေနဂါးနီ ဂျာနယ်၌ ထည့်ပေးခဲ့၏။

တဆင့်မျက်မြန်ပြီ။ ၁၉၄၁-ခုနှစ် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် တရားပွဲကို ပုဇွန်တောင် မြူနီစပါယ်ကျောင်း၌ ကျင်းပပြုလုပ်သည်။ ကျမချစ်လင် ကိုဗဟိန်းသည်ကျမကိုအမျိုးသားအောင်ပွဲနေ့တရားပွဲ၌ ဆိုဗီယက် အမျိုးသမီးများ၏ အမျိုးသားရေး ကြိုးပမ်းချက်များကို အဟောခိုင်းခဲ့၏။ သူခိုင်းသည့်အတွက် ကျမလည်း ဟောခဲ့ရ၏။ ကံကောင်းတာတော့ ဒီအခါ ကျမလဲ မဟောတတ် မပြောတက် ကျမစကားပြောဘို့ အလှည့်လျှမှ အသံချဲ့စက်ပျက်သွား၍ ကျမဟောပြောတဲ့အထဲမှ အဆီအငေါ်မတဲ့သော ဟောပြောချက်များကိုပရိသတ်များရမကြားရပေ။ သို့သော်ကျမချစ်လင်ကား အတော်သဘောကျလျှက် ရှိနေခဲ့သည်။

**သခင်မ မခင်ကြီး။** ။များမကြာမီ မြေနီကုန်း ဒို့ဗမာအစည်းအရုံးဉက္ကဋ္ဌ သခင်ဟုန်ထံ နှစ်ယောက်အတူသွား၍ ပိုက်ဆံရှစ်ပဲပေးကြကာ တို့ဗမာအစည်းအရုံးဝင်တဦးအဖြစ် သွင်းခဲ့သည်။ ထိုနေ့မှစ၍ သခင်ဗဟိန်း၏ဇနီး သခင်မ မခင်ကြီးဖြစ်လာလေတော့သည်။

၁၉၄၁-ခု ဥရောပတခွင်၌ ဒုတိယကမ္ဘာစစ်မီးကြီးကား

အရှိန်ပြင်းစွာတောက်လောင်လျက်ရှိနေလေပြီ။ အရှေ့အာရှမှလည်း နယ်ချဲ့ဖက်ဆစ်ဂျပန်တို့ ဗမာပြည်တွင်းသို့ဝင်ရောက်လာကြရန် ခြေလှမ်းတပြင်ပြင်ရှိနေကြချိန်ဖြစ်လေသည်။

ကိုဗဟိန်းနှင့် အဖေါ်တစုမှာ နယ်ချဲ့အန္တရာယ်များကို တွန်းလှန်ဖြိုဖျက်ကြရန်အတွက် ပြည်သူ့အရေးတော်ပုံစာတမ်း၊ မီးပွားစာစောင်၊ ဗမာ့တော်လှန်မှုစာတမ်းများကို နေ့မအားညမအားအောင်ပင် လျှို့ဝှက်စွာထုတ်ဝေခဲ့ကြလေသည်။ ကျမမှာ သူတို့လုပ်ငန်းများအတွက် ပတ်ဝန်းကျင်မှ အစောင့်အရှောက်အကူအညီပေးခဲ့ရလေသည်။

အင်္ဂလိပ်အစိုးရသည် ဗမာပြည်ရှိ နိုင်ငံရေးခေါင်းဆောင်ဟူသမျှကို ပိုက်စိပ်တိုက်၍ဖမ်းဆီးနေပေသည်။

ကျမမှာဒီအချိန်က အိမ်နောက်ဖေးရှိစိန့်ဗင့်ဆင့်ကျောင်း၌အလုပ်လက်ခံထားပြီးဖြစ်လေသည်။ နေ့ခင်းအချိန်များ၌ သူလည်း သူ့လုပ်ငန်းရှိရာသို့သွား၍ ကျမလဲ ကျောင်းတက်နေခဲ့ရလေသည်။

**ငှက်ဆိုးထိုးသံ။** ။တနေ့သောနံနက်ခင်း၌သူ့မိတ်ဆွေများလာမေးလျှင် ဘုန်းကြီးကျောင်းမှာ ရှိကြောင်း ပြောရန်မှာခဲ့ပြီး ထွက်သွားလေသည်။ ည ၆-နာရီထိုးသော်လည်း သူကားမပေါ်လာပေ။

ည ၁၁-နာရီအချိန် တံခါးခေါက်သံကြားရ၍ ဖွင့်ပေးလိုက်၏။ သူ့ကိုမတွေ့ရ။ ကိုတင်မြ(ယခု အလံနီ)ကိုသာတွေ့ရ၏။ ကိုတင်မြကပင် ကိုဗဟိန်းကို အခုဘဲ လမ်းထိပ်အဝင်မှာ ပုလိပ်တွေက ဖမ်းသွားပြီဟုပြော၏။ကျမမှာ တုန်လှုပ်သွားလေ၏။

ငှက်ဆိုးထိုးသံကြားလိုက်ရသကဲ့သို့ပင်ဖြစ်၏။ သူလုပ်နေသောအလုပ်များမှာ တောင်နခမ်းလျှောက်နေသောအလုပ်ဖြစ်၍ တနေ့ဒီလမ်းကိုရောက်ရမှာဘဲဆိုတာကို အစကပင် ကြိုတင်ပြောထား၍ ယခုကြားရခြင်းမှာ အဆန်းမဟုတ်၊ သို့သော် ထိုသတင်းကြားစအချိန်၌ ရုတ်ခြင်း ကြောင်သွားမိ၏။ မျက်စေ့ပြာသွား၏။ လက်နှစ်ဘက်မှာအလိုလို နားနှစ်ဘက်ကို ပိတ်လိုက်မိ၏။ ဘယ်ခေါ်သွားလဲ၊ ဘယ်လိုအိပ်ရမလဲ၊ ဘယ်လိုစားရမလဲ၊ ဘယ်တော့လွှတ်မှာလဲစသည်ဖြင့် လဲပေါင်းမြောက်မြားစွာသော မေးခွန်းပေါင်း ခေါင်းထဲသို့ အစီအရီဝင်လာကြတော့၏။

နောက်တနေ့ ပန်းဆိုးတန်းအချုပ်ခန်းသို့ တွေ့ရန်သွား၏။ တွေ့ခွင့်မရခဲ့။ ၄-၅ ရက်အကြာမှာ မော်လမြိုင်ထောင်သို့ ပို့လိုက်ပြီဟု ကြားသိရ၏။

မော်လမြိုင်ထောင်သို့ တလအတွင်း ၂-ခေါက်သွား၍ တွေ့ရ၏။တွေ့တိုင်း တွေ့တိုင်း သူကား အပြုံးမပျက်၊ ကျမကိုပင် အားပေးစကား ပြောဘော်ရသေး၏။ ကျမအဘို့ ဟန်လုပ်၍မှ မပြုံးပြနိုင်၊ သူတစိမ်းတွေရှေ့မှာ မျက်ရည်မကျမိအောင် မနည်းအားခဲထားရ၏။

သူထောင်ကျပြီး တလကျော်ကျော်လောက်မှာ ဂျပန်က အင်္ဂလိပ်ကို စစ်ကြေညာလေရာ၊ အရှေ့အာရှစစ်မီးစတင်လောင်လာခဲ့လေတော့သည်။

ကျမတို့အိမ်သားအားလုံး အသက်ဗမာပြည်သို့ ပြောင်းရွှေ့ခဲ့ကြရ၏။ သူ့ထံမှသာယာဝတီထောင်သို့ရောက်နေကြောင်းနှင့် ကျန်းမာစွာ မိတ်ဆွေဟောင်းကြီးများနှင့်အတူ ပျော်ပျော်ပါးပါးရှိကြောင်းကို နောက်ဆုံးစာ၌ပါလာ၏။ ထို့နောက်စာပေးစာယူ အဆက်ပြတ်သွားခဲ့ရ၏။ နယ်ချဲ့စံနစ်မုန်းသော စိတ်

ထားများ ပိုမိုပြင်းထန် လာခဲ့ရတော့သည်။

လူဆိုးလည်းမဟုတ်၊ သူခိုးဓါးမြလည်းမဟုတ်၊ တိုင်းသူပြည်သားတို့ပျက်စီးရာပျက်စီးကြောင်း အန္တရာယ်ပြုနေသူမဟုတ်သောကျမချစ်လင်ကို နယ်ချဲ့လူယုတ်မာများသည် မတရားချုပ်ချယ်၍ လူဆိုးများ အတွက်သာဖြစ်သော ထောင်နံရံအတွင်းသို့ သွတ်သွင်းခဲ့ကြ၏။

ကျမတို့ချစ်ခြင်းကိုလည်း ခွဲခဲ့ကြ၏။ နယ်ချဲ့သမားများ၏ယုတ်မာညစ်ညမ်းမှုများကြောင့်အသဲနာခဲ့၏။ ထိုအချိန်မှစ၍ အသက်ရှင်နေသမျှ ငါသည်နယ်ချဲ့စံနစ်ဖြိုခွင်းရာ၌ အသုံးချရမည့် လက်နက်ကောင်းတခု ဖြစ်လာပါစေဟု ရည်သန်ခဲ့မိသည်။

၁၉၄၂-ခုနှစ်။ ။ဗမာပြည်မှ အင်္ဂလိပ်တို့ ဆုတ်ခွါထွက်ပြေးသွားကြလေပြီ။ ထောင်မှ လွတ်မြောက် လာသော ကျမချစ်လင်နှင့်ပြန်တွေ့ရလေပြီ။တမျိုးသားလုံးဖက်ဆစ်ဂျပန်များ၏ ဖိနှိပ်ချုပ်ချယ်မှု၊ မတရားညှင်းပမ်းမှု၊ ရက်ရက်စက်စက်နှိပ်စက်မှုများကို အလူးအလိမ့်ခံကြရတော့သည်။

ဖက်ဆစ်စံနစ်သည် နယ်ချဲ့စံနစ်၏ အဖေါက်ပြန်ဆုံး အဆင့်ဖြစ်သည့် အတိုင်း မတရားသဖြင့် အနိုင်ကျင့်ကြကာ စိုးမိုးအုပ်ချုပ် လာကြတော့သည်။

ဤအကြိမ် ကျမချစ်လင်သည် ပြည်သူ့လွတ်လပ်ခွင့်များအတွက်ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းများလုပ်ခဲ့သော် သေမင်းနှင့် သစ္စာနှံရတော့မည့်အရေးကို တွေးမိခဲ့၏။ ချစ်လင်အတွက် ပူမိသည်နှင့် နိုင်ငံရေး ဆောင်ရွက်လိုစိတ်များ ပျောက်ပျက်ခဲ့တော့သည်။ အေးအေးချမ်းချမ်းလုပ်ကိုင်စားလိုစိတ်များ ပေါ်ပေါက်ပါစေဟု ကြိတ်ပြီးဆုတောင်းမိခဲ့၏။



သူကားငြိမ်နေခဲ့ပါသလား၊မငြိမ်နေခဲ့ပါ။ သူကားဂျပန်အစိုးရလက်ထက် နိုင်ငံခြားရေးဌာန၌အလုပ်လုပ်ခဲ့သည်။ ပထမတော့ ကျမဆုတောင်းပြည့်ဝပြီဟု ဝမ်းမြောက်ခဲ့၏။ သို့သော် ကျမအထင်များမှာ ပါစင်အောင် လွဲခဲ့ရပြန်လေသည်။

တနေ့သောအခါ သူရုံးကအပြန် စာအုပ်တအုပ်ကျမကိုပေးခဲ့၏။ ဖက်ဆစ်ဂျပန်များလက်အောက်၌ အလူးအလိမ့်ခံစားကြရသည့် တရုပ်အမျိုးသား လွတ်မြောက်ရေးအတွက် ဖက်ဆစ်ဂျပန်များ လက်အောက်မှ တမျိုးသားလုံး လွတ်မြောက်ရေးအတွက် လုံးပမ်း ကြသော တရုပ်မျိုးချစ်များကို ဖက်ဆစ်ဂျပန်တို့က နှိပ်စက်ညှင်းပမ်းကြပုံများကို ရေးသားထားသောစာအုပ်ဖြစ်လေသည်။

ရေနွေးပူလောင်း၊ နေပူလှမ်း၊လက်သဲခွါ၊ ထုတ်စောက်ထိုးဆွဲပြီးသံလုံးနှင့်ရိုက်၊ စီးကရက်မီးနှင့် မျက်လုံးကိုထိုး၊ ဆံပင်တချောင်းစီ ဆွဲနုတ်၊ ကျင်စက်နှင့်တို့ စသည်ဖြင့် မဖွယ်မရာကြောက်ခမန်းလိလိ အကြောင်းအရာများကိုဘတ်ရှုရ၏။ ဘတ်ယင်းဘတ်ယင်း ရင်ဖိုလာ၏။ သူကား ကျမအနီး၌ ထိုင်နေ၏။ ကြောက်စရာကြီးတွေ မဘတ်ချင်တော့ဘူးဟုစာအုပ်ကိုသူ့ပြန်၍ ကောက်ပေးလိုက်၏။ သူက ပြန်၍ပေးကာ ကြောက်စိတ်တွေ ဖျောက်ပြီး အညှင်းဆဲ ခံရသူထွေအတွက် သနားစိတ်ထားပြီး ဆုံးအောင်ဘတ်ပါဟု တိုက်တွန်းပြန်၏။ သူနှင့်အတူ တွဲဘတ်ရ၏။စာအုပ်ဘတ်၍ဆုံးသွားပြီ။ သူဘာပြောသလဲ။

ဗမာပြည်မှာ နေ့စဉ်နှင့်အမျှ ဖက်ဆစ်တွေရဲ့ ညှင်းဆဲသတ်ဖြတ်မှုကြောင့် အမြောက်အမြားသေဆုံးနေကြရကြောင်း။ အမျိုးသမီး အမြောက်အမြားမှာ ဖက်ဆစ်တို့၏ မတရားစော်

ကားမှုများကို ခံနေကြရကြောင်း။ မတရားသောစံနစ်ကို တိုက်ဖျက်ပစ်နိုင်လျှင် ဒီဘေးမှလွတ်ကင်းမည်။ ဒီမတရားသောစံနစ်ဆိုးကိုတိုက်ဖျက်မပစ်နိုင်ကြလျှင် ဒီစံနစ်အောက်မှ လွတ်မြောက်ရန်လမ်းမရှိကြောင်း။ ဒါကြောင့် တမျိုးသားလုံးအပေါ် ကျရောက်နေသောစံနစ်ဆိုးကြီးကို တိုက်ဖျက်ပစ်ရန် တာဝန်ဝတ္တရားရှိကြောင်းများကို စီကာပတ်ကုံး ပြောပြလေသည်။

ဖက်ဆစ် လက်အောက်မှာ လုပ်ကိုင်နေရသည့် လုပ်ငန်းများမှာလည်း လျှို့ဝှက်စွာ လုပ်ကိုင်ကြရမည့် အကြောင်း၊ ဒီလို အမျိုးသားရေး အတွက် ဆောင်ရွက်နေစဉ် ဖက်ဆစ်၏ညှင်းဆဲသတ်ဖြတ်ခြင်းကို ခံချင်ခံရမည် ဖြစ်ကြောင်း။ ဒီလိုဖက်ဆစ်လက်အောက်မှာ နေကြရ၍ ဖက်ဆစ်တွေလက်ထဲ သေကြရစေကာမူ မကောင်းသော စံနစ်ဆိုး၏ ပြုမှုမှုများကို ခေါင်းငုံ့ခံနေကြရခြင်းထက် တမျိုးသားလုံး လွတ်မြောက်ရေးလုပ်ငန်းများ လုပ်ကိုင်ကြရယင်း သေသွားကြရခြင်းက မြတ်သေးကြောင်း။ သေတာအဆန်းမဟုတ်၊ သေဘေးကို ပြေးရှောင်၍မလွတ်နိုင်၊ သေတနေ့မွေးတနေ့ လူတိုင်းလူတိုင်းဟာ တနေ့မှာမုချကေန်သေကြရမည့်အကြောင်း။ ဒီတော့တိုင်းပြည်၏ သားကောင်း, သမီးကောင်းများအနေနှင့် ကျရောက်လာမည့် ဘေးအန္တရာယ်များကိုမြင်ကြပြီး ရှောင်တိမ်းနေကြရန် မသင့်ကြောင်းကို ပြောပြနေလေသည်။

သူ့လုပ်ငန်းကားဘွင်းဘွင်းပေါ်ပြီ။ ချစ်ခင်သူနှင့် ကွေကွင်း နေရခြင်းလည်း ကြီးစွာသော ဆင်းရဲခြင်း ဖြစ်ကြောင်းနားလည်ထားပြီး ဖြစ်သည့်အတိုင်း သေအတူရှင်မကွာ၊ ခေါ်ရာကိုလိုက်-ခိုင်းရာကိုလုပ်၊ ဘာမဆိုမတွန့်မဆုတ် လိုက်နာဆောင်



ရွက်ပါမည်ဟု ကတိပေးလိုက်၏။ သူ့မျက်နှာကား သိန်းထိပေါက်သထက်ပင် ဝမ်းသာခြင်း၊ အားရရွှင်မြူးခြင်း၊ ပီတိဖြစ်ခြင်းတို့နှင့် ပြည့်ဝလျက် ရှိနေပေသည်။

ကျန်းမာရေး အကြောင်းပြုပြီး ရုံးမှခွင့်တလယူလိုက်၏။ နိုင်ငံရေးသင်တန်းယူရန်အတွက် သူရောကျမပါ သခင်ဗသိန်းတင်ကိုပါ ခေါ်၍ ကွမ်းခြံကုန်းမြို့နယ် အင်ဂလုံးရွာကလေးသို့ရောက်ရှိခဲ့ကြလေသည်။ သခင်စိုးရော အခြားရဲဘော်များပါတွေ့ဆုံကြကာ ရက်ပေါင်း (၂၀)ကျော် သင်တန်းယူကြပြီးရန်ကုန်သို့ ပြန်လာခဲ့ကြ၏။

မြေအောင်းခဲ့ပြီ အင်ဂလုံရွာက ပြန်လာ၍ ( ၁၅ )ရက်ခန့်အကြာ ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွက် တောင်ငူခရိုင်သို့ ကိုယ်ပျောက်၍ ထွက်လာခဲ့ကြ၏။ အချိန်မှာ လက်နက်ကိုင်တော်လှန်ရေးမရောက်မီ (၈)လကျော်ကပင် ဖြစ်လေသည်။ ကျမတို့ကို ကိုထွန်းလှိုင် မသန်းမြင့်ဟူ တောင်ငူခရိုင်ရဲဘော်များကသိကြ၏။

ကျမ အများဆုံးနေထိုင်ရသော ဒေသများမှာ တောင်ငူခရိုင် ဖြူးမြို့နယ်အနီးတဝိုက်ရှိ တောရွာကလေးများ၌ ကုန်သည်ရောင်ဆောင်၍ နေထိုင်ကြရ၏။

သူက ရောက်သည့်နေ့ကစ၍ တော်လှန်ရေးပြီးဆုံးသည်အထိ နေ့မအား ညမအား သင်တန်းပေးခြင်း၊ ပျောက်ကြားစစ်ဆင်ရေး လေ့ကျင့်ခြင်း၊ စည်းရုံးခြင်း၊ သဘောတရားရေးစာတမ်းများရိုက်နှိပ်ထုတ်ဝေခြင်းတို့ဖြင့်အလုပ်များနေတော့၏။

ဂျပန်လှုံ့စွပ်များ အကြားဝယ် တရွာနှင့်တရွာမိုင်ပေါင်း (၂၀)ကျော် ရဲဘော်များလယ်သမားကြီးများနှင့်အတူခရီးပြင်း

သွားလာလုပ်ကိုင်နေရ၍ သူ့ကျန်းမာရေးမှာ ထိုအချိန်မှစပြီး ချို့ယွင်းလာတော့၏။

ဘန်တောင်ရွာ၌ ကျမတို့တည်းခိုနေသောအိမ်မှာ ရွာအစွန်ဆုံး၌ရှိ၏။ သူကား အိမ်အပေါ်ထပ်၌ "ဖူးဝါးဘက်" ခေါ် စာအုပ်ကို ဘာသာပြန်နေစဉ် ခပ်လှမ်းလှမ်းလယ်ပြင်မှ ဆင်(၁၀) စီးခန့်လာနေသည်ကို တွေ့ရ၍ ကျမကို အိမ်ရှင် အဒေါ်ကြီးများ ယာခင်းထဲပဲချောက် ကောက်နေကြသည်ကို သွားရောက်ကူယင်း ဆင်နှင့်လာသူများကို စုံစမ်းရန်ခိုင်းသည်။ ကျမလည်း သစ်ခေါက်ဆိုး လုံချိုကိုဝတ်၊ ဖျင်အင်္ကျီအဟောင်းကိုဝတ်၊ ပုဆိုးတထည် ခေါင်းပေါင်း၍....တောင်တလုံး ခါးစောင်းတင်ကာ ယာခင်းဆီသို့ သုတ်ခြေတင်ခဲ့ရလေသည်။

အန္တရာယ်ပေးမည့်သူများ ဖြစ်ခဲ့လျှင် ခေါင်းမှ ပေါင်းထားသော ပုဆိုးကိုချွတ်၍.... ခါပြရန်နှင့် အကြောင်းမထူးကလျှင်ရစွာ ပြန်ခဲ့ရန် မှာလိုက်၏။

ရေကြီးစဉ်က တင်ရှိနေသောသစ်များဆွဲကြရန်လာသည့် ဆင်များဖြစ်ကြောင်းသိရ၍ ပြန်ခဲ့ရလေ၏။

ထို့နောက် လက်နက်ကိုင် တော်လှန်ရေးအတွက်သူကား မအိပ်မနေ အပြင်းကြိုးပမ်းရတော့၏။ ကျမမှာဒီအချိန်က ကိုယ်လေးလက်ဝန်ရှိနေ၍ သူ့လုပ်ငန်းများကို ကိုယ်ထိ လက်ရောက် အကူအညီ မပေးနိုင်ခဲ့တော့ပေ။

မတ်ချိလ ၂၇-ရက် တပြည်လုံး လက်နက်ကိုင် ပုန်ကန်ခဲ့ကြပြီ။ သူ့ထံမှကျန်းမာရေး ဂရုစိုက်ရန်၊ စာပေးစာယူ အဆက်ဖြတ်ထားရန်နှင့် သူလည်း ကျန်းကျန်းမာမာ ရှိကြောင်း စာတစောင်ရောက်လာ၏။



ထိုအခါ ကျမနှင့်အတူ မသန်းဆင့်ခေါ် သခင်သန်းထွန်း၏ ဇနီး ဒေါ်ခင်ကြီးနှင့် သမီးကလေးပါ မုန်းရွာကလေး၌ ပုန်းအောင်းနေကြရ၏။

ကျမတို့ နှစ်ယောက်ကို ဒီမိန်းမ နှစ်ယောက်ဟာ တယောက်ကလဲ ကလေးငယ်ကလေးနှင့် တယောက်ကလဲ ကိုယ်ဝန်ကြီးနဲ့ သူတို့လင်တွေလဲ တခါမှ လာတာ မမြင်ရ ဘယ်ကမိန်းမတွေလဲဟု အထင်သေး အမြင်သေး ခံခဲ့ကြရသေး၏။

တောင်ငူ ဂျပန်ခံစစ်မှ ပျို့ဆင်းလာသော ဂျပန်စစ်တပ်များ ဘေးရန်မှ ကင်းဝေးရန်အတွက် မုန်းနှင့်မနီးမဝေး တောအုပ်တခုတွင်း၌ ခိုအောင်းနေကြစဉ် ပြောက်ကြားတပ် တပ်စိတ်တစိတ် အကူ ရောက် လာ၏။ ကိုဗဟိန်းက အားလုံး ဖြူးသို့.... ပြောင်းလာကြရန် အခေါ်ခိုင်းကြောင်း သိရ၏။ ထိုနေ့ ညနေမှာပင် ဖြူးသို့ရောက်ရှိကြရ၏။ ကမ္ဗလာနီးရုပ်နှင့် ကာဘိုင် လွယ်ထားသူတဦး ခရီးဦးကြိုပြုနေပြုနေ၏။ ကျမတို့လာလမ်းမှ ခရီးဦးကြိုပြုနေသူကား.... ကိုဗဟိန်းဖြစ်နေ၏။ သူကား အင်အားကုန်ခမ်း၍.... သွေးမရှိတော့သော အသားအရေအာဟာရပြတ်လပ်နေ၍ အရိုးပေါ် အရေတင်မျှ ပိန်ချုံး၍ နေလျက်ကာဘိုင်သေနပ်ကို ပခုံးချိတ်ပြီး စောင့်နေသော ကိုဗဟိန်းပင်ဖြစ်နေတော့၏။ သူကပင် ကျမတို့ကို နေလို့ ထိုင်လို့များကောင်းကြရဲ့လားမေးပေသေးသည်။

ရောဂါစွဲကပ်လေပြီ။ သူ့ရောဂါမှာအစဉ်အမြဲ အိပ်ယာထဲ လဲမနေရသော်လည်း.... (၁၅)ရက်တခါ ပြင်းပြစွာ ရောဂါဝေဒနာ ဖိစီးခြင်းကို ခံစားနေရလေသည်။

ရန်ကုန်ပြန်ရောက်ပြီး ကျန်းမာရေးအတွက် အနားယူရန် မိတ်ဆွေတိုင်းက သတိပေးကြ၏။ သို့သော်ဤအချိန်ကားအရေးကြီးသေးသည်။ ဤအချိန်မှာ ပစ်ထား၍မဖြစ်သေး စသည်ဖြင့် အိပ်ယာထဲမှ တိုင်းပြည်အကျိုးကို သည်ပိုးခဲ့သေး၏။

**တော်လှန်ရေးပြီးသူ့လုပ်ငန်း။** ။ဖဆပလ ဗဟို ဦးစီးအဖွဲ့ဝင်တယောက်အနေဖြင့် ဖဆပလအဖွဲ့ကိုလည်း တည်ထောင်ခဲ့၏။

ပစ္စည်းမဲ့တို့၏ပါတီဖြစ်သော ဗမာပြည်ကွန်မြူနစ်ပါတီကိုလည်းစံနစ်တကျ စည်းရုံးခဲ့လေသည်။

ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂကိုလည်းကိုယ်တိုင်ရင်ဘိတည်ထောင်၍ နေ့ရောညပါလုံးပမ်းနေခဲ့ရလေသည်။

နောက်ဆုံး မည်သည့်အလုပ်ကိုမှ အရှင်း မလုပ်နိုင်မကိုင်နိုင်ဖြစ်လာသည့်အဆုံးသို့ရောက်လာလေမှပင် မန္တလေးမြို့ရှိ သူ၏မိတ်ဆွေများထံ အနားယူဆေးကုရန်ပြန်ခဲ့ကြရလေတော့သည်။

သူ့ရောဂါကို လျှင်မြန်စွာ ပျောက်ကင်းစေလိုသော စိတ်ဇောဖြင့်မန္တလေးဆေးရုံသို့တက်ရောက်ကုသခဲ့လေသည်။

ဒီအတောအတွင်းမှာဘဲ သူ့စိတ်နှလုံးကိုတုန်လှုပ်ချောက်ခြားစေသည့်သတင်းဆိုးတရပ် ရောက်လာခဲ့၏။ ထိုသတင်းကား ဖဆပလထဲမှဗမာပြည်ကွန်မြူနစ်ပါတီကိုထုတ်ပစ်လိုက်ကြောင်း၊ ထုတ်ပစ်လိုက်ပြီဆိုသော်သတင်းပင်ဖြစ်လေသည်။ ထိုနေ့ကစပြီး မစားနိုင် မသောက်နိုင် တမှိုင်မှိုင်တတွေတွေနှင့် ဒီလောက်အရေးကြီးတဲ့အချိန်မှာ ငါဟာဆေးရုံပေါ်ရောက်နေတာခက်တာဘဲဟု တောက်တခေါက်ခေါက်နှင့်ပင် ရောဂါအခြေအနေဆိုးလာသည်။ ဒီလောက် အခြေအနေဆိုးထဲမှာပင် ငါမကျန်းမမာ



ဖြစ်နေရတဲ့အတွက်အလုပ်တွေတော့ လစ်ဟင်းကုန်ပြီဆိုတဲ့စကားကို အမြဲညီးညူယင်းဖြင့်ပင် အသက်ချောက်ခဲ့ရလေသည်။

ကျမချစ်လင် ဝိညာဉ်ချုပ်ငြိမ်းသည့်အချိန်မှာ မိဘများအစ်မများပူဆွေးကြကာ အော်ဟစ်ငိုကြွေးကြသော်လည်း ကျမအဘို့ မျက်ရည်တစက်မှမထွက်နိုင်၊ နှမြောတသဝမ်းနည်းခြင်းဖြင့်ကြိတ်မနိုင်ခဲမရဖြစ်ရကာ ရုတ်တရက်တော့ ဘာလုပ်ရမှန်း မသိနိုင်အောင် ဂယောင် ချောက်ခြား ဖြစ်မိခဲ့သည်၊ ဒေါသဖြစ်မိခဲ့သည်။

သေသေချာချာ တွေးကြည့်မှ ငါ၏ချစ်လင်ကို သေခင်းနိုင်ငံသို့ပို့ဆောင်သူကား နယ်ချဲ့သမားသာတကား၊ နယ်ချဲ့စံနစ်ဆိုးကိုဖြိုခွင်းရေးအတွက်ပင်ပန်းကြီးစွာ ဆင်းဆင်းရဲရဲအအိပ်ပျက်အစားပျက်ခံပြီး အကြိတ်အနယ် တိုက်ပွဲအလီလီ ဆင်နွှဲခဲ့ရသောဆောင်ရွက်ချက်များ အတွက် ခုလို အသက်အရွယ် ငယ်ငယ်နှင့်သေဆုံး သွားရတယ်။ သေမင်းနှင့် တူသော နယ်ချဲ့သမားကိုဘယ်တော့မှ အလျှော့မပေးဘဲ တိုက်သောတိုက်ပွဲဟူသမျှ ငါပါဝင်တိုက်ခိုက်မယ်။သူရည်မှန်းချက်ဖြစ်သော ပစ္စည်းမဲ့အာဏာရှင်ဘုံနိုင်ငံ တည်ထောင် ဖန်တီးနိုင်ရေးအတွက် ဘယ်ကဲ့သို့သောအခက်အခဲများ တွေ့ရတွေ့ရ ဂရုမပြုပမာမထား၊ ဝဲရာသေဖိရေးတွေကိုမဆိုရှောင်ကွင်း၍ ပစ္စည်းမဲ့များနှင့်လက်တွဲကာ အောင်ပွဲဆင်ရန်အတွက် ချစ်လင်သေဆုံးပြီးနောက် တလကျော်ကျော်ကတည်းက ပစ္စည်းမဲ့ ဆင်းရဲသားများ၏သမီးအဖြစ် ခံယူလိုက်ရပေသည်။

ချစ်လင်မြော်ကိုးအားထား၍ သူကိုယ်တိုင် အသက်ပေးတည်ဆောက် ထားခဲ့သော အမျိုးသား တပ်ပေါင်းစုကြီးမှာ

အခိုက်အတန့်အားဖြင့် ကွဲပြားနေစေကာမူ ဒါကိုမဖြစ်မနေ အရတည်ဆောက်၍ တမျိုးသားလုံးကတဘက်၊ သေမင်းနယ်ခွဲသမားငှ့ကတဘက် တိုက်ခိုက်ကြရမည့် အမျိုးသား လွတ်မြောက်ရေစစ်ပွဲကြီးအတွင်း ဗိုလ်ပါအလုံးအရင်းနှင့် သေနင်္ဂဗျူဟာခင်း၍ ပစ္စည်းမဲ့ဆင်းရဲသားများနှင့်လူတမျိုးအတွက် အသက်ကိုမနှမြောဘဲမကုန်ခမ်းနိုင်သောဇွဲ၊ အဆုံးအဆ မရှိသော ဝီရိယကို အားထုတ်ကာ ချစ်လင်သခင်ဗဟိန်း အတွက် လှလှကြီးလက်စားချေပါတော့အံ့။

မခင်ကြီး၊
သခင်ဗဟိန်း၏ဇနီး။

ကိုဗဟိန်းကွယ်လွန် ၊ နောက်တနှစ်မြောက် အထိမ်းအမှတ်ထုတ်ပြည်သူ့အာဏာဂျာနယ် အလယ်စာမျက်နှာ၌ ကိုအောင်ထွန်းက ကိုဗဟိန်းနှင့် အတူ နေခဲ့ရသောရက်များ....” ခေါင်းစဉ်တပ်၍ အောက်ပါအတိုင်း ရေးသားထားလေသည်။ ကိုအောင်ထွန်းအမည်ခံသူမှာ စစ်မဖြစ်မီက ဒဂုံမဂ္ဂဇင်း၌ မြင်းခြံ စိုးမြင့်အမည်ဖြင့်ဆောင်းပါးများ ရေးခဲ့၏။ စစ်အတွင်းက အိန္ဒိယပြည် ကာလကတ္တားသို့သွား၍ လေထီးဖြင့်ပြန်ဆင်းပြီး ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့၏။ အမည်ရင်းမှာ ကိုစိုးမောင်ဖြစ်သည်။ နောက် ဗိုလ်မှူးချစ်ကောင်းဟုအမည်ထွက်လျက်ရှိနေသည်။

( ၁ )

ကိုဗဟိန်းကို ကြားဘူးခဲ့၏။

ကိုဗဟိန်း ဟူသောနာမည်ကား အတော်ဟိန်း၏.... ဟူ၍ သခင်သန်းထွန်းက ကိုဗဟိန်းရေးသော “မနုရှင်လောက” စာအုပ်၌ အမှာစာရေးခဲ့၏။

ထိုအချိန်ကား ဗိုလ်အောင်ကျော်၏ အသုဘ ပြီးစကျောင်းသားအရေးတော်ပုံမှာ အရှိန်တက်၍ကောင်းတုန်းပင်ဖြစ်လေသည်။

“စာအုပ်ရေးတုန်းအချိန်မှာ နှင်းတွေတဝေဝေနှင့် အလွန်ချမ်း၍ကောင်းသော ပြာသိုလ်လဆန်းစဖြစ်၍.... စာရေးသူမှာလည်း မြင့်မားသော ထောင်နံရံကြီး၏ ဟိုမှာဘက်ရှိ သာမန်

လူတို့အတွက် အိပ်မက်ထဲက တိုင်းပြည်ကဲ့သို့ ရောက်ဘူး ပေါက်ဘူးခြင်း အလျှဥ်းမရှိသော လူထူးလူဆန်း တမျိုးတို့ နေထိုင်ရာဒေသ၌ အကျဥ်းသမားဘဝနှင့်ဖြစ်လေသည်။ အပြင်ဘက်၌ကား ဗိုလ်အောင်ကျော်ကိစ္စပြီးစ ကျောင်းသား အရေးတော်ပုံမှာ.... အရှိန်တက်၍ကောင်းတုန်းဖြစ်လေသည်”။

ဤသို့ ကိုဗဟိန်းသည် သူရေးသော ခနရှင်လောက စာအုပ်၌ နိဒါန်းရေးခဲ့၏။

သူသည် ထိုအခါက ထောင်ထဲ၌ သုံးလနီးပါးနေရစဥ်အတွင်း ဗမာပြည်၌ ဒီစာအုပ်မျိုး ပထမဆုံးအကြိမ် ဖြစ်သော “ခနရှင်လောက” ကို သူချစ်ခင်ခဲ့သော သူ့ရဲကောင်းကြီး သခင်စိုးနှင့်တိုင်ပင်၍ ရေးခဲ့လေသည်။

ကျွန်တော်သည် လူလူချင်းခေါင်းပုံဖြတ်သွေးစုတ်သော အရင်းရှင်စံနစ်ဆိုးကိုငှင်း၊ ကျွန်တော်တို့ကို မတရားဖိနှိပ်ချုပ်ချယ်သော နယ်ချဲ့သမား အင်္ဂလိပ်လူမျိုးများကိုငှင်း၊ ယခင်ကပင် အလွန်မုန်းတီးခဲ့သူဖြစ်လေသည်။ ကိုဗဟိန်းရေးသားထားသော “ခနရှင်လောက” စာအုပ်ကိုဘတ်ရသောအခါမှ အရင်းရှင်စံနစ်နှင့် နယ်ချဲ့စံနစ်ကို အတော်အတန် သဘောပေါက် နားလည်ခဲ့ပေသည်။ ကိုဗဟိန်းကိုလည်း ကြည်ညို၍လာခဲ့လေသည်။ ကိုသန်းထွန်း၏အမှာကို ဘတ်ကြည့်ပြီး ကိုဗဟိန်း၏စရိုက်ကို စိတ်ထဲတွင် တမ်းကြည့်မိခဲ့၏။

သူ၏နောက်စာအုပ်တခုမှာ “ကျောင်းသားအရေးတော်ပုံ” ဖြစ်လေသည်။

ရေနံမြေ၌ သူအဖမ်းခံရခြင်းက အစပြု၍ ပေါ်ခဲ့သော ၁၉၃၈-ခုနှစ်က ကျောင်းသားအရေးတော်ပုံကြီး၏ အခြေခံဖြစ်



သည့် ကျောင်းသားလုပ်ငန်းကြီးတရပ်လုံး ကျွန်တော်တို့သည် ကျောင်းသားအရေး၌ ဤစာအုပ်ကို လက်ကိုင်ပြုခဲ့ကြ၏။

ကိုဗဟိန်းသည် ကျွန် တော် တို့ ကျောင်း သား များ ၏ ခေါင်းဆောင်လည်းဖြစ်သည်။ ကျွန်တော်မုန်းသော အရင်းရှင်များနှင့် နယ်ချဲ့သမားများ၏ ယုတ်မာမှုများ အကြောင်း ကိုလည်း သေသေချာချာ ရှင်းလင်းရေးပြသူဖြစ်သည်။ ထို့ကြောင့် ကိုဗဟိန်းကို ကျွန်တော်ကြည်ညိုခဲ့၏။

လူကိုကား မတွေ့ဘူးသေးပေ။

(၂)

## ကိုဗဟိန်းနှင့် ပထမဆုံးတွေ့ချိန်

၁၉၄၁-ခုနှစ်၊ ဒီဇင်ဘာလကျောင်းပိတ်ချိန်၌ ဗမာပြည်ကျောင်းသားများသမဂ္ဂ ညီလာခံကို ရန်ကုန်တက္ကသိုလ် သမဂ္ဂအသင်း၌ ကျင်းပလေသည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌမှာထိုအချိန်က ကိုလှမောင် (ဗိုလ်ဇေယျ) ဖြစ်သည်။

ထိုညီလာခံသို့ တက်ရောက်လာကြသော ကျောင်းသားကိုယ်စားလှယ်များအတွင်း၌ ကျွန်တော်တယောက်ပါဝင်ခဲ့လေသည်။ ထိုကျောင်းသားများညီလာခံမှာဘဲ ကိုဗဟိန်းကိုစတင်၍တွေ့ရ၏။ ကိုဗဟိန်းသည် ကျောင်းသား ကိုယ်စားလှယ် များကို အရင်းရှင်စံနစ်ခရီးစဥ်သဘောတရားကို သင်တန်းပေးလေသည်။ သူသည် စိတ်ရှည်လက်ရှည် ဖြေးဖြေးအေးအေး ပြောပြ၏။ သို့သော် အစွန်းထွက်တန်ဘိုးသဘောတရားသည် ကျွန်တော်တို့ကို ငိုက်မည်းစေခဲ့၏။ ကျွန်တော်တို့သည် ဒါကို နားလည်းမလည်၊ စိတ်လည်းမဝင်စား၊ ထိုအခါက ကျွန်တော်တို့စိတ်ဝင်စားနေကြသည်မှာ ဂျပန်နှင့်ပေါင်း၍ အင်္ဂလိပ်ကိုချရေးသာ ဖြစ်တော့

သည်။ ထိုအကြောင်းကို ကိုလှမောင်ကဦးဆောင်၍ ဆွေးနွေးသောအခါ မျက်လုံးကျယ်လာကြ၏။ ရွှေနားသို့တိုး၍သွားကြလေသည်။

ထို့ကြောင့်လည်း ထိုစဉ်က ကျွန်တော်တို့၏ လက်ဝဲမျိုးချစ်စိတ်ဓာတ်နှင့် ကိုဗဟိန်း၏ အစွန်းထွက်တန်ဘိုးသဘော တရားမှာ မဟပ်မိဘဲ ကိုလှမောင်၏ ဂျပန်နှင့်ပေါင်း အင်္ဂလိပ်ကို ချရေးကသာ ဆွဲဆောင်ခဲ့သဖြင့် ကျွန်တော်ကြည်ညိုနေသော ကိုဗဟိန်းနှင့် တွေ့ရုံသာတွေ့၊ မြင်ရုံသာမြင်ကြပြီး အကြွမ်းတဝင်ကား မဖြစ်ခဲ့တော့ချေ။

နောက်နှစ်မှာ အင်္ဂလိပ်ကိုချပြီး ဂျပန်ရောက်ခဲ့၏။ ထိုအခါကစ၍ ကျွန်တော်လည်း စစ်သားဘဝသို့ရောက်၍၊ ကိုဗဟိန်းအကြောင်းကိုလည်း မကြားရတော့ပေ။

လျှို့ဝှက်ကာလ ဂျပန်တော်လှန်ရေးအတွင်းသို့ ကျွန်တော်ရောက်လာမှ ကိုဗဟိန်း အကြောင်းကို ကြားရ လေသည်။ သူသည် ဗမာပြည်ကွန်မြူနစ်ပါတီ၌ ဂျပန်တော်လှန်ရေး အလုပ်များကို သခင်သန်းထွန်း၊ သခင်စိုးတို့နှင့်တွဲဘက်၍အတူတကွ လျှို့ဝှက် လုပ်ကိုင်နေကြောင်းကို သိရတော့သည်။ ကျွန်တော်လည်း ဖက်ဆစ်ဂျပန်က လက်တွေ့သင်ပေးသဖြင့် ကွန်မြူနစ်တယောက်ဖြစ်လာခဲ့ရလေသည်။

၁၉၄၄–ခုနှစ် နှစ်ဝက်ကျော်လောက်တွင် ကိုဗဟိန်းတို့ လင်မယား ထင်ထင်ပေါ်ပေါ် နေကြရာမှ မြေတွင်းအောင်းသွားကြပြီဟု ကြားလိုက်ရ၏။ ကိုဗဟိန်းသည် တနေရာ၌ ဂျပန်တော် လှန် ရေး အတွက် သင်တန်း များ ပေး နေသည်ဟု လည်း ကြားလိုက်ရ၏။



မကြာမီ တာဝန်ကျသဖြင့် ကျွန်တော်တို့ အိန္ဒိယသို့ သွားကြရသောအခါ ကိုဗဟိန်းသတင်းကို မကြားရတော့ပေ။

## (၃)

## ဂျပန်တော်လှန်ရေးစခန်း၌....

ဂျပန်များကို ပြောက်ကြား တိုက်ရန် တောင်ငူ ခရိုင် ဖြူးနယ်အတွင်းသို့ ကျွန်တော်တို့ လေထီးနှင့်ခုံဆင်းခဲ့ကြရ၏။ ဆုံစီးမိကြသည်ကား တောင်ငူနယ်တနယ်လုံးကိုဦးစီး၍ ဂျပန်တော် လှန် ရေးကို လုပ်နေ သူမှာ ကိုဗဟိန်းပင် ဖြစ်တော့ သည်။ တော်လှန်ရေး၌ နိုင်ငံခြားဆက်သွယ်ရေး တာဝန်ခံ သခင်သန်းထွန်းလည်း ကိုဗဟိန်းနှင့်အတူ တွေ့ရ၏။

ကျွန်တော်တို့သည် ကိုဘဟိန်း၏ စခန်းသို့ သွားကြ၏။ ကိုဘဟိန်း၏စခန်းမှာဆင်ပချုပ်ရွာအနီး တောင်ခြေ၌ရှိလေသည် သူသည် ဝါးတဲ့ကလေးပေါ်၌ထိုင်လျက် စွပ်ကျယ်အဖြူကလေးနှင့် စာရေးနေ၏။ ဤနေရာမှာ ပျောက်ကြားတပ်များ၏ ဗဟိုဌာနချုပ်ပင်ဖြစ်လေသည်။ ဤနေရာကနေ၍ ဂျပန်များကိုအလစ်ဝင်စီးရန် စီစဉ်နေ၏။ ဤနေရာကနေ၍ ဂျပန်ဆက်သွယ်ရေးလမ်းကားများ၊ မီးရထားများကို ဖြတ်တောက်ပစ်ရန် အမိန့်ပေးနေ၏။ ဤနေရာကနေ၍ တော်လှန်ရေးလုပ်ငန်းများကို ညွှန်ကြားနေ၏။

ကိုဘဟိန်းသည် စစ်ရေးစစ်ရာ၌ ကိုယ်တိုင်ပါဝင်နေလေသည်၊ သူသည် အားနည်းနေသည်။ အရေးကြီးသောတိုက်ပွဲနေ့၌ သူကိုယ်တိုင် လိုက်တိုက်၏။ ခရီးဝေးကား လမ်းလျှောက်၍ မရ။ သူ့ကို ထမ်းစင်တခုလုပ်ပေး၊ မောတဲ့အခါ ထမ်းစင်ပေါ် တက်၊ ထမ်းစင်ပေါ်က သူလိုက်မည်ဟု သူ့လူများကိုပြော၏။ သူ့လူ

များက မလိုက်ရန် အတင်းအကြပ် ပြောကြသောအခါ သူသည် အားမလိုအားမရဖြစ်ကာ စခန်း၌မှိုင်၍ကျန်ရစ်ခဲ့လေသည်။

သူ့ စစ်ရုံးနှင့်စာပေဖြန့်ချိရေးဌာနမှာ တဆက်တည်းဖြစ်သည်။ တော်လှန်ရေးစာစောင်များသည်အဆက်မပြတ်ထွက်လာခဲ့၏။ သူသည် ဂျပန်တော်လှန်ရေး၌ အသေးစိတ် လုပ်ငန်းများကို ရေး၏။ ကရင်ဗမာသွေးစည်းရေးလုပ်ငန်းများကိုလည်း ရေးလျက်ရှိနေသည်။ ထိုစာတမ်းများသည် ဗမာအပေါ်၌ထင်ရှိနေသော ကရင်များသံသယကိုရှင်းစေ၏။ ကရင်ဗမာညီညွတ်ရေးကို ခိုင်မြဲစေ၏။ အိန္ဒိယပြည်မှ ကိုသိန်းဖေလေထီနှင့်ချပေးသော စာအုပ်များအနက် ပြင်သစ်ပြည်လွတ်လပ်ရေးတိုက်ပွဲကို သူဘာသာပြန်၏။ ဤစာအုပ်ကိုဘာသာပြန်ပုံမှာ သူက အင်္ဂလိပ်စာအုပ်ကို ကြည့်ပြီး ဗမာလိုပါးစပ်နှင့်လျှောက်ဖတ်သွားသည်။ ကျွန်တော့်ညီ မောင်မြင့်က လက်ရေးတိုနှင့်လိုက်ရေးပြီး ဖရောင်းစက္ကူပေါ်၌ အရှည်ကိုတိုက်နှင့်တခါတည်းရိုက်၏။ နောက် စာကူးစက်နှင့် လှည့်လိုက်၏။ အင်္ဂလိပ်စာမှ ဗမာစာအုပ်များဖြစ်လာသည့် အထိ အားလုံး(၇)ရက်အတွင်း ပြီးတော့၏။

သူသည်လီနင်ရေး "အစိုးရနှင့်တော်လှန်ရေး"စာအုပ်ကို ဘာသာပြန်ခဲ့၏။ အလွန်နက်နဲသော တွေးခေါ် မြော်မြင်ရေး သဘောတရား စာအုပ်ကြီးဖြစ်လေသည်။ လူဒစ်ဖူးဝါးဘက်နှင့် ဂျူးရင်းကို့ ချေပချက်များကို ဘာသာပြန်ပြီးသဘောတရားရေး အခြေခံရှိသော ရဲဘော်များကို သင်တန်းအဖြစ် ပေးခဲ့သည်။

တော်လှန်ရေး အချိန်အတွင်းက ကိုဘဟိန်း ရေးသားခဲ့သော စာစောင်များ၊ အရင်က ရေးသားပြီးထားခဲ့သော ခနရှင်လောက၊ ကျောင်းသား အရေးတော်ပုံနှင့် အခြား စာများ၊



နောက် စစ်ပြီးကာလ၌ရေးခဲ့သော ပြည်သူ့အာဏာ ဂျာနယ်မှ စာများနှင့် ပါတီတွင် အစီရင်ခံစာ၊ ဝေဖန်ရေးစာများကိုရှာဖွေစုဆောင်း စီစစ်၍ ( The W rks of Ba Hein ) "ဗဟိန်း၏ အလုပ်များ"ဟူသောစာတစောင်တဖွဲ့ပြုစုသင့်ကြပေသည်။

ကိုဗဟိန်းသည် အလုပ်များကို မရပ်မနား လုပ်ကိုင်ခဲ့လေသည်။ စစ်ရေး စစ်ရာများ၌အချိန်တိုင်းစီမံနေခြင်း၊ စာတမ်းများ အဆက်မပြတ်ရေးနေခြင်း၊ နိုင်ငံရေး၌ သခင်သန်းထွန်းနှင့် အမြဲတိုင်ပင်နေခြင်း၊ ကိစ္စအရပ်ရပ်ကို အခြားအရပ်များရှိ ရဲဘော်များနှင့် မပြတ် ဆက်သွယ်နေခြင်းစသော တခုနှင့်တခုထပ်နေသော အလုပ်များအကြားထဲ၌ သူသည်နစ်မြုပ် နေတော့၏။ အလုပ်သည် သူကိုသူခံနိုင်ရည်ရှိသည်ထက် ပိုမို၍ ဖိနေတော့၏။

အစားအသောက်များ မကောင်း၊ အားရှိသောအစားအစာများကို မစားရပေ။ ကောင်းကောင်းလည်းမအိပ်ရ၊ ကောင်းကောင်းလည်းမစားရ၊ အအိပ်အနေအစားအသောက်များလည်း အချိန်မှန်မှန် မရှိပေ။ မိုးများရွာသောအခါ တဲ့ခုမှာမလုံသဖြင့် ထထိုင်နေကြရ၏။ ကိုဗဟိန်း၏အသားမှာ ဝါနေတော့၏။ သူ့မျက်လုံးမှာ ပင်ပန်းလွန်းအားကြီးသဖြင့်မှိန်းနေ၏။ သူ၏အပြုံးသည်ပင်လျှင် ပင်ပန်းသောအငွေ့အသက်များမှ မကင်းတော့ပေ။ သို့သော်လည်း ပင်ပန်းကြောင်းကိုတခါမှ မငြီးငြူဘူးပေ။ ကြောက်တတ်သော ရဲဘော်ကလေးတယောက်ကို အကြောင်းပြုပြီး သောလုံးကလေးများပင် ပြောလိုက်သေး၏။

ကိုဗဟိန်းကိုပြုစုမည့် သူများကား ကျွန်တော်တို့ရဲဘော်များသာ ရှိ၏။ သူ၏ချစ်ဇနီးမှာ အခြားတရွာ၌ရှိနေ၏။ သူကိုယ်

ဌ်ကား ကာဘိုင်တလက်သာရှိ၏။ တော်လှန်ရေးဉ် သူချစ်ရမည့် သူမှာ သူ့ချစ်ဇနီးမဟုတ်တော့ဘဲ ဤကာဘိုင် သေနတ်ကလေး ပင် ဖြစ်နေလေပြီ။

(၄)

## ရန်ကုန်သို့ပြန်လာကြ၏

ရန်ကုန်သို့ ဗမာ့တပ်မတော်နှင့် ပျောက်ကြား တပ်များ က သိမ်းယူပြီးနောက် အင်္ဂလိပ်တပ်များဝင်လာခဲ့၏။ ကျွန်တော် တို့လည်း ကိုဗဟိန်းနှင့်အတူ ဖြူးစခန်းမှရန်ကုန်သို့ ပြန်လာခဲ့ကြ လေသည်။

ဂျပန်ခေတ်က သခင်သန်းထွန်းအိမ်၌စုနေကြ၏။ မကြာ မီ သခင်စိုး၊ ဗိုက်ချုပ်အောင်ဆန်း တို့လည်း စစ်မြေပြင်စခန်းမှ သခင်သန်းထွန်းအိမ်သို့ စု၍ရောက်လာကြလေသည်။

ဖဆပလ ဌာနချုပ်ရုံးမှာအရှေ့အာရှလူငယ်များအစည်း အရုံး၌ ဖွင့်လှစ်ထားလေသည်။ ဗမာ့တပ်မတော် စစ်ရုံးချုပ်ကို ဂျပန်ခေတ် နိုင်ငံခြားရေးဝန်ကြီးရုံး၌ ယာယီ ထားလေသည်။

တနေ့သ၌ ထိုစစ်ရုံး၌ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်း ထွန်း၊ သခင်စိုး၊ ကိုဗဟိန်းတို့ဆုံမိကြပြီး နံနက်စာ အတူစားကြ လေသည်။ ထမင်းလိုက်သူမှာ ခင်မျိုးချစ်ပင် ဖြစ်လေသည်။

ထမင်းစားပွဲ၌ ဂျပန်တော်လှန်ရေးဖြစ်ပုံ လက်တွေ့တိုက် ပွဲများအကြောင်းကို သူတို့အသီးသီး မြိန်ရေရှက်ရေ ပြောကြရာ အားရစရာကြီးဖြစ်တော့၏။ တိုက်ပွဲများကပြန်လာကြတဲ့လူတွေ ဆိုလော့ ပြောနိုင်ကြပေမပေါ့ဟု ခင်မျိုးချစ်ကထမင်းလိုက်ရင်း ချီးကျူးလိုက်သေး၏။

သူတို့သည် သခင်ဘဝတုံးက အဖြစ်အပျက်ကလေးများ



ကိုလည်း ရယ်စရာမောစရာအဖြစ် ပြန်ပြီး ပြောကြသေး၏။

အမျိုးသားရေးလုပ်ငန်းတလျှောက်လုံးနှင့် ဂျပန်တော် လှန်ရေး၌ ဤလုပ်ဘော်ကိုင်ဘက်ရဲဘော်ကြီးများ၏ အချင်းချင်း ချစ်ခင်ရင်းနှီးစွာနှင့် ပျော်ပျော်ကြီးမျက်နှာချင်းဆိုင်ခဲ့သော ဤ ထမင်း စားပွဲကြီးကိုကျွန်တော့်တသက်တာ၌ မမေ့နိုင်တော့မည် မဟုတ်ချေ။

မကြာမီ ဒေါ်ခင်ကြည်လိုက်လာသဖြင့် ဗိုလ်ချုပ်အောင် ဆန်းမှာ သခင်သန်းထွန်းအိမ်မှ ဘတ်စရာစာအုပ် တပွေ့တပိုက် ကြီးကို ယူပြီး အိမ်ပြောင်းသွားတော့၏။ ကိုဗဟိန်း၏ ဇနီးနှင့် သခင်သန်းထွန်း၏ဇနီးတို့လည်း နယ်မှရောက်လာကြ၏။

ဗိုလ်ချုပ်အောင်ဆန်းသည် နယ်မှ ဗမာ့တပ်မတော်များ ကို စစ်ဆေးရန် ခရီးမထွက်မီကိုဗဟိန်းကို စစ်ဌာနချုပ်၌ ဗိုလ်မှူး ကြီး အဖြစ် ထားရှိခဲ့လေသည်။ သို့သော် ကိုဗဟိန်းသည်ဗိုလ်ချုပ် အောင်ဆန်းအပ်ခဲ့သည့် ဗိုလ်မှူးကြီးအဖြစ်ကိုလဲ မခံယူ စစ်ဌာန ချုပ်သို့လည်းမသွား၊ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ကြေးကြော် သံ အာဘော်ဖြစ်သည့် "ပြည်သူ့အာဏာ"ဂျာနယ်ထုတ်ဝေရေး အတွက် သခင်သန်းထွန်း-သခင်စိုးတို့နှင့် တိုင်ပင် ဆွေးနွေးလျက် ရှိနေခဲ့သည်။

နိုင်ငံရေးအခြေအနေများ တနေ့ထက်တနေ့ ဆိုးဝါးလာ ခဲ့၏။ နယ်ချဲ့သမားများ၏ စစ်ဌာနချုပ်မှ စစ်အရာရှိများသည် ဖ-ဆ-ပ-လကို ပျက်ပြားစေရန်ဖျက်ဆီးရေး၊ အမျိုးသားခေါင်း ဆောင်များကို ချိမ်းခြောက်ဖိနှိပ်ရေး၊ မျိုးချစ် ပုဂ္ဂိုလ်များကို ဖမ်းဆီး ထောင်ချရေးစသည်တို့ဖြင့်အလုပ်ရှုပ်လျက်နေကြသည်။ သခင်သန်းထွန်းတို့နေထိုင်ရာ အိမ်ကိုလည်း စစ်ဘက်ကသိမ်းမည်

ဖြစ်၍ ပြောင်းပေးရန်လာပြော၏။

သခင်သန်းထွန်းတို့အိမ်ထောင်စုကစမ်းချောင်းသို့ပြောင်းကြ၏။ ကိုဗဟိန်းတို့လင်မယားက မြေနုလမ်းသို့ ပြောင်းကြ၏။ ကျွန်တော်လည်း ကိုဗဟိန်းတို့လင်မယားနှင့်အတူပါသွားရတော့၏။

(၅)

အလင်းရောင် ပြည်သူ့အာဏာ

မြေနုလမ်းအိမ်မှာ နှစ်ထပ် ပျဉ်ထောင်အိမ် ဖြစ်သည်။ အပေါ်ထပ်မှာ ကိုဗဟိန်းတို့လင်မယားနေ၍ အောက်ထပ်၌ ကိုဗဟိန်း၏ညီ ကိုသန်းနိုင်၊ ကျွန်တော့်ညီ မောင်မြင့်၊ ကျွန်တော်၊ ပြောက်ကြား ကိုလှမောင်တို့နေကြ၏။ ဗမာပြည်ကွန်မြူနစ်ပါတီ ဌာနချုပ်ကား ဗာဂရာလမ်း အမှတ်(၁၃၇)၌ ဖွင့်လှစ်ထားကြ၏။

ထိုအချိန်၌စစ်မြေပြင်မှပြန်လာကြသောပါတီဝင်ရဲဘော်များ ရန်ကုန်မှာစုမိကြပြီး ပါတီသဘောတရားရေးသင်တန်းတခုကို ဌာနချုပ်ရုံးခန်းတည်ရာမှာ ဖွင့်လှစ်ထားကြလေသည်။ ဤသင်တန်းကို သခင်စိုးကဦးဆောင်၍ပေး၏။ ကျွန်တော်တို့လည်း သင်တန်းတက်ကြ၏။ ကိုဗဟိန်းက အစွန်းတွက်တန်ဘိုး သဘောတရားကို သင်တန်းပေး၏။ လွန်ခဲ့သည့်ငါးနှစ်ခန့်က ကျွန်တော့်ကို ငိုက်မည်းစေခဲ့သောဤဘာသာရပ်သည်ယခုအခါကျွန်တော့်အတွက် တန်ဘိုးမဖြတ်နိုင်တော့ပြီ။

သူသည် သင်းတန်းကိုမရပ်နားဘဲပေးလေသည်။ သူ အချိန်မရသောကြောင့် ဂျီရှိုရေးသော "ဒါဘယ်သူ့အောင်ပွဲလဲ" ဆိုသောစာတမ်းကို သင်တန်းပေးရန် ဘာသာပြန်ခိုင်း သဖြင့် ကျွန်တော် ဘာသာပြန်ပေးရ၏။ သူ့အဘို့အချိန်ကား မရှိနိုင်တော့ပေ။



သူ၏ကျန်းမာရေးအခြေအနေကား တနေ့ထက်တနေ့ပိုမိုဆိုးဝါးလာခဲ့၏။ အင်အားများလည်း ယုတ်လျော့ကုန်ခမ်းလာခဲ့လေပြီ။

ဇူလိုင်လ ဗမာပြည် ကွန်မြူနစ်ပါတီ၏ ဒုတိယအကြိမ်ညီလာခံပြုလုပ်သောအခါ သူ မတက်နိုင်တော့ပေ။ သို့သော်လည်း ညီလာခံက ပေးအပ်လိုက်သော ပါတီအာဘော်အတွက် ဂျာနယ်စာတည်းချုပ်တာဝန်ကိုကား ဦးလည်မသုံ ယူလိုက်ပေသေးသည်။ တပြိုင်တည်းပင် အလုပ်သမားသမဂ္ဂ ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်နေပေသေးသည်။

ထိုအခါ ဗဟိုအလုပ်သမား သမဂ္ဂ အလုပ်အမှုဆောင်အဖွဲ့၌ မြဒေါင်းညို၊ ကိုကိုကြီး (နောက်သိန်းလေးဆယ်)တို့လည်း ပါဝင်လျက် ရှိနေကြပေသည်။ ထိုအခါက စည်းစည်းလုံးလုံးရှိလှသော အလုပ်သမား လူတန်းစား တရပ်သည်လည်း မစ္စတာတွံဒရိုင်ဘာဒ်လာစဉ် မြို့ရိုး၌ အင်အားပြပွဲကြီးတရပ်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြလေသည်။

ကိုဗဟိန်းသည် အမျိုးသားရေး လွတ်မြောက်ရေး တော်လှန်မှုအဆင့်၌ အမျိုးသား အင်အားစုများ တကယ့်ညီညွတ်ရေးကို ပင်ကိုကပင် သဘောပေါက်ထားခဲ့သူ ဖြစ်လေသည်။ ဗမာပြည် ကွန်မြူနစ်ပါတီ ဆိုရှယ်လစ်ပါတီတို့ ထင်ထင်ပေါ်ပေါ် စင်မြိုင် မပေါ်ပေါက်မီက သခင်းစိုး- သခင်သန်းထွန်း- ကိုဗဆွေ- သခင်ဝတင်တို့နှင့်အတူ မျက်နှာချင်းဆိုင်ကာ ဥမကွဲသိုက်မပျက် ဖြစ်ကြရန် အထူးကြိုးစား ခဲ့သေး၏။ သို့သော် ထို

အခါက အကြောင်းအမျိုးမျိုးတို့ကြောင့် မအောင်မြင်နိုင်ခဲ့ဘဲ ဖြစ်ခဲ့ကြရလေသည်။

ဗမာပြည် ကွန်မြူနစ် ပါတီ၏ အာဘော် "ပြည်သူ့အာဏာဂျနယ်သည်" ၁၉၄၅-ခုနှစ် စက်တင်ဘာလ(၂၉)ရက် စနေနေ့က စတင် ထွက်လာနိုင်ခဲ့ပေသည်၊ လောလောဆယ် လက်ရှိနိုင်ငံရေး အခြေအနေများနှင့် ဗမာပြည် ကွန်မြူနစ်ပါတီ၏ လမ်းစဉ်ကို ဖော်ပြခဲ့၏။ ပြည်သူ့ အာဏာဂျာနယ်သည် ဗမာနိုင်ငံရေး လမ်းစဉ်၌ မီးရှူးတန်ဆောင်အဖြစ် ထွန်းပြောင်ခဲ့သည်။ စက္ကူဖြူ စီမံကိန်းကို ဖွင့်ချခဲ့ခြင်း၊ အမျိုးသားရေး လုပ်ငန်း၌ အလိုတော် ရိကြီးများ၏ အန္တရာယ်ကိုဖေါ်ထုတ်ခဲ့ခြင်း၊ လက်ဝဲလကျာ သွေဖိရေးများကို တိုက်ဖျက်နိုင်ခဲ့ခြင်း၊ ပါတီတွင်းသဘော တရားရေး ညီညွတ်မှုကို ဖန်တီး၍ ပါတီတွင်း စည်းလုံးမှုကို ခိုင်မြဲစေခြင်း တည်းဟူသော တာဝန်များကို ပြည်သူ့အာဏာသည် ထမ်းဆောင်နိုင်ခဲ့ပေသည်။

အမျိုးသားရေးလုပ်ငန်း၌ ဦးဘဖေ၏ လျှော့ပေးရေးအယူအဆချားကို အလုပ်သမား လူတန်းစား တရပ်လုံး၏ကိုယ်စား ပြည်သူ့အာဏာမှ အပြင်းအထန် ဝေဘန်တိုက်ဖျက်ခဲ့ပေသည်။

ယခုအခါ၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားခေါင်းဆောင်ကြီးများကို လုပ်ကြံသတ်ဖြတ်မှုဖြင့် တရားခံသို့ရောက်ရှိနေသော ဂဋ္ဌုန်စော ဗမာပြည်သို့ ပြန်လည်၍ ရောက်ရှိလာကာစ အချိန်၌ ဦးဦးဖျားဖျား အစစ္စာ ဘွဲ့ဆော် ဂဋ္ဌုန်စော၏ ကြီးမားသော အန္တရာယ်ကို သတိပေးခဲ့သည်မှာ ပြည်သူ့အာဏာပင် ဖြစ်သည်။

ဗမာပြည်ကို မွဲပြာကျစေကာ ဗြိတိသျှတို့ လက်ငါးကြီး



အုပ် နယ်ချဲ့စီးပွားရေး စီမံကိန်း အကြောင်းများကို လက်ဦးဆုံးသိမြင်၍ ဖွင့်ချခဲ့သည်မှာ ပြည်သူ့အာဏာပင် ဖြစ်သည်။

အမေရိကန်က ဖိလစ်ပိုင်ကို လွတ်လပ်ရေး ပေးပြီးဆိုသော အခါ၌ သတင်းစာအားလုံးက အဟုတ်မှတ်ကြကာ သရေကျနေကြစဉ် ဖိလစ်ပိုင်ကို ပေးသည့် လွတ်လပ်ရေးမှာ အတုဖြစ်ကြောင်း တကယ့် လွတ်လရေးဟာ ဒါတွေဘဲ စသည်ဖြင့် မဖေါက်မပြန် မှန်ကန်သော အချက်များကို ရေးလျက် ရှေးဦးစွာ အမေရိကန်၏ နယ်ချဲ့သမား မျက်နှာဖုံးကို ဖွင့်ပြလိုက်ပြီး နယ်ချဲ့သမားကိုချီးကျူးသူတို့၏ပါးစပ်ကို ပိတ်လိုက်သည်မှာလည်းပြည်သူ့အာဏာပင် ဖြစ်သည်။

ဤသို့အားဖြင့် တကယ့် အလင်းရောင်ကို ပေးသည့် ဂျာနယ်လုပ်ငန်းကိုရင်း၊ အလုပ်သမား လုပ်ငန်းများကိုရင်း၊ အပြင်းအထန် လုပ်နေရင်းပင် သူ့ကျန်မာရေးမှာ ဆိုးလာ၏၊ သို့ကြောင့် သူအင်္ဂလိုသွား၍ ခေတ္တအနားယူနေခဲ့သည်။ ကျန်းမာရေး ရရှိအောင် သူတကယ်ဘဲ အနားယူသလား၊ မဟုတ်ပေ။

ထိုအခါ သူသည် အနားယူနေခြင်း မဟုတ်ပေ၊ ဂိုဏ်းခွဲရေး အယူအဆများကို ကြွင်းမဲ့ တိုက်ဖျက်ပစ်ပြီး ပါတီညီညွတ်ရေးကို ပြန်လည်တည်ဆောက်ရန် အချက်အလက်များကို ရှာဖွေစုဆောင်းနေခြင်းသာ ဖြစ်လေသည်။ ကျွန်တော်ကို အင်္ဂလိုမှာနေ၍ လီနင်ရေးသည့် စာအုပ်များကို စာရင်းပြုလုပ်၍ မှာလိုက်၏။ ပါတီစာအုပ်တိုက်မှ ထုတ်၍ သူထံ ပို့လိုက်ရ၏။

(၆)

**လီနင်တို့ လင်မယား**

မြေနုလမ်းအိမ်၌ မောင်မြင့် ကျွန်တော်တို့ မြေနုနံရံကပ်

သတင်းစာကို ထုတ်ဝေကြရာ တပတ်တွင် "လီနင်တို့ လင်မယား" ဟူသော ခေါင်းစဉ်နှင့် လီနင်တို့ လင်မယား လန်ဒန်၌ နေကြစဉ်က အိမ်၌ ဧည့်သည်များ အချိန်မတော် ရောက်လာတတ်ကြရာ အချိန်မတော် ရောက်လာကြသောအခါ အသင့် အိပ်နိုင်စားနိုင်ကြရန် အခန်း အိပ်ရာနှင့် စားစရာများကို ပြင်ဆင်ထားကြလေ့ ရှိကြသည်ဟု ရေးထည့်လိုက်ရာ ကိုဗဟိန်းတို့ ဇနီးမောင်နှံက ကြည့်၍ ပြုံးကြလေသည်။

ကိုဗဟိန်းသည် စာအုပ်စာရွက်များကို သူ့နေရာနှင့်သူ ထားတတ်သူမဟုတ်ပေ၊ ဘတ်လိုသော စာအုပ်ကိုမခင်ကြီးကယူ၍ ပေးရလေသည်။ မခင်ကြီးကိုတောင်းလေသည်။ စာရေးလျှင် စာရွက်ဖေါင်တိန်များကိုလည်း မခင်ကြီးကိုပင် တောင်းလေ့ရှိရာ ယူ၍ ပေးရလေသည်။ သိမ်းစရာစာရွက် စာတမ်းများကိုလည်း မခင်ကြီးကပင် သိမ်းရလေသည်။ မခင်ကြီးသည် လီနင်၏ဇနီး "ကရုပ်တရား"ခြေရာကိုထိုစဉ်က မနင်းနိုင်ခဲ့သော်လည်း ကိုဗဟိန်း စိတ်ချမ်းသာအောင်စိတ်ကြည်လင်အောင် အမြဲကြိုးစားခဲ့ပေသည်။

ကျမကိုဟိန်းနဲ့ မရခင်တုံးက သူက နိုင်ငံရေးသမားဆိုတော့ ငါဟာ အိမ်ကျိုပါးတို့ ဘာတို့ ဝတ်ရတော့မှာ မဟုတ်တော့ဘူးလို့ စဉ်းစားမိခဲ့တယ်၊ နောက်တော့ သူက နိုင်ငံရေးနဲ့ အလုပြင်တာ ဘာဆိုင်သလဲဆိုပြီး ခွင့်ပြုတော့ ငါတော့ ကော်တာဘဲလို့ ဝမ်းသာသွားတယ်ဟု မခင်ကြီးက နှစ်သက်စွာ ပြုံးရယ်ပြီး ပြောခဲ့ဘူး၏၊ ကိုဗဟိန်းနှင့် မခင်ကြီးတို့ စကားများကြသည်ကို တခါမှ မတွေ့ရဘူးချေ။

ပါတီကွဲပြီးနောက် ကိုဗဟိန်း၏ ကျန်းမာရေး အခြေအ



နေမှာ သိသိသာသာ ဆိုးဝါး၍ လာခဲ့လေသည်။

တနေ့၌ သူသည် အပြင်းအထန်ဖျား၍ ချွေးတွေပြန်နေ၏၊ မောလှသဖြင့် မခင်ကြီး၏ ရင်ခွင်ကို မှီ၍နေ၏၊ ဒေါက်တာဘသန်းကို ခေါ်၍ပြရာ ဒေါက်တာဘသန်းက ဘာရောဂါဟု ချက်ချင်း မပြောပေ၊ နှစ်လုံးရောဂါဖြစ်၍ စိုးရိမ်ရသော အခြေအနေသို့ ရောက်နေခဲ့လေပြီ။

သူရောဂါမှာ ကျွမ်းခဲ့ပြီ၊ တော်လှန်ရေးအတွင်းက သူ၏ နုနယ်သော ခန္ဓာကိုနှင့် မမျှအောင် ပင်ပန်းကြီးစွာနှင့် လုပ်ခဲ့ရသော ဒဏ်ရာဒဏ်ချက်များသည် သူ့ကို စု၍ ကိုင်ကြလေပြီ၊ သူရောဂါမှာ ဆုံ့စ်စလံ တောင်တန်များပေါ် သွား၍ အေးအေးဆေးဆေးလေး အနားယူနေမှ ရောဂါမတိုးဘဲ့ အလားအလာ ရှိသည်ဟု ဆရာဝန်က ပြောဆိုတော့၊ သို့သော် မတတ်နိုင်။

နောက်ဆုံး၌ သူမန္တလေးသို့ သွား၍ ဆေးဝါးကုသရန် ပါတီက ဆုံးဖြတ်ရလေတော့သည်။

ခွဲခဲ့လေပြီ။

ကိုဗဟိန်း မန္တလေးသို့သွားပြီ။ ကျွန်တော်လည်း.... နယ်ပြောင်းခဲ့ရ၏။ တနေ့သော်.... ပြည်သူ့ အာဏာဂျာနယ် ဦးစီးရေးမှူး ကိုဘကိုး ကိုဗဟိန်းထံမှ ပြန်ရောက်လာလေရာကိုဗဟိန်း အတော်သက်သာနေပြီးဆို၍ ဝမ်းသာခဲ့ရ၏။ နောက်တော့ ဘာမျှမကြားရဘဲ နေတော့သည်။

ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ဖ-ဆ-ပ-လ ကွဲသော အကြောင်းကို မတော်တဆ ကိုဗဟိန်းသိသွားပြီး စိတ်အတော် ထိခိုက်သွားသည်ဟုကြားရပြန်၏။ နိုဝင်ဘာလ (၂၀)ရက်နေ့က သူဆုံးသွားကြောင်း ဟူသောသတင်းကား ကျွန်တော်တို့ နောက်

ဆုံးကြားလိုက်ရသော အမင်္ဂလာ သတင်း ဆိုးကြီးပင် ဖြစ်လေတော့သည်။

သူသည် ကျွန်တော်တို့ ကြည်ညိုသော, ကိုးစားသော ချစ်ခင်သော, ကျွန်တော်တို့ဆရာ, ကျွန်တော်တို့ရဲဘော် ဖြစ်ပေသည်။ သူသည် စိတ်ထားဖြူစင်သော နှိမ့်ချသော ညီညွတ်ရေးပိသုကာအစစ်လည်းဖြစ်ပေသည်။ သူ့ကို ကျွန်တော်တို့ ဘာမဆိုတိုင်ပင်ရဲကြသည်။ သူ့ကိုကျွန်တော်တို့ သူငယ်ချင်း တယောက်လိုဘာမဆိုပြောရဲကြသည်။ သူလိုလူကြီးရှိ၍ အနေကြပ်ကြခြင်း ရှ့ တွန့်တွန့် ရှိခြင်းမျိုး တခါမှမဖြစ်ခဲ့ကြဘူး။ သူ့ကိုသူငယ်ချင်းလို ပေါင်းနိုင်ကြသည်။ ရဲဘော်လို ချစ်ခင်ကြသည်။ ဆရာလို ကြည်ညိုကြသည်။ ကျွန်တော်တို့သည် သူမှာသွားသော စကားတခုကိုခေါင်းထဲ၌မြဲမြဲစွဲစွဲကြီးမှတ်သားထားကြမိပါစေသတည်း။

စင်စစ်အားဖြင့်.... ငါတို့အဘို့ မာန ထောင်လွှားကြစရာ ဘာတခုမျှ မရှိသေးပေ။ ငါတို့သည် အသက်အားဖြင့်လည်း.... ငယ်ရွယ်နုနယ်ကြသေး၍ ရှေ့ခရီးသွားကြရမည့် လမ်းပမ်းသည်လည်း တမြော်တခေါ်ကြီး ကျန်ပေသေးသည်။ အမျိုးသားညီညွတ်ရေးကိုလည်း တည်ဆောက်ရန် ရှေ့ဆောင်၍ တိုက်ပွဲဆင်ကြရဦးမည့် တာဝန်၊ နယ်ချဲ့သမားများ၏လက်ဝါးကြီးအုပ်စံနစ်ဆိုးကိုဆန့်ကျင်ရေးသမားအဖြစ်ရှေ့ကမားမား မတ်မတ်ရပ်ကြရဦးမည့် တာဝန်စသည့် များစွာသော တာဝန် တို့သည် ငါတို့ကို စောင့်လျက် ရှိနေကြပေသည်။

ငါတို့သည် ရဲဘော်ဗဟိန်း၏ အလုပ်တာဝန်ကို ခံယူကြခြင်းအားဖြင့် အလေးနီပြုကြစို့။